www.burmeseclassic.com

# နှုတ်ခမ်း

## လတစ်ခြမ်းနဲ့ဒုန်းစိုင်းတဲ့ရာသီ

BURMESE CLASSIC .com

DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
- ★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
- ★ ပွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

3 MAY 2013

# နှတ်သမီး

## လတစ်ခြမ်းနဲ့ဒုန်းစိုင်းတဲ့ရာသီ

www.burmeseclassic.com

www.burmeseclassic.com

အဖုံးဒီဇိုင်း - သိန်းရွှေကြည်
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ ဝေဘာဂီလမ်း၊
အုတ်ကြီးမြို့နယ်၊ ရန်ကုန်။
အတွင်းသရုပ် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဒွေး
ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ မတ်လ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ ကျပ်

နတ်သမီး
လတစ်ခြမ်းနဲ့ဗုန်းစိုင်းတဲ့ရာသီ / နတ်သမီး ။ -ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၂၈၀ - စာ ၊ ၁၂ × ၁၈ စင်တီ၊
(၁) လတစ်ခြမ်းနဲ့ဗုန်းစိုင်းတဲ့ရာသီ

## အခန်း (၁)

"ဘာဖြစ်တာလဲ"

ပထမတစ်ကြိမ် ကားစက်နှိုးကတည်းက အင်ဂျင်စက်သံ ထွက်မလာတာမို့ မိုးနတ်သာ့ကို မျက်နှာလေး မှုန်ကုပ်နေခဲ့တာဖြစ်သည်။ ဒုတိယအကြိမ်မှာလည်း စက်နိုးမလာတော့ မာဆတ်ဆတ် အသံလေး ထွက်လာ၏။

"ဟို ဟို ဘတ်ထရီဒေါင်းနေတာ ထင်တယ်"

ဒရိုင်ဘာ၏စကားသံအဆုံးမှာတော့ မိုးနတ်သာ့ကို မျက်နှာလှလှလေးပေါ်က နှုတ်ခမ်းလေးတွေ တင်းတင်းစေ့သွားခဲ့သည်။

"ဟို ဟို ကျွန်တော်"

ဒါရိုက်ဘာပုဂ္ဂိုလ် မျက်နှာငယ်လေးနှင့် တစ်ခုခုပြောဖို့ ကြိုးစားသည်။ ဒါပေမဲ့ မိုးနတ်သာ့ကို နားမထောင်တော့ဘဲ နောက်ခန်းတံခါးကို ဖွင့်ကာ ဆင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



လူယုံတော်ကြီး ဦးဂွန် အခြေအနေကို သဘောပေါက်နားလည်စွာ မိုးနတ် အနီးသို့ ခပ်သွက်သွက်လေး လျှောက်လာသည်။

''ဦးဂွန် ဒရိုင်ဘာကို အလုပ်က ထုတ်ပစ်လိုက်တော့''

''ဟုတ်ကဲ့ ဟုတ်ကဲ့ပါ''

ဦးဂွန်ကို ပြောအပြီးမှာ မိုးနတ်သာကီ အကြည့်တွေက နံဘေးမှာ လက်ကလေးနှစ်ဖက် နောက်ပစ်ရပ်နေသော ကိုယ်ရံတော်ပုဂ္ဂိုလ်ဆီရောက်သည်။

''ရှင်က ဘာလုပ်မှာလဲ ဦးမြတ်''

''ဗျာ ကျွန်တော် အနားမှာ အသင့်ရှိပါတယ်''

''အနားမှာ မတ်တပ်ရပ်နေလို့ ကျွန်မက ဘာလုပ်ရမှာလဲ''

''ဗျာ ကျွန်တော် ဘာလုပ်ပေးရမှာလဲ ပြောပါ ခင်ဗျာ''

ကိုယ်ရံတော် ဦးမြတ်မင်း စိုးရိမ်တကြီးနှင့် ခန္ဓာကိုယ်လေးကိုင်းညွှတ်မေးသည်။ အလိုမကျရိပ်တွေ မပြေနိုင်သော မိုးနတ် မျက်နှာလေးက ပိုလို့ မာတင်းခက်ထန်သွားခဲ့ရင်း

''ရှင် လုပ်ရမှာက ဒီနေ့ပဲ ရှင်အလုပ်က ထွက်တော့''

''ဗျာ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ''

''တော်မတော် ဒုံးဝေးတဲ့လူတွေပါလား။ ဒရိုင်ဘာကလည်း ကိုယ်မောင်းရမယ့်ကားဘတ္တရီ ဒေါင်းလို့ဒေါင်းမှန်းမသိဘူး။ ကိုယ်ရံတော်ကလည်း အထူးအပါး အရိပ်အကဲ နားမလည်ဘူး။ ဂိုထောင်ထဲက ကားတစ်စီး ရှင် သွားထုတ်ရမှာ''





''ဟုတ်ကဲ့''

ကိုယ်ရံတော် ဦးမြတ်မင်း သုတ်ခနဲ ဂိုထောင်ဘက်လှမ်းဖို့ပြင်ခဲ့မှာပဲ မိုးနတ်သာကီက လက်ကာတားရင်း

''မလိုဘူး ရှင် ဘာမှ လုပ်စရာ မလိုတော့ဘူး။ ဦးဂွန် သူ့ကိုသေရမယ့် နစ်နာကြေးပေးပြီး အလုပ်ကထုတ်ပစ်လိုက်''

မိုးနတ် ယတိပြတ်ပြောကာ ဂိုထောင်ဆီသို့ ခပ်သွက်သွက်လှမ်းသွားသည်။ ပန်းနုရောင် ဂါဝန်ပါးပါးလေးတွေ လှုပ်ခါသွားသလိုအဖြူရောင် ဒေါက်မြင့်ဖိနပ်လေးဆီက တဒေါက်ဒေါက် အသံလေးတွေသည်းချက်မညီမညာ ပေါ်ထွက်လာခဲ့၏။

ခဏကြာတော့ နို့နှစ်ရောင် လင်ခရူဆာ ကားကြီးအရှိန်ပြင်းပြင်းနှင့် ဂိုထောင်ထဲက မောင်းထွက်သွားသည်။

''ဟင် သမီးလေး နေဦး။ ဦးဂွန် လိုက်ပို့''

ဦးဂွန် လှမ်းတားမြစ်သံကိုတောင် မိုးနတ် ကြားပုံမရပါချေ။ စိတ်မြန်လက်မြန်နှင့် ကားကို မောင်းထွက်သွားချေပြီ။

ဒရိုင်ဘာ ဦးသက်ကော ကိုယ်ရံတော် ဦးမြတ်မင်းပါ ဦးဂွန်ကိုအားကိုးတကြီးမျက်ဝန်းတွေနှင့် ကြည့်နေကြသည်။

ဦးဂွန် ပင့်သက်ရှိုက်ရင်း ခေါင်းကို ခါရမ်းလိုက်မိ၏။

သူ ဘယ်လိုမှ မတတ်နိုင်သည့်ကိစ္စပဲဖြစ်သည်။ အိမ်ကြီးရဲ့ အရှင်သခင်မလေး မိုးနတ်သာကီ ကိုယ်တိုင် အလုပ်က ထုတ်လိုက်ပြီဆိုမှတော့ ဘာတတ်နိုင်မည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



သေချာသည်က သူ့အပေါ် တာဝန်တစ်ခု ပိုလို့လာပြီ။

မိုးနတ်သာကီလေးအတွက် ဒရိုင်ဘာတစ်ဦးနှင့် ကိုယ်ရံတော်တစ်ဦးတော့ မဖြစ်မနေ ရှာရတော့မည်။

ခက်သည်က မိုးနတ်သာကီရဲ့အဖြစ်ရှာ ခွင့်မလွှတ်တတ်သောစိတ်ကြောင့် ဒရိုင်ဘာ ကိုယ်ရံတော်တွေသည်လည်း တစ်လတောင်မမြဲကြဘဲ အလုပ်က ထွက်ကြတာ များသည်။

နောက်ထပ် ကိုယ်ရံတော် ဒရိုင်ဘာတွေလည်း မိုးနတ်သာကီ၏ဒဏ်ကို ခံနိုင်ပါဦးမည်လား။

ဦးဝွန် ပင့်သက်မောကြီးချကာ ခေါင်းကို ခါရမ်းမိပါသည်။

■ ■ ■

ဟိုတယ်ကြီး၏ ကားစင်တင်းမှာ မိုးနတ် ကားကြီး ထိုးရပ်သွားသည်နှင့် ကြိုစောင့်နေသော ဝန်ထမ်းလူရွယ် ကားတံခါးကို အပြေးလာဖွင့်ပေးရှာသည်။

အိမ်က ထွက်ကတည်းက မကြည်လင်သောစိတ်ဖြင့် မိုးနတ်မျက်နှာလေး သုန်မှုန်နေသည်။

သို့ပေမယ့် နုညက် ဝင်းမွတ်နေသော မျက်နှာလေးပေါ်မှာ အလှတရားတွေက အကျည်းမတန်သွားခဲ့ပါ။

မျက်ခုံးစိမ်းစိမ်းလေးတွေ မျက်တောင်ကော့ကြီးတွေ ခြံရံသော မျက်ဝန်းနက်လေးတွေ၊ နှာတံသွယ်ကျစ်ကျစ်ကလေးနှင့် ပြည့်သော နှုတ်ခမ်းဖူးဖူးလေးသည် စွဲမက်ဖွယ်ကောင်းနေဆဲ။





ကားပေါ်က ဆင်းမိသည်နှင့် မိုးနတ် ခြေလှမ်းတွေက မတွန့်ဆုတ်ဘဲ သီးသန့် ညှိနှိုင်းခန်းဆောင်ဘက် ဦးတည်လှမ်းခဲ့သည်။

သည်ဟိုတယ်က မိုးနတ်ရဲ့ဘိုးဘိုး ဦးဝဠာကျော် ပိုင်ဆိုင်သောဟိုတယ်ကြီးမို့ လမ်းမှာဆုံသော ဝန်ထမ်းတိုင်းက မိုးနတ်ကို တလေးတစားဦးညွှတ်နှုတ်ဆက် ပြုံးပြကြသည်။

သို့ပေမယ့် မိုးနတ်က မည်သူ့ကိုမှ တစ်ချက်ကလေး ပြုံးမပြဖြစ်ဘဲ ညှိနှိုင်းခန်းဆောင်အထိ လှမ်းခဲ့သည်။

ညှိနှိုင်းခန်းဆောင်တံခါးဝမှာ ရပ်စောင့်နေသူ 'ဆုလာဘ်နွယ်' မိုးနတ်ကိုမြင်သည်နှင့် အလိုမကျသလို မျက်ဝန်းတွေနှင့် စောင့်ကြိုနေရင်း

"ဘာလုပ်နေတာလဲ မိုးနတ်၊ ဘိုးဘိုးတို့ စောင့်နေကြတာကြာပြီ"

မိုးနတ်ရှိသော နေရာတိုင်းမှာ သူမရှိနေခြင်းအတွက် စိတ်ထဲမှာ ပိုလို ညစ်ညူးသွားမိသည်။ ညီအစ်မ နှစ်ဝမ်းကွဲတော်စပ်သည် ဆိုသောအကြောင်းပြချက်နှင့် မိုးနတ်ကို ရောနှောဖို့ ကြိုးစားနေတာ သိပြီးသား။

ဘိုးဘိုးကိုလည်း တောက်တဲ့တစ်ကောင်လို တွယ်ကပ်နေတာ မိုးနတ် သိသည်။ ဒါပေမဲ့ ဘိုးဘိုးက မိုးနတ်ကလွဲလျှင် ဘယ်သူ့ကိုမှ မြေးလို့ မသတ်မှတ်တော့ ဆုလာဘ်နွယ် မကျေနပ်ပါ။

အခုလည်း မိုးနတ်ကို အစ်မကြီးစတိုင်ဖမ်းကာ ဆီးကြို အပြစ်တင်နေ၏။ တမင်ပဲ နှုတ်ခမ်းတွေမဲ့ချ ပြုံးလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေရာရာဖြစ်ဖြစ် နင့်ကို တွေ့နေရပါလား ဆုလာဘ်၊ မထူးပါဘူး ငါတို့အိမ်မှာပဲ နင်အတူလိုက်နေပါလား"

မိုးနတ် တမင်အရွဲ့တိုက် ပြောမှန်းသိသော ဆုလာဘ်နွယ် မဲ့ခနဲပြုံးကာ ချက်ချင်းတုံ့ပြန်၏။

"အဲဒီ အစီအစဉ်လည်း မဆိုးပါဘူး၊ နင့်လို ဘာအလုပ်မှ မလုပ်ဘဲ ဘိုးဘိုးပိုင်ဆိုင်မှုတွေကို ထိုင်ဖြုန်းနေတဲ့ အရသာမျိုး ငါခံစားကြည့်ချင်လို့"

ဆုလာဘ် စကားကြောင့် ထောင်းခနဲထွက်သွားသော ဒေါသကို မိုးနတ် အံတစ်ချက်ကြိတ် မျိုသိပ်ရင်း -

"အဲဒီလို အိမ်မျိုးမှာ နေဖို့ နင်နဲ့လည်း မထိုက်တန်ပါဘူး"

"ဘာရယ် နင့်စကားအဓိပ္ပါယ်က ဘာလဲ"

ပါးလျှပ်လျှပ် မျက်ခုံးတွေကို ဆေးကူးပုံဖော်ထားသော ဆုလာဘ်နွယ် မျက်ရစ်ကြောင်းပျောက်နေသော မျက်ဝန်းတွေနှင့် ခပ်ရူးရူးကြည့်မေး၏။

"နင့်ကိုသာ ငါနေတဲ့ အိမ်မှာထားလိုက်ရင် ဝက်လည်ပင်းမှာ ပုလဲလည်ဆွဲ ဆွဲပြီး ချေးခြေထောက်မှာ ရွှေဖိနပ်စီးထားသလို ဖြစ်မှာပေါ့"

မိုးနတ် ဒဲ့တိုးကြီး နှိပ်ကွက်လိုက်တာမို့ ဆုလာဘ် ဆတ်ဆတ်ထိမခံနိုင်အောင် မျက်နှာကြီးရဲရဲနီကာ

"နင် ပိုပိုပြီး ဆိုးလာတယ် မိုးနတ် ကိုယ့်အစ်မကို ဒီလိုပဲ ပြောရလား"





"ဘာ အစ်မဟုတ်လား။ သွားစမ်းပါ ငါ့ထက်နှင်သုံးလလောက်ပဲ ကြီးတာပါ၊ အစ်မတော်ရအောင်လည်း သွေးကအဝေးကြီး။ ဘိုးဘိုးရဲ့ ဝမ်းကွဲညီရဲ့သမီးဆိုပေမယ့် နင်က မိန်းမကြာ ပါလာတဲ့ သမီးပါ အဝေးကြီးပဲ"

အနာပေါ် တုတ်ကျသလို ဆုလာဘ်နွယ် အသည်းခိုက်အောင် နာသွားမှာ မိုးနတ်သိသည်။ ဥပေက္ခာပြုကာ စေ့ပိတ်ထားသော အခန်းတံခါးလက်ကိုင်ဘုကို လှည့်ဖွင့်လိုက်၏။

"ဟော မြေးချစ် လာပြီ"

တံခါးဝကို မျက်နှာပြုထိုင်နေသော ဘိုးဘိုး၏ နွေးထွေးသော အပြုံးနှင့် နှုတ်ဆက်သံကိုကြားရ၏။ မိုးနတ်ကို လှည့်ကြည့်လာသော ညှိုသည့် သုံးယောက်မျက်နှာတွေကို မြင်သည်။

မိုးနတ် တကယ်ပဲ စိတ်ပျက်သွားမိ၏။ ဘိုးဘိုး မိုးနတ်ကို ယောကျာ်းပေးစားဖို့ ကြိုးစားနေခြင်းပါလား။

"ထိုင် မြေးချစ် ဘိုးဘိုးတို့ မြေးကိုစောင့်နေကြတာ"

မိုးနတ် စိတ်ပျက်လက်ပျက်နှင့် ဘိုးဘိုးနံဘေးက ဆိုဖာ ထိုင်ခုံမှာ ဝင်ထိုင်ပစ်လိုက်သည်။

မိုးနတ်ကို ပြုံးပြုံးကြီးကြည့်နေသော အသက်လေးဆယ်ကျော် စုံတွဲနှင့် မျက်တောင်မခတ်တမ်း ကြည့်နေသော ယောကျာ်းတစ်ယောက်။

ပိန်ပိန်သွယ်သွယ် ခန္ဓာကိုယ်နှင့် အနည်းငယ် ပြူးသယောင်ရှိသော မျက်ဝန်းတွေနှင့် ထိုလူရွယ်ကား ကိုကိုလွင် ဆိုသူပဲဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"မြေးချစ် သူက ကိုကိုလွင်၊ ဒီက သူ့မိဘတွေ BLUE SKY ကုမ္ပဏီပိုင်ရှင် ဦးရဲလွင်နဲ့ ဒေါ်မြင့်သိင်္ဂီ"

မိုးနတ် အသိအမှတ်ပြုဟန်လည်း မပြ၊ အပြုံးတစ်ချက်တောင် ဟန်ဆောင် မပြုံးပြဖြစ်ဘဲ ငြိမ်နေမိ၏။

ဒေါ်မြင့်သိင်္ဂီ နှုတ်က သကာရည်လွှမ်းသော စကားသံတွေ ထွက်ပေါ်လာသည်။

"မိုးနတ်သားကီလေးက ဓာတ်ပုံထဲမှာထက် အပြင်မှာတောင် ပိုချောမော လှပနေပါလား။ အမယ်လေး အန်တီတော့ သမီးလေးကို အရမ်းချစ်သွားပြီ"

"ဟုတ်ပါတယ် ဦးဝဇ္ဇာကျော် မိုးနတ်ဝဇ္ဇာ လုပ်ငန်းစု ကုမ္ပဏီ ပိုင်ရှင်ကြီးရဲ့ မြေးနဲ့ ကျွန်တော့်သားတို့ မင်္ဂလာပွဲအတွက် ကျွန်တော် ဂုဏ်ယူဝမ်းမြောက်ပါတယ်ဗျာ"

"သမီးလေးကိုတော့ အန်တီတို့ မြင်တာနဲ့ သဘောကျသွားပြီ သမီးကကော အန်တီတို့ သားလေးအပေါ် သဘောကျမှု ရှိပါတယ်နော်"

မိုးနတ် ယဲ့ယဲ့လေးပြုံးကာ ကိုကိုလွင်ကို ကြည့်လိုက်တော့ မိုးနတ်ကို ပြုံးကြည့်နေသော မျက်နှာနှင့် ရင်ဆိုင်တိုးသည်။

"ဟုတ်ကဲ့ အမေရိကားမှာ စီးပွားရေး ပါရဂူဘွဲ့ယူလာတဲ့ BLUE SKY ရဲ့ အုပ်ချုပ်မှု ဒါရိုက်တာကြီးပဲရှင် မိုးနတ် သဘောမကျ စရာမရှိပါဘူး"

မိုးနတ်စကားကြောင့် ဘိုးဘိုးကော ကိုကိုလွင် မိဘနှစ်ပါးပါ





ကျေနပ်အပြုံးတွေ ဝေသွားခဲ့၏။

"ဒါပေမဲ့ ကျွန်မ အမြဲတမ်း သဘောကျနိုင်မလား မသေချာ ဘူးနော်၊ ပတ်ဝန်းကျင်မှာ ကျွန်မအကြောင်း သတင်းတွေကို နားထောင် ကြည့်ကြပါဦး"

မိုးနတ်စကားကြောင့် ဒေါ်မြင့်သိင်္ဂီ ကပျာကယာနှင့် ခေါင်းခါ ရင်း

"ဟင့်အင်း ပတ်ဝန်းကျင်ရဲ့ ကောလာဟလတွေဆိုတာ လျှာ အရိုးမရှိတိုင်း လျှောက်ပြောကြတာပဲ သမီးလေးရဲ့"

မိုးနတ် သဘောကျစွာ အသံလေးထွက်အောင် ရယ်လိုက်ရင်း

"အဟင်း ဟင်း တကယ်ဆို သူတို့ပြောကြတာတွေ မမှားပါဘူး ရှင်"

"ဟင်"

"ဟဲ့ မြေး မိုးနတ်"

ဘိုးဘိုး မျက်စိမျက်နှာပျက် ဝင်ဟန့်ပေမယ့် မိုးနတ် မကြား ယောင်ဥပေက္ခာပြုရင်း ဆက်ပြောမိ၏။

"ကျွန်မ ပွင့်ပွင့်လင်းလင်း ပြောပါရစေ၊ ကျွန်မ အင်္ဂလန်မှာ ပညာသွားသင်တော့ ယောက်ျားတော်တော်များများနဲ့ တွဲခုတ်ဖူးတယ်၊ စင်္ကာပူမှာ တစ်နှစ်လောက် နေဖြစ်တုန်းကလည်း ယောက်ျားလေးအဖော် တွေ ရှိခဲ့သေးတယ်"

မိုးနတ်စကားတွေကြောင့် ဘိုးဘိုး မျက်လုံးကြီးပြူး ဒေါသထွက်



www.burmeseclassic.com

www.burmeseclassic.com



နေမှာ သိနေသည်။ ဦးရဲလွင်တို့ မျက်နှာတွေလည်း ညိုညစ်နီမြန်းကာ လှုပ်လှုပ်ရွရွ ဖြစ်ကုန်၏။

"ဦးဝဋ္ဋာကျော် ကျွန်တော်တို့ အဲဒါတွေကို ဘယ်လိုလက်ခံပေးရမှာလဲ"

"ဟာ မဟုတ်ဘူး မောင်ရဲလွင်၊ ကျုပ်မြေးကို ကျုပ်အာမခံပါတယ်၊ မိုးနတ်သာကီ မြေး ဘာတွေမဟုတ်တာရုတ် လျှောက်ပြောနေတာလဲ ဒါနောက်ပြောင်စရာ ကိစ္စမဟုတ်ဘူး"

ဘိုးဘိုး မျက်နှာ နီနီကြီးနှင့် ရှင်းပြရင်း မိုးနတ်ဘက်လှည့်ကာ မာန်မဲဆူပူသည်။ မိုးနတ် ပခုံးလေးတစ်ချက် တွန့်ပစ်မိရင်း

"အင်းလေ ဒီလို မင်္ဂလာပွဲအတွက် ကျွန်မရဲ့ အတိတ်ကို ဘာလို့ ထည့်စဉ်းစားနေမှာလဲနော်၊ ဘာပဲဖြစ်ဖြစ် ရှင်တို့ဘက်ကလည်း မိုးနတ်ဝဋ္ဋာလုပ်ငန်းစု ပိုင်ရှင် သူဌေးကြီးရဲ့မြေးနဲ့ မင်္ဂလာဆောင်ရမှာကို စိတ်ဝင်စားတာပဲ၊ ကျွန်မကို စိတ်ဝင်စားတာမှ မဟုတ်ဘဲ ဟုတ်တယ်မို့လား"

"မိုးနတ်သာကီ"

ဘိုးဘိုးအသံမှာ ဒေါသတွေပါနေပြီဟု မိုးနတ်သိသည်။ မတတ်နိုင်ပါ၊ ဒီအစီအစဉ်ကို မိုးနတ်လက်မခံဟု ပြောခဲ့ပြီးသား။ ဘိုးဘိုးဘက်က တစ်ဖက်သတ် စီမံတာတော့ လွန်သည်။

"မပူပါနဲ့ ဘိုးဘိုး၊ မိုးနတ် လက်ခံပါတယ်၊ မင်္ဂလာမဆောင်ခင် စေ့စပ်ကြဦးမှာ မဟုတ်လား၊ ဘယ်နေ့မဆိုရပါတယ်၊ အဲ ရက်တော့





အဖိုးပြောထားနော်၊ မိုးနတ် ရှော့ပင်းထွက်တဲ့ရက်နဲ့ တိုက်နေလို့တော့ မဖြစ်ဘူး၊ အဲဒါအရေးကြီးတယ်"

မိုးနတ် ပေါ့ရွှတ်ရွှတ် အလေးမထားသလို ပြောကာ ထရပ်လိုက်ပါသည်။

"ကဲ ခွင့်ပြုကြပါဦး၊ မိုးနတ် ချိန်းထားတာလေးရှိလို့၊ ဘိုးဘိုး တာ့တာ"

မိုးနတ် နှုတ်ဆက်ပြီးသည်နှင့် ခပ်သွက်သွက်လေး လျှောက်ခဲ့ကာ အခန်းတံခါးကို ဆွဲဖွင့်လိုက်၏။

"မိုးနတ်သာကီ"

ကိုကိုလွင့် ခေါ်သံကိုကြားပေမယ့် မိုးနတ် လှည့်မကြည့်ဘဲ လှမ်းအထွက် တံခါးအပြင်မှာ မတ်တတ်ရှိနေခဲ့ ဆုလာဘ်နှယ်နှင့် ရင်ဆိုင်တိုးသည်။

"မိုးနတ် နင်ဘာတွေ လျှောက်ပြောပြီး ဘာတွေလုပ်နေတာလဲဟင်"

ကြည့်စမ်း၊ အခန်းအပြင်က ဒီမိန်းမ ချောင်းမြောင်း ခိုးနားထောင်နေသည်ပေါ့။

"မိုးနတ်သာကီ"

အခန်းအပြင်အထိ လိုက်လာသော ကိုကိုလွင့်ကြောင့် ဆုလာဘ်ကို ဘာမှမပြောတော့ဘဲ ရင်ဆိုင်လိုက်ရသည်။

"ပြော ဘာကိစ္စလဲ ကိုကိုလွင့်"

"မင်းပြောခဲ့သလိုပဲ အတိတ်ကို ဂရုမစိုက်ပါဘူး၊ ကိုယ်အား



www.burmeseclassic.com

www.burmeseclassic.com



လုံးကို ခွင့်လွှတ်တယ်၊ အနာဂတ်ကသာ ကိုယ်တို့အတွက် အရေးကြီးတာပါကွာ''

မိုးနတ် ဟားတိုက်ရယ်ချင်စိတ်ကို မျိုသိပ်ထားရသည်။ ကိုကိုလွင်တို့ မိသားစု ပြဿနာကို မိုးနတ် သိထားသည်။

စီးပွားရေးတွေ ကျဆင်းကာ ဘဝပျက်လုလု အခြေအနေမှာ မိုးနတ်ကို လက်ထပ်ခွင့်အတွက် ငမ်းငမ်းတက် လိုအပ်နေကြသည်။ ဒါကို ဘိုးဘိုး မသိရှာ။

''အနာဂတ်ဆိုလို့ ကျွန်မ မေ့နေတာတစ်ခု ပြောရဦးမယ် ကိုကိုလွင်၊ ကျွန်မမှာ လူမသိသူမသိ ရထားတဲ့ တိတ်တိတ်ပုန်း သမီးလေး ရှိတယ်၊ သူ့အနာဂတ်ကိုပါ ရှင်စဉ်းစားပေးပါဦးနော်''

''ဘာ''

မျက်နှာကြီး ဖြတ်အရိုက်ခံရသလို ကိုကိုလွင် ရှုံ့ရှုံ့ရဲရဲ ဖြစ်သွားသည်။ ပြီးမှ ပျက်သွားသော မျက်နှာကိုပြင်ရင်း

''မိုးနတ် မနောက်ပါနဲ့ကွာ''

''အမှန်ပြောနေတာ ကိုကိုလွင်၊ ရှင်သည်းခံနိုင်စွမ်းရှိရင် ကျွန်မရဲ့ အကြောင်းတွေကို ဒီထက်ပွင့်ပွင့်လင်းလင်း ထပ်ပြောချင်သေးတယ်၊ အခုတော့ ချိန်းထားတာလေးရှိလို့ ခွင့်ပြုဦးနော်''

''မိုးနတ်''

လှည့်ထွက်ဖို့ ဟန်ပြင်သော မိုးနတ်လက်ကို သူလှမ်းဆွဲတော့ မိုးနတ် တတ်ထားသော ကရာတေးပညာနှင့် ကိုကိုလွင် လက်ကိုဆွဲ





မြှောက် ကိုင်ပေါက်ပစ်လိုက်၏။

''ဘုန်း''

''အား အားလားလား''

''ကျွန်မ ဆန္ဒမရှိဘဲ ကျွန်မအသားကို ရှင်ထိကိုင်ခွင့် လုံးဝမရှိဘူး ကိုကိုလွင်''

ကိုကိုလွင် နာကျင်သွားပုံရသော ခါးကို လက်တစ်ဖက်နှင့် အောက်ကာ ရှုံ့ရှုံ့မဲ့မဲ့ ကြိုးစားထရပ်ရှာ၏။

''မင်း ငါ့ကို ကိုင်ပေါက်တယ်ပေါ့ တွေ့မယ်''

ကိုကိုလွင် အံကြိတ် ကြိမ်းဝါးရင်း ရှေ့တစ်လှမ်းအတိုးမှာ မိုးနတ် မေးဖျားကို ညာလက်သီးတစ်လုံး ပစ်သွင်းလိုက်၏။

''ခွပ်''

''အင့်''

''မိုးနတ် မလုပ်နဲ့''

''နင်နဲ့ ဘာမှမဆိုင်ဘူး ဖယ်စမ်း''

တားမြစ်ရင်း လှမ်းလာသော ဆုလာဘ်နွယ် လက်တွေကို မိုးနတ် ပုတ်ချပစ်ကာ ချာခနဲ လှည့်ထွက်ခဲ့၏။

ဒီလောက်ဆို မိုးနတ်သာကီအကြောင်း သူတို့ကောင်းကောင်းကြီး သိသွားလောက်ပြီပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ကိုကို ရှူးနေသလား၊ ဆယ့်ငါးသိန်းကျော်ဆိုတဲ့ ပိုက်ဆံကို ကစားစရာများ မှတ်နေသလား၊ ဒါဆပ်ဖို့ ညီမလေးတို့ ဘယ်လိုရှာမှာလဲ"

သူ့ အလုပန်းခြင်းလေးတွေကို စီနေတုန်းမှာ ညီမလေး 'ရေဝင်အေး' ကရုဏာ ဒေါသောနှင့်ပြောသည်။ သူ ညီမလေးကို မော့ကြည့်ရင်း

"မပေးလို့ မရတဲ့ငွေကြေးပဲ ညီမလေးရယ်၊ တစ်နည်းနည်းနဲ့ ရှာပေးရမှာပေါ့"

ညီမလေး အလုပန်းစည်းလေးတွေ စည်းနေရာမှ မျက်နှာလေး ညှိုးလျော်သွားတာ သူမြင်သည်။ ပြီးတော့ မကျေနပ်မှုကို အံလေးတင်းခနဲ ကြိတ်ကာ ပြောသေး၏။





"ဒီလူတွေကလည်း လွန်လွန်းပါတယ်၊ ချေးတဲ့ငွေက ရှစ်သိန်းပဲ ရှိတယ်၊ အတိုးက ခုနစ်သိန်းကျော်တာတော့ မတရားဘူး"

ညီမလေးရဲ့ နာကျင်ခံစားချက်ကို သူနားလည်ပါသည်။ သို့ပေမည့် ယူစဉ်တုန်းက ကိုယ်ကယူခဲ့ပြီးပြီ။

"ထားလိုက်စမ်းပါ ညီမလေးရာ အကြွေးဆိုတာ ယူပြီးပြီဆိုတော့ ဘာမှလုပ်ဖို့ မရတော့ဘူးလေ ဆပ်ရုံပဲရှိတော့တာပေါ့၊ ကဲပါ စိတ်ညစ်စရာတွေ ခေါင်းထဲက ထုတ်ပစ်လိုက်၊ ကိုကို အဆင်ပြေအောင် ရှာပါ့မယ်"

"ကိုကို့ကို ညီမလေးသနားလို့ပါ၊ ပြီးတော့ စိုးလည်းစိုးရိမ်တယ်၊ အဲဒီလူတွေက သူတို့ ပိုက်ဆံမရရင် ကိုကို့ကို ဒုက္ခပေးမယ့်ပုံနော် ကိုကို သတိထားဦး"

စိုးရိမ် မျက်ဝန်းလေးနှင့်ကြည့်ကာ ပြောလာသော ညီမလေး ခေါင်းလေးကို သူ ညင်သာစွာပုတ်လိုက်ရင်း

"အဆင်ပြေသွားမှာပါ ညီမလေးရာ"

ညီမလေး မျက်ရည်ဝဲသော အကြည့်လေးတွေနှင့် သူ့ကိုကြည့်ရင်း

"ဒီကိစ္စတွေကိုသာ တမလွန်က မေမေသိရင် တော်တော် စိတ်မကောင်းဖြစ်ရှာမှာပဲ၊ အဲဒီအချိန်တွေကို ပြန်တွေးမိရင် ညီမလေး အရမ်းဝမ်းနည်းတာပဲ သိလား"

"ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံကြောင့် ညီမလေး မော့ကြည့်သည်။ သူ ညီမလေးကို ရင်ခွင်ထဲဆွဲသွင်း ပွေ့ဖက်ထားရင်း ဆံပင်လေးတွေကို ပွတ်သပ် နှစ်သိမ့်ပေးလိုက်၏။

“ပြီးခဲ့တဲ့ အတိတ်တွေကို ညီမလေးဘယ်တော့မှ ပြန်မတွေးနဲ့နော် ကိုကိုလည်း မေ့ထားချင်တယ်၊ မေမေလည်း သေသွားခဲ့ပြီပဲ ကိုကိုတို့အစွမ်းရှိသလောက် ပြုစုပေးသွားရတာ ဝမ်းသာစရာပါ။ အခု ကိုကိုတို့ ကောင်းရောင်းကောင်းဝယ် လုပ်စားနေကြပြီလေ၊ ဆက်အသက်ရှင်ဖို့ အားမွေးကြရမှာပဲပေါ့”

ထိုစဉ်မှာပဲ သူ့ဘောင်းဘီအိတ်ထဲက ဟန်းဖုန်းလေး မြည်လာတာမို့ ဖွင့်ယူ နားထောင်လိုက်ရသည်။

“ဟယ်လို ပန်းရေစင် ပန်းဥယျာဉ်ကပါ”

“...”

“ဟုတ်ကဲ့ အဆင်သင့် ဖြစ်နေပါပြီခင်ဗျာ၊ ကျွန်တော်အခုပဲ လာပို့ပေးမလို့ပါ”

သူ ဖုန်းပိတ်လိုက်ကာ ညီမလေးကို တစ်ချက်ပြုံးပြလိုက်၏။

“ကဲ မှာထားတဲ့ အလှပန်းခြင်းတွေ ကိုကိုသွားပို့လိုက်ဦးမယ်၊ ညီမလေး အလှပန်းစည်းတွေ ပြီးအောင်စည်းထားနော်၊ လာယူတဲ့လူတွေလာရင် ငွေယူပြီး ဘောက်ချာဖြတ်ပေးလိုက်”

“ဟုတ်ကဲ့ ကိုကို”





အမိုးပွင့် ဟိုင်းလက်စ်ကားလေး နောက်ခန်းထဲမှာ သူပို့ပေးရသည့် အလှပန်းခြင်းတွေ အသင့်တင်ထားပြီးပြီ။ သူနှုတ်ဆက်ကာ ထွက်ခဲ့လိုက်သည်။

“ကိုကို မြန်မြန်ပြန်ခဲ့နော်”

“ရောက်တုန်းရောက်ခိုက် ဆိုင်ကကောင်မလေးတွေ ဝမ်းရည်စီး...ယ်လေ နည်းနည်းနောက်ကျမယ်”

သူ စနောက်သလို ပြောသည့်စကားကြောင့် ညီမလေး နှုတ်ခမ်းလေးစူကာ ကျန်ရစ်ခဲ့သည်။ ညီမလေး အသက်က ဆယ့်ရှစ်နှစ်ပြည့်ပြီဆိုပေမယ့် တကယ့် ကလေးစိတ်သာ ရှိသေး၏။

ညီမလေးက ဖိနပ်လှလှလေးတွေ ချုပ်လုပ်တာ ဝါသနာပါသည်။ အောင်မြင်သော ဖိနပ်ဒီဇိုင်နာ တစ်ဦးဖြစ်ချင်သည်တဲ့။

သူကတော့ ညီမလေးကို ဘွဲ့တစ်ခုရစေချင်သည်။ ဒါကြောင့်လည်း အဝေးသင် တက်စေသည်။ သူကတော့ မေမေရဲ့ ကျန်းမာရေးကြောင့် ဆယ်တန်းအောင်ပြီးတော့ ကျောင်းဆက်တက်ခွင့် မရခဲ့ပါ။

ဖေဖေရှိစဉ်က မိသားစုဘဝလေး အဆင်ပြေခဲ့သည်။ ဖေဖေဆုံးတော့ မေမေက သူတို့မောင်နှမကို ဆက်တာဝန်ယူခဲ့၏။ သို့ပေမယ့် မေမေရဲ့ ကျန်းမာရေး အခြေအနေက ဆိုးခဲ့သည်။

ဆေးရုံနှင့်အိမ် လူးလားခေါက်ပြန် ပြုစုနေရသော မေမေ့ရောဂါက ကင်ဆာဆိုတော့ သူ စိတ်မကောင်းဖြစ်ရ၏။

မေမေ တတ်စွမ်းသမျှ အသက်ရှင်နေထိုင်ခွင့်ရအောင် သူကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။ မေမေ့ ဆေးရုံစရိတ်၊ ကျောင်းစရိတ်အတွက် ရှာဖွေရသော ငွေကမနည်း။

ထိုကာလမှာ သူ့အလုပ်ရှင် မိန်းမကြီးက အသက်လေးဆယ် ကျော် မုဆိုးမတစ်ဦးဖြစ်၏။

အသက်နှစ်ဆယ်နီးပါး ကွာသောသူ့ကို နှစ်သက်သဘောကျနေ သော မိန်းမကြီးက သူ့ကို ငွေကြေးထောက်ပံ့ကူညီသည်။ အများအမြင် မှာတော့ သူသည် အသက်ကြီးကြီး မုဆိုးမတစ်ယောက်ကို ချူစားနေသော ယောက်ျားပိုင်းလုံးတစ်ယောက်။

"ကိုကို့ အကြောင်းတွေကို လူတွေပြောနေကြတယ်၊ အဲဒါ အမှန်ပဲလားဟင်"

ညီမလေး မေးလာတော့ သူ မငြင်းသာခဲ့ပါ။

"မမကြီးက ကိုကို့ကို ငွေကြေးထောက်ပံ့ ကူညီပေးနေတာတော့ အမှန်ပဲ ညီမလေး၊ ဒါပေမဲ့ ကိုကို လိမ်ညာစားနေတာ မဟုတ်ပါဘူး"

"ဟင် ဒါဆို ကိုကိုက အဲဒီမိန်းမကြီးကို ယူမှာမို့လား"

"အင်း တစ်ချိန်မှာတော့ လက်ထပ်ရမှာပေါ့"

"မဟုတ်တာ ညီမလေး သဘောမတူပါဘူး၊ သူက ကိုကို့ထက် အများကြီး အသက်ကြီးတာ ပြီးတော့ သူ့မှာကိုကိုနဲ့ မတိမ်းမယိမ်း သားသမီး နှစ်ယောက်ရှိတယ်ဆို"

"ညီမလေးရယ် ကျေးဇူးတရားတွေကို ကိုကို အလေးအနက် ထားရမှာပေါ့"





"ကိုကိုရယ်"

ညီမလေး ဘာစကားမှ မဆိုနိုင်ရှာဘဲ မျက်ရည်တွေဝဲတက် ...လာတာကို သူ မမြင်ရက်ခဲ့ပါ။

ဒါပေမဲ့ ကျေးဇူးတရားတွေအတွက် သူ ပေးဆပ်ရမည်ဟု ...က သိနားလည်နေခဲ့သည်။ သို့ပေမယ့် မမြင်နိုင်သော ကံကြမ္မာက ...နှင့် မမကြီးကို နီးစပ်ခွင့် မပြုခဲ့ပါ။

မမကြီး တိမ်းပါးသွားခဲ့တော့ ပတ်ဝန်းကျင်က သူ့ကို ပိုလို့ဝေ ...ပြောစရာ ဖြစ်သွားခဲ့၏။

"အပိုင်ကြံတဲ့ကောင် အခုတော့ ဖွတ်မရ ဓားမဆုံး ဖြစ်ပြီပေါ့"

"ဟုတ်ပ၊ ဒီကောင်က အပိုင်ယူဖို့ထိတောင် ရည်ရွယ်ထားတာ ... မယူရသေးခင် ဟိုကသေပြီဆိုတော့ ကြံတိုင်းမနိုင်ခဲ့မရ ဖြစ်နေလောက် ..."

ဘယ်သူတွေ ဘာပဲပြောပြော သူ ခေါင်းငုံ့ တိတ်ဆိတ်နေလိုက် ...ည်။ အမေရဲ့ ရောဂါအတွက် ပိုကုရစိုက်နေရသည့် အချိန်မှာ လိုသော ...ကြေးအတွက် ချေးငှားရသည်။

အဆမတန် အတိုးမှန်းသိပေမယ့်လည်း မတတ်နိုင်ခဲ့။

နောက်ဆုံး အမေဆုံးပါးချိန်မှာ အကြွေးက သယ့်ငါးသိန်းကျော် ...ကျန်ရစ်ခဲ့သည်။

အမေ့ကို နောက်ဆုံးအချိန်ထိ ကုသလိုက်ခြင်းအတွက်တော့ ... ကျေနပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ညီမလေး နှစ်ယောက်ဘဝအတွက်တော့ စိုက်ပျိုးရေး
ကြီး ပွားရမ်းကာ အလုပ်ပန်းစိုက်ရှင်သန်ခဲ့သည်။

နှစ်ယောက်ဘဝ ရှင်သန်ဖို့အတွက် အဆင်ပြေပေမယ့် အဆ
မ်တန် တင်နေသော အကြွေးအတွက်တော့ သူ မဖြေရှင်းနိုင်ပါ။ အ
အကြွေးရှင်ကလည်း တောင်းဆိုခြိမ်းခြောက်နေပြီ။

ညီမလေး စိတ်ညစ်မှာစိုး၍ မပူနဲ့ဟုသာ ကတိပေးလိုက်ရတာ
ဖြစ်သည်။ ဘယ်လို ဖြေရှင်းရမည်ကို သူ မဖြေမရှာနိုင်သေး။

''ဟာ''

အတွေးနှင့်ကားလေးကို မောင်းနေစဉ် သူ့ကားရှေ့မှာ ပိတ်ရပ်
လိုက်သော ဖိမ်ခံကားကြီးတစ်စီးကြောင့် ဘရိတ်ကို အမြန်ဖိနင်းလိုက်
သည်။

သူ့ရဲ့ သတိကောင်းမှုကြောင့် ရှေ့ကကားကြီးကို မတိုက်မိ
လိုက်ပါ။ ဒါပေမဲ့ ဘရိတ်နင်းလိုက်ရသောကြောင့် ကားနောက်ခန်းမှ
အလုပန်းခြင်းတွေ ပြိုလဲကုန်ကာ ကျိုးကြေကုန်၏။

''သွားပါပြီ ပန်းခြင်းဘယ်နှစ်ခြင်း ပျက်စီးသွားပြီလဲ မသိဘူး''

သူ ကားတံခါးဖွင့် ဆင်းလိုက်ကာ MARK II ကားနက်ကြီး
အနားသို့ လျှောက်ခဲ့သည်။

အနက်ရောင် မှန်တွေကြောင့် အတွင်းကမောင်းသူကို မတွေ့ရ
သူ မှန်တံခါးခေါက်ခေါ်တော့ မှန်ချပ်တွေ လျှောခနဲ ပွင့်လာ၏။

တဒင်္ဂ မင်သက်သွားစေလောက်အောင် လှပလွန်းသော မျက်





နှာလေးကို အရင်မြင်တွေ့လိုက်ရ၏။ သရီးစတက် ဆံညှိုတိုတိုလေး
တွေ တစ်ချက်ခါကာ သူ့ကိုမော့ကြည့်သော မျက်ဝန်းလေးတွေကတော့
မာနရောင်စဉ်တွေ တဖိတ်ဖိတ်လက်နေ၏။

''ဘာကိစ္စလဲ''

လှပသော မျက်နှာလေးနှင့် မလိုက်ဖက်စွာ မာဆတ်ဆတ်
အသံချိုချိုလေးနှင့် မေးပုံက မထီတရီပုံစံ။

''မင်းလို မိန်းမလှလေးတစ်ယောက်က ကားကို အမောင်းကြမ်း
ရသလား၊ ကံကောင်းလို့ပေါ့ ယာဉ်တိုက်မှုမဖြစ်တာ''

သူ့စကားကို ဂရုမစိုက်သလို မျက်ခုံးလှလှလေးတွေ စုကျုံ့ကြည့်
ရင်း

''အခု ဘာဖြစ်လို့လဲ၊ မဖြစ်ရင်ပြီးတာပဲ''

အခုထိ လေသံမာမာနှင့် ထိမထင်အသွင်က တစ်စက်ကလေး
ပြေလျော့မသွားသေးတော့ သူ ဒေါသထောင်းခနဲ ဖြစ်ရ၏။

''မင်းက ရပေမယ့် ငါကမရဘူးကွ၊ ကားကို အတင်းတရကြမ်း
ကျော်တက်၊ အချက်ပြမီးမပြဘဲ ဒီအတိုင်းရှေ့က ထိုးရပ်တော့ ငါ ဘရိတ်
နင်းလိုက်ရတယ်''

''ကျွတ်စ် ဒီမှာ ရှင်စကားကြောရှည်တယ်၊ လိုရင်းပြော၊ ဘာကို
မကျေနပ်တာလဲ''

လှသလောက် မာနထောင်လွန်းသည့် ကောင်မလေးပါလား။

''ကောင်းပြီ ဟိုမှာ ကျုပ်ပန်းခြင်းတွေ ကျိုးကြေကုန်ပြီ မင်း



www.burmeseclassic.com

www.burmeseclassic.com



အခု ဆင်းကြည့်စမ်း''

သူ့စကားကို ခွန်းတုံ့မပြန်ဘဲ သူမ ဒက်ရှ်ဘုတ်ပေါ်က လက်ကိုင်အိတ်ကြီးကိုဖွင့်ကာ ငါးထောင်တန်တစ်အုပ် ထုတ်ပေးသည်။

''ရော့ ရပြီလား''

ပြေပြေလည်လည် တောင်းပန်တာမဟုတ်ဘဲ ငွေနှင့် ဖိနှိပ်နေတာတော့ သူ လက်မခံနိုင်ပါ။

''မင်းတော့ မလွယ်ပါလား၊ ဒီလို အခြေအနေမျိုးမှာ မင်းက အရင် တောင်းပန်သင့်တာ မဟုတ်ဘူးလား''

သူမ နုတ်ခမ်းလှလှလေးတွ မဲ့ကျသွားရင်း အိတ်ထဲက နောက်ထပ် ငါးထောင်တန် တစ်အုပ်ကို ထပ်ယူပြီး

''ရှင် ထပ်လိုချင်သေးသလား၊ ရော့''

''ဟေ့ မင်းဘာမို့လို့ ဒီလောက် ရိုင်းစိုင်းရတာလဲ၊ ငါက ပိုက်ဆံလိုချင်တယ်လို့ မင်းထင်နေသလား။ ဒီမှာ မင်းဒီလို ဖြေရှင်းလို့ မရဘူး။ ငါ့ကို အရင်တောင်းပန်ရမယ်၊ မင်းလိုကောင်မလေးက ငါ့ကို မလေးမစားလုပ်တာလား''

သူ့စကားအဆုံးမှာ သူမက ငါးထောင်တန်နှစ်အုပ်ကို သူ့ခြေထောက် ရှေ့ပစ်ချကာ ကားကို တရကြမ်း မောင်းထွက်သွားခဲ့သည်။

''ဟာ ဟေ့ ရိုင်းလိုက်တာ၊ ကားရပ်စမ်း''

သူ ဒေါသနှင့် အော်ဟစ်ပေမယ့် သူမ ကားကိုမရပ်တော့၊ ပိုက်ဆံတွေကို ကောက်ယူကာ သူ့ကားပေါ် အပြေးတက်လိုက်၏။





''မင်းတော့ သေပြီသာမှတ်''

သူ ကြိမ်းဝါးရင်း သူမကားနောက်ကို စက်ကုန်ဖွင့် မောင်းလိုက်ခဲ့သည်။

လမ်းမပေါ်မှာ ကားအသွားအလာ ရှင်းနေတာမို့ တော်သေးသည်။ ဒါပေမဲ့ သူမကားကြီးကို ရှေ့မှကျော်တက် ပိတ်ရပ်ထားဖို့ဆိုတာ ဖြစ်နိုင်။ သူ့ကားစုတ်လေးစက်အင်ဂျင်က သူမကားသစ်ကြီးကို ဘယ်သို့မှ ယှဉ်နိုင်မှာမဟုတ်။

သူ ဉာဏ်သုံးရတော့သည်၊ သူမ မောင်းနှင်သည့် ကားလမ်းဦးတည်ရာကို ဖြတ်လမ်းချိုးက မောင်းကာ မီအောင်လိုက်သည်။

သူမကတော့ သူ မယှဉ်နိုင်ဘဲ ရှောင်သွားပြီ ထင်လိမ့်မည်။

တကယ့် အချိန်တိုက် ကွက်တိပါပဲ။ သူမကားရှေ့က သူ့ကားကို အချိန်မီ ပိတ်ရပ်ထားလိုက်နိုင်သည်။

''ဟေ့ မင်းထွက်ပြေးချင်သေး သလား''

သူ ကားပြတင်းတံခါးက ခေါင်းပြူကာ သူမကို လှမ်းအော်ပြောတော့ သူမကားကို ဘက်ဂီယာသွင်းကာ နောက်ဆုတ်သွား၏။

''ဟေ့ မင်းထွက်ပြေးချင်သေးသလား''

သူ ကားပြတင်းတံခါးက ခေါင်းပြူကာ သူမကို လှမ်းအော်ပြောတော့ သူမကားကို ဘတ်ဂီယာသွင်းကာ နောက်ဆုတ်သွား၏။

''ဟေ့ မင်း ဘယ်ကိုပြန်လှည့် ပြေးမှာလဲ မရ ဘူး''

သူ့စကားတောင် မဆုံးလိုက်ရပါ၊ သူမရဲ့ ဖိမ်ခံကားကြီးက



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ဟိုင်းလက်တစ်ပတ်နွမ်း ကားလေးဆီ ဦးတည်လာ၏။

"ဟော့ ဟော့ မလုပ်နဲ့ အား"

"ဒုန်း"



## အခန်း (၃)

"ဒီအချိန်ထိတောင် မိုးနတ် အိမ်ပြန်မရောက်သေးဘူးလား။ ငါ ဒေါသထွက်အောင် ဒီမြေးချစ် လုပ်နေတာလား"

ဦးဝဋ္ဋာကျော်တစ်ယောက် ညေ့ခန်းထဲမှာ တမျှော်မျှော် စောင့်ရင်း ဒေါသတွေ ဆူဝေနေသည်။

ဟိုတယ်မှာလည်း ညေ့သည်တွေရှေ့မှာသူ့ကို အရှက်ခွဲခဲ့၏။ အဆိုးဆုံးက မောင်ကိုကိုလွင်ကို ကိုင်ပေါက်ကာ ဆွဲထိုးခဲ့သည့်အဖြစ်။

ဘယ်လောက် မျက်နှာပူစရာ ကောင်းသည်လဲ။ လုပ်ဖော်ကိုင်ဖက်တွေ အချင်းချင်း မျက်နှာပျက်စရာ ဖြစ်ခဲ့သည်။

ကိုယ့်မှာတော့ မျက်နှာအောက်ချ တောင်းပန်လိုက်ရသည်။ ဘကယ်ဆို မင်္ဂလာကိစ္စကနေ မျက်နှာပူစရာတွေ ဖြစ်လောက်အောင် မြေးချစ် မလုပ်သင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မိမိ အလိုလိုက်ထားမိတာကို နောင်တရမဆုံးဖြစ်ရသည်။

"ကျွန်တော် ကောင်လေးတွေကို ရှာခိုင်းထားပါတယ် ဆရာကြီး"

ဦးဂျွန်က သူ့ကို ရိုးကျိုးစွာ ဝင်ပြောသည်။ သူ ဘယ်နှစ်ကြိမ် မြောက်မှန်းမသိသော ပင့်သက်ကြီး ရှိုက်မိပြန်၏။

"ဒီကောင်မလေး တော်တော်ဆိုးနေပြီ၊ တစ်ရက်တည်းမှာ ဒရိုင်ဘာနဲ့ ကိုယ်ရံတော်ကို အလုပ်ဖြုတ်တယ်၊ ငါ့ကို အရှက်ကွဲအောင် လုပ်တယ်၊ အင်းလေ ငါကလည်း အမြဲတမ်း အလိုလိုက်ခဲ့မိတာကိုး၊ အခုတော့ တော်ပြီ၊ သူ့ကို ငါ ဒီထက် အလိုမလိုက်နိုင်တော့ဘူး၊ အခု သူ အိမ်ပြန်ရောက်ရင် အိမ်ထဲကအပြင် ပေးမထွက်နဲ့တော့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဦးဂျွန် သူ့စကားကို ခေါင်းညိတ်နေတုန်းမှာ ခြံထဲကို မောင်းဝင်လာသော ကားတစ်စီးကြောင့် နှစ်ဦးစလုံး လှမ်းကြည့်မိ၏။

"မောင်နိုင်တော့ ပြန်လာပြီ ဆရာကြီး"

မြေးဖြစ်သူကို ရှာခိုင်းလိုက်သော မောင်နိုင်ပဲ ပြန်လာသည် ဆိုတော့ ဦးဝဋ္ဋာကျော် စိတ်ပူရပြန်၏။

ဆင်ဝင်အောက်မှာ ကားကို ထိုးရပ်ပြီး မောင်နိုင် ဧည့်ခန်းထဲ ခြေချမိရုံပဲ ရှိသေး၏။ ဦးဝဋ္ဋာကျော် မအောင့်နိုင်ဘဲ မေးလိုက်မိ၏။

"မြေးကို မတွေ့ဘူးလားဟေ့"

"တွေ့ပါတယ် ဘဘကြီး၊ ဟို ပြဿနာတစ်ခု တက်နေလို့"





"ဘာဖြစ်ရပြန်ပြီလဲ"

"မမလေး လူတစ်ယောက်ရဲ့ကားကို တမင်ဝင်တိုက်လိုက်လို့ပါ ဘဘကြီး။ အခု ရဲစခန်းမှာပါ"

"ဘာ"

"ဗုဒ္ဓေါ ဘုရားရေ"

ဦးဝဋ္ဋာကျော်ကော ဦးဂျွန်ပါ အထိတ်တလန့် ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

မောင်နိုင်က ဖြစ်ပျက်သမျှကို ရှင်းရှင်းလင်းလင်း ပြောပြနေသမျှ ဦးဝဋ္ဋာကျော် ဂူဂူကြီး နားထောင်နေမိသည်။

တစ်သက်နှင့်တစ်ကိုယ် ရဲစခန်းကို တစ်ခါမှ မရောက်ဖူးခဲ့ပါ။ အခု မြေးမအလုည့်ကျမှကြုံရပြီ။ မိန်းကလေးတန်မဲ့ ရဲစခန်းကို ရောက်နေသည်တဲ့။

"ကဲ လူယုံတော်ကြီး မြေးမကိစ္စကို လိုက်ဖြေရှင်းလိုက်ပါဦး၊ ငါတော့ တော်တော့်ကို စိတ်ဆင်းရဲနေပြီ"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော် အခုပဲ လိုက်သွားလိုက်ပါ့မယ်"

ဦးဂျွန်တို့ ထွက်သွားကြတော့မှ သူ ဆိုဖာထိုင်ခုံမှာ စိတ်ပျက်စွာ ထိုင်ချလိုက်မိသည်။

မိဘနှစ်ပါး လေယာဉ်ပျက်ကျကာ ဆုံးပါးသွားကတည်းက ဒီ မြေးမလေးကို သူ စာနာသနားကာ အလိုလိုက် ဂရုစိုက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မိုးနတ်သာကီက သူ ဆုံးမလို့ မရနိုင်အောင် အရမ်း ဆိုးနေခဲ့ပြီ။

တကယ်ဆို မြေးချစ်သည် ကုလေးလေးလည်း မဟုတ်ရှာပါ။ ပညာမဲ့ အသိမဲ့ တစ်ယောက်လည်းမဟုတ်၊ အင်္ဂလန်မှာတောင် ပညာတွေ သင်ခဲ့သည်။

အခုလောက်အထိ ဆိုးသွမ်းနေတာတော့ မဖြစ်သင့်။

■ ■ ■

"ကျွန်တော့်ကား ပိန်လိန်သွားတာ တွေ့ကြမှာပါ၊ ဒါ ကျွန်တော့်ရဲ့ ကိုယ်ပိုင်ကား မဟုတ်ဘူးဗျ၊ လခနဲ့ ပန်းခြင်းတွေ ပို့ရလွယ်အောင် ငှားထားတဲ့ကားပါ၊ အခု ဒီလိုဖြစ်သွားတော့ ကားပိုင်ရှင်ကို ကျွန်တော် ဘယ်လို ပြောပြရမှာလဲ၊ ဒီကောင်မလေး ကျွန်တော့်ကားကို တမင် ဝင်တိုက်တာ၊ ကားထဲမှာ ကျွန်တော်ရှိနေတာကို တမင်ဒဲ့ဝင်တိုက်တာ၊ ကျွန်တော်နဲ့ သူကြားမှာ ဘာရန်ငြိုးမှ မရှိဘဲနဲ့ တမင်ဝင်တိုက်တာ လူသတ်မှုတောင် မြောက်နိုင်တယ်နော် စခန်းမှူးကြီး"

သူ့စကားကြောင့် ဦးထွန်းဆိုသော လူကြီး မျက်လုံးပြူးသွားသည်။ စခန်းမှူးကြီးက သူ့ကို လက်ကာပြရင်း

"အရင်ဆုံး နှစ်ဦးနှစ်ဖက် ပြေလည်အောင် ညှိနှိုင်းကြပါလို့ ပြောချင်ပါတယ်၊ ကျွန်တော်တို့ အနေနဲ့ကတော့ ပြဿနာ မကြီးမားဘဲ အေးချမ်းပြေလည်သွားစေချင်ပါတယ်၊ ဒါကြောင့် ညှိကြည့်ကြပါဦး"

နောက်ထပ် အမှုတစ်ခု ရောက်လာတာမို့ စခန်းမှူးကြီး အလုပ်





ရှုပ်သွားပြန်သည်။

"မောင်ရင်လေး ခဏကွာ ဦးလေးတို့ စကားပြောကြရအောင်"

ဦးထွန်းဆိုသော လူကြီးက သူ့ကို စားပွဲတစ်ခုဆီ ခေါ်သွားသည်။ စားပွဲမှာ ထိုင်နေသောသူက သူမဲ့အတွက် ခေါ်လာသော ရှေ့နေတစ်ဦးဟု သူကြိုသိထားသည်။

သူမကို လှမ်းကြည့်တော့ နားနေခန်းထဲမှာ အေးဆေးစွာ ထောက်ပီသောက်နေပုံက တစ်စက်လေးတောင် အချိုးမပြေ။

"မောင်ရင်လေး ဒုဟာဒီပုဂ္ဂိုလ်က သမီးလေး မိုးနတ်သာကီရဲ့ ရှေ့နေကြီးပါ"

သူနှင့် အသက်မတိမ်းမယိမ်း သူမရဲ့ ရှေ့နေဆိုသူ အကြည့်တွေက သူ့မျက်နှာဆီ ရောက်ရှိအကဲခတ် နေတာမို့ သူလည်း ခပ်စူးစူး ပြန်ကြည့်နေလိုက်၏။

"ခင်ဗျား နာမည်က ကိုပြည့်တမာန်နော်"

"ကိုပြည့်တမာန် မဟုတ်ဘူး၊ ပြည့်တမာန် ပဲ"

ရှေ့နေကောင်၏ မျက်ဝန်းတွေကို ကြည့်မရတာကြောင့် သူ အဆတ်ဆတ်ပဲ ပြန်ပြောမိ၏။

"ဟုတ်ပြီ ကျွန်တော်တို့ အေးအေးဆေးဆေး ညှိနှိုင်းကြရအောင် ပြည့်တမာန်"

သူ ခွန်းတုံ့မပြန်ဘဲ ရှေ့နေဆိုသူကိုပဲ စိုက်ကြည့်နေလိုက်သည်။ စကားပြောနေ အချိန်အခါမှာ ဒီကောင်မလေး ရှေ့နေတွေ ဘာတွေခေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက စိတ်ကချဉ်နေပြီ။

"အခုနက ခင်ဗျား စခန်းမှူးကြီးရှေ့မှာ ဘယ်လိုပြောလိုက်တာလဲ၊ ကျွန်တော့်မိတ်ဆွေ မိန်းကလေးက ခင်ဗျားကို ကြိုတင်ကြိုစည်ပြီး လူသတ်တယ်လို့ ကြားလိုက်သလားလို့"

ရှေ့နေစကားကြောင့် သူ မျက်မှောင်ကုပ်သွားသည်။ တယ် အမြင်ကပ်ကပ်နှင့် သူပြောခဲ့သော စကားကို အကျကောက် မေးနေတာဟု နားလည်မိ၏။

"ဟုတ်တယ်လေ ကျွန်တော်ပြောတာ လုပ်ကြံပြောတဲ့ စကား တစ်ခုမှ မပါဘူး၊ အားလုံး အမှန်တွေချည်းပဲ"

"ခင်ဗျားပြောတာ မပိုလွန်းဘူးလား၊ ကျွန်တော့် မိတ်ဆွေ မိန်းကလေးက ကားမောင်း မကျွမ်းကျင်ဘူးဗျ"

"ဘာဗျ"

ရှေ့နေစကားကြောင့် သူဒေါသထွက်သွားတာ အမှန်၊ ဒီမိန်း ကလေး ကားမောင်းမကျွမ်းကျင်ဘူးတဲ့လား။ ကျွမ်းလိုက်သမှ မှတ်နေတာ သူ မျက်မြင် တွေ့ခဲ့သည်ပဲ။

သူ့မျက်နှာထားကြောင့် ရှေ့နေဖြစ်သူ နည်းနည်းတော့ လေသံ ပျော့ပြောင်းသွားခဲ့၏။

"သူ နည်းနည်းတော့ မှားသွားတယ်ဗျာ၊ အဲဒါအတွက် တောင်း ပန်ပါတယ်"

"တောင်းပန်ရမှာက ခင်ဗျားမှမဟုတ်တာ ကာယကံရှင် ကိုယ်





...ပဲဗျ"

"ဟုတ်ပါပြီ ခင်ဗျားဘက်က မိန်းကလေးဘက်က အခြေအ နေ အဆင့်အတန်းကိုလည်း ထည့်စဉ်းစားပေးပါ၊ ခင်ဗျား မနစ်နာရ အောင် လျော်ကြေးဆယ်သိန်း ပေးမယ်ဆိုရင် ဖြစ်မလား"

မျက်မှောင်ကုပ်သွားရသည်။ ဆယ်သိန်းဆိုသော ငွေကြေး ...တိုင်းအတာက နည်းသည်မဟုတ်။

"ဒီလိုလုပ်ဗျာ ဆယ့်ငါးသိန်းယူလိုက်၊ ခင်ဗျားကားကို ပြင်ဆင် ...ပြီး အများကြီး ပိုမှာပါ"

သူ့ မျက်မှောင်ကြီးကုပ်ကာ စူးစိုက်ကြည့်နေတာကြောင့် နောက်ထပ် ငါးသိန်းတိုးလာသည်။ တော်တော် ပြည့်စုံချမ်းသာသည့် သူတွေဆိုတာ သေချာလွန်း၏။ ဒါပေမဲ့ ငွေကြေးနှင့် ဖိနှိပ်ခံရတာတော့ ...ခေါက်သည်။

သို့ပေမယ့် သူပေးဆပ်ရမည့် အကြွေးကိစ္စကလည်း ရှိနေတာ ...နိုးသတိရမိပြန်၏။

"ဒီမှာဗျာ သိန်းနှစ်ဆယ် လျော်ကြေးယူ ခင်ဗျားဘက်က အမှုကို ရုပ်သိမ်းလိုက်၊ ဒါကိုလိုချင်တယ်"

ဒီတစ်ခါ လေသံက ပြတ်သားလွန်းသည်။ နားနေခန်းထဲမှာ ...ကော်ဖီသောက်ရင်း နားထောင်နေသော ကောင်မလေး မျက်နှာ မထိ ...ဆရိုကြောင့် သူ ခေါင်းညိတ်ဖို့ ခပ်အမ်းအမ်း ဖြစ်နေ၏။

သင်းကလေးကတော့ ငွေနှင့် အရာရာကို အနိုင်ယူ နိုင်သည်



www.burmeseclassic.com

www.burmeseclassic.com



ဟု အကြွင်းမဲ့ ယုံကြည်နေမှာ အသေအချာ။

"ဒီမှာ ခင်ဗျားတို့ ကျွန်တော့်ကို မိုက်ဆုံမတ်တဲ့ ကောင်လို့ ထင်နေတာလား"

သူ နည်းနည်းတော့ မာန်တင်းမာန်ဆောင်ကာ ပြောမိရုံမျှ သေး၏။ ကောင်မလေး ဆတ်ခနဲထကာ သူတို့ စားပွဲဆီ ရောက်လာနေပြီ။

"တော်ပြီ ဒီမှာ ရှင်က ဒီလိုပဲ လုပ်စားနေကျထင်တယ်"

"ဘာကွ"

ရက်စက်နိုင်သော သူမျက်နှာ ရဲရဲနီသွားတာကိုပဲ သူမက လှောင်သလို ပြုံးကြည့်ကာ

"ရှစ်ပုံစံ ကြည့်ရုံနဲ့သိတယ်၊ ဒီလိုလုပ်စားနေကြဆိုတော့ အား ရှင့်စိတ်ထဲမှာ ရှင်ထိပေါက်တယ်လို့ ထင်နေမှာပဲ၊ ကျွန်မကတော့ လုံး လက်မခံနိုင်ဘူး။ ရှင့်ကို တစ်ကျပ်မှ မလျှော့နိုင်ဘူး"

"ဟာ သမီး ဒီလို မပြောနဲ့လေ"

သူမဘက်က ပုဂ္ဂိုလ်ကြီး မဝံ့မရဲ ဝင်ပြောသည်။ ရှေ့နေဖြစ်သူ လည်း ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်နေ၏၊ သူလည်း ရက်ခြေါသ တွေ တားမရဖြစ်သွားခဲ့သည်မို့

"ဒီမှာ မင်း ဘာတွေပေါက်ကရ ပြောနေတာလဲ၊ ငါက မင်းပေး တဲ့ လျော်ကြေးကို လက်ခံမယ် ထင်နေသလားကွ၊ ဒီမှာ မင်းဟာမင်း မိုးနတ်မကလို့ မြေနတ်ပဲဖြစ်ဖြစ် မင်းပေးမယ့် လျော်ကြေးကို ငါလုံး





ဝ မခံဘူး၊ မင်းအပြစ်ကို မင်းကိုယ်တိုင် ခံရမယ်၊ ငွေရှိရင် ဘာမဆို လုပ်လို့ရတယ်ဆိုတဲ့ စိတ်ဓာတ်ကို ငါ ရိုက်ချိုးပြမယ်"

"ဘာ ရှင့်လိုသူတောင်းစားက ကျွန်မကို စိန်ခေါ်တယ်လား"

"ဘာ မင်းကငါ့ကို သူတောင်းစားလို့ ပြောတယ်ပေါ့"

ဒီကောင်မလေး သိပ်ကို ရိုင်းစိုင်း မောက်မာလွန်းနေပြီ။ လှပ ချိုးသော မျက်နှာလေးနှင့် စိတ်ဓာတ်က တကယ့်ကို တခြားစီပါလား။

"ရှင့်လုပ်ရပ်က သူတောင်းစားလိုပဲလေ၊ ကျွန်မဆီက ပိုက်ဆံ ကို မတန်တဆ လိုချင်တာ ကျွန်မသိတယ်"

"ကောင်းပြီ မင်းကို ငါအမှုဖွင့်တိုင်မယ်"

"ရှင်လုပ်ချင်တာလုပ် ကျွန်မက ကြောက်မယ်ထင်နေသလား"

"ဟာ နေကြဦးလေ ပြေပြေလည်လည် ညှိနှိုင်းရမှာ"

ရှေ့နေဖြစ်သူ ကြားကဝင်တားပေမယ့် သူမ မျက်နှာလေးက တောင်းခက်ထန်နေသလို သူကလည်း ထိုမာနကို ရိုက်ချိုးဖို့ ဆုံးဖြတ်ပြီး ပြီ။

ပြည့်တမာန်ဆိုတဲ့ကောင်က ဘယ်လိုကောင်လဲဆိုတာ မင်းသိ ရမယ် ကောင်မလေး။

■ ■ ■



www.burmeseclassic.com

## အခန်း (၄)

ဟဒီမိုဗီမိုတွေးမိလေလေ သူမ နာကျင်ဒေါသ ဖြစ်ရလေလေ ခံစားရလေဖြစ်သည်။

ပြည်တမာန် ဆိုသောကောင်က လျော်ကြေးကို လက်မခံ အမှုဖွင့်ခဲ့ဘာကြောင့် စခန်းမှူးကြီးက သူမကို အိမ်ပြန်ခွင့်မပြုတော့ အချုပ်ခန်းထဲမှာ နေရိုင်းသည်။

ဦးဂွျန်က ဘိုးဘိုးဆီ ဖုန်းဆက်ကာ အကျိုးအကြောင်း ပြော တော့ အခြေအနေတွေက ပိုဆိုးကုန်သည်။

"ဆရာကြီး တော်တော်ဒေါသ ဖြစ်နေတယ် သမီးလေး။ ရှေ့ က ပြေလည်အောင် ညှိနေတာကို သမီးဝင်လာတော့ အခြေအနေတွေ ဆိုးကုန်တာပေါ့"

"ဒီလူ လုပ်ရပ်ကို မကြိုက်လို့ သမီး ဝင်ပြောတာ၊ အဲ





ပြဿနာမဟုတ်ပါဘူး၊ အခု ဘိုးဘိုးကို အာမခံရအောင် လုပ်ပေးဖို့ ဦးဂွျန် မပြောဘူးလား"

"ဆရာကြီးက ငွေဘယ်လောက်ကုန်ကုန် အမှုမဖြစ်ဖို့ ခိုင်းခဲ့ ဘာတဲ့၊ အခု အမှုဖွင့်ပြီဆိုတော့ တရားရုံးရောက်တဲ့အထိ ပြဿနာရှည် ကုန်ပြီတဲ့၊ သမီးဘက်က မှားခဲ့တာကြောင့် မလွှဲမသွေ ပြစ်ဒဏ်တစ်ခု ခံရမယ်တဲ့"

"အဲဒါတွေ နောက်မှပြော ဦးဂွျန်၊ အခု အချုပ်ခန်းထဲမှာ မိုးနတ် မနေချင်ဘူး"

"ဦးဂွျန် စိတ်မကောင်းဘူး သမီးရယ်၊ ဆရာကြီးက အာမခံ ကိစ္စထက် အရေးကြီးတာ အမှုကိစ္စတဲ့၊ ဆရာကြီးကိုယ်တိုင် ဟိုကောင် သေးကို တောင်းပန်ညှိနှိုင်းနေတယ်၊ သမီးလေး ခဏသည်းခံလိုက်ပါ"

"ဟာ ပြဿနာပဲ အချုပ်ထဲမှာ မိုးနတ် တစ်စက္ကန့်တောင် မနေချင်ဘူး"

မိုးနတ် ဆန္ဒမပြည့်ဝခဲ့ပါ။ ထိုနေ့က အချုပ်ထဲမှာပဲ ညအိပ်လိုက် ရသည်။ ပြည်တမာန် ဆိုသောလူကို ဘိုးဘိုး ဆုံတွေ့ခွင့်မရခဲ့ဟု ဦးဂွျန် ပြောသည်။

ဒါ တမင်ရှောင်နေတာဟု မိုးနတ် နားလည်လိုက်သည်။ နောက် တစ်နေ့ ညနေပိုင်းမှာ ဘိုးဘိုး လွှတ်လိုက်တာမို့ ဦးဂွျန်ရောက်လာသည်။

"ကိစ္စအားလုံး ပြီးပြတ်ပြီ သမီးရေ၊ ကောင်လေးကို ကားပဲ ပြင်ပေးလိုက်ရတယ်၊ သူ့ကြေးအေးပေးလိုက်ပြီ"

www.burmeseclassic.com



"ဟုတ်တယ် မမလေး တရားရင်မဆိုင်ရတော့တာ ကောင်းပါတယ်"

"ဘာကောင်းတာလဲ မောင်နိုင်၊ ငါ့အချုပ်ခန်းထဲမှာ တစ်ရက်နဲ့ တစ်မနက်တောင် နေခဲ့ရတာ လုံးဝမကျေနပ်ဘူး။ သင်း သက်သက် တမင်လုပ်တာ ဒီတော့ အဲဒီကောင်ကို နင်ရှာပေးရမယ်"

"ဗျာ"

"အုတ္တုတ္တုမလုပ်နဲ့ ငါ့ကို အခုလို ငရဲခန်းထဲပို့တဲ့ ပြည်တမာန် ဆိုတဲ့ကောင်ကို နင်တွေ့အောင်ရှာပေး ဒါပဲ"

မောင်နိုင် မိုးနတ်စကားကို မလွှန်ဆန်နိုင်ဘဲ ခေါင်းလေးညိတ် ကတိပေးရရှာသည်။ ဦးဂျွန်ကလည်း ဘာမှမပြောဘဲ နှုတ်ဆိတ်နေ၏။

အသင့်ဖွင့်ပေးထားသော ကားနောက်ခန်းမှာ ဝင်ထိုင်ရင်း မိုးနတ် ကားတံခါးကို ဒေါသတကြီး ဆောင့်ပိတ်ပစ်လိုက်သည်။

"အမြန်မောင်းပါ ကျွန်မ ရေချိုးချင်လှပြီ"

အချုပ်ခန်းထဲမှာ နေထိုင်ရှင်သန်ရသော နာရီစက္ကန့်တိုင်းမှာ မိုးနတ် စိတ်တွေညစ်ညူးခဲ့ရ၏။ ဒေါသတွေ တလိပ်လိပ် တက်ခဲ့ရသည်။

ပြည်တမာန် ဆိုသောကောင်ကို အမှန့်ဖြစ်အောင် စီစီညက်ညက် ခြေမွပစ်လိုက်ချင်သည်။

အချုပ်ခန်းထဲမှာ နေခဲ့ရသည်ဆိုသော အမည်းစက်ကြီး တစ်ခု သူမဘဝမှာ စွန်းပေခဲ့ပြီ။ ဘိုးဘိုး ဘယ်လောက်ဒေါသ ထွက်နေမည်လဲ တွေးမိပါသည်။





ရှင့်ကိုတော့ မိုးနတ် ဘယ်တော့မှ မကြေဘူး မိုးနတ်သာဂီ အကြောင်း ရှင်မကြာခင် သိရမှာပေါ့။

■ ■ ■

"ဟုတ်ကဲ့ အခုပဲ ပြန်ရောက်ပါပြီ ဆရာကြီး"

"ငါ့ ဖုန်းဆက်တာ မြေးလေးဘာလို့ လာမကိုင်တာလဲ"

"မိုးနတ်လေး ရေချိုးခန်းထဲ ဝင်နေလို့ပါဆရာကြီး ပြီးမှ ဖုန်းဆက်ခိုင်းလိုက်ပါမယ်"

ဦးဂျွန် အဖြေကို ကြားရမှပဲ သူ စိတ်ချမ်းသာသွားမိသည်။ ဖုန်းဆက်တာ မကိုင်တော့ သမီးလေး အိမ်မရောက်သေးဘဲ ဘယ်တွေ လျှောက်သွားနေသလဲ ပူမိ၏။

"ရတယ် ပြန်မဆက်ခိုင်းနဲ့တော့ ငါညနေ ပြန်ရောက်မှာပဲ အရေးကြီးတာ မြေးလေးအတွက် သက်တော်စောင့်တစ်ယောက်ရှာရ မှာပဲ"

"ဟုတ်ကဲ့ဆရာကြီး ကျွန်တော် စီစဉ်ပါ့မယ်"

"အေး အမြန်ရှာ မောင်ဂျွန်၊ အရင်တစ်ခါလို မဖြစ်စေနဲ့ကွာ၊ ဒီတစ်ယောက်ရှာရင် အကောင်းဆုံးဖြစ်ရမယ်၊ မြေးချစ်ကို တကယ်စောင့် ရှောက်ထိန်းသိမ်းနိုင်တဲ့သူ ဖြစ်ဖို့လိုတယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အေး မြေးကို အပြင်မသွားစေနဲ့"

"မိုးနတ်လေး ဘယ်မှထွက်ဖြစ်မှာ မဟုတ်ဘူး ဆရာကြီး၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ အိပ်ရေးတွေ ပျက်ခဲ့လို့ အိပ်မှာတဲ့"

"အေး အေး မင်းဂရုစိုက် ဒါပဲ"

သူ ဖုန်းချပြီး ဆုံလည်တိုင်ခုံမှာ ကျောမှီထိုင်ချလိုက်မိသည်။

အချုပ်ထဲမှာ သမီးလေး နေခဲ့ရတာအတွက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရှာမှာ သူသိသည်။ ဒါပေမဲ့ တရားတဘောင် ရင်ဆိုင်ရှင်း ရမှာထက်စာလျှင် ကံကောင်းပါသည်။

ပြည်တမာန် ဆိုသော ကောင်လေးကိုလည်း သူအပြစ်မမြင်ချင်ပါ။ သူ သွားတွေ့စဉ်က မတွေ့ပေမယ့် သူ့ရဲ့ရှေ့နေကြီးက ထပ်ရာကာ ညှိနှိုင်းကြည့်တော့ အဆင်ပြေပါသည်။

လျှော်ကြေးတစ်ပြားမှ မယူဘဲ ပျက်စီးသွားသော ကားကိုပဲ ပြင်ဆင်နိုင်းသည့်တဲ့။ ဒါ ရိုးသားမှုရှိလို့ပဲ ဖြစ်သည်။

ဒီလိုလူမျိုးကိုမှ မြေးလေးက ပြဿနာရှာသည်ဆိုတော့ မြေးချစ် သိပ်လွန်နေပြီ။ အရင်လို မြေးကို လွှတ်ထားလို့ မဖြစ်တော့တာ သေချာနေသည်။

ဒီထက်ပိုမဆိုးခင် မြေးမလေးကို အနီးကပ် စောင့်ရှောက်ပေးနိုင်မည့် သက်တော်စောင့်တစ်ယောက် မဖြစ်မနေလိုသည်။

မိမိတို့အားလုံး မိုးနတ်လေးကို ဝိုင်းဝန်းထိန်းသိမ်းမှ ဖြစ်တော့မည်။

■ ■ ■



## အခန်း (၅)

"ဟယ် ဘယ်သူများလဲလို့ မမလေး မိုးနတ်သာကီ ကိုး"

Junction Center ထဲမှာ မိုးနတ် လိုချင်သော ဖန်စီဒီဇိုင်းလေးတွေ ရွေးနေတုန်း ရောက်လာကြတာ ဆုလာဘ်နှယ်နှင့် အဖော်မိန်းကလေး နှစ်ဦးဖြစ်သည်။

မိုးနတ်ကို ခြေဆုံးခေါင်းဖျားကြည့်ကာ ပြုံးစိစိလုပ်နေသော ဆုလာဘ်ကို မျက်မှောင်လေးကျုံ့ ပြန်ကြည့်ပစ်လိုက်ရင်း

"ဘယ်လိုလဲ ဆုလာဘ် နင်နဲ့ကို မလွတ်နိုင်ပါလား၊ မဆုံချင်ဘဲ လာဆုံနေရပြန်ပြီ"

"အဟင်း ငါနဲ့ မဆုံချင်လို့ နင်အချုပ်ခန်းထဲ ဟိုရက်တွေက သွားအောင်းနေတာတော့ မဟုတ်လောက်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ဆုလာဘ်စကားကြောင့် မိုးနတ် ဆတ်ဆတ်ခါ နာကျင်သွားရသည်။ မိုးနတ် သတင်းကို ဆုလာဘ်နှယ် ကောင်းကောင်းသိထားတာတော့ သေချာနေ၏။

"အဟင်း တော်သေးတာပေါ့ဟာ နင့်ကျေးဇူးကြီးသာ ဂျာနယ်တွေထဲ ပါလာရင် နင်တော့ မဟာအရှက်ကွဲပြီပဲ"

"အဲဒါ ငါ့ကိစ္စ၊ နင်နဲ့မဆိုင်ဘူး"

"အဟင်း ငါကလည်း မဆိုင်ရဲပါဘူး၊ နင့်လိုလည်း အချုပ်ထဲသွားမအိပ်ရဲဘူးဟ၊ ဘယ့်နှယ်လဲ နင်တော်တော်မှ အတွေ့အကြုံကောင်းတွေ ရခဲ့ရဲ့လားမာင်"

"ဆုလာဘ် နင့်ပါးစပ်ပိတ်ပြီး ငါ့အနားကထွက်သွားတော့ နင့်ရဲ့ ဝက်ခန္ဓာကိုယ်ကြီးကို ငါကိုင်ပေါက်ပစ်လိုက်ဖို့လည်း ဝန်မလေးဘူးနော်"

မိုးနတ်စကားကြောင့် ဆုလာဘ် တွန့်ခနဲဖြစ်ကာ ခြေလှမ်းတွေလည်း နောက်ကို တစ်လှမ်းဆုတ်သွားသည်။ သူမရှေ့မှောက်မှာ ကိုကိုလွင်လို ယောက်ျားရှင့်မကြီးကို ကိုင်ပေါက်ထိုးကြိတ်ခဲ့တာ သူမ သိမြင်ထားသည်ပဲ။

မိုးနတ်သာကီဆိုတာ ရုပ်ကလေးချောနသလောက် ဂျူဒို ကရာတေး၊ ကိုယ်ခံပညာရပ်တွေလည်း တတ်မြောက်ထားသူဆိုတာ ဆုလာဘ် ကောင်းကောင်း သိသည်။

မိုးနတ် စိတ်ဆိုးနေတာမြင်တော့ ဆုလာဘ် ရှောင်ထွက်သွား





သော၏။ မိုးနတ် စိတ်ထဲမှာတော့ နာကျင်ခံပြင်းစိတ်တွေ တလိပ်လိပ်ဖြစ်တည်နေသည်။

ဆုလာဘ် နိုင်ကွက်တစ်ခုရအောင် ပြုခဲ့သော အစီက တရားခံသည် ပြည့်တမာန်ဆိုသော ကောင်ပဲဖြစ်သည်။

အာရုံထဲကို ချက်ချင်းဝင်လာသည်က ထိုယောက်ျားရဲ့ မျက်နှာပဲ ဖြစ်သည်။ မျက်ခုံးစိမ်းမွှန့်ဖန့်တွေနှင့် နာတံကျစ်ကျစ်၊ နှုတ်ခမ်းပိပိရိရိတွေက ရှင်းသန့်ချောမောသော ရုပ်သွင်ဆိုတာ မိုးနတ် မငြင်းနိုင်ပါ။

ကျစ်လျစ်သေသေ ခန္ဓာကိုယ်နှင့် မိုးနတ်ထက် ခေါင်းတစ်လုံးစာမက ပိုမိုမြင့်မားသော အရပ်အမောင်းကလည်း ယောက်ျားပီသသည်။

သင်းကို စတင်မြင်တွေ့လိုက်ချိန်က ချောလိုက်တာဟုတောင် မိုးနတ်စိတ်ထဲက မှတ်ချက်ပြုခဲ့မိသေးသည်။

ဒါပေမဲ့ မိုးနတ်ကို ပြဿနာရှာလာကတည်းက ထမင်းဘူးတွေ ပြောကာ အနိုင်ယူဖို့ ကြိုးစားမို့၏။

နောက်ဆုံးတော့ ပြဿနာမီးစလေးက မထင်မှတ်တဲ့ ကြီးမားကာ မိုးနတ် အချုပ်ထဲမှာ နေလိုက်ရသည်အထိ ဖြစ်သွားခဲ့၏။

"တောက်"

တွေးမိတိုင်း ဒေါသဖြစ်ရတာ အဆစ်ဆွေးပါပဲ။

"မမလေး"

ကားစင်္ကြံမှာ ရှောင့်နိုင်းထားခဲ့သော မောင်နိုင်၊ Center ထဲ



www.burmeseclassic.com

www.burmeseclassic.com



အထိ လိုက်လာတာမို့ သူမ မကျေမနပ် လှည့်ကြည့်ရင်း

"ငါ့နင့်ကို ဘယ်မှာ စောင့်ခိုင်းထားတာလဲ"

"ဟုတ်ပါတယ် ဒါပေမဲ့ မမလေးကို အရေးကြီးသတင်း ပေးစရာ ရှိလို့ပါ"

လတ်တလောမှာ ဦးလျှန်နှင့် ဘိုးဘိုးက မိုးနတ်ကို စောင့်ရှောက်ဖို့အတွက် လစ်လပ်နေသော ကိုယ်ရံတော်ရှာနေသည်မို့ မောင်နိုင်ကိုပဲ တာဝန်ပေးထားသည်။

မိုးနတ် ဘယ်သွားသွား ဘယ်လာလာ အနားက အရိပ်လို စောင့်ရှောက်ပေးခိုင်းထားသည်။ ဒါပေမဲ့ မောင်နိုင်ဆိုတာ မိုးနတ်အတွက် စေလိုရာ စေနိုင်သော အရုပ်တစ်ရုပ်မို့

"ပြောစမ်း ဘာသတင်းလဲ"

"ဟို မမလေး မိုးနတ်ရှာခိုင်းထားတဲ့လူ သတင်းရပါပြီ၊ အခုပဲ ကျွန်တော့်ဘော်ဒါတွေ သတင်းလာပို့လို့ပါ"

မောင်နိုင် စကားကြောင့် သူမ ဝမ်းသာအားရဖြစ်ကာ

"တကယ်လား မြန်မြန်ပြောစမ်း"

"ဟုတ်ကဲ့ သူနေတာက မင်္ဂလာဒုံဘက်မှာပါ၊ မိဘတွေ မရှိကြတော့ဘူး၊ သူ့မှာ ညီမတစ်ယောက်နဲ့ မောင်နှမနှစ်ယောက်ပဲ ရှိပါတယ်၊ သူတို့က ခြံကြီးတစ်ခြံကိုငှားပြီး ပန်းစိုက်တယ်၊ ဟိုတယ်တွေ၊ ဆိုင်တွေကို အလှပန်းခြင်း ပန်းစည်းတွေ ဖောက်သည်ပို့ကြတာပါ"

"ဟုတ်ပြီ အဲဒါ သူတို့ ရပ်တည်မှု လုပ်ငန်းလား"





"ပြည်တမာန်က တက္ကစီလည်း မောင်းပါတယ်"

"အိုကေ ရှင်းပစ်လိုက်"

"ဗျာ"

မောင်နိုင် နားမလည်သလို အလန့်တကြား ရေရွတ်သည်။

"ငါပြောတာ မရှင်းဘူးလား၊ သူတို့ငှားနေတဲ့ ခြံကို ရှင်းခိုင်းတာ၊ ပိုင်ရှင်ကိုရှာ ဘယ်လောက်ဈေးဖြစ်ဖြစ် ဝယ်ပစ်လိုက်၊ ပြီးတော့ သူတို့ကို မောင်းထုတ်လိုက်"

"ဟုတ်ကဲ့ သဘောပေါက်ပါပြီ"

မောင်နိုင် ရှေ့မှာပဲ လက်ကလေးနောက်ပစ် ရပ်နေတာမို့ မိုးနတ် စိတ်မရှည်နိုင်သလို ကြည့်ရင်း

"ဘာကိစ္စရှိလို့ နင်က မသွားသေးတာလဲ"

"ဟို အဲဒီ ပြည်တမာန် အခု Junction ရှေ့မှာ တက္ကစီတစ်စီးနဲ့ ရှိနေတယ်ဆိုတာ ပြောမလို့ပါ"

"ဟုတ်လား အခု သူ့တက္ကစီကို ချက်ချင်းရအောင်ငှား၊ ငါ အိမ်ကို အဲဒီကောင်တက္ကစီနဲ့ပဲ ပြန်မယ်၊ ငါ ငှားမှန်း မသိစေနဲ့နော်"

"စိတ်ချပါ မမလေး"

မောင်နိုင် ခပ်သုတ်သုတ်လေး ပြန်ထွက်သွားသည်။ မိုးနတ် အရောင်းဆိုင်ထဲက ပစ္စည်းတွေကို အာရုံမဝင်စားနိုင်တော့ပါ။ ချက်ချင်းပဲ အောက်ဆုံးထပ်ကို ခပ်သုတ်သုတ်လေး ဆင်းခဲ့လိုက်သည်။

ကြာကြာမစောင့်လိုက်ရပါ။ မောင်နိုင် အနားကိုရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



သံတင်းပို့လာသည်။

"ငှားပြီးပါပြီ မမလေး"

"အေး နင် သူမမြင်အောင် ကွယ်ရပ်နေပေးစမ်း။ ငါလျှောက်လာခဲ့လိုက်မယ်"

မောင်နိုင်က တက္ကစီကားနား ပြန်ထွက်သွားကာ ဒရိုင်ဘာဖြစ်သူနှင့် စကားတွေ ငုံ့ပြောနေတာမို့ မိုးနတ်ကို မြင်ဖို့မလွယ်တော့ပါ။

မိုးနတ် ဝယ်လာခဲ့သော ပန်းနုရောင် ဦးထုပ်ဝိုင်းကြီးကို ဆောင်းလိုက်သည်။ ပြီးတော့ အပြာရောင် မျက်မှန်ကိုထုတ်ကာ တပ်လိုက်၏။ ဒီလို အသွင်နှင့်ဆို သင်း မိုးနတ်သာကီကို ချက်ချင်းမှတ်မိဖို့တော့ အတော့်ကို ခဲယဉ်းသွားလိမ့်မည်။

သူမ ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်တော့ မောင်နိုင်က အလိုက်တသိ နောက်ဆုတ်သွားရင်း

"သွားတော့ မမလေး ကျွန်တော် အိမ်ပြန်နှင့်လိုက်မယ်"

"အေး ကဲ မောင်းတော့"

သူ တက္ကစီကားလေးကို ညင်သာစွာ မောင်းထွက်သည်။ မိုးနတ်ကို သူ မှတ်မိပုံမရတာမို့ စိတ်ထဲက ကျေနပ်စွာ ပြုံးလိုက်မိ၏။ အခွင့်အရေးကောင်း တစ်ခုကို မိုးနတ်ရခဲ့ပြီ။

"ရှင်က တက္ကစီမောင်းတဲ့အပြင် ပန်းခြင်းတွေလည်း ဖောက်သည်ပို့တာပေါ့နော်"

"ခင်ဗျား ကျွန်တော်ကို သိနေတယ်လား"





သူ တအံ့တဩ ရေရွတ်ရင်း မိုးနတ်ကို နောက်ကြည့်မှန်လေးထဲက ကြည့်သည်။ မိုးနတ် သူ့မျက်ဝန်းတွေကို ပြန်စူးစိုက်ကြည့်ရင်း

"မမှတ်မိဘူးလား စိတ်ပျက်စရာပဲ"

မိုးနတ်ပြောရင်း ခေါင်းက ဦးထုပ်ဝိုင်းကြီးကို ချွတ်သည်။ မျက်မှန်ကိုလည်း ချွတ်ပစ်လိုက်တော့မှ

"ဩော် မင်းကိုး"

"ဟုတ်တယ် ကျွန်မ မိုးနတ်သာကီ ပဲ၊ ရှင့်ကျေးဇူးကြောင့် အချုပ်ခန်းထဲမှာ တစ်ရက်နဲ့တစ်မနက် စံမြန်းလိုက်ရတယ်၊ အခုလို ဆင်မှတ်ဘဲ ပြန်ဆုံတော့ ရှင့်ကို ကျေးဇူးဆပ်ချင်လို့"

မိုးနတ် ပြောရင်း ဆံပင်တွေကို လက်နှစ်ဖက်နှင့် ထိုးဖွပစ်လိုက်သည်။ ဝတ်ဆင်ထားသော ဂါဝန်ကြိုးလေးကို ဖြည်ချပစ်လိုက်သည်။ နှုတ်ခမ်းလေးက နှုတ်ခမ်းနီတွေကို လက်နှင့်ပွတ်သုတ်ပြီး မျက်နှာတွေမှာ ပေကျံအောင် လုပ်ပစ်လိုက်၏။

"ဟေ့ ဟေ့ မင်း ဘာ လုပ်မလို့လဲ မလုပ်နဲ့နော်"

သူ အထိတ်တလန့်နှင့် တားမြစ်သည်ကို မိုးနတ် ခပ်အက်အက်လေး ရယ်ပစ်လိုက်ရင်း

"အဟင်း ဟင်း ဘယ်လိုလဲ ရှင်ကြုံတွေ့ပြီး ပျော်နေလောက်ပြီပေါ့နော် ကဲ"

မိုးနတ် ကျယ်လောင်စူးရှသေ အသံနှင့် ဟစ်အော်ပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား ကယ်ကြပါဦး ကယ်ကြပါရှင်"

"ဟာ ဒီမိန်းမတော့ ရူးနေပြီ"

သူက မိုးနတ်ရဲ့ လှည့်ကွက်ကို ပျစ်ပျစ်နှစ်နှစ် ဝေဖန်သည်။ မိုးနတ် ကားပြတင်းတံခါးမှ ခေါင်းလေးထွက်ကာ ကျယ်လောင်စူးရှသော အသံနှင့် ဟစ်အော်ပစ်လိုက်သည်။

"ကယ်ကြပါဦး ကျွန်မကို ကယ်ကြပါဦး"

သူမ အော်သံကြောင့် ဘေးပတ်ဝန်းကျင်ကကားတွေ လှည့်ကြည့်ကြ၏။ သူကတော့ သွေးပျက်နေသော မျက်နှာနှင့်

"ဟေ့မအော်နဲ့လေ ဘာဖြစ်လို့ အော်နေတာလဲ"

"ကျွန်မကို အမြန်ကယ်ကြပါ၊ ပြန်ပေးဆွဲခံရလို့ပါ၊ ကယ်ကြပါ"

ပြတင်းတံခါးက ခေါင်းလေးထွက်ကာ မိုးနတ် မနားစတမ်း အော်သည်။ မိုးနတ် အော်သံကြောင့် ယာဉ်ထိန်းရဲတွေ ပျာယာခတ်ကုန်သည်။

သူလည်း အထိတ်တလန့် ကားကို ဘရိတ်နင်းထိုးရပ်တော့ မိုးနတ် ဝုန်းခနဲ ကားတံခါးဖွင့်ဆင်းသည်။ အော်သံတွေကတော့ ရပ်မသွားခဲ့။

"ကျွန်မကို ပြန်ပေးဆွဲတာပါ၊ ကယ်ကြပါ၊ သူ့ကိုရဲစခန်းပို့ကြပါ"

"မဟုတ်ဘူး လုံးဝမဟုတ်ဘူး"

"သူ့ကို ရဲစခန်းပို့ပေးကြပါ၊ ကျွန်မ ကျွန်မ အရမ်းကြောက်လိုက်





ကယ်ကြပါ"

သူ ငြင်းဆိုသံတွေက မိုးနတ်ရဲ့ အထိတ်တလန့် တောင်းဆိုသော အသံတွေကို မဖုံးလွှမ်းနိုင်ခဲ့ပါချေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဘယ်နှစ်ခါ ပြောရမလဲဗျာ ကျွန်တော် ပြန်ပေးဆွဲတာ လုံး မဟုတ်ပါဘူးဆို၊ ဒီမိန်းမက ပြန်ပေးဆွဲချင်ယောင်ဆောင်ပြီး ကျွန်တော် ကို စွပ်စွဲနေတာ အကွက်ဆင်ပြီး လုပ်သွားတာ"

သူ ရဲစခန်းမှာ ဖြေရှင်းပြသမျှကို စခန်းမှူးကြီးကော ရဲတပ်သား တွေပါ မယုံသလို မျက်ဝန်းတွေနှင့် ကြည့်နေကြသည်။

"မင်း ပြောတာ လုံးဝအဓိပ္ပါယ်မရှိဘူး၊ သူလို သူဌေးသမီးက ဘာလို့ ဒီလိုလုပ်ရမှာလဲ"

"ဟုတ်တယ် မိန်းကလေးက မင်းကို ပြန်ပေးဆွဲရမယ်လို့"

"အား ရှုးချင်ပြီပဲ၊ သူ ကျွန်တော့်ကြောင့် အချုပ်ခန်းထဲမှာ တစ်ရက်ကျော် နေခဲ့ရတယ်၊ ဒါကို သူပြန်လက်စားချေတာ"

"အေးလေ သူစိတ်ဆိုးမှာပေါ့၊ အဲဒီတုန်းက သူရှေ့နေက မင်းကို





စ်ဆယ်အထိတောင် လျှော့ကြေးပေးခဲ့တယ်၊ မင်းက လောဘတက် ဆပ်လိုချင်တယ်၊ နောက်ဆုံးတော့ တစ်ကျပ်မှမရဘဲ ပြီးသွားတယ်၊ ကိစ္စကြောင့် မင်းပြန်ပေးဆွဲတာ မဟုတ်ဘူးလား"

သူ ဇော်တော့်ကို ဒေါသထွက်လာသည်။ မိုးနတ်သာဂီ က သူဌေးသမီးဖြစ်တာနဲ့ သူက ပြန်ပေးဆွဲရမည်လား။ ဒါ အကွက်ဆင်မှု တာ သိသာထင်ရှားသည်။

"ဟုတ်တယ် မဟုတ်လား ပြည်တမာန် အဲဒီကိစ္စတွေကြောင့် သူ့ကို ပြန်ပေးဆွဲဖို့ မိုက်မိုက်မဲမဲ ကြံစားတယ်"

"ဟာဗျာ မဟုတ်ဘူး ခင်ဗျားတို့ပြောနေတာ ပြောင်းပြန်တွေ နေပြီ"

သူ ငြင်းဆန်နေတုန်းမှာပဲ ရဲစခန်းထဲကို ညီမလေး ရေစင်အေး လာသည်။ ညီမလေးမျက်နှာမှာ စိုးရိမ်သောကတွေနှင့် မျက်ဝန်းတွေ မှာ မျက်ရည်တွေဝိုင်းလို့နေ၏။

"ကိုကို ညီမလေး ကြားပြီးပြီ၊ အဲဒီ မိန်းမကို ဘာလို့ပြန်ပေး ရတာလဲ ကိုကိုရယ်"

သူ မျက်လုံးပြူး ထိတ်လန့်သွားမိသည်။ ညီမလေးကိုယ်တိုင် တောင် သူ့ကို အထင်လွဲ အမြင်မှားနေတာ မဖြစ်သင့်။

"မဟုတ်ဘူး ညီမလေး"

"ကိုကိုရယ် အကြွေးတွေ ဘယ်လောက်တင်တင် ဒီလိုနည်းကြီး ကိုကို မဖြေရှင်းသင့်ဘူး အဟင့် ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



သူ ဖြေရှင်းစကားကို နားမထောင်ဘဲ ညီမလေး ပြောချင်တာ ပြောကာ ငိုတော့သည်။ ညီမလေး စကားတွေကြောင့်လည်း ရဲအရာရှိက သူ့ကို ပိုလို့ သံသယတွေ ကြီးထွားကုန်ပြီ။

"ညီမလေး မငိုနဲ့ ဘာမှမပြောနဲ့ ကိုကို ဒီလိုဘယ်တော့မှ မလုပ်ဘူး"

"မင်း ထပ်ငြင်းဆန်နေလည်း ငါတို့က အမှုမှန်ပေါ်အောင် စစ်ဆေးရမှာပေါ့။ မင်းကွာ ရုပ်လေးသနားကမားနဲ့ ဒီလိုအမှုကြီး ကျူးလွန်ရသလား"

"ကျွန်တော်"

"ကိုင်း နောက်မှထပ်မေးမယ်၊ သူ့ကိုချုပ်ထားလိုက်တော့"

"ဟာ ကျွန်တော် တရားခံမဟုတ်ဘူးဗျ"

"ကိုကို့ကို မဖမ်းကြပါနဲ့ရှင် ကျွန်မတောင်းပန်ပါတယ်၊ အဟင့်ဟင့်"

သူ့ကို အချုပ်ထဲထည့်ဖို့ အနားရောက်လာသော ရဲတပ်သား နှစ်ဦးကိုဆွဲပြီး ညီမလေး တောင်းပန်ငိုယိုနေသည်။

ထိုအချိန်မှာပဲ စခန်းမှူးကြီး စားပွဲပေါ်က ဖုန်းသံလေးက ထမြည်လာသည်။ စခန်းမှူးကြီး ကသောကမျောလေး သွားကိုင်နား ထောင်၏။

"ဗျာ ဟုတ်ကဲ့ အခုပဲ သူ့ကိုချုပ်ထားတော့မှာပါ ခင်ဗျ"

"..."





"ဗျာ ဟုတ်ကဲ့"

"..."

"ဟုတ်ကဲ့ ခင်ဗျ ဒါဆိုရင် အဆင်ပြေပါတယ် ခင်ဗျ၊ ကျွန်တော် စီစဉ်ဆောင်ရွက် ပေးရမှာပေါ့ခင်ဗျ"

စခန်းမှူးကြီးက ဖုန်းကိုချလိုက်ရင်း သူ့ကိုလှမ်းကြည့်ကာ ယောသံမာမာနှင့် ပြောသည်။

"မင်း ကံကောင်းတယ်မှတ်၊ အဲဒီမိန်းကလေးရဲ့ အဘိုးက အမှုကို ကြေအေးပေးမယ်တဲ့၊ ကိုင်း သူ့ကို လက်ထိပ်ဖြုတ်ပေးလိုက်"

ရဲတပ်သားတွေက သူ့ကို လက်ထိပ်ဖြုတ်ပေးသည်။ ညီမလေး မျက်နှာက ဝမ်းသာရိပ်တို့ အရိပ်ထင်နေတာ အထင်အရှား။ သူ့စိတ်ထဲက တော့ အလိုမကျနိုင်စွာ ခံစားနေရဆဲ။

"ခင်ဗျားတို့ ဘာလို့ ကျွန်တော်ပြောတာကို မယုံကြတာလဲ၊ အဲဒီ ကောင်မလေး တမင်ချောက်တွန်းတာဗျ။ ဒါကိုသိလို့ သူ့အဘိုးက အမှုကို ကြေအေးပေးတာပေါ့"

"ဟေ့ကောင် တော်တော့ ဒီမှာလက်မှတ်ထိုးပြီး မင်းပြန်တော့"

သူ ဖြေရှင်းတာကိုတောင် လက်မခံနိုင်ကြ။ ညီမလေးက သူ့ လက်မောင်းကို တင်းတင်းဆုပ်ကိုင်ရင်း

"ပြန်ကြပါစို့ ကိုကိုရယ် နော် နော်"

အခုချိန်မှာ သူဘာမှ မပြောလိုတော့ပါ။ အိမ်ရောက်လျှင်တော့ အဖြစ်အပျက် အားလုံးကို ညီမလေးနားလည်အောင် ပြောပြရမည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်သာကီ ဆိုသော ကောင်းမလေးရဲ့ လုပ်ရပ်ကိုတော့ သူ့ အံတကြိတ်ကြိတ် ခံရခက်နေဆဲ။

လူ့ယသလောက် မာယာများတဲ့ ကောင်မလေး။ ကံကောင်းလို့ သူ့ သံတိုင်တွေနောက် မရောက်ခဲ့တာ။

■ ■ ■



## အခန်း (၇)

မိုးနတ် မနက်စာ စားပြီးချိန်တွင် ဘိုးဘိုး၏ လူယုံတော်ကြီး ဦးလှုန် အခန်းအပြင်က စောင့်ကြိုနေရင်း ပြောလာ၏။

"စာကြည့်ခန်းထဲမှာ ဆရာကြီးက မိုးနတ်လေးကို တွေ့ချင်လို့ တဲ့ စောင့်နေပါတယ်"

သူ့မ ခေါင်းလေးတစ်ချက်ညိတ်ပြကာ ဘိုးဘိုးရဲ့ စာကြည့်ခန်း ဘက် ထွက်ခဲ့လိုက်သည်။ မနက်ရေမိုးချိုးပြီး ခါးရှည်ပွပွ ချည်သား အင်္ကျီလေးနှင့် သင်းကွာတား ရေညှိရောင်ဘောင်းဘီတို့ ဒူးဖုံးလေးကိုပဲ မိုးနတ် ဝတ်ဆင်ထားသည်။

ဘိုးဘိုး အခန်းထဲရောက်တော့ မိုးနတ် အပြုံးမျက်နှာလေးနှင့် ဘိုးဘိုးရှေ့က ဆိုဖာထိုင်ခုံကြီးမှာ ဝင်ထိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုး ခေါ်တယ်ဆိုလို့"

ဘိုးဘိုး မျက်ဝန်းတွေက ရွှေကိုင်းမျက်မှန်ထဲမှ မိုးနတ်ကို ရှုးရှုးလေး စိုက်ကြည့်နေခဲ့ပြီးမှ

"မနေ့က ရဲစခန်းမှာ အမှုဖြစ်တယ်လို့ ကြားတယ်၊ အဲဒါဘာဖြစ်တာလဲ"

ဘိုးဘိုး သိမည်ဆိုတာ မိုးနတ်တွေးပြီးသားပဲ ဖြစ်သည်။ မိုးနတ်အနားမှာ အစဉ်မရှိပေမယ့် ဘိုးဘိုးမှာ မြင်နိုင် ကြားနိုင်သော မျက်စိတွေ နားတွေ အများကြီးရှိ၏။

"ဟင့်အင်း ဘာမှမဟုတ်ပါဘူး ဘိုးဘိုးရဲ့"

မိုးနတ် မျက်နှာချိုသွေးရင်း ပြောတာကို ဘိုးဘိုး ခပ်တည်တည်နှင့်ပဲ ပြန်ကြည့်နေခဲ့ကာ

"ဟိုတစ်ခါ ယာဉ်တိုက်မှုကြောင့် ပြဿနာဖြစ်တာ မကြာသေးဘူး နောက်ထပ် အချုပ်တွေ တရားရုံးတွေနဲ့ ဘိုးဘိုး ရင်မဆိုင်ချင်ဘူး မြေးချစ်"

"ရင်မဆိုင်ရပါဘူး ဘိုးဘိုးရဲ့ မိုးနတ်ကိစ္စ မိုးနတ်နိုင်ပါတယ်"

"တော်တော့ မြေး အဲဒီကိစ္စ ဘာဆိုတာ ဘိုးဘိုးသိတယ်၊ အဲဒီကောင်လေးကိုလည်း ဘိုးဘိုး အမှုပိတ်လွှတ်လိုက်ပြီ"

"ဟင်"

မိုးနတ် အံ့သြသွားသည်။ ဘိုးဘိုးက သူ့ကို လွှတ်ခိုင်းလိုက်သည်တဲ့လား။





"ဟုတ်တယ် တစ်ဖက်သား ဒုက္ခရောက်အောင် မလုပ်ရဘူး မြေး၊ မြေးတို့ကိစ္စ သိသိချင်း ဘိုးဘိုး ဖုန်းဆက်အမှု ပိတ်လိုက်တာ၊ ဒီကိစ္စကို မြေးဘက်က ဘာမှပြန်မစနဲ့တော့၊ ဘိုးဘိုး ဒါပဲပြောချင်တယ်"

မိုးနတ် နှုတ်ခမ်းလေးတွေ မကျေမနပ် ဆူသွားရသည်။ မိုးနတ်အစီအစဉ်က သင်းကို တစ်ပတ်လောက် ပညာပေးထားဖို့ ဖြစ်၏။ အခုတော့ ဘိုးဘိုးကြောင့် သူ ကံကောင်းသွားသည်။

"ဆုလာဘ်က ကုမ္ပဏီမှာ အလုပ်လုပ်နေတာ ငြိမ်လို့ မြေးချစ်က ဘာလို့ဒီလို လျှောက်လေနေတာလဲ"

"ဘိုးဘိုး ဆုလာဘ်နဲ့ မိုးနတ်ကို ဘာလို့ယှဉ်ပြနေတာလဲ မိုးနတ်ဘာမှမလုပ်ချင်လို့ နေနေတာပါ"

"ဘိုးဘိုး သိတယ်၊ မြေးချစ်တတ်ထားတဲ့ ပညာ အရည်အချင်း အတွေးအခေါ်ကအစ ဆုလာဘ်ထက် အများကြီးသာတယ်၊ ဒါပေမဲ့ အလုပ်ကို စိတ်မပါသေးလို့ မလုပ်ဘူးဆိုလည်း ဘိုး ခွင့်ပြုတယ်၊ ဘိုးက မြေးချစ်တစ်ယောက်ကိုပဲ ချစ်တာပါ၊ ဒီတော့ တည်ငြိမ်သွားအောင် အိမ်ထောင်ပြုစေချင်တယ်"

ဘိုးဘိုး စကားကို မိုးနတ် ပခုံးလေးကျုံ့ မျက်နှာလေးမဲ့ကာ ခေါင်းလေးခါပစ်မိ၏။

"မိုးနတ် အိမ်ထောင်မပြုချင်ဘူး၊ အလုပ်လည်း မလုပ်ချင်ဘူး၊ ဒါကို ဘိုး နားလည်ပေးပါ၊ အခုချိန်မှာ မိုးနတ် လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးပဲ နေချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုး တည်ငြိမ်သော မျက်ဝန်းတွေနှင့် မိုးနတ်မျက်နှာကို အတန်ကြာ အကဲခတ်ကြည့်နေခဲ့ပြီးမှ

"မဟုတ်မှလွဲရော မြေးချစ် လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က လူကို မမေ့နိုင်သေးလို့လား"

ဘိုးဘိုးစကားကြောင့် မိုးနတ်ရင်ထဲမှာ နင့်ခနဲတော့ ခံစားလိုက်ရ၏။ သို့ပေမယ့် မိုးနတ် ခံစားချက်ကို ဘိုးဘိုး မမြင်အောင် သိုဝှက်ရင်း

"ဘိုးဘိုးရယ် သမီးက လောကထဲမှာ မရှိတော့တဲ့ လူတစ်ယောက်ကို လွမ်းဆွတ်တမ်းတနေမယ် ထင်လို့လား။ မိုးနတ် နှလုံးသားက ဒီလောက်မပျော့ပျောင်းပါဘူး။ မဖြစ်နိုင်တာကို မိုးနတ် မတောင့်တဘူး။ ဒီအကြောင်းတွေကို မိုးနတ် မေ့ထားတယ်၊ ဘိုးလည်း နောက်ထပ် မပြောပါနဲ့တော့နော်"

"ဆောရီးမြေး ဘိုး တောင်းပန်တယ်၊ ဘိုးက မြေးချစ် ပျော်ပျော်နေတာပဲ မြင်ချင်တာပါ၊ ပြီးတော့ မြေးကို တည်ငြိမ်စေချင်တယ်၊ မြေးက ဘိုးရဲ့ပိုင်ဆိုင်မှုတွေကို ဆက်ခံရမယ့် တစ်ဦးတည်းသော သူလေ"

"သမီး နားလည်ပါတယ် ဘိုးရယ်၊ အခုချိန်မှာ သမီးစိတ်တွေ ဘာတို့မှ စိတ်မဝင်စားလို့ပါ၊ ကဲ သမီး ဒီနေ့ ရွှေတိဂုံဘုရားဖူးသွားမလို့"

"မောင်နိုင်ကို ခေါ်သွားနော် မြေးချစ်"

မိုးနတ် ခေါင်းလေးညိတ်ပြကာ ဘိုးဘိုးရှေ့က ထွက်ခဲ့သည်။ ဘိုးဘိုးရဲ့ ချစ်ခြင်းတရားက မိုးနတ်အပေါ်မှာ ကြီးမားလွန်းတာ သိပါသည်။ ဒါပေမဲ့ မိုးနတ် ရင်ထဲမှာ အကင်းမသေသော ဒဏ်ရာကြီး





တည်ရှိနေ၏။

အခန်းထဲရောက်တော့ အံဆွဲထဲက ဓာတ်ပုံလေးကို ထုတ်ကြည့်မိသည်။

မျက်ဝန်းလေးတွေ ဝိတ်မတတ် ပြုံးပြနေသော စောဌှန်နောင်ရဲ့ ပုံရိပ်လေးကိုမြင်တော့ အတိတ်သည် မေ့မရအောင် ရှိဆဲ။

အင်္ဂလန်မှာ ပညာသင်စဉ်ကတည်းက ဆုံတွေ့ကာ စောဌှန်နောင်နှင့် ရင်းနှီးခင်မင်ခဲ့သည်။ စောဌှန်နောင်က မြန်မာလူမျိုးတစ်ယောက်မို့လည်း မိုးနတ် ခင်မင်ခဲ့တာ ဖြစ်၏။

မိုးနတ် ခင်မင်မှုက ဖြူစင်ပေမယ့် စောဌှန်နောင်က မိုးနတ်ကို သက်ထပ်ဖို့ တောင်းဆိုသည်။

မိုးနတ် အင်းမလုပ် အဲမလုပ်နှင့် မိတ်ဆွေလိုလိုသာ နေခဲ့သည်။ အင်္ဂလန်မှာ ပညာရေးပြီးဆုံးတော့ မိုးနတ် စင်ကာပူက ဘိုးဘိုးရဲ့ကုမ္ပဏီမှာ အလုပ်ဝင် ပညာယူရင်း မြန်မာပြည် မပြန်ဖြစ်ခဲ့ပါ။

စောဌှန်နောင်ကလည်း မိုးနတ်ရှိသော စင်ကာပူမှာပဲ အလုပ်ရှာကာ မြန်မာပြည် မပြန်ခဲ့။

မိုးနတ်အနားမှာ အမြဲရှိနေချင်သည်ဆိုသော စောဌှန်နောင်ရဲ့ သံယောဇဉ်ကို မိုးနတ် စာနာသနားမိသည်။

အချစ်ဆိုတာကို မိုးနတ် နှလုံးသားက ခံစားရှာဖွေ မတွေ့နိုင်သေးပေမယ့် စောဌှန်နောင်ရဲ့ ကြီးမားသော သံယောဇဉ်ကို အသိအမှတ်ပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မမြင်နိုင်သော ကံကြမ္မာက မိုးနတ်နှင့် စောဠှန်နောင်ကို ရက်စက် အကျည်းတန်စွာ ခွဲသွားရက်မည်ဟု မထင်ခဲ့မိပါ။

အလုပ်ပိတ်ရက်တစ်ရက်မှာ မိုးနတ်နှင့် စောဠှန်နောင်တို့ အတူ လည်ပတ်ရင်း ကားအက်ဆီးဒင့် ဖြစ်ခဲ့သည်။

စောဠှန်နောင် ဆေးရုံရောက်ပြီး မကြာမီမှာ သေသွားပေမယ့် မိုးနတ်ကတော့ ဒဏ်ရာကြီးမားစွာမရဘဲ ရှင်သန်ခဲ့၏။

"ငါ နင့်ကို သိပ်ချစ်တယ် မိုးနတ်ရယ်"

နောက်ဆုံးအချိန်မှာ စောဠှန်နောင် ပြောခဲ့သော စကားလေးက မိုးနတ်ရင်ကို ထိရှစေခဲ့သည်။ မိုးနတ်ကို နောင်တွယ်စိတ်နှင့် မိသားစုနှင့် မိဘတွေရှိရာ မြန်မာပြည်ကိုမပြန်ဘဲ စောဠှန်နောင် လောကကြီးထဲက ထွက်သွားခဲ့ရရှာသည်။

ထိုအဖြစ်ကြီးက မိုးနတ်ရင်ထဲမှာ ဝေဒနာ ခံစားချက်ကြီး အဖြစ် ကြီးမားစွာဖြစ်ခဲ့သည်။

မြန်မာပြည်ကို ပြန်ရောက်သည်အထိ ဒဏ်ရာကြီးက အမြစ် တွယ်ပါလာဆဲ။ ဒါကို သိထားသော ဘိုးဘိုးက မိုးနတ်ကို စိတ်ပူသည်။ ကြေကွဲခံစားနေရသည်ဟု ထင်နေသည်။

မိုးနတ် ခံစားရတာ အမှန်ဖြစ်၏။ စောဠှန်နောင် အကြားချင် ဆုံးသော အဖြေကို မိုးနတ်နှုတ်က မပေးခဲ့မိတာ နောင်တရမဆုံးပါ။

ဘာပဲဖြစ်ဖြစ် နှစ်ဦးကြားမှာ ခိုင်မာခဲ့သော သံယောဇဉ်နှင့် စောဠှန်နောင်ရဲ့ ခိုင်မာလေးနက်သော ချစ်ခြင်းအတွက် မိုးနတ် ဖြေခဲ့





သည်ဟု ထင်ပါသည်။

နှလုံးသားကထပ်တူ ချစ်လို့မရသည်ပဲထားဦး စောဠှန်နောင် သည် မိုးနတ်ဘဝမှာ သံယောဇဉ် အရှိဆုံးပါပဲ။

အခုတော့ ဒီခံစားချက်တွေက ဘိုးဘိုးကြောင့် ပြန်ထိရှခံစား ရသည်။ မိုးနတ် မောန်းသွားသောစိတ်ကို ပင့်သက်တွေနဲ့ မှုတ်ထုတ်ပစ် ခြင်း အဝတ်အစားလဲဖို့ ပြင်ဆင်လိုက်၏။

အခုချိန်မှာ မိုးနတ်စိတ်တွေ အေးချမ်းသွားအောင် ဘုရားအရိပ် မှာ ခိုလှုံချင်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"တော်တော်ဆိုးတဲ့မိန်းမပဲ၊ ညီမလေး လုံးဝမကျေနပ်ဘူး သူ့ကို
ပညာပြန်ပေးရမယ်"

မကျေမနပ် ကြိမ်းဝါးလိုက်သော ညီမလေး ရေစင်အေး စကား
ကြောင့် သူ စားလက်စ ထမင်းလုပ်တောင် နင်သွားရ၏။

ရေစင်အေး ဆိုသော ညီမလေးက သူနှင့်ပတ်သက်လျှင် ဆတ်
ဆတ်ထိမခံနိုင်အောင် ချစ်လွန်း၊ တွယ်တာလွန်းသူ၊ အခုလည်း မိုးနတ်
သာကီ သူ့ကို ဒုက္ခပေးခဲ့သည့်ကိစ္စကိုသိကာ ကြိမ်းဝါးနေခြင်း ဖြစ်သည်။

ထိပ်တိုက်သွားရင်ဆိုင်လျှင် ညီမလေးပဲ ရှုံးမှာသေချာ၏။
ကောင်မလေးက ညီမလေးထက် ဇတ်ဇတ်ကြဲသူ။

"သွားထိပ်တိုက် မဆုံစမ်းပါနဲ့ ညီမလေးရယ်၊ သူ့ကို ဘယ်သူ





...ထိလို့ မရဘူး၊ သူက မွေးလာကတည်းက မင်းသမီးတစ်ပါးလို
...လာရတာဆိုတော့ မာနထောင် ဆိုးသွမ်းနေတာ မဆန်းပါဘူး၊ မိုးနတ်
...ကီက ကြောက်စရာကောင်းတဲ့ မြွေပွေးတစ်ကောင်ပဲ"

သူ့စကားကို ညီမလေး ခေါင်းလေးညိတ် နားထောင်နေရင်း
"အခုတော့ ဘာမှ ထပ်မဖြစ်လောက်ပါဘူးနော် ကိုကို"

"ဘာကိုပြောတာလဲ ညီမလေး"

"ကိုကိုပြောတဲ့ မိုးနတ်သာကီက ကိုကို့အပေါ် ထပ်ပြီး ပြဿနာ
...မှာစိုးလို့ပါ"

ညီမလေး စိုးရိမ်သွားတာကို သူ နားလည်စွာ ခေါင်းကိုခါရမ်း
...လိုက်ပါသည်။

"ဟင့်အင်း မရှာလောက်တော့ပါဘူး၊ သူက ကိုကို့ကို ပြန်ပေး
...မားလို့ စွပ်စွဲပြီးပြီလေ၊ ကံကောင်းလို့ပေါ့"

"အင်း သူ ဒါမှ ထပ်လုပ်တယ်ဆို လူမဟုတ်တော့ဘူး၊ ဩော်
...နဲ့ ကိုကို့ကို မေးရဦးမယ်၊ အကြွေးဆပ်ဖို့ ပိုက်ဆံရှာလို့ရပြီလား"

ညီမလေး စကားကြောင့် ရင်မောသွားရပြန်သည်။ မိုးနတ်သာ
...ကီ မွေသော ပြဿနာကြောင့် တက္ကစီကားအုံနာကလည်း ကားကို
...န်သိမ်းသွားခဲ့သည်။ လတ်တလောမှာ အလုပ်တစ်ခု သူ ရှာရဦးမည်။
...နိုးပို့သည့်အလုပ်နှင့် ဝင်ငွေက ဘာမှဖြစ်လာမည်မဟုတ်။

"လောလောဆယ် အိမ်လခအတွက် အဆင်ပြေပါတယ်၊ အ
...ကြွေးအတွက်တော့ ရှာရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကြွေးရှင်တွေက စောင့်ပေးပါ့မလား"

"အဆင်ပြေအောင် တောင်းပန်ရမှာပေါ့ ညီမလေးရာ"

သူ့စကားကြောင့် ညီမလေး မျက်နှာလေး ညှိုးသွား၏။ သူလည်း စားလက်စ ထမင်းတောင် မဝင်ချင်တော့ပါ။

"ဟေး ပြည်တမန် ရေစင်အေး"

ခေါ်သံနှင့်အတူ ခြံထဲဝင်လာသူက သူတို့ငှားနေသော ခြံပိုင်ရှင် ဒေါ်တင်စု ဖြစ်နေသည်။ ညီမလေးက ကသောကမျောလေး ဆီးကြိုရင်း

"လာလေ အန်တီစု အပေါ်တက်ထိုင်၊ ဒီမှာ ကိုကို ထမင်းစားနေတယ်"

"အန်တီစု စားပါဦး"

"စား စား မောင်တမန်၊ ကိစ္စလေးရှိလို့ကွဲ့"

"ခြံလခကိစ္စမို့လား အန်တီစု၊ ကျွန်တော်လည်း ဒီညနေ လာပေးမလို့ခင်ဗျ၊ လက်ထဲမှာ ရှိနေပါပြီ"

"မဟုတ်ဘူး ထပ်ပေးစရာမလိုတော့ဘူး"

"ဗျာ ဘာဖြစ်လို့လဲ"

"ငါတို့ခြံကို နင့်ဦးလေးက ရောင်းလိုက်ပြီ၊ ပိုင်ရှင်အသစ် ဖြစ်သွားပြီ"

"ဟာ ဒါဆို ကျွန်တော်တို့ ပန်းခြံခင်းတွေက ဘယ်လိုလုပ်မလဲ၊ ပိုင်ရှင်အသစ်က ထပ်ငှားမှာလားဟင်"

"သူက ခြံအတွက် တောင်းတဲ့ဈေးပေးတော့ ငါတို့လည်း ရောင်း





...လိုက်ရတယ်လေ၊ ငွေတောင် ချက်ချင်းရှင်းသွားကြတာ၊ နင်တို့ကိုလည်း ...တို့ ဆက်ထားပုံမပေါ်ဘူး"

"ဟာ ဒါဆို ကျွန်တော်တို့ ဒုက္ခရောက်မှာပေါ့၊ ခြံပိုင်ရှင်အသစ် ...ဘယ်သူလဲ၊ ကျွန်တော် တောင်းပန် ဆွေးနွေးကြည့်ရမှာပေါ့"

အရေးထဲမှာ ပြဿနာကြီးက ထပ်ကြုံလာပြန်ပြီမို့ သူကော ...လေးမှာပါ ခေါင်းကြီးသွားကြ၏။

"အင်း နာမည်က ဘာပါလိမ့်၊ အဆန်းလေးပါ၊ သြော် မိုးနတ် ...ကီ တဲ့"

"ဗျာ မိုးနတ်သာကီ တောက် ဒီမိန်းမတော့"

သူ ဒေါသတကြီး တက်ခေါက်မိသည်။ ညီမလေးကလည်း ...ကို စိုးရိမ်သော မျက်ဝန်းတွေနှင့် ကြည့်နေသည်။

သူ အံကိုကြိတ် လက်သီးဆုပ်ထားမိဆဲ။ သူ ထင်ထားသည် ...တောင် ဒီကောင်မလေး အဆိပ်ပြင်းလွန်းသည်။

သူ့ကို ဒီလောက်အထိ အငြိုးတကြီး တိုက်ခိုက်နေတာတော့ ...ငြိမ်ခံနေလို့ မဖြစ်ပါ။

ထိပ်တိုက် ရင်ဆိုင်ဖို့ကလွဲလို့ ဘာမှမရှိတော့ပါ။

■ ■ ■

ခြံဝင်းတံခါးက လူခေါ်ဘဲလ်လေးကို သူ နှိပ်လိုက်တော့ ဗလ ...ာင်းကောင်းနှင့် လူကြီးတစ်ယောက် မာထန်ထန် မျက်နှာနှင့် ရောက် ...လာ၏



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"မိုးနတ်သာကီနဲ့ တွေ့ချင်လို့"

ခြံစောင့် ဗလပုဂ္ဂိုလ်ကြီး မျက်မှောင်ကုပ်ကာ သူ့ကို ခြေဆ… ခေါင်းဖျား အကဲခတ်ကြည့်သည်။

သူ့မျက်နှာ မာထန်နေကာ ဝတ်ဆင်ထားသော တစ်ပတ်နွမ်း… တီရှပ်နှင့် ဂျင်းဘောင်းဘီအပြာကြောင့် ထိုပုဂ္ဂိုလ်ကြီး နှာခေါင်းရှုံ့…

"သခင်မလေးနဲ့ မင်းနဲ့ တွေ့စရာ ဘာကိစ္စမှ မရှိဘူးထ… တယ်"

"ဘာဗျ သိပ်ကိုရှိတယ်၊ ကျုပ် ဒီမိန်းမနဲ့ စာရင်းရှင်းစရာ… တယ်"

"ဟာ ဟေ့ကောင် မင်း ဘယ်လိုပြောတာလဲ၊ ငါတို့ မမလေး… ကို ရိုင်းစိုင်းလိုက်တာ"

ဗလကြီးနောက်က ထပ်ရောက်လာသော ဘောင်းဘီနက်… နှစ်ယောက်က လူငယ်တွေဖြစ်၏။ စကားပြောပုံကတော့ အချိုးမပြေ…

"တံခါးဖွင့်စမ်းကွာ၊ ငါ သူနဲ့တွေ့ချင်တယ်"

တစ်ယောက်က မျက်ရိပ်ပြတော့ ဗလကြီး ခြံတံခါးသော့… ဖွင့်ပေးသည်။

သူ ခြံတံခါးက လှမ်းအဝင်မှာပဲ ဗလကြီး လက်တစ်ဖက်… သူ့အင်္ကျီရင်ဘတ်ကို ကိုင်ဆွဲကာ

"ကိုင်း ဘာကိစ္စလဲ၊ ငါတို့ကိုပြော"





"ဟာ ခင်ဗျား လွှတ်စမ်း"

သူ ရုန်းကန်တော့ ဗလကြီးရဲ့လက်သီးက သူ့မျက်နှာဆီ ရောက် …သည်။ သတိထား တိမ်းပေးလိုက်တာကြောင့် နှာခေါင်းရိုး မကျိုးခြင်း …သည်။

ဘယ်ဘက် ပါးရိုး နာကျင်ကာ လူက မြေပြင်ပေါ် ဖင်ထိုင်လျက် …သွားခဲ့သည်။

သုံးယောက်သား သူ့ကို ဝိုင်းလိုက်ကြသည်။ သူ့ကိုအရေခွံခွာ …အသင့်ရှိသည့် မျက်နှာတွေနှင့် ခက်ထန်နေ၏။

ဖြစ်သမျှ ရင်ဆိုင်ဖို့ ပြင်ဆင်ထားပြီးသော သူ အနီးဆုံးက …တစ်ယောက်မျက်နှာကို ခုန်ထိုးပစ်လိုက်သည်။

"ခွပ်"

"အား"

"ဟာ မင်းက မခေပါလား"

နှာနုရိုးကို ထိမိကာ သွေးတွေ ဖြန်းခနဲကျလာသောကောင် …က်နှာကို လက်နှင့်အုပ် ညည်းညူနေ၏။ ဗလကြီးနှင့်ကျန်တစ်ယောက် …သူ့ကိုတိုက်ခိုက်ဖို့ တိုက်ကွက်ပြင်လိုက်ကြ၏။

"ဟိတ်"

"ဖြောင်း ဖောင်း"

"ခွပ်"

စက္ကန့်ပိုင်းမျှ လက်ရည်စမ်းကြည့်လိုက်သည်နှင့် သူ နားလည်



www.burmeseclassic.com

www.burmeseclassic.com



တွက်ဆလိုက်မိသည်။

ဒီကောင်တွေရဲ့ပညာကလည်း မခေပါ။ ကိုယ့်ပညာကျွမ်းကျ
မှုမှာ အဆင့်မီသည်။

''ငါ့နှာခေါင်းရိုး ကျိုးအောင်လုပ်တဲ့ကောင် အသေသတ်
မယ်''

သူ့ကြောင့် နှာခေါင်းရိုးကျိုးသွားသောသူ ဒေါသတကြီး ဟ
အောက်က ခြံထဲက သစ်သားတုတ်ပိုင်းကြီးကို ပြေးဆွဲယူသည်။ သုံးယော
တစ်ယောက် ရင်ဆိုင်ကြမိပြီဆိုတော့ သူ ရင်ဆိုင်ဖို့ ခက်ခဲသွားခဲ့ပြီ

''ဟောကောင် မပြေးနဲ့''

တစ်ယောက်တည်းသမားကို သုံးယောက်က လက်နက်တွေ
စိန်ခေါ်နေတာကို သူ ဗိုက်မဲစွာ ရင်မဆိုင်ပါ။ ခြံဝင်းကြီးကိုပတ်က
ပြေးသည်။ အရေးကြီးတာ မိုးနတ်သာကီနှင့် ထိပ်တိုက်တွေ့ရဖို့ပဲ ဖြစ်
ကျယ်ဝန်းကြီးမားလိုက်သည့် ခြံကြီးတစ်ပတ် ပတ်ပြေးရုံနှ
သူ လျှာထွက်လုမတတ် မောဟိုက်သွား၏။

သူ ခြံကြီးအရှေ့ဘက်ကို ပြန်ရောက်တော့ သစ်ခွရုံတွေဘက်
လမ်းလျှောက်နေသော လူကြီးတစ်ဦးကို တွေ့ရသည်။

အဖြူရောင် ရှပ်ကျယ်လက်ပြတ်နှင့် ချည်ပုဆိုးတစ်ပတ်နွမ်း
ဝတ်ဆင်ထားသော ထောင်ထောင်မောင်းမောင်း အဘိုးကြီးက ဒီအိမ်
အိမ်သားလား။ အလုပ်သမားလား မသိ။

သူ့ကိုမြင်တော့ အဘိုးကြီး မျက်မှောင်ကုပ်ကြည့်သည်။ အ





အဘိုးကြီးအနား လျှောက်သွားရင်း

''အဘ ဒီအိမ်ကြီးမှာ မိုးနတ်သာကီဆိုတဲ့ မိန်းကလေး ရှိသ
လား ခင်ဗျာ''

''ဘယ်လို''

''ဒီလိုပါ အဘ၊ သူနဲ့ကျွန်တော် ယာဉ်တိုက်မှု ဖြစ်ခဲ့ဖူးပါတယ်''

အဘိုးကြီး အံ့သြသလို မျက်ခုံးတွေ ပင့်တက်သွားကာ ခေါင်း
တစ်ချက်ညိတ်သည်။

''အဲဒီ ပြဿနာကောင်မလေး မနေ့က ကျွန်တော့်ကို ပြန်ပေးမှု
နဲ့ ထောင်ထဲရောက်အောင် လုပ်ခဲ့တယ်၊ ကံကောင်းလို့ အဖမ်းမခံရတာ၊
အခုလည်း ကျွန်တော်နေတဲ့ ခြံကို ဖျက်ဆီးဖို့ ကြံနေပြန်ပြီ''

''ဘယ်လို ခြံကို ဖျက်ဆီးတယ် ဟုတ်လား''

''ဟုတ်တယ် အဘ၊ ကျွန်တော်တို့ မောင်နှမ ငှားနေတဲ့ခြံကို
သူက ငွေပုံပေးပြီး ဝယ်တယ်၊ ကျွန်တော်တို့ ခြံထဲမှာ စိုက်ထားတဲ့
နှင်းပင်တွေကို ဖျက်ဆီးမယ်တဲ့၊ တော်တော်ဆိုးတဲ့ လုပ်ရပ်ပဲ''

''ဒါတော့ မောင်ရင်က သူ့ကို အချုပ်ထဲပို့ခဲ့တော့ သူ မကျေနပ်
လို့ ပြန်တုံ့ပြန်တာနေမှာပေါ့''

''အဘ ဒီလိုတော့ မပြောနဲ့လေ၊ ဒီကောင်မလေးကို တစ်အိမ်
လုံးက ဝိုင်းပြီး အလိုလိုက်ထားလို့ သူ ဒီလောက် ရိုင်းစိုင်းနေတာ၊
ယဉ်ကျေးမှုမရှိဘူး၊ ကျွန်တော့်ညီမသာ ဖြစ်ကြည့်ပါလား၊ သူ့ခြေထောက်
တွေကို ရိုက်ချိုးပြီး ဆုံးမပြလိုက်ချင်တာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ ခြေထောက်တွေ ရိုက်ချိုးမယ်"

အဘိုးကြီး အံလန့်တကြားပုံစံနှင့် ရေရွတ်တော့ သူ လွှန်ကျ သွားသော စကားကို ပြန်ထိန်းရ၏။

"သဘောပြောတာပါ အဘရာ၊ သူ့ကို ဆုံးမသင့်တယ်၊ ဒီငါ ကောင်မလေးမျိုး အချိန်တစ်လလောက် ဆုံးမ၊ အဲ အဲဒီ ဂျစ်ကန်ကန် လေးမျိုးဆို နှစ်လလောက်ပဲ အချိန်ပေးစမ်းပါဗျာ၊ အချိုးပြေ အဲ ပ ကောင်တွေ"

သူ့ကို အမဲဖျက်ဖို့ လိုက်ရှာနေသော သုံးယောက်ကို ရိပ်ခနဲ မြင်လိုက်တာမို့ သစ်ခွရုံကြားထဲ ပြေးဝင်ပုန်းလိုက်ရသည်။

အဘိုးကြီးကိုလည်း မပြောရန် လက်ပြရင်း မျက်နှာရိပ်မျက်နှ ကဲနှင့် တားလိုက်ရသည်။

"တောက် ဒီကောင် ဘယ်ရောက်သွားသလဲ"

"ဟာ ဆရာကြီး"

ငနဲသား သုံးယောက် အဘိုးကြီးကိုမြင်တော့ ချက်ချင်းလက်တွေ နောက်ပစ်ကာ ရိုကျိုးစွာ ခေါင်းလေးတွေ ညွှတ်ကိုင်းသွားကြသည်။

"မင်းတို့ ခြံထဲဝင်လာတဲ့ လူစိမ်းကို ရှာနေတာလား"

"ဟုတ်ကဲ့ ဆရာကြီး"

"အေး အဲဒီကောင်က ဟော ဟိုမှာကွ"

"ဟာ"

အဘိုးကြီးက သူ ပုန်းနေရာကို လက်ညှိုးညွှန်ပြလိုက်တာမို့





သုံးယောက်သား သူ့ကို ဝိုင်းဝန်းလိုက်ကြသည်။

"ဟေ့ကောင် မင်းပြေးရဲ ပြေးစမ်း၊ မင်းခြေထောက်တွေ ရိုက် ချိုးပစ်မယ်"

"ငါ့နှာခေါင်းရိုး ချိုးတဲ့ကောင်၊ ပြန်လက်တုံ့ပြန်ပြမယ်"

"ဟေ့လူတွေ မင်းတို့ တကယ်သတ္တိရှိရင် တစ်ယောက်ချင်း သည်လို့ရတယ်၊ ငါ ဘာအမှားလုပ်လို့လဲ"

"အောင်မာ ခြံထဲ ခိုးဝင်တဲ့ကောင်"

"ဟေ့ ဟေ့ သူ့ကိုအိမ်ထဲခေါ်သွားကြစမ်း၊ ငါ့မြေးရဲ့ခြေထောက် ကို ရိုက်ချိုးမယ်တဲ့၊ ငါကိုယ်တိုင် ကြိမ်းဝါးခြောက်လှန့်မှုနဲ့ ဒီကောင့်ကို အချုပ်ထဲပို့မယ်"

အဘိုးကြီးစကားကြောင့် သူ မျက်လုံးပြူးသွားရသည်။ အဘိုး ကြီးက မိုးနတ်သာကီရဲ့အဘိုးမှန်း သူ မသိခဲ့။

"အဘ ကျွန်တော်က သဘောပြောတာပါ၊ ကောင်မလေး ဆိုးနေလို့ လိမ္မာအောင် ပြောတာပါ"

"ဟေ့ကောင် အခုမှ အပိုတွေ မပြောနဲ့၊ လာလိုက်ခဲ့"

ခြံစောင့် ဗလကြီး သူ့လက်မောင်းကို သန်မာခိုင်မြဲသောလက် တွေနှင့် ညှပ်ခန်းထဲ ဆွဲခေါ်တာမို့ သူ မရုန်းနိုင်ဘဲ လိုက်ခဲ့ရ၏။

သူ့အဖြစ်က ကျားရှေ့မှာ မှောက်လျက်လဲသည့်အဖြစ်။ မိုးနတ် သာကီရဲ့အဘိုးရှေ့မှာမှ သူမကို ကြိမ်းဝါးခဲ့မိသည်။ အဘိုးကြီးကလည်း မြေးကို ဆတ်ဆတ်ထိခံနိုင်ပုံ မရပါ။



www.burmeseclassic.com

www.burmeseclassic.com



သေချာသည်ကတော့ သူ အချုပ်ထဲ ရောက်တော့မည်ထင်ပါရဲ့။

အဘိုးကြီး ညှော်ခန်းထဲ ဝင်လာချိန်မှာပဲ စားပွဲပေါ်က ဖုန်းက ထမြည်သည်။ တပည့်တစ်ယောက်က ဖုန်းကို အပြေးသွားယူကာ အဘိုးကြီးကို လှမ်းပေးသည်။

"ဟဲလို ဘယ်သူလဲ"

"..."

"အေး မောင်ဂျွန်၊ ပြော ဘာကိစ္စလဲ"

"..."

"ဘာကွ အဓိပ္ပါယ်မရှိတာ၊ အခု မင်း မြေးကို ပြန်ခေါ်ခဲ့"

"..."

"ဟင် ဘာရယ် မြေးက အားလုံး ကြိုတင်စီစဉ်ထားတာပေါ့ ဟုတ်လား"

"..."

"မဖြစ်ဘူး မဖြစ်ဘူး ငါ လုံးဝ ခွင့်မပြုနိုင်ဘူး၊ ဒီကိစ္စကို ငါ မဖြစ်မနေ တားရမယ်၊ ဟင်း တော်တော်မလွယ်တဲ့ မြေးချစ်ပါလား။ ကဲ မင်းအခု ပြန်ခဲ့တော့ မောင်ဂျွန်"

အဘိုးကြီး ဖုန်းပိတ်ကာ တွေတွေကြီးရပ်နေဆဲ။ ကြားရ ကြည့်ရတာ သူ့ရဲ့အချစ်ဆုံးမြေးက ဘာတွေပြဿနာရှာပြန်သည်မသိ။

ပြီးမှ အဘိုးကြီး မျက်ဝန်းတွေ သူ့ဆီရောက်လာသည်၊ ဗလကြီးနှင့် ကိုယ်ရံတော်တစ်ဦးကြားမှာ ရပ်နေသော သူ့ကို အဘိုးကြီး တည်





တည်ကြီးစိုက်ကြည့်နေပြီးမှ

"မောင်ရင်နဲ့ငါ ဆွေးနွေးစရာရှိတယ်၊ စာကြည့်ခန်းထဲ လိုက်ခဲ့ပါ"

သူ့ကိုပြောကာ အဘိုးကြီး ရှေ့က ထွက်သွားတော့ သူ အူယားယား နှင့် လိုက်ခဲ့ရတော့သည်။

အခုချိန်မှာတော့ အဘိုးကြီး ကျေနပ်အောင် သူ တောင်းပန်ခိုကျိုးဖို့အသင့် ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ရန်ကုန်လေဆိပ်၏ နားနေခန်းလေးထဲမှာ မိုးနတ် ရောက်နေခဲ့တာ မိနစ်နှစ်ဆယ်ခန့် ရှိပြီ။ အခုချိန်ထိ အဘိုးရဲ့တပည့်တွေကို အရိပ်အယောင်တောင် မတွေ့ရပါ။

မိုးနတ်ဆန္ဒကို အဘိုး လိုက်လျော ခွင့်ပြုလိုက်တာကြောင့်ပဲ ထင်သည်။

အဘိုး ဒီလို လွယ်ကူစွာ ခွင့်ပြုမည်မထင်တာကြောင့် မိုးနတ် မနေ့ကတည်းက အိမ်မပြန်ခဲ့ပါ။

"ဦးဌျှန် ပြန်လိုက်တော့၊ မိုးနတ် အိမ်မပြန်တော့ဘူး"

"ဟာ မဟုတ်တာ သမီးလေးရယ်၊ မလုပ်ပါနဲ့"

ဦးဌျှန် အထိတ်တလန့်နှင့် တောင်းပန်သည်။ မိုးနတ်ကို အရိပ်လို စောင့်ရှောက်နေသော ဦးဌျှန် သူမ အိမ်မပြန်ဟုဆိုတော့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရှာသည်။





"သမီးလေးကို ဆရာကြီးက လိုက်စောင့်ရှောက်ခိုင်းထားတာ၊ အခု သမီး အိမ်မပြန်ရင် ဦးဌျှန် ဆရာကြီးနဲ့ ဘယ်လို ရင်ဆိုင်ရမလဲ"

"ဘိုးဘိုးကို ပြောလိုက်ပါ၊ မိုးနတ် စိတ်ပြေလက်ပျောက် ခရီးထွက်သွားပြီလို့"

"ဟင် သမီးလေး ဘယ်သွားမှာလဲ၊ ဘယ်သွားချင်လဲ ပြောပါ၊ ဦးဌျှန် လိုက်ပို့ပေးမှာပေါ့"

"ဦးဌျှန် လိုက်လို့မရဘူး၊ မိုးနတ် ယိုးဒယားသွားမယ်၊ အဲဒီကနေ စင်ကာပူကို ဆက်သွားမယ်၊ လေယာဉ်လက်မှတ်လည်း ကြိုတင်စီစဉ်ပြီးပြီ"

"ဟင် ဘယ် ဘယ်လို"

"ဟုတ်တယ် မိုးနတ် ကြိုတင်စီစဉ်ပြီးသား၊ မနက်ဖြန် ဖလိုက်နဲ့ သွားမှာ၊ ဦးဌျှန် တားလို့မရဘူး၊ လိုက်လို့မရဘူး၊ ဘိုးဘိုးကိုပဲ စိတ်မပူဖို့ ပြောပေးပါ"

"ဟို ဟို ဆရာကြီးနဲ့ လိုက်တွေ့ပါဦး သမီးလေးရယ်၊ သမီးလေးအတွက် အဝတ်အစားတွေ ဘာတွေပြင်ဆင်"

"ဘာမှကို မလိုအပ်တော့ဘူး၊ ဘယ်သူမှ ဖျက်လို့မရအောင် မိုးနတ် စီစဉ်ပြီးနေပြီ၊ ဒီနေ့ည ဟိုတယ်တစ်ခုမှာတည်းမယ်၊ ဦးဌျှန် ပြန်ပြီး ဘိုးဘိုးကိုသတင်းပို့ပေး ဒါပဲ"

မိုးနတ် စိတ်ကိုသိနေသော ဦးဌျှန် ဘာမှမတတ်နိုင်ခဲ့ပါ။ ဘိုးဘိုးလည်း အတော်စိတ်ညစ်သွားမှာ သေချာသည်။ မိုးနတ် ဖုန်းပိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာမို့ ဘိုးဘိုးရဲ့ဒေါသသံကို မကြားရတာဖြစ်သည်။

အတွေးတွေက လေယာဉ်ပေါ်ကို တက်ခွင့်ပြုပြီဆိုသော ကြေညာသံလေးကြားမှ ပြတ်တောက်သွားရသည်။

မိုးနတ် ထိုင်နေသော ခုံတန်းလေးက ထခဲ့လိုက်ကာ လေဆိပ်ဆောင်ဘက် ဦးတည်လိုက်၏။

မိုးနတ် ဝတ်ဆင်ထားသည်က Body fit အဝါနုရောင် တီရှပ်အကြပ်လေးနှင့် ဂျင်းပန်အပြာနုနုလေးနှင့်မို့ အားလုံးထဲမှာ ထင်းနေသည်။

မိုးနတ်အလှမှာ ဝိုင်းဝန်းကြည့်နေသော လူတွေရဲ့ မျက်ဝန်းတွေကို မိုးနတ် ဂရုမစိုက်ဘဲ ကြွကြွလေး လှမ်းလာခိုက်

"ဟင်"

ရုတ်တရက် မိုးနတ်အနား ကပ်လာသော အရိပ်တစ်ခုကြောင့် မော့ကြည့်လိုက်မိ၏။

အံ့ဩသွားမိတာ အမှန်။ ဒီမျက်နှာကို မမှတ်မိစရာအကြောင်းမရှိပါ။ ပြည့်တမန် ဆိုသော နာမည်ကိုတောင် မိုးနတ် မှတ်မိနေဆဲ။

"ရှင် ဘာလုပ်တာလဲ"

"ဆောရီးကွာ မင်း ကိုယ့်ကို စိတ်မဆိုးပါနဲ့၊ ကိုယ် မင်းမကြိုက်တာ ဘယ်တော့မှ မလုပ်တော့ဘူးနော်"

"နင် ဘာတွေ လာပြောနေတာလဲ"

မိုးနတ် ဘုဆတ်ဆတ်လေး ပြန်ပြောတာကို ဂရုမစိုက်ဘဲ သူ မိုးနတ်ကို ဖွေ့ခနဲ ပွေ့ချီသည်။





"ဟင် ဘာလုပ်တာလဲ"

"ချစ်ကို ကိုယ် မခွဲနိုင်ဘူး၊ ပြန်လိုက်ခဲ့ပါ"

မိုးနတ် မျက်နှာလေး နီရဲသွားရသည်။ ဝိုင်းကြည့်နေသောလူတွေရှေ့မှာ သူလုပ်ပုံ ပြောပုံတွေက မိုးနတ်နှင့် သူ့ကို အထင်လွဲစရာကောင်းသည်။

"ဟေ့ နင် အခု ငါ့ကို ပြန်ချပေးစမ်း"

"ကျွန်တော့်ကောင်မလေး ကျွန်တော့်ကို စိတ်ဆိုးပြီး ဇန်ကောက်သွားမလို့တဲ့ဗျ၊ ကျွန်တော့်ဘက်က စာနာပေးကြပါ"

တကယ့်ကို အရှက်မရှိ မျက်နှာပြောင်တိုက်ကာ သူက ဘေးနီးဝန်းကျင်ကလူတွေကြားအောင် ပြောနေသေးသည်။ မိုးနတ်ကိုလည်း ဆွဲခနဲ ပွေ့ချီခေါ်သွား၏။

"လွှတ် နင် လွှတ်နော်"

မိုးနတ် ရုန်းကန်ပေမယ့် အချည်းနှီးဖြစ်နေသည်။ သူက မိုးနတ်နှစ်ဖက်ကို လက်ဖြင့်ဆုပ်ကိုင်ချုပ်ထားသလို လက်မောင်းတွေကိုလည်း ဘယ်လက်ဖြင့် ရင်ဘတ်ကျယ်ကြီးကြား ညပ်အောင် ပွေ့ထားတာဖြစ်သည်။

ကားပါကင်မှာ ရပ်ထားသော ကားနောက်ခန်းတံခါးက အသင့်ဖွင့်ထားပြီး ဖြစ်နေသည်။

မိုးနတ်ကို သူ ကားနောက်ခန်းထဲ ပစ်ထည့်လိုက်ကာ လက်နှစ်ဖက်ကို ဆတ်ခနဲ ဆွဲယူပူးယှက်ပြီး တိပ်ဝါပြားကြီးနှင့် ရစ်ပတ်ချည်



www.burmeseclassic.com

www.burmeseclassic.com



နှောင်သည်။

"နင် ဘာလုပ်တာလဲ လွှတ်စမ်း"

"မလွှတ်နိုင်ဘူး၊ မင်းကိုငါ အခု ပြန်ပေးဆွဲနေတာ"

"ဘာ"

မိုးနတ် ထိုမျှသာ အော်လိုက်နိုင်သည်။ သူက မိုးနတ် ပါးစပ်ကို တိပ်ဝါကြီးနှင့် ဖိကပ်ပိတ်လိုက်၍ ဖြစ်၏။

"ကိုင်း ဒီတစ်ခါတော့ မင်း အော်ချင်သလောက်အော် ဘာမှ မဖြစ်တော့ဘူး"

အခုမှ မိုးနတ် ထိတ်လန့်သွားကာ မျက်ဝန်းလေးတွေ ဝိုင်းစက်သွားခဲ့သည်။ သူ တကယ်ပဲ ပြန်ပေးဆွဲပြီလားဟု ကြောက်လန့်သွားမိတာတော့ အမှန်။

"ဒီတစ်ခါ မင်းကို ပြန်ပေးဆွဲတာက တကယ် လွယ်ကူလိုက်တာ အဟင်း မင်းကလည်း ဒါမျိုးကြိုက်တယ် မဟုတ်လား"

ပြောပြီး ကားနောက်ခန်းတံခါးကို သူ ဂျိန်းခနဲ ပိတ်သည်။ ရှေ့ခန်းတံခါးဖွင့်ဝင်ထိုင်ပြီး စက်နှိုးမောင်းထွက်မှ မိုးနတ် သတိဝင်လာသည်။

ကားမှန်တွေက အနက်ရောင်မှန်ချပ်တွေမို့ မိုးနတ် အဖြစ်ကို အပြင်ကလူတွေ မမြင်နိုင်။ မိုးနတ် ဟစ်အော်လို့လည်း မရပါ။

ဖြစ်ချင်ရာဖြစ် လွတ်နေသော ခြေထောက်တွေနှင့် မိုးနတ် ကားတံခါးတွေကို တဒုန်းဒုန်းကန်ပစ်နေမိ၏။





သူက နောက်ကြည့်မှန်လေးထဲမှ မိုးနတ်ကို လှမ်းကြည့်ရင်း

"မင်း အဲဒီလိုလုပ်နေလို့ ဘာမှ အကြောင်းမထူးဘူး၊ ငါသာ နေရာမှာဆိုရင် အခုလို ကြောက်လန့် သွေးပျက်နေမယ့်အစား ဘာ လုပ်သင့်သလဲဆိုတာ သွေးအေးအေးနဲ့ စဉ်းစားမှာပဲ"

မိုးနတ် ထောင်းခနဲ ဒေါသဖြစ်သွားသည်။ မိုးနတ်ကိုများ သွေး ကြောက်လန့်နေသည်တဲ့။

လက်တွေတုပ်နှောင်၊ ပါးစပ်ကိုပါ ပိတ်ပြီး အနိုင်ယူလိုက်နိုင် သင်းက သတ္တိရှိတာတဲ့လား။ မိုးနတ် သူ့ကို ခပ်ပေါ့ပေါ့တွက်ခဲ့ နောင်တရမိသည်။

တကယ်ဆို မိုးနတ် လေဆိပ်ထဲမှာကတည်းက သူ့ကို မှောက် အောင် တိုက်ခိုက်ပစ်လိုက်သင့်တာ ဖြစ်၏။

"ဒီမှာ မင်းကို ငါ ပြန်ပေးဆွဲတာ ငွေကြောင့်မဟုတ်ဘူးနော်၊ လိုချင်တာ မင်းရဲ့တောင်းပန်မှုပဲ"

သေလိုက်စမ်းဟု မိုးနတ် ပြန်ပြောချင်သည်။ ပြောခွင့်မရတော့ ကို မျက်မှောင်ကုပ်ကြည့်နေရ၏။

"ငါ့ကို ရဲတွေက ပြန်ပေးသမားလို့ ထင်ခဲ့တာတွေ၊ ပြီးတော့ ငါတို့မောင်နှကို ဒုက္ခရောက်အောင်လုပ်ခဲ့တာတွေ မင်း တောင်းပန် ယ်"

၁

သူ ပြောသမျှ ငြိမ်သက်စွာ နားထောင်ရတာကို မိုးနတ် စိတ် ဒေါသထွက်ချင်လာ၏။ သေချာသည်က မိုးနတ် မျက်ဝန်းတွေထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒေါ်သရောင်စဉ်တွေ ဖြာနေလိမ့်မည်။

"မင်းက တော်တော် ခေါင်းမာတာပဲ၊ အေး ရတယ် ပြည်

ဆိုတဲ့ ငါကလည်း ငါတို့ မောင်နှမ ဘဝပျက်အောင်လုပ်တဲ့ မ

သတ်ဖို့လည်း ဝန်မလေးဘူး၊ နေစရာမရှိမှတော့ ထောင်ထဲမှာနေ

ရတယ်၊ မင်းကိုတော့ ကောင်းကောင်းကြီး ညှင်းပြီး သတ်ရမယ်"

သွေးအေးလွန်းစွာ ဆိုနေသော သူ့မျက်ဝန်းတွေကိုကြည့်

မိုးနတ် စိုးရိမ်လာသည်။

ဒီလူ တကယ်ပဲ မိုက်မဲစွာ လုပ်ခဲ့ရင်. . .။

လောကကြီးထဲက မိုးနတ် ထွက်ခွာသွားရမည်လား။ ဒါ

ဘိုးဘိုး တစ်ယောက်တည်း သောကပူတွေနှင့် ကျန်ရစ်ခဲ့ရမည်။ မိုး

ကို သိပ်ချစ်ရှာသော ဘိုးဘိုးအပေါ် မိုးနတ် ဘာမှ တာဝန်မကျေ

ဘိုးဘိုးခမြာ ဒီအချိန်ထိ မိုးနတ်အတွက် အမြဲတမ်း ပူပန်

တွေနှင့် ရှင်သန်ခဲ့ရရှာသည်။

မိုးနတ် သေပြီဆိုလျှင် ဘိုးဘိုး ဘယ်လောက် စိတ်ထိခိုက်

မည်လဲ။ ထိုအတွေးနှင့် မိုးနတ် စိတ်မထိန်းနိုင်ဘဲ မျက်ရည်တွေ ဝဲလာ

သည်။ ဘိုးဘိုးကို မိုးနတ် သိပ်သနားပါသည်။

"ဟော့ ငိုမနေနဲ့တော့၊ ဆင်းရတော့မယ်"

သူ့အသံကြားမှ မိုးနတ် မျက်ရည်တွေကျနေမိတာ သတိ

မိတော့သည်။ သူ ကားတံခါးဖွင့်ဆင်းပြီး မိုးနတ်ရှိရာ နောက်ခန်းတံ

ကို လာဖွင့်ပေးသည်။





မိုးနတ် သူ့ကို မျက်ဝန်းဝိုင်းဝိုင်းလေးတွေနှင့် ကြည့်နေတုန်း

သူက ပါးစပ်မှ ကပ်ပိတ်ထားသော တိပ်ကို ဆတ်ခနဲ ဆွဲခွာပေး၏။

ပြီးတော့ မိုးနတ်ကို ဆတ်ခနဲ ပွေ့ချီခေါ်သည်။

"ဟင် ဒါ ဒါ"

မိုးနတ် တကယ်ပဲ မျက်ဝန်းတွေ ဝိုင်းစက်ရင်း အံ့ဩနေ၏။

သူ ခေါ်ဆောင်လာသည်က မိုးနတ်ရဲ့အိမ်ကြီးပဲဖြစ်၏။

ညေ့်ခန်းထဲအထိ သူက မိုးနတ်ကို ပွေ့ချီခေါ်ခဲ့သည်။ ညေ့်ခန်း

ထဲမှာ မတ်တပ်ရပ်ကြည့်နေသော ဘိုးဘိုး မျက်နှာက အံ့ဩကျေနပ်သော

အရိပ်တွေ ထင်ဟပ်လို့။

"မင်း မြေးကို ရအောင်ပြန်ခေါ်နိုင်ခဲ့တာပဲ၊ ဒါပေမဲ့ ဒီလောက်

ကြမ်းကြမ်းတမ်းတမ်း ခေါ်လာမယ်လို့ ငါ မထင်ခဲ့ဘူး"

သူက မိုးနတ်ကို ဆိုဖာထိုင်ခုံပေါ် ညင်သာစွာ ချပေးရင်း

"တောင်းပန်ပါတယ်-ဘိုးဘိုး၊ သူ့ရဲ့တိုက်ခိုက်မှု ပညာကလည်း

မသေးမဟုတ်တော့ ကျွန်တော် ကာကွယ်ရတဲ့သဘောပါ"

ပြောရင်း သူက မိုးနတ် လက်က တိပ်တွေကို ဆွဲဖြည်ပေး၏။

"ဘိုးဘိုး သူက ဘိုးဘိုးနဲ့ ဘယ်လိုပတ်သက်သိသွားတာလဲ"

မိုးနတ် စိတ်မရှည်နိုင်စွာပဲ မေးတော့ ဘိုးဘိုးပြုံးနေရင်း၊

"မြေးချစ်က အိမ်အပြင် ထွက်ခွင့်ပြုတဲ့ ဘိုးဘိုး စေတနာနဲ့

ယုံကြည်မှုကို ချိုးဖောက်တယ်လေ၊ ဒါကြောင့် ပြည့်တမန်ကို ဘိုးဘိုး

အားကိုးလိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးစကားကြောင့် မိုးနတ် သူ့ကိုမော့ကြည့်တော့ သူ
မိုးနတ်ကို ဦးညွှတ် အရိုအသေပြုရင်း

''ကျွန်တော် အခုချိန်ကစပြီး မမလေး မိုးနတ်ရဲ့ အထူးကိုယ်
ရံတော် ဖြစ်သွားပါပြီ၊ ကျွန်တော့်နာမည် ပြည်တမန်ပါ၊ မမလေး အား
ယုံကြည်ပါ''

''ဘာ မဖြစ်နိုင်တာ''

မိုးနတ် ခါးခါးသီးသီး ငြင်းရင်း ဘိုးဘိုးနှင့်ထိပ်တိုက် ရင်ဆို
လိုက်သည်။ သင်းလိုလူမျိုးနှင့် မိုးနတ် စကားမပြောချင်ပါ။

''ဘိုးဘိုး ဒီလိုလူမျိုးကို မိုးနတ်အတွက် သက်တော်စော
လုပ်ခိုင်းလို့ ဘယ်ဖြစ်မှာလဲ၊ သူ မိုးနတ်ကို ဘယ်လို ဆက်ဆံခဲ့သ
ဆိုတာ ဘိုးဘိုး မတွေ့ဘူးလား''

ဘိုးဘိုးက မိုးနတ် အမေးကို မဖြေဘဲ ဆိုဖာထိုင်ခုံမှာ ခြေချိ
ထိုင်နေတာမို့ မိုးနတ် စိတ်မရှည်ချင်တော့။

''ဘိုးဘိုး မတွေ့ဘူးလားလို့''

''မြေးရဲ့အကျင့်ဆိုးလေးတွေကို ပြုပြင်ဖို့ သူ့ကို ဘိုးဘိုး ရွေ
လိုက်တာပဲ၊ ဒီအလုပ်ကို သူ နိုင်နင်းစွာ တာဝန်ယူနိုင်မှာပါ''

''ဘိုးဘိုး''

မိုးနတ် အော်မိတော့ ဘိုးဘိုးက လက်ကာပြရင်း

''ဘာလို့ ဒီလောက် အော်ဟစ်နေရတာလဲ၊ ဘိုးဘိုးပြောတ
စကားကို နားထောင်၊ ဘိုးဘိုးဘဝမှာ မြေးချစ်တစ်ယောက်ပဲရှိတယ်





အတွက် အသင့်တော်ဆုံး ကိုယ်ရံတော်ကို ဘိုးဘိုး ရွေးပေးတာ
မငြင်းပါနဲ့''

''ဘာပဲဖြစ်ဖြစ် မိုးနတ် သူ့ကို လုံးဝ လက်မခံနိုင်ပါဘူး''

ဘိုးဘိုး ချိတ်ထိုင်ထားသော ခြေထောက်ကို ပြည်ချကာ ခန္ဓာ
ကိုယ်ကို မတ်မတ်ပြင်ထိုင်သည်။ ဘိုးဘိုးမျက်နှာက တည်ငြိမ်လွန်းနေ၏။

''ပြည်တမန်က ဘိုးဘိုးခန့်ထားတဲ့ မြေးရဲ့သက်တော်စောင့်
ဖြစ်သွားပြီ၊ သူ့ကို ဘိုးဘိုးပဲ အလုပ်ထုတ်ပိုင်ခွင့်ရှိတယ် ဟုတ်ပြီလား''

ဘိုးဘိုး တကယ့်ကို လေးနက်ခိုင်မာစွာ ပြောနေပြီဟု မိုးနတ်
နားလည်လိုက်သည်။

ရပ်ကြည့်နေသော ဦးဌွန်တို့ လူစုပါ ဘာမှမဆိုနိုင်ကြဘဲ နှုတ်
ဆိတ်ငြိမ်သက်နေကြသည်။

မိုးနတ် မကျေမနပ် ခေါင်းလေးခါရမ်းကာ ဆတ်ခနဲ ထပြီး
ခန်းဘက်သို့ ခပ်သုတ်သုတ် ထွက်ခဲ့မိတော့၏။

ရင်ထဲမှာ အလိုမကျမှုတွေ ပြည့်နှက်နေခဲ့သည်။ ပြည်တမန်
က မိုးနတ်ရဲ့ ကိုယ်ရံတော် သက်တော်စောင့်တဲ့။

ဒါ ဘယ်လိုမှ မိုးနတ် လက်မခံနိုင်သောကိစ္စ။ အခုတော့ ထို
ကိစ္စကြီးကို ဘိုးဘိုးက လုပ်လိုက်ခဲ့ပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

သူ ခြံထဲလှမ်းအဝင်မှာပဲ အိမ်ပေါ်က ဆင်းလာသော ဂျော်နီနှင့် အဖေဇာ်နှစ်ဦးကို ထိပ်တိုက် ရင်ဆိုင်တိုးသည်။

"မင်း ပြန်လာပြီလား၊ မင်းနဲ့ဆုံတာကောင်းတယ်၊ အဲ ဆရာကြီးက အကြွေးကိစ္စ ငါ့ကိုလွှတ်လိုက်တယ်"

"ကျွန်တော် ဆပ်မှာပါ၊ ခဏလောက်စောင့်ပေးပါ"

"ဒီလိုစကားတွေနဲ့ပဲ မင်းအကြောင်းပြလာတာကြာပြီ တမာန်အခု ဆရာကြီးက လက်မခံနိုင်တော့ဘူး"

"စိတ်ချပါဗျာ၊ နှစ်လပဲချိန်ပေးပါ၊ ကျွန်တော် အကြွေဆပ်ပါ့မယ်"

"ဒါ မင်းရဲ့ နောက်ဆုံးကတိလား"

"ဟုတ်ပါတယ် မဖြစ် ဖြစ်အောင်ဆပ်မှာပါ"





"အေး ဒါဆို နောက်ထပ်ချိန်းတာတွေ ဘာမှ မကြားချင်တော့ဘူး ခင်းပြောတဲ့ နှစ်လ ငါတို့စောင့်ကြည့်မယ်၊ အေး ဖြစ်မလာရင်တော့"

စကားကို ရပ်တန့်ကာ ဂျော်နီ သူ့ကိုစူးစိုက်ကြည့်နေသော မျက်ကြည့်တွေကို သူသဘောပေါက်သည်။ သူ့ရဲ့ အကြွေးရှင် ဦးသိဒ္ဓိရဲ့ လက်ရုံးတပည့် လူမိုက်တွေပဲလေ။

သူတစ်ယောက်တည်းဆိုလျှင် ဖြစ်သမျှ ရင်ဆိုင်ပစ်လိုက်နိုင်သည့်လည်း ညီမလေးကို ငဲ့ရမည်။

ဒီကောင်တွေက ဦးနှောက်မရှိသော လူမိုက်တွေ။ ဦးသိဒ္ဓိထားရာ ဆရာသွား နိုင်းတာလုပ်ရဲသူတွေ။

ဂျော်နီနှင့် အဖေဇာ်နှစ်ဦး ထွက်သွားတော့ သူ အိမ်ပေါ်လှမ်းတက်ခဲ့သည်။ တံခါးဝက ရပ်ကြည့်နေသော ညီမလေးက

"ကိုကို သူတို့ဘာပြောသွားကြတာလဲ ဟင်"

"အကြွေးကိစ္စပါကွာ၊ ပြောပြီးသွားပြီ ဘာမှ ပြဿနာမရှိပါဘူး"

သူ ပေါ့ပေါ့လေး ပြောပေမယ့် ညီမလေး မျက်နှာမှာ စိုးရိမ်မှုတွေ မပြေရှာပါ။

"မဟုတ်ဘူး ကိုကို ကိုကိုမလာခင်ကတည်းက ညီမလေးကို သူတို့ပြောနေတာ အကြွေးတွေမပေးရင် အသက်တောင် ရန်ရှာမယ့် ခြိမ်းခြောက်နေ"

"မစိုးရိမ်ပါနဲ့ကွာ နှစ်လအတွင်း ကိုကိုဆပ်မယ်၊ အခု ကိုကို အလုပ်ရပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ကိုကို့အလုပ်က ဘာလဲ ဘာအလုပ်မို့လဲ"

"ဦးဥတ္တမကျော်ရဲ့မြေး မိုးနတ်သာကီရဲ့ ကိုယ်ရံတော် လုပ်ရမှာ"

"ဘာရယ် အဲဒီမိန်းမနဲ့"

"ဟုတ်တယ် ဦးဝဏ္ဏကျော် ကိုယ်တိုင် ကိုကို့ကို ရွေးချယ်လိုက်တာပါ"

"ဘယ်ဖြစ်မှာလဲ သူက ကိုကို့ကို အမြဲမကောင်းကြံနေတာနော် ကိုကို ဒုက္ခရောက်လိမ့်မယ် မလုပ်ပါနဲ့"

ညီမလေး စိုးရိမ်စွာ တားမြစ်တော့ သူ ညီမလေးပခုံးကို ဖွဖွလေး ဖေ့ဖက်လိုက်ရင်း

"တစ်လကို လစာငွေ ငါးသိန်း၊ ကိုကို့ရဲ့ လုပ်ရည်ကိုင်ရည်ကို ကြည့်ပြီး သဘောကျရင် ဘောက်စူးပေးဦးမယ်၊ ပြီးတော့ ဟောဒီခြံကိုလည်း ကိုကိုတို့ နာမည်နဲ့ ဘိုးဘိုး ဦးဝဏ္ဏကျော်က ဝယ်ပေးလိုက်တယ် ကွဲ ဒီလောက်အထိ ကောင်းတာရှိဦးမလား"

"ဟင် တကယ် တကယ်လား ကိုကို"

"တကယ်ပေါ့ ညီမလေးရဲ့၊ ဘိုးဘိုးကြီးက တကယ် စေတနာ ကောင်းသူပါ၊ ကိုကိုတို့ မောင်နှမ အခြေအနေကို သူ နားလည်တယ်၊ ဒါကြောင့် ရိုးရိုးသားသားကူညီတာ အဲဒီအတွက် ကိုကိုက ဆိုးသွမ်းနေတဲ့ သူ့မြေးမ မိုးနတ်သာကီကို ပြုပြင်စောင့်ရှောက်ပေးရမှာ"

ညီမလေးက သူရှင်းပြသမျှ မျက်တောင်လေးတွေ ပုတ်ခတ် နားထောင်နေရင်း





"ကိုကိုနဲ့ အဲဒီဘယ်သူ မိုးနတ်သာကီနဲ့ အဆင်ပြေပါ့မလား သူက ကိုကို့ကို ဒုက္ခပေးမှာစိုးတယ်၊ နှစ်ခါတောင် ကိုကို့ကို သူလုပ်ကြံခဲ့တယ်နော်"

"မစိုးရိမ်ပါနဲ့ကွာ ဒီနေ့တောင် သူ့ကို သူ့ဘိုးဘိုးအိမ်အရောက် လေယာဉ်ကွင်းက ပြန်ခေါ်ပို့ပေးခဲ့ပြီးပြီ"

ညီမလေးက သူ့စကားကို တအံ့တသြလေး နားထောင်နေသည်။ သူ အခြေအနေမှန်ကို အကုန်မပြောဘဲ ရှင်းပြလိုက်၏။

မိုးနတ်ဆိုသည့် ကောင်မလေးကို သူ ဖမ်းချုပ်ခေါ်လာခဲ့ရတာ သာသိလျှင် ညီမလေး စိုးရိမ်ကြီးဦးမှာ သေချာသည်။

အခုလည်း သူ့ကို မိုးနတ်သာကီက မကြည်ဖြူတာ သူကောင်းကောင်း သိပါသည်။ ဘိုးဘိုးကြောင့်သာ သူ အလုပ်ရခဲ့တာ ဖြစ်သည်။

မိုးနတ်နှင့် အဆင်ပြေဖို့ဆိုတာတော့ အချိန်ယူကာ ကြိုးစားရမှာ ဖြစ်သည်။ ထင်သလောက်လည်း လွယ်ကူမည့်ကိစ္စ မဟုတ်ဟု သူတွေးပြီးသားဖြစ်၏။

မိုးနတ်သာကီသည် သူ့ကို ကောင်းကောင်းပညာပေးမှာ သေချာသည်။ ပြီးတော့ သူမက အားလုံးရဲ့ ဂရုစိုက် အလိုလိုက်မှုကို ရရှိထားရသူ ပြီးတော့ ကိုယ်ခံပညာတွေလည်း တတ်မြောက်ထားသူမို့ ကိုင်တွယ်ရ ခက်မှာပဲဖြစ်၏။

"ကိုကို ဘာတွေ တွေးနေတာလဲ"

"ဪ ဘာမှမတွေးပါဘူး၊ အဲ ကိုကို့အလုပ်က နောက်ဆို



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ခဏခဏပြန်လို့ မရတော့ဘူး၊ ဒါကြောင့် ညီမလေးနဲ့ အတူနေဖို့ ဒေါ်လေးမြတို့ သားအမိကို ခေါ်ထားရမယ်''

''ဟင် ကိုကိုက ဟိုအိမ်ကြီးမှာ နေရမှာလား''

''ကိုယ်ရုံတော်ဆိုတော့ အချိန်ပြည့်တာဝန်လေ ညီမလေးရဲ့ နှစ်ပတ်မှာတစ်ရက်လောက်တော့ ပြန်ခွင့်ရမှာပါ''

''အင်းလေ ပိုက်ဆံလခ ဒီလောက်ပေးထားတော့လည်း ကိုကို တာဝန်ကြီးမှာပေါ့၊ ကဲ ရေမိုးချိုးတော့ ကိုကို ပြီးရင် ထမင်းစားကြမယ် နော်''

ညီမလေး စကားကို ခေါင်းညိတ်ကာ သူရေချိုးဖို့ ရေတွင်းဆီ ထွက်ခဲ့၏။ ရေချိုးရင်း ညီမလေးအတွက် စီစဉ်ပေးရမည့် အစီအစဉ်တွေ ကိုလည်း ခေါင်းထဲမှာ အစီအစဉ်ချနေမိသည်။

အိမ်မှာ ညီမလေးအတွက် အဖော်ဖြစ်အောင် ဝမ်းကွဲဒေါ်လေး ဒေါ်မြတို့ သားအမိကို ခေါ်ထားပေးရမည်။

ဒေါ်လေးမြနှင့် သားဖြစ်သူ ကိုးတိုးတို့က ပန်းခြံအတွက်လည်း အကူရမှာ သေချာသည်။ ညီမလေးအတွက်လည်း သူ အပြည့်အဝ စိတ်ချနိုင်မည်ပဲ ဖြစ်၏။

ကံကြမ္မာက ပေးလာသော အခြေအနေက သူ့ရဲ့အကြွေးတွေ လည်း ဆပ်နိုင်မည်။ မောင်နှမနှစ်ယောက် နေထိုင်ဖို့လည်း အဆင်ပြေ နိုင်၏။ သူပြန်ပေးဆပ်ရမည်က 'မိုးနတ်သာကီ'ကို တာဝန်ကျေစွာ စောင့် ရှောက်ဖို့သာ။





''မြေးကဆိုးတယ် ဒါပေမဲ့ စိတ်ရင်းကောင်းပါတယ်၊ သူ့ကို ဆောင်ရင် အလိုက်ထိုက် ဆက်ဆံပြီး ပြောင်းလဲအောင် အတတ်နိုင်ဆုံး ကြိုးစားပေးကွာ''

ဘိုးဘိုး တောင်းသည့်အတူအညီက ဒါပဲဖြစ်သည်။ ဒါပေမဲ့ သွယ်ကူလွန်းသော အရာမဟုတ်ဟုလည်း သူသိသည်။

မိုးနတ်သာကီ ဆိုတာ ရွှေမင်းသမီးလေးတစ်ပါး။ အရာရာ ပြည့်စုံကာ ပညာတတ် ရုပ်ဆင်းရူပကာ ချောမောသော မာနမင်းသမီး လေး။

ငါတို့ နှစ်ယောက်ကြားက အမုန်းတွေကင်းစင်မှ ဖြစ်လိမ့်မယ် ရွှေမင်းသမီးလေးရေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

သူ အံ့ဩနေမိတာတော့ အမှန်ဖြစ်သည်။

မိုးနတ်သာကီ ဆိုသော သူမသည် တစ်နေ့ကို အပြင် တစ်ခါမှ မထွက်ရလျှင် စားဝင်အိပ်ပျော်သူ တစ်ယောက်မဟုတ်ဟု ဘိုးဘိုး ပြောထားသည်။

အခုတော့ သူမရဲ့ ကိုယ်ရံတော်အဖြစ် သူ အလုပ်ဝင်ခဲ့တာ သုံးရက်ရှိပြီ။ ဒါပေမဲ့ မိုးနတ်သာကီ သုံးရက်စလုံး အပြင်မထွက်သေးပါ။

သူမ အပြင်ထွက်လျှင် သူက အနီးကပ်လိုက်ပါရမှာမို့ တမင်ပဲ အပြင်မထွက်တာလား မသိ။

ညနေ ပြန်လာတိုင်း ဘိုးဘိုးက သူ့ကိုမေးကာ ကျေနပ်နေတာတော့ သေချာ၏။





"ကောင်းတယ် သူအပြင်မထွက်တော့ ငါစိတ်အေးရတာပေါ့ ကွာ။ နို့မို့ဘာများ ပြဿနာရှာမလဲ ရင်ထိတ်နေရတယ်"

ဘိုးဘိုး ကျေနပ်သလို သူလည်း ကျေနပ်ပါသည်။ သူမ အပြင် မထွက်တော့ သူလည်း ခြံထဲမှာပဲ ဟိုလျှောက် ဒီလျှောက် အေးချမ်းစွာ နေခွင့်ရသည်။

ဒါပေမဲ့ စိတ်ထဲမှာတော့ သတိထားနေရ၏။ မိုးနတ်သာကီ ငြိမ်ချက်သား ကောင်းနေခြင်းက ရိုးသားရဲ့လား မသေချာ။

မုန်တိုင်းမထန်ခင် လေပြည်က ကျီစယ်တတ်သည် မဟုတ်လား။

ဒီမနက်မှာ ဘိုးဘိုးက သူ့ကိုခေါ်ကာ အရေးတကြီးကိစ္စတစ်ခု မှာသွားသေး၏။

"ဒီညနေ ဘိုးဘိုး စောစောပြန်ရောက်မယ်၊ အမေရိကားက ဘိုးဘိုးရဲ့ မိတ်ဆွေသုံးယောက်လည်း အိမ်ပါလာမယ်၊ ဒီမှာ ဒင်နာစားပြီးမှ သူတို့ပြန်ကြမှာ"

"ဟုတ်ကဲ့ ဘိုးဘိုး"

"မြေးနဲ့သူတို့ကို မိတ်ဆက်ပေးရမှာ တကယ်လို့ မြေးအပြင်သွားရင် စောစောပြန်ဖို့ မင်း သတိပေးပါ မောင်တမာန်"

"ဟုတ်ကဲ့ခင်ဗျ စိတ်ချပါ ဘိုးဘိုး"

ဘိုးဘိုး ဦးဝဇ္ဇာကျော်မှာသော စကားကို သူ မမေ့ပါ။ သို့ပေမယ့် နေ့လည်စာစားပြီးချိန်အထိ မိုးနတ်သာကီ အပြင်ထွက်ဖို့ သတင်းမပို့



www.burmeseclassic.com

www.burmeseclassic.com



ပါ။

ဆယ့်နှစ်နာရီလောက်မှာ သူ ဦးဂျွန်နှင့် စကားပြောနေတုန်း အခေါ်လွှတ်လိုက်၏။

''ဦးဂျွန်နဲ့ မောင်ပြည့်တမာန်ကို မမလေး ခေါ်ခိုင်းလိုက်တယ် ရှင့်''

ဖိုးဖိုဆောင်က ထမင်းချက် ဒေါ်သီတာ လာပြောတော့ သူနှင့် ဦးဂျွန်လာခဲ့ရသည်။ ညေ့်ခန်းထဲမှာ မိုးနတ်သာကီ ဖုန်းပြောနေတာမို့ သူနှင့် ဦးဂျွန်ရပ်စောင့်ရ၏။

''အိုကေ အိုကေ ငါလွှတ်လိုက်မယ်၊ အသေအချာထည့်ပေး လိုက်နော် သင့်ခယူ သင့်ခယူ''

ဖုန်းလေးပိတ်ပြီးမှ သူနှင့်ဦးဂျွန်ကို မော့ကြည့်ရင်း

''ဦးဂျွန်ကို မိုးနတ် ခိုင်းစရာတစ်ခုရှိလို့''

''ပြောလေ သမီး ဘာကိစ္စလဲ''

''ဩော် ပဲခူးက မိတ်ဆွေတစ်ယောက်ဆီကို လွှတ်မလို့ပါ အဲဒါ ဦးဂျွန် ကိုယ်တိုင်သွားပေးပါ''

''ဒီနေ့လား သမီး''

''အခု သွားရမှာ အရေးကြီးလို့''

''ဟို ဒီနေ့လည် အိမ်မှာ စီစဉ်စရာတွေရှိနေတယ်လေ သမီး လေးရဲ့၊ ဆရာကြီးရဲ့ ဧည့်သည်တွေအတွက်''

''အဲဒါက ဦးဂျွန်ရှိမှ ဖြစ်မယ့်ကိစ္စမှ မဟုတ်တာ၊ အားလုံး





စီစဉ်ပြီးပြီပဲ၊ အခု မိုးနတ်ခိုင်းတဲ့ကိစ္စကိုပဲ သွားပေးပါ''

မိုးနတ် စေခိုင်းနေတော့ ဦးဂျွန် မငြင်းနိုင်တော့ဘဲ ခေါင်းညိတ် ရှာသည်။

ဦးဂျွန်သည် ဒီအိမ်ကြီး၏ လူယုံတော်မို့ အိမ်အရေးကိစ္စ မှန်သမျှ စီစဉ်ပေးရသည်။ ယခုလည်း ဧည့်သည်များ စားသောက်ရန်အတွက် ဦးဂျွန်က စားဖိုမှူးတွေခေါ်ထားတာ ဒီနေ့လည်တွင် ချက်ပြုတ်ရမှာဖြစ်၏။

ဒါကိုသိလျက်နှင့် မိုးနတ်သာကီ စေခိုင်းနေတာကို သူ နားမ လည်နိုင်ပါ။ ဦးဂျွန်ခမြာ ခေါင်းညိတ်နာခံရရှာသည်။

''ကဲ ရှင်က ကျွန်မလွှတ်တဲ့ အထည်ဆိုင်သွားပေးရမယ်''

''ဟုတ်ကဲ့ပါ မမလေး''

မိုးနတ်သာကီ အလိုကျ သူခေါင်းညိတ်လိုက်သည်။ အပြင် မထွက်ရတာကြာပြီ။ အခုလို အပြင်ထွက်ခွင့်ရတာ ကျေနပ်မိ၏။

''ကျွန်မ ဖုန်းဆက်မှာပြီးသား၊ ရှင်က သူတို့ပေးလိုက်တာယူပြီး ပြန်ခဲ့ပါ''

သူမပေးသော လိပ်စာအတိုင်း အထည်ဆိုင်ကို သူ ကားနှင့် ထွက်ခဲ့လိုက်သည်။

သူမကိုယ်တိုင် လိုက်မလာဘဲ သူ့ကိုပဲ လွှတ်တော့လည်း ပိုလို့ လွတ်လပ်ပါသည်။

အထည်ဆိုင်က ပေးလိုက်သော အိတ်တွေပွေ့ပိုက်ကာ သူပြန် ရောက်ခဲ့တော့ ခြံတံခါးဝက ဗလကြီးက သူ့ကို ဆီးကြိုမေးပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတစ်ယောက်တည်းလား တမာန်"

"တစ်ယောက်တည်းပေါ့ဗျ တစ်ယောက်တည်းသွားတာပဲဥစ္စာ"

"ဟင် ခင်ဗျားနဲ့ပါလာမယ့် နာမည်ကြီး စားဖိုမှူးကြီးဆိုတာ ဘယ်မှာလဲ"

သူ အူတူတူဖြစ်သွားသည်။ ခြံစောင့်ကြီး ဆက်ပြောသော စကားကြောင့် တွန့်ခနဲ ဖြစ်ရပြန်၏။

"မင်းက အရင် စားဖိုမှူးလုပ်ဖူးတယ်တဲ့၊ အခု ဆရာကြီးနဲ့ ပါလာမယ့် ဧည့်သည်တွေ ကျွေးမွေးဖို့ မင်းရဲ့စားဖိုမှူးကြီးက ချက်ပြုတ်ကြမှာဆို"

"ဟာ မဟုတ်တာ ဒါဘယ်သူ ပြောတာလဲ"

"မမလေး မိုးနတ်သာကီ ပြောတာလေ"

"ဘာရယ်"

သူ နားလည်လိုက်ပါပြီ။ မိုးနတ်သာကီ သူ့ကို ဘာအကွက်တွေ ရွှေ့နေသည်လဲ။ ကားကို ဆင်ဝင်အောက်အထိ ခပ်သွက်သွက် မောင်းဝင်ခဲ့သည်။

ဧည့်ခန်း ဆိုဖာကြီးမှာ ထိုင်နေသော သူမဆီလျှောက်ခဲ့ကာ ပါလာသော အထည်အိတ်တွေ စားပွဲပေါ်ချပေးရင်း

"ဟေ့ မိုးနတ်သာကီ မင်းဘာအကွက်တွေ ရွှေ့နေတာလဲ"

"ဟဲ့ နင် ငါ့ကို ဘယ်လိုခေါ်တာလဲ ပြန်ခေါ်စမ်း"

သူမ ဒေါသနှင့် ပြန်ဟောက်သည်။ အလုပ်ဝင်ကတည်းက





...ကို နာမည်ခေါ်ခွင့်မရှိ။ မမလေးဟုပဲ ခေါ်ရမည်ဟု မှာထား၏။ သူ ...လျှော့ချလိုက်ရင်း

"မမလေးက ကျွန်တော် စားဖိုမှူးခေါ်သွားတယ်လို့ ဘာလို့ ...တာလဲ"

"ဟုတ်တယ်လေ နင်ပဲတတ်တယ်၊ သိတယ်ဆို ဘိုးဘိုးရဲ့ ဧည့် ...သည်တွေအတွက် နင် ချက်ပြုတ်စီစဉ်ပေးပေါ့"

"ဟာ မဟုတ်တာ ဒီအတွက် ဦးလွှန်ကိုယ်တိုင် စားဖိုမှူးတွေ ...စီစဉ်ထားတာပဲ"

"ဦးလွှန်မရှိဘူး၊ သူ့ရဲ့ စားဖိုမှူးတွေကိုလည်း ငါပြန်လွှတ်လိုက်ပြီ ...တော့ နင့်စကားအတိုင်း နင် စီစဉ်ရမယ်"

မိုးနတ်သာကီ သူ့ကို လှုလည်ကျနေပြီဟု သိလိုက်သည်။ ဦးလွှန် ...အိမ်မှာမရှိအောင် တမင်လွှတ်လိုက်တာဟု သူ သဘောပေါက်မိ ...သည်။

သူမ လက်မှနာရီလေးကို ငုံ့ကြည့်ရင်း မထီတရီလေး ပြုံး၏။

"အခုပဲ တစ်နာရီထိုးတော့မယ် နင်အခုထိ ဘာမှမပြင်ဆင်ရ ...ဘူးလား၊ ဒါဆိုရင်တော့ ဘိုးဘိုး ဒေါကန်မှာပဲ၊ ဧည့်သည်တွေလာရင် ...မှစားစရာ မရှိမှတော့ နင်အလုပ်ပြုတ်ပြီပေါ့"

သူမ သူ့ကို ချောင်ပိတ် ချောက်တွန်းနေပြီ။ သုံးနာရီမျှ အချိန် ...မှာ သူ စီစဉ်ချက်ပြုတ်ရမည်ဆိုတာ တော်တော် မလွယ်သောကိစ္စ ...၏။



www.burmeseclassic.com

www.burmeseclassic.com



"မမလေး ကျွန်တော့်ကို ဒုက္ခပေးတာပေါ့လေ၊ ပြဿနာမရှိ... ပြည်တမာန်က လွယ်လွယ် အရှုံးပေးတတ်တဲ့ကောင်မဟုတ်ဘူး"

သူ့စကားကြောင့် သူမ လှောင်ပြုံးလေးပြုံးကာ လက်ကသော... ပိုက်လိုက်သည်။ ချိုင်းပြတ်အင်္ကျီ အကြွပ်အနက်ရောင်လေးကို စကာ... အနီတိုတိုလေးနှင့် တွဲဝတ်ဆင်ထားတာမို့ သူမ အသားရောင်ဝင်းဝ... တွေ ထင်ပေါ်နေသည်။

ဘယ်လိုကြည့်ကြည့် အပြစ်ဆိုရက်စရာမရှိအောင် မိုးနတ်... သာကီ လှပပါသည်။

ညစ်ပတ်သော စိတ်ဓာတ်လေးသာ မရှိလျှင် တကယ်ကို ချစ်... ရာကောင်းမည့် ကောင်မလေးပါပဲ။

"စောင့်ကြည့်မယ်လေ ရှင် အလုပ်ပြုတ်သွားတာကို မိုးနတ်... ပျော်ပျော်ကြီး ကြည့်မယ် အဟင်း ဟင်း"

သူချာခနဲ လှည့်ထွက်ခဲ့တော့ မီးဖိုခန်းထဲမှ ထွက်လာသော... ဒေါ်သီတာကိုတွေ့သည်။ သူဘာမှ မပြောရသေးခင်မှာ မိုးနတ်က

"ဒေါ်သီတာ ရှင်ဘာမှ ဝင်ကူစရာမလိုဘူးနော်၊ မိုးနတ်စကာ... နားမထောင်ရင် ဆယ့်ငါးနှစ်လုံးလုံး ဒီအိမ်ကြီးမှာ အလုပ်လုပ်လာပြီး... အလုပ်ပြုတ်သွားမှာ မမေ့နဲ့"

မိုးနတ်သာကီ ကြိမ်းဝါးသံကို သူကြားနေရပါသည်။ သူမလော... ကတော့ သူ့ကို ဒုက္ခပေးနေပြီ။

မီးဖိုခန်းထဲမှာ ဧည့်သည်တွေအတွက် ဝယ်ခြမ်းထားသော...





...ငါး သီးနှံစိမ်းတွေရှိနေသည်။ မနက်ကတည်းက ဦးဂွန် ဝယ်ထား...ခြင်း၏။ ဟိုတယ်က စားဖိုမှူးကိုလည်း ခေါ်ထား၏။

ဒါပေမဲ့ အခုတော့ ထိုစားဖိုမှူး မရှိတော့တာကို ပွဲရောက်နေ...သော ဦးဂွန်ခမြာ သိရှာမည်မဟုတ်ပါ။

မင်း ငါ့ဒုက္ခရောက်နေမှာကို ကျေကျေနပ်နပ် ကြည့်နေမှာ...သား မိုးနတ်သာကီ။

■ ■ ■

"မောင်ဂွန် ငါတို့ ညနေစာ ပြင်ဆင်လိုက်ပါ"

ဧည့်ခန်းထဲမှာ နိုင်ငံခြားသား ဧည့်သည်သုံးဦးနှင့်အတူ စကား...ပြောနေရင်း ဘိုးဘိုး ဦးဂွန်ကို လှမ်းပြော၏။

"ဟုတ် ဟုတ်ကဲ့ ဆရာကြီး"

မလှမ်းမကမ်းမှ အခြေအနေကို ပြောပြဖို့ ရပ်စောင့်နေသော ...ဂွန် မျက်စိမျက်နှာ ပျက်နေတာကို မိုးနတ် သိသည်။

ပွဲက ဦးဂွန် ပြန်ရောက်ချိန်မှာ ညနေ လေးနာရီကျော်နေပြီ ... စားဖိုမှူးကိစ္စ သိသွားချိန်မှာ ဘာမှမတတ်နိုင်ခဲ့။

မိုးနတ်ကိုလည်း အပြစ်မဆိုရဲတာမို့ ဘိုးဘိုးကိုပဲ အရိပ်ကြည့်...နေခဲ့၏။ အခုတော့ ဦးဂွန် ခေါင်းကြီးငုံ့ ရပ်နေ၏။

ဘိုးဘိုးက ဦးဂွန် မျက်နှာရိပ်ကို အကဲခတ်မိသွားဟန်နှင့်...နားသို့ လျှောက်သွားသည်။

"ဘာ ပြဿနာရှိနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ဟို ဒီလိုပါ"

မိုးနတ် အနောက်က လျှောက်လာတာ မြင်လိုက်၍ ဦးဥ
နှုတ်ဆိတ်သွားခဲ့သည်။ ဘိုးဘိုးက မိုးနတ်ကို လှည့်ကြည့်၏။

မိုးနတ် ပြုံးပြုံးလေး ဘိုးဘိုးကို ဖြေလိုက်ပါသည်။

"ဘာပြဿနာမှ မရှိပါဘူး ဘိုးရဲ့ ဒီညေ့ခံပွဲကို အပြည့်အ
တာဝန်ယူပေးသူက မြေးရဲ့သက်တော်စောင့်သစ် ပြည်တမာန်လေ"

"ဘယ်လို ပြည်တမာန်က"

"ဟုတ်တယ် ဘိုးရဲ့ သူက ဟိုတယ်မှာ စားဖိုမှူးလုပ်ဖူးတာ
လက်စွမ်းပြခွင့်ကောင်းတယ်၊ အဲဒါ သမီး ခွင့်ပြုလိုက်တာ၊ ဘိုး
စပါယ်ရှယ် လက်ရာနဲ့ သုံးဆောင်ကြရမှာပါ"

ဘိုးဘိုး လက်မောင်းကို နိုမှီကာ မိုးနတ် ကြည်ကြည်နူး
လေး ပြောလိုက်သည်ကို ဦးဥ္ဆန် မျက်စိမျက်နှာပျက်နှင့် ကြည့်နေခဲ့
ဘိုးဘိုးက ညေ့သည် သုံးဦးကိုခေါ်ကာ ထမင်းစားခန်း
အလှမ်းမှာပဲ

"ဘိုးဘိုးတို့ အေးချမ်းစွာ စားသောက်နိုင်အောင် လေသာ
ဆောင်မှာ ညစာစားပွဲ ပြင်ဆင်ထားပါတယ် ခင်ဗျာ"

အနောက်တိုင်းဝတ်စုံ မီးခိုးရောင်နှင့် ပြည်တမာန် စကာ
ကြောင့် ဘိုးဘိုးကော မိုးနတ်ပါ အံ့သြသွားသည်။

"သိပ်ကောင်းတဲ့ စိတ်ကူးပဲ ကဲ ဘိုးဘိုးတို့ သွားကြရအောင်"

ရှေ့မှ ဦးဆောင် လှမ်းခေါ်သွားသော ပြည်တမာန်ကို မိုးနတ်





ကြည့်မိ၏။ မီးခိုးရောင်ကုတ်နှင့် အတွင်းမှ ရှပ်ဖြူကို အနီရောင်
တိုင် တပ်ဆင်ဝတ်ထားသော စတိုင်လ်က ကြည့်ကောင်းသည်။

မီးဖိုထဲမှာ ချွေးတလုံးလုံးနှင့် ပေကျံနေမည်ထင်သော ပြည်တ
က စမတ်ကျလို့နေတာ အံ့သြမိ၏။

သင်း ဘာတွေ ကြံစည်ထားသည်လဲ။ ဟိုတယ်က အစားအစာ
ဝယ်မရအောင် မိုးနတ် စောင့်ကြည့်ထားခဲ့တာပါ။

သူ အပြင်ထွက်ဝယ်တာလည်း မတွေ့။

အပေါ်ထပ်က လေသာဆောင်လေးကို ရောက်တော့ မိုးနတ်
အံ့သြလွန်းကာ ပါးစပ်လေး ပွင့်ဟသွားရ၏။

ရောင်စုံ မီးပုံးလေးတွေနှင့် ပြင်ဆင်ထားသော စားပွဲဝိုင်းကြီးက
သင့်ရှိနေ၏။

အမြင်လှအောင် ပြင်ဆင်ထားသော မီးပုံးလေးတွေ ပန်းခြင်း
တွေက ကြည့်ကောင်းသည်။ ဘိုးဘိုးကော ညေ့သည်တွေပါ ကျေနပ်
ပြုံးသွားကြတာ မိုးနတ် မြင်သည်။

"ထိုင်ကြပါ ခင်ဗျာ"

ပြည်တမာန် အသံကြားမှ ငေးမောနေမိကြသူများ သတိဝင်
ကာ ကျောမှီထိုင်ခုံတွေမှာ ဝင်ထိုင်လိုက်ကြ၏။

ထမင်းပန်းကန်တွေက စားပွဲပေါ်မှာ ငါးပန်းကန်အသင့်။ ခက်
ဇွန်း၊ ဖန်ခွက်ရှည်နှင့် ရှန်ပိန်ပုလင်းကြီး တစ်လုံးအပြင် လည်ရှည်
ခွက်လှလှလေးတွေ တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူက ဘိုးဘိုးနှင့် ညီ့သည်တွေကို ရှန်ပိန်ထည့်ပေးသည်
ပြီးတော့ မိုးနုတ်ကိုကြည့်ကာ

"မမလေး ရှန်ပိန် သုံးဆောင်ဦးမလား ခင်ဗျာ"

"ဟင့်အင်း ငါဗိုက်ဆာနေပြီ နှင့်လက်ရာတွေက ဘယ်မှာ

"လာနေပါပြီ မမလေး"

သက်တော်စောင့် လူငယ်သုံးယောက် ကြွေဇလုံကြီးတွေ သုံး
ဝိုက်ကာ ဝင်လာကြသည်။

ပြည့်တမာန်က ကြွေဇလုံကြီး တစ်လုံးအဖုံးကို ဖွင့်လိုက်
ရနံ့သင်းသင်း၊ အနံ့လေး သင်းခနဲ လွင့်လာ၏။

အားလုံး ကြွေဇလုံထဲ လှမ်းကြည့်လိုက်ကြတော့ စားချင်စ
ထမင်းကြော်တွေ

"အဲဒါ ထမင်းကြော် မဟုတ်လား"

မိုးနုတ်မေးတော့ သူ ခေါင်းလေးညိတ် ပြုံးပြရင်း

"ဟုတ်ကဲ့ ဒါ ရိုးရိုးထမင်းကြော် မဟုတ်ပါဘူး။ မီရှယ်လန်
ထင်ရှားတဲ့ စားဖိုမှူးကြီး အလန်ဒူးဗစ်ရဲ့ နာမည်ကျော်ကြားဆုံး လက်
ပါ"

ပြည့်တမာန်၏ ခပ်ကြွားကြွား စကားကြောင့် မိုးနုတ် မျက်
လေး ရှုံ့မဲ့ပစ်ရင်း

"ရှင်ပေါက်ကရတွေ မပြောစမ်းပါနဲ့၊ ဒီနာမည်မျိုး တစ်ခ
မကြားဖူးဘူး"





"မမလေး မကြားဖူးပေမယ့် အခုစားဖူးတော့မှာပါ၊ ဒီထမင်း
ကြော်က အသီးအရွက်စုံ၊ အသား၊ ငါး၊ ပုစွန်ရယ်ကို စားဖိုမှူးကြီး
န်ဒူးဗစ်ရဲ့ နည်းစနစ်အတိုင်း ကြော်ထားတာပါ"

"ကဲ နင့်ကြွားလုံးတွေ အသာထားစမ်းပါ၊ အခု ငါတို့စားရမှာ
ကြော် တစ်မျိုးတည်းလား"

"ဘယ်ဟုတ်မှာလဲ မမလေးရဲ့"

ပြည့်တမာန် စကားဆုံးမှာ သက်တော်စောင့် သုံးယောက်
သင်ပန်းတွေ ကိုင်ကာ ထွက်လာကြသည်။

ပူပူနွေးနွေး ဟင်းပွဲတွေက စားပွဲကြီးပေါ်မှာ စုံလင်သွားခဲ့သည်။
ပုစွန်၊ သီးနှံကြော် ဟင်းလျာတွေက စုံလင်လှသည်။

"အချိုကြော်၊ ချဉ်စပ်ကြော် နှစ်သက်ရာကို သုံးဆောင်နိုင်ပါ
သည်၊ အရည်သောက်ဟင်းချိုပွဲလည်း သုံးဆောင်ပါခင်ဗျာ"

မိုးနုတ် အံ့သြပြီးရင်း အံ့သြရသည်။ ပြည့်တမာန် ဒီလောက်
င်းတွေ စုံလင်အောင် ချက်ပြုတ်တတ်မည် မထင်ခဲ့ပါ။

မိုးနုတ် ဟင်းတွေကို နှိုက်ယူမစားဖြစ်သေးပေမယ့် ဘိုးဘိုးနှင့်
ညီ့သည်တွေကတော့ အားပါးတရ စားသောက်နေကြသည်။ ပြည့်တ
မာန်က မိုးနုတ်ကို ခပ်ပြုံးပြုံး အကဲခတ်ကြည့်နေရင်း

"မမလေး စားလေ၊ ဟောဒီမှာ ကြက်အသည်းအမြစ် အချို
ကြော်လေးပါ မမလေး ကြိုက်မှာပါ"

ပြည့်တမာန် အသည်းအမြစ်ဟင်းတွေ မိုးနုတ် ပန်းကန်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ခပ်ထည့်ပေး၏။ ဘိုးဘိုးက ပလုပ်ပလောင်း စားနေရင်း မိုးနှ
လှမ်းကြည့်ကာ

"မြေး စားကြည့်စမ်း တကယ်အရသာရှိတဲ့ ဟင်းတွေပဲ
တမာန် ဒီလောက်ချက်တတ်မယ်မှန်းဝေ့ခင် ဘိုးဘိုး ထင်မထား
မင်း တကယ်တော်တယ်"

ဘိုးဘိုး နှုတ်က ချီးကျူးလောက်အောင် ပြည့်တမာန် တော်
စားကြည့်မှပဲ မိုးနတ် လက်ခံမိပါတော့သည်။

မိုးနတ် နှစ်နှစ်ခြိုက်ခြိုက် စားသောက်နေတာမြင်တော့
ဟင်းလျာတွေ တစ်မျိုးပြီးတစ်မျိုး ထပ်ထည့်ပေးနေသည်။

"မမလေး စားသောက်ရတာ အဆင်ပြေရဲ့လား"

"ပြေတယ် ပြေတယ် ရှင် အရမ်းအရမ်းတော်တယ် ပြ
တမာန်"

မိုးနတ် အမြင်ကပ်ကပ်နှင့် ဘုဆတ်ဆတ်လေး ပြောမိတော
ပြည့်တမာန် ကျေကျေနပ်နပ်ကြီးပြုံးရင်း ရေဖန်ခွက်လေးကို ကမ်းပေ
နေသည်။

မိုးနတ်ကို အလိုက်တသိ အရိပ်ကြည့် ဂရုစိုက်ပြနေတာ ပြည်
တမာန် တမင်ပဲ ရိသဲ့သဲ့ လှောင်ပြောင်နေတလား မသိပါ။ မိုးနတ်
မမျိုသိပ်နိုင်တော့ဘဲ မေးမိ၏။

"ပြည့်တမာန် ရှင် အမှန်ပြောစမ်းပါ၊ ဒီဟင်းလျာတွေကို ရှင်
ချက်တာမှ ဟုတ်ရဲ့လား"





"ကျွန်တော်ကိုယ်တိုင် ချက်တာပါ မမလေး။ ကျွန်တော်နဲ့
ကျောင်းနေဖက် သူငယ်ချင်းရဲ့အဖေက ဟိုတယ်ကြီးတစ်ခုက နာမည်
ကျော် စားဖိုမှူးကြီးပါ၊ ကျောင်းပိတ်ရက်တိုင်း သူ့ဆီက ကျွန်တော်
သင်ထားတာပါ"

မိုးနတ် အံလေးကြိတ်ကာ မချိပြုံးလေး ပြုံးလိုက်ရပါသည်။
မိုးနတ် အပိုင်တွက်ဆကာ သင်းကို ချောက်ချသော ကိစ္စကြီးက မ
အောင်မြင်ခဲ့ပါ။

စားဖိုမှူးသူ့လက်ရာကို ဘိုးဘိုးကော ဒေါ်သည်တွေပါ သဘော
ကျ ချီးကျူးမဆုံး ဖြစ်နေကြသည်။ ဦးဂျွန်ကိုယ်တိုင်လည်း ကျေနပ်
နှုတ်နှာကြီးနှင့် ရှိ၏။

"မောင်တမာန် သိပ်တော်တယ်၊ မင်းရဲ့အရည်အချင်းအတွက်
ဆုငွေတစ်သိန်း ဘိုးဘိုး ဆုချမယ် ဟုတ်လား"

"ကျေးဇူးတင်ပါတယ် ဘိုးဘိုး"

ဘိုးဘိုးကတောင် သူ့ကို ဆုငွေတစ်သိန်း ချသည်တဲ့၊ တကယ်
နှန်းစရာကောင်းလိုက်တာ။

"မမလေး"

"ဘာလဲ"

"မမလေးကိုလည်း ကျွန်တော် ကျေးဇူးတင်ပါတယ်"

လက်နှစ်ဖက်နောက်ပစ်ကာ ရိုရိုကျိုးကျိုးလေး ပြောလာသော
သူ့ကို မိုးနတ် မျက်မှောင်လေးကျုံ့ကာ ကြည့်ပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ကြည်လင်သော မျက်ဝန်းလေးတွေနှင့် ပြုံးနေ သည်။ မျက်ခုံးတန်းတန်းလေးနှင့် ရှင်းသန့်နေသော သူ့ရုပ်သွင်ကတော့ မင်းသားတစ်ယောက်လို ချောမောလွန်းသည်။

ယောကျ်ားလေးတန်မယ့် အစက်အပျောက် ကင်းစင်နေသော မျက်နှာပေါ်က နှာတံ၊ နှုတ်ခမ်း တို့သည် အပြစ်ရှာလို့ မတွေ့အောင် ကြည့်ကောင်းသည်။ နှုတ်ခမ်းနှင့် ပါးသိုင်းတစ်လျှောက် စိမ်းမြမြ မုတ် ဆိတ်ရာရေးရေးကြောင့် ပိုလို့ ယောကျ်ားပီသသည်။

မြင့်မားသော အရပ်အမောင်းနှင့် လိုက်ဖက်သော ခန္ဓာကိုယ်က ကျစ်လျစ်သန်မာသည်။ ပြီးတော့ ပြည်တမာန်သည် ကိုယ်ခံပညာကိုလည်း တတ်မြောက်သည်တဲ့။ ဒါကြောင့်လည်း ဘိုးဘိုး နှစ်သက်သဘောကျ သွားတာ ထင်သည်။

သူတို့ မောင်နှမအကြောင်းကို ဘိုးဘိုး ပြောပြမှပဲ မိုးနတ် သိရကာ စာနာသနားမိ၏။ မိုးနတ်ကြောင့် ဒုက္ခရောက်တော့မည့် သူတို့ မောင်နှမကို ဘိုးဘိုးက ကူညီပေးခဲ့၏။

ငိုးနတ် သူ့ကို မကျေနပ်ဘူးဆိုသည့်တိုင် ခါးခါးသီးသီး မုန်းတီး တာမျိုးတော့ မရှိပါ။

အနိုင်ယူချင်သော ဝသီကြောင့် သူ့ကို အနိုင်ယူချင်တာပဲဖြစ်၏။ တကွေ့ကွေ့တော့ တွေ့ကြဦးမှာပေါ့ ပြည်တမာန်။

■ ■ ■



အခန်း (၁၂)

"မြေး ဘာလို့ မောင်တမာန်ကို ဒုက္ခပေးရတာလဲ"

နောက်တစ်နေ့မနက် ကော်ဖီဝိုင်းမှာ ဘိုးဘိုး မေးလာသည်။ ဦးချွန် ပြောလိုက်တာဟု မိုးနတ် ချက်ချင်း သဘောပေါက်ပါသည်။

"အမြင်ကတ်လို့ တမင်လုပ်လိုက်တာ"

ဒင်းဆမ်း အသားပေါင်းတစ်တုံးကို ခက်ရင်းလေးနှင့် ထိုးစား ရင်း မိုးနတ်ပြောတော့ ဘိုးဘိုး ခေါင်းကိုခါရင်း

"အဲဒီလို မလုပ်ရဘူး။ မြေးချစ် မောင်တမာန်က မြေးအတွက် သင့်တော်တဲ့ ကိုယ်ရံတော်လို့ ဘိုးဘိုးယုံတယ်၊ ပြီးတော့ သူက လူကြီး ဆန်ပြီး ဆင်ချင်တုံတရားရှိတယ်"

မိုးနတ် နှာခေါင်းကလေးရှုံ့ မျက်နှာလေးမဲ့ပစ်ရင်း ကော်ဖီခွက်



www.burmeseclassic.com

www.burmeseclassic.com



ကို မော့သောက်နေလိုက်သည်။

"ဘိုးဘိုးက မြေးကို တည်ငြိမ်လေးနက်စေချင်ပြီ၊ မြေးကို စိတ်ချလက်ချ ရှိစေခဲ့ချင်လို့ အိမ်ထောင်ချပေးတော့လည်း မြေး လက်မခံဘူး"

"မိုးနတ်မှ အိမ်ထောင် မပြုချင်သေးတာကို ဘိုးရဲ့"

"လူဆိုတာ တစ်ယောက်တည်း နေသွားလို့ မရဘူးလေ"

"ဘိုးဘိုးနဲ့ တစ်သက်လုံးနေမှာပေါ့"

မိုးနတ်က ကလေးလေးတစ်ယောက်လို ခပ်ချွဲချွဲလေး ပြောတော့ ဘိုးဘိုး သဘောကျသလို ပြုံးသွားသည်။ ဘိုးဘိုးဆိုလျှင် မိုးနတ်က အမြဲနွဲ့ဆိုးဆိုးနေကြ ဖြစ်သည်။

ဘိုးဘိုးကလည်း မိုးနတ်ကို ကလေးတစ်ယောက်လို အမြဲ အလိုလိုက်နေကြပါပဲ။

"မြေးပြောသလို ဘိုးဘိုးနဲ့ တစ်သက်လုံးနေလို့ မရဘူး၊ ဘိုးဘိုးက အသက်ကြီးပြီ၊ မြေးအနားမှာ အမြဲတမ်း ဘယ်လိုလုပ်ရှိနိုင်မှာလဲ၊ ဘိုးဘိုး မရှိတော့ရင် မြေးတစ်ယောက်တည်း ကျန်ရစ်ခဲ့မှာ"

"ဟာ ဘာတွေပြောနေတာလဲ ဘိုးရယ်၊ ဘိုးဘိုး ဘာမှမဖြစ်ဘူး၊ ကျန်းမာလို့ ဒေါင်ဒေါင်မြည်နေတာပဲ၊ အဝေးကြီးကို ကြိုတွေးမနေပါနဲ့ဘိုးရယ်၊ ကဲ မိုးနတ် မြင်းစီးသွားမလို့"

"မြင်းစီးတာတော့ ဘိုးဘိုး သဘောမကျဘူး၊ ပြုတ်ကျရင် အန္တရာယ်များတယ်နော် မြေး"





"စိတ်မပူပါနဲ့ ဘိုးဘိုးရဲ့ ဒိုးလေးက လိမ်မာပါတယ်"

မြင်းစီးရတာ ဝါသနာပါသော မိုးနတ်ကို ဘိုးဘိုးက စိတ်ပူပေ ယ့် ဒိုးလေးဆိုသော ကိုယ်ပိုင်မြင်းကောင်း တစ်ကောင်တော့ ဝယ်ပေး ားသည်။

အခုလည်း မိုးနတ် ဆန္ဒကို ဘိုးဘိုး မတားနိုင်ရှာပါ။

"မြေး မောင်တမာန်ကို ခေါ်သွားနော်၊ သတိလည်း မပြတ်နဲ့၊ ချမ်း ဒုန်းစိုင်းမစီးနဲ့ ဟုတ်လား"

"ဟုတ်"

ခေါင်းလေးတစ်ချက်ညိတ်ပြကာ မိုးနတ် အခန်းဘက် သုတ် သုတ်လေး လှမ်းခဲ့လိုက်သည်။

ဂျင်းနက်ပြာ ဘောင်းဘီရှည်နှင့် အစိမ်းကွက် ရှပ်အင်္ကျီလေးကို မိုးနတ် ဝတ်ဆင်လိုက်သည်။ ပြီးမှ အပေါ်က သားရေနက် လည်သာ သက်ပြတ်ကုပ် ခါးတိုလေး ထပ်ဝတ်လိုက်သည်။

အနီရောင် လျှာထိုးဦးထုပ်လေး ဆောင်းလိုက်တော့ မိုးနတ် အားလုံးအသင့် ဖြစ်သွားခဲ့ပြီ။

ဘာမှ ခြယ်သစရာ မလိုတဲ့ ပင်းမွတ်နေသော မျက်နှာလေးကို မှန်ထဲမှာ တစ်ချက်ကြည့်ကာ မိုးနတ် အခန်းထဲက ထွက်ခဲ့လိုက်သည်။

ဧည့်ခန်းထဲမှာ ဘိုးဘိုးနှင့်အတူ စောင့်နေသော ပြည်တမာန်ကို တွေ့လိုက်ရသည်။ ဂျင်းဘောင်းဘီအနက်ကို အဖြူရောင် တီရှပ် လက်တို နှင့်တွဲကာ ဝင်ဆင်ထားသော သူ့စတိုင်က ကြည့်ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုး သူ့ကို အမှာတော်ခြွေထားပြီဆိုတာ မိုးနတ် သဘော ပေါက်ပါသည်။

မြင်းတွေထားသော ခြံကို ကားဖြင့်သွားကြမည်ကို သိနေသော သူက မိုးနတ်အနား လျှောက်လာရင်း

"အဆင်သင့်ပါ မမလေး"

မိုးနတ် ဘာမှမပြောဘဲ ကားဆီလျှောက်ခဲ့တော့ သူ ခြေလှမ်း ကျဲကြီးတွေနှင့် ကားတံခါးကို ဖွင့်ပေးသည်။

မိုးနတ် တက်ထိုင်တော့ တံခါးပြန်ပိတ်ပေးကာ ရှေ့ခန်းက မောင်းသူနေရာမှာ ဝင်ထိုင်၏။

မြင်းခြံဝင်းက ဘယ်မှာရှိသည်ကို ဘိုးဘိုးကို မေးထားသည် ထင်၏။ မိုးနတ်ကို ဘာမှမမေးဘဲ သူ ကားကို မောင်းနေသည်။

မိုးနတ် မျက်ဝန်းတွေကို ကားတံခါးအပြင်ဘက် မြင်ကွင်းတွေ ဆီ ပို့ထားရင်း ငြိမ်သက်စွာပဲ လိုက်ခဲ့လိုက်သည်။

မင်္ဂလာဒုံဘက်ကို ကားလေး ရောက်လာသည်အထိ မိုးနတ် ကိုယ့်အတွေးနှင့်ကိုယ် နစ်မျောနေခဲ့၏။ သတိရ၍ သူ့ကိုလှမ်းကြည့်တော့ မိုးနတ်ကို ကြည့်နေသော သူ့မျက်ဝန်းတွေကို နောက်ကြည့်မှန်ထဲမှာ မြင်ရ၏။

"ခြံက ဘယ်အနားမှာ ရှိတာလဲ မမလေး"

"ဒုက္ခပဲ ရှင်က သိသလိုလိုနဲ့ မောင်းလာတာပေါ့လေ"

"ဘိုးဘိုးက မင်္ဂလာဒုံဘက်လို့ ပြောလိုက်တယ်၊ ဘယ်လမ်းဆို





တာပဲ ညွှန်ပြပေးပါ၊ ကျွန်တော် အရောက်ပို့နိုင်ပါတယ် မမလေး"

မိုးနတ် လမ်းအမည်နှင့် ခြံအမှတ်ကို ပြောလိုက်တော့ သူ မျှော်ဘဲ မောင်းနိုင်သည်။ တက္ကစီတောင် မောင်းလာသူဆိုတော့ နေရာ တွေ ကျွမ်းကျင်ပေမည်ပေါ့။

သည်ခြံကြီးက ဘိုးဘိုးပိုင်သည့် ခြံကြီးဖြစ်ကာ ပေသုံးရာ ကျော် ကျယ်ဝန်းသည်။

ဘိုးဘိုး၏လူယုံတော်ကြီးမိသားစု နေထိုင်ကာ ခြံထဲမှာ စားပင် ကြီးတွေ မြောက်မြားစွာရှိသည်။ မိုးနတ် စီးသော ဒိုးလေးနှင့် နောက် ဆပ် အထီးအမ တစ်စုံကို ဘိုးဘိုး မွေးထားသေးသည်။ မြင်းစီးဝါသနာ သည်လည်း ဘိုးဘိုးဆီက မိုးနတ် အမွေရထားခြင်းဖြစ်၏။

ဘိုးဘိုး ငယ်စဉ်က ဒီခြံကြီးမှာ ပြိုင်မြင်းတွေ မွေးဖူးသည်။

"ကဲ ရှင် ဒီခြံထဲကပဲစောင့်၊ ကျွန်မ မြင်းစီးပြီးရင် ပြန်လာခဲ့ မယ်"

"မမလေးက ခြံထဲမှာပဲ စီးမှာမဟုတ်ဘူးလား"

"မဟုတ်ဘူး ဒီကားလမ်း ဟိုဘက်မှာ တောလမ်းရှိတယ်၊ အဲဒီမှာမှ စီးလို့ကောင်းတာ"

"ဒါဆို ကျွန်တော်လည်း လိုက်မှာပေါ့၊ ကိုယ်ရံတော်ဆိုတာ အနားမှာ ရှိသင့်တယ်"

သူ့စကားကြောင့် မိုးနတ် မျက်ခုံးလေး ပင့်တက်သွားရင်း

"ဘာလဲ ရှင့်ကိုပါ ကျွန်မက မြင်းပေါ်ခေါ်တင် သွားရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ငြိမ်းအပိုရှိတယ် မဟုတ်လား၊ ကျွန်တော်တ ကောင်စီးမှာပေါ့"

မိုးနတ် အံ့ဩသွားမိသည်။ ပြည့်တမာန်က မြင်းစီးတတ်သည် တဲ့။

"ရှင်မြင်းစီးတတ်တယ်ပေါ့ ထင်တောင်မထင်ဘူး"

ကျွန်တော်က ဂျိုကာလေ မမလေးအတွက် မရှိဘူး မဖြစ်ဘူး ဆိုတာ မရှိစေရဘူး"

"တော်တော် အပြောကြီးပါလား"

မိုးနတ် ခပ်ယဲ့ယဲ့လေးပြောကာ မြင်းဖောင်းဘက် ထွက်ခဲ့တော့ သူ့အနောက်က တစ်ဖဝါးမခွာ ပါလာသည်။

ဒိုးလေးကို မိုးနတ်စီးတော့ သူက သွေးနီ ဆိုသောမြင်းထီး တစ်ကောင်ကို စီးသည်။

ခြံထဲမှာထွက်ကာ ကားလမ်းမအတိုင်း ခပ်ဖြည်းဖြည်း ထွက်ခဲ့ ကြသည်။ လူနေအိမ်တွေ မရှိသလောက်ရှားကာ ခြံဝင်းကျယ်ကြီးများ နှင့် မြေလွတ်၊ မြေရိုင်းများပေါ်သော နေရာလေးမို့ မိုးနတ် သဘောကျ ပါသည်။

တစ်လတစ်ခါလောက်တော့ မိုးနတ် ဒီခြံကိုရောက်ကာ မြင်းစီး တက်သည်။ မြို့ပြ၏ အရိပ်တို့ ကင်းစင်သော နေရာလေးပါပဲ။

ကားလမ်းဘေးကပ်ကာ စီးခဲ့ရင်း အမိုးပွင့်ကားလေး တစ်စီး မျက်နှာချင်းဆိုင်က လာနေတာကို မိုးနတ် သတိထားမိသည်။





အနားရောက်လာသော အမိုးပွင့်ကားနီလေးပေါ်မှာ မောင်းနှင် ူက တစ်ယောက်တည်း။ ထိုလူရွယ်၏ မျက်နှာကို မြင်လိုက်တော့ ရင်ထဲမှာ လှုပ်ခနဲ ခုန်သွား၏။

"ဟင် သူ"

ကားလေးက မိုးနတ်တို့ကို ဖြတ်ကျော်သွားပြီး မိုးနတ်မြင်းဇာတ် နောက်ပြန်လှည့်လိုက်၏။

"မမလေး ဘာဖြစ်လို့လဲ"

တမာန် မေးတာကို မဖြေနိုင်သေးပါ။ ခပ်လှမ်းလှမ်းရောက်နေ သော ကားနောက်သို့ မိုးနတ် ဒိုးလေးကို ကဆုန်စိုင်းစေကာ ခဲ့မိတော့သည်။

"ခွပ် ခွပ် ခွပ် ခွပ်"

ကဆုန်ပေါက် ဒုန်းစိုင်းသော ဒိုးလေးရဲ့ ခွာသံတွေက ဆူညံသွား

"မမလေး နေ နေဦးလေ"

တမာန် အော်သံနှင့်အတူ အနောက်က လိုက်လာမှန်း မြင်းနှစ် ကြွင့်ထင်၏။ ရှေ့ကမောင်းနှင်နေသော အမိုးပွင့်ကားနီလေး စက် လျှာကျကာ ထိုးရပ်သွား၏။

ကားလေးအနားမှာ မိုးနတ်လည်း ဒိုးလေးကို ဇာတ်ကြိုးဆွဲ လိုက်သည်။ အနောက်က ကပ်ပါလာသော တမာန်ရဲ့ မြင်းကလည်း တန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ် မျက်ဝန်းတွေက ကားပေါ်မှ လူရွယ်ကို စူးစူးစိုက်
ကြည့်နေမိဆဲ။

တကယ့်ကို တူလွန်းပါသည်။ ဆံပင်တိုတိုနှင့် ပန်းနု
သမ်းနေသော မျက်နှာပေါ်က မျက်ဝန်းတွေ၊ နှာတံတွေက စောဂျွန်
မှ စောဂျွန်နောင်ပါပဲ။

ထူပြည့်ပြည့် နှုတ်ခမ်းတွေနှင့် ဘယ်ဘက်မေးစပ်က မှဲ့နက်
လေးကြောင့်သာ ကွဲပြားသွားခဲ့ခြင်း ဖြစ်၏။

''ကျွန်တော့်နောက်ကို လိုက်လာကြတာလား ဘာကိစ္စရှိ

မိုးနတ်နှင့် တမာန်ကိုကြည့်ကာ လူရွယ်က နားမလည်နိုင်
မေးလာသည်။ သည်တော့မှ မိုးနတ် သတိလေးဝင်လာရကာ

''ဟို ဆောရီးပါရှင် စိတ်မရှိပါနဲ့၊ ကျွန်မရဲ့ မိတ်ဆွေနဲ့
သွားလို့ပါ''

မိုးနတ် ကသောကမျောလေး တောင်းပန်လိုက်တော့ လူ
နှုတ်ခမ်းလေးတွေ လှုပ်ခတ်ပြုံးသည်။

''မသိပါဘူးဗျာ၊ ဘာများဖြစ်လို့လဲလို့ ခင်ဗျား မိတ်
ကျွန်တော်က အတော်ဆင်တယ် ထင်ပါရဲ့''

သူ့အပြုံးတွေက စောဂျွန်နောင်ရဲ့ အပြုံးလေးတွေကို ပြန်
ရစေတာမို့ မိုးနတ်ရင်ထဲ ထိရှစေပြန်၏။

''ဟုတ် ဟုတ်ကဲ့ရှင့် တောင်းပန်ပါတယ်၊ ကျွန်မကြောင့်
အနှောင့်အယှက် ဖြစ်သွားခဲ့ရင်''





''ရပါတယ်ဗျာ ပြဿနာမရှိပါဘူး''

''ခွင့် ခွင့်ပြုပါဦးရှင်''

မိုးနတ် လေသံတိမ်တိမ်လေးနှင့် တောင်းပန်ကာ မြင်းကို
ည့်ထွက်လိုက်၏။

''ဆောရီးနော် မိတ်ဆွေ''

တမာန်ကလည်း တောင်းပန်စကားဆိုကာ မိုးနတ်နှင့်အတူ
ကို ဖက်ကြိုးလှည့် ပြန်လိုက်လာ၏။

''ကျွန်တော်က ဘာများဖြစ်တာလဲလို့ စိုးရိမ်သွားတာ''

မိုးနတ်နှင့်အတူ ဘေးချင်းယှဉ်စီးလာရင်း တမာန်ပြောသည်။
တ် ကိုယ့်ခံစားချက်နှင့်ကိုယ် ဝဲတက်လာသော မျက်ရည်တွေကို
ထိန်းနေရသည်။

ဒါပေမဲ့ မျက်ရည်တစ်စက်က ပါးပြင်နုနုပေါ် လွင့်ခနဲ ကြွေကျ
ခဲ့သည်။

''ဟင် မမလေး ငိုနေတယ်''

တမာန် တအံ့တသြမေးသည်။ မိုးနတ် လက်ဖမိုးနှင့် မျက်ရည်
ကို ပွတ်သုတ်ပစ်သည်။ ပြီးတော့ မြင်းကိုရပ်ကာ ဆင်းသည်။

တမာန်ကလည်း မိုးနတ် ပြုမူသည့်အတိုင်း မြင်းပေါ်က ဆင်း
အတူယှဉ်လျှောက်သည်။ မိုးနတ်ကိုတော့ ဘာစကားမှ ထပ်မမေးရာ

''တော်ပြီ ဒီနေ့ မြင်းမစီးချင်တော့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"မမလေး နားပါ။ ကျွန်တော်မြင်းတွေ သွားသွင်းလိုက်ဦးမယ်
တမာန် အလိုက်တသိနှင့် မိုးနတ်ရဲ့ ဒိုးလေးကိုပါ ဆွဲ
မြင်းဇောင်းဘက်ထွက်သွားသည်။

မိုးနတ် သစ်ပင်ကြီးအောက်က သစ်သားခုံတန်းလေးမှာ
ထိုင်လိုက်သည်။

အချိန်ဆိုသော သမားတော်က မိုးနတ်ရင်ထဲက ဒဏ်ရာ
မကုစားနိုင်သေးတာ သေချာသည်။ ဘိုးဘိုး ဆိုခဲ့သလို မိုးနတ် စော
နောင်ကို မေ့လို့မရသေးပါလား။

တကယ်ဆို စောလွှန်နောင်က သေသွားခဲ့ပြီ။ လောကကြီး
မရှိတော့သူကို မိုးနတ် သတိလက်လွတ် ဖြစ်သွားခဲ့သည်။

ဘယ်လောက်ပဲ ရုပ်သွင်တူစေဦးတော့ စောလွှန်နောင် မဟုတ်
နိုင်တာ မိုးနတ် သိသင့်သည်။ အခုတော့ သတိလွတ်ကင်းကာ ဒုန်း
လိုက်မိသည့် အဖြစ်။

"မမလေး ဒီမှာ သံပုရာဖျော်ရည်လေး သောက်လိုက်ဦး
ခြံစောင့် ဦးလေးကြီးဆီက ကျွန်တော်တောင်းလာတာပါ"

ဖန်ခွက်လေးကို မိုးနတ်ထံ ကမ်းပေးနေတာမို့ လှမ်းယူလိုက်
သံပုရာဖျော်ရည်လေး ငုံသောက်လိုက်မှ ရင်ထဲမှာ နေသာသွား၏။

"ကျေးဇူးပဲ တမာန်"

"မဟုတ်တာ ကျွန်တော်က မမလေးရဲ့ ကိုယ်ရံတော်
မမလေးအတွက် အသင့်ရှိရမှာပေါ့။ ဒီအတွက် ကျေးဇူးတင်ဖို့မလိုပါဘူး"





သူ့ရဲ့ အလိုက်သိ ဂရုစိုက်မှုအတွက် မိုးနတ် တကယ်ကျေးဇူး
...ကားဆိုမိတာကို လက်မခံသော သူ့ကို မိုးနတ် မကျေမနပ် မျက်
...တွေနှင့် မော့ကြည့်ရင်း

"မလိုဘူးလား။ ဒါဆို အဲဒီစကားကျွန်မ ပြန်ရုပ်သိမ်းတယ်
...ပြီလား"

ဘုဆတ်ဆတ်ပြောရင်း မိုးနတ် သံပုရာဖျော်ရည်ကို အကုန်မော့
...ကိုပြီး ဖန်ခွက်ကို ကမ်းပေးတော့ သူ ပြုံးစစနှင့် လှမ်းယူ၏။

"ရှင်က ဘာပြုံးတာလဲ"

"ဝမ်းသာလို့ပါ"

"ဘာရယ်"

"ဩော် မမလေး ပုံမှန်အတိုင်း ပြန်ဖြစ်သွားတာကို ဝမ်းသာ
...တာပါ။ စောစောက မမလေး တစ်ခုခုဝမ်းနည်းသွားတယ် မဟုတ်လား"

သူ့စကားကြောင့် မိုးနတ် တွေတွေလေးဖြစ်ကာ ညှိုးသွားတော့
...မာန် ကပျာကယာ ဆိုပြန်၏။

"ဆောရီး ကျွန်တော့်ကြောင့် မမလေး ပြန်သတိရသွားပြန်
...ပြီလား"

မိုးနတ် ပင့်သက်လေး ရှိုက်လိုက်သည်။ တကယ်ဆို ရင်ထဲမှာ
...နေသော ဝေဒနာတွေက မွန်းကြပ်နေပြီ။

"တမာန် ကျွန်မရှင့်ကို ပြောပြချင်တယ် နားထောင်မလား"

"ပြောပါ မမလေး နားထောင်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ် ထိုင်ခုံတစ်ဖက်စွန်းကို ရွှေ့ထိုင်ရင်း တမာန်ကို ထိုင် လက်ပြတော့ တမာန် ဝင်ထိုင်သည်။

"စောစောက ကျွန်မ သတိလက်လွတ် လိုက်သွားမိတဲ့သ ကျွန်မ အရမ်းသံယောဇဉ်ကြီးခဲ့ရသူနဲ့ အရမ်းတူတယ်"

"ဟုတ်လား မမလေး သံယောဇဉ်ကြီးခဲ့သူက အခုဘယ် လဲ"

"သူ ဆုံးသွားပြီ"

"ဗျာ"

မိုးနတ် ဘယ်သူ့ကိုမှ မပြောဖြစ်ခဲ့သော စကားတွေ သူ့ ရင်ဖွင့်ပြောပြတော့ သူ ငြိမ်သက်စွာ နားထောင်ပေးသည်။

"ကျွန်မဘဝမှာ အခင်ဆုံး သံယောဇဉ်အရှိဆုံး သူတစ်ယော ကို မထင်မှတ်ဘဲ ခွဲခွာခဲ့ရတယ်၊ စောစောက သူနဲ့တူတဲ့ လူတစ်ယော ကို တွေ့လိုက်တော့ ကျွန်မ သတိကင်းလွတ်သွားခဲ့တာပဲ"

"သြော် ကျွန်တော် နားလည်ပါပြီ၊ သူက မမလေးရဲ့ချစ်သူ သိပ်တူနေတာကိုး"

"ချစ်သူ အင်း ရှင်အဲဒီလို သတ်မှတ်ချင်လည်း ရပါတယ် ဒါပေမဲ့ စောလွှမ်းနောင်နဲ့ ကျွန်မက ချစ်သူတွေမဖြစ်ခဲ့ဖူးပါဘူး၊ သူတော ဆိုပေမယ့် ကျွန်မဘက်က အဖြေမပေးရသေးဘူးလေ၊ သေချာတာ သံယောဇဉ်တွေ နှိုင်မာခဲ့တာပဲ"

"အင်း ကျွန်တော် စိတ်မကောင်းပါဘူး မမလေး၊ ဒါပေ



…စောက ပုဂ္ဂိုလ်နဲ့ မမလေး ပြန်ဆုံချင်ဆုံနိုင်ပါသေးတယ်"

သူ့စကားကြောင့် မိုးနတ် ပြုံးလိုက်မိသည်။ ဒါ မိုးနတ်ကို …သိမ့်သော စကားလား။

"ဟင့်အင်း ကျွန်မ မမျှော်လင့်ပါဘူး၊ ပြန်ဆုံတော့လည်း သူက …လွှမ်းနောင်မှ မဟုတ်တာ၊ အခုလို သတိလက်လွတ်ဖြစ်စရာ နောက် …် မရှိတော့ပါဘူး"

မိုးနတ် စကားကို ခွန်းတုံ့မပြန်ဘဲ သူ နှုတ်ဆိတ်နားထောင် …ခဲ့ပါသည်။ ထိုအခိုက်မှာပဲ သူ့အိတ်ထဲက ဟန်းဖုန်းလေးက ထမြည် …။ မိုးနတ်ဆီမှာ အလုပ်ဝင်ကတည်းက ဘိုးဘိုးက သူ့ကို ဖုန်းတစ်လုံး …ထားခဲ့သည်။

"ခဏလေး ခွင့်ပြုပါ မမလေး"

သူ ခွင့်တောင်းကာ မလှမ်းမကမ်းမှာ ဖုန်းသွားပြောနေသည်။ …စကားသံတွေကိုတော့ မိုးနတ် ကြားနေရ၏။

"ဟဲလို"

"..."

"သြော် ညီမလေးလား အင်း ပြော"

"..."

"ဟုတ်လား ကောင်းပါတယ်ကွာ၊ အင်း ကိုကိုလည်း တစ်ရက် …တော့ ပြန်ခဲ့ပါ့မယ်"

သူ ဖုန်းပိတ်ပြီး မိုးနတ်ဆီ ပြန်လျှောက်လာသည်။ မိုးနတ်



www.burmeseclassic.com

www.burmeseclassic.com



မမေးပါဘဲ သူရှင်းပြနေသေး၏။

"ညီမလေးဆီက ဖုန်းလာတာပါ၊ သူ အလုပ်ရပြီဆိုတာ ...သာအားရ ဖုန်းဆက်ပြောတာ"

"ဟုတ်လား ရှင့်ညီမလေးက ကျောင်းမနေတော့ဘူးလား"

"ညီမလေးက အဝေးသင်တက်နေတာပါ၊ အခု ကျောင်းတာ... ရင်း အလုပ်တစ်ခုလုပ်မယ်ဆိုပြီး သူဘာသာ ရှာနေတာလေ၊ မမလေး... ဝဠာကုမ္ပဏီပိုင်တဲ့ ကုမ္ပဏီတစ်ခုမှာ ရပြီတဲ့"

မိုးနတ် ခေါင်းလေးပဲ ညိတ်ပြလိုက်ပါသည်။ လူတို့မောင်နှမ... ယောက် ဘဝလေးကတော့ ပြည့်စုံမှု မရှိပေမယ့် ကြည်နူးစရာ ကောင်း... ရသည်။

တစ်ခါတလေမှာ မိုးနတ်လည်း သွေးရင်းချာ မောင်နှမတ... ယောက်လောက်ရှိလျှင် ဘယ်လောက်တောင် ကောင်းမည်လဲဟု တော... မိသည်။

ဘဝဆိုသည်က အမြဲတမ်း ပြည့်စုံဖို့ဆိုတာ မဖြစ်နိုင်တော... လည်း။

■ ■ ■



## အခန်း (၁၃)

"မြေးချစ်ရေ ဘိုးဘိုးတို့ ညစာစားရအောင် စီစဉ်ထားတယ်၊ မောင်တမာန်ကိုခေါ်ပြီး ဆီဒိုးနားဟိုတယ်ကို ထွက်ခဲ့နော်"

ဘိုးဘိုး ဖုန်းဆက်ပြောတာမို့ မိုးနတ် ရေမိုးချိုး အဝတ်အစား လဲလှယ်ပြင်ဆင် နေမိသည်။

ဘိုးဘိုးကတော့ ဒီလိုပါပဲ စိတ်ဆန္ဒရှိရင် ရှိသလို ညနေမှ လှမ်းဖုန်းဆက်ကာ မိုးနတ်ကို ခေါ်တတ်သည်။ မိုးနတ်လည်း ဒီနေ့ တစ်နေ့လုံး အပြင်မထွက်ဖြစ်တာမို့ တစ်ခုခု လိုနေသလို ခံစားနေရသည်။

မနက်ကတည်းက ဒီနေ့ဘယ်မှ သွားစရာမရှိဆိုတော့ တမာန် လည်း ခွင့်တောင်းကာ အိမ်ခဏ ပြန်သွားခဲ့သည်။

နှစ်ပတ်မှာတစ်ရက်လောက်သာ အိမ်ပြန်ခွင့်ရသော တမာန်ကို ဒီလို တနင်္ဂနွေပိတ်ရက်မျိုးမှာ သူ့ညီမဖြစ်သူနှင့် ဆုံစေချင်တာမို့ မိုးနတ်



www.burmeseclassic.com

www.burmeseclassic.com



အပြင်မထွက်တော့တာလည်း ပါပါသည်။

တမာန်ကလည်း နေ့လည်ပိုင်းကတည်းက ပြန်ရောက်နေပြီ။ ဘိုးဘိုး ဖုန်းဆက်ခေါ်တာကို ပြောကာ အသင့်ပြင်ဆင် နိုင်းထား၏။

မိုးနတ် အဖြူရောင်ဇာပေါက် ဝတ်စုံလေးကို ဝတ်ဆင်လိုက်၏။ မျက်နှာလေးကိုတော့ ခပ်ပါးပါးလေးပဲ ပြင်ဆင်လိုက်သည်။

ဧည့်ခန်းထဲကို ဆင်းခဲ့တော့ တမာန်လည်း ဝတ်စား ပြင်ဆင်ကာ အသင့်စောင့်နေခဲ့၏။ အပြာနုရုပ်လက်ရှည်နှင့် မီးခိုးရင့်ရောင် စတိုင်ဘောင်းဘီကို နက်ခ်တိုင်အနီစင်းနှင့် ဝတ်ဆင်ထားသော ပြည်တမာန် ကတော့ စမတ်ကျကျပါပဲ။

မိုးနတ် ဆင်းလာတာကို တမာန်ငေးကြည့်နေရင်း ခေါင်းလေး ညွှတ် အရိုအသေပြုလာရင်း

"မမလေး အရမ်းလှတယ်"

"မမြှောက်နဲ့ ရှင့်ကို ညစာကျွေးမှာက ဘိုးဘိုးပါ"

"တကယ်ပြောတာ မမလေး၊ မြင်သူတိုင်းငေးတော့မှာ သေချာတယ်"

တမာန် ချီးကျူးနေတော့ မိုးနတ် ရှက်ပြုံးလေးနှင့် မျက်စောင်းလေးထိုးကာ ကျေနပ်မိပြန်သည်။

တမာန်က ဆင်ဝင်အောက်မှာ ရပ်ထားသော ကားဆီလှမ်းကာ နောက်ခန်းတံခါးကို ဖွင့်ပေးသည်။ ပြီးတော့မှ သူကိုယ်တိုင် ရှေ့ခန်းက မောင်းသူနေရာမှာ ဝင်ထိုင်ကာ ကားလေးကို ငြိမ့်ခနဲ မောင်းထွက်ခဲ့လိုက်





သည်။

ဟိုတယ်၏ ကားစတင်းမှာ ကားလေးထိုးရပ်သည်နှင့် မိုးနတ် မြင်လိုက်ရသော မြင်ကွင်းကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားမိ၏။

ဟိုတယ်ခန်းမ တံခါးဝမှာ ရပ်စောင့်နေသော ဆုလာဘ်နွယ်ကို မြင်တွေ့ရတာကြောင့် ဖြစ်၏။ ဆုလာဘ်ပါ ရောက်နေသည်ဆိုလျှင် ဘိုးဘိုး သူမကိုပါ ဖိတ်ခေါ်ထား၍ ဖြစ်မည်။

မိုးနတ်နှင့်အတူ ယှဉ်တွဲလျှောက်လာသော ပြည်တမာန်ဆီမှာ ဆုလာဘ်မျက်ဝန်းတွေက စူးစိုက်ငေးမောသွားသည်။

တမာန်ကို အခုမှ မြင်ဖူးသော ဆုလာဘ် အကဲခတ်ကြည့်နေသည်ဆိုတာထက် တမာန်ရဲ့ စတိုင်လ်ကျ ချောမောသော ရုပ်သွင်မှာ မိန်းမောသွားခြင်းဟု မိုးနတ် ရိပ်မိပါသည်။

"ပိုးနတ် ဘိုးဘိုးက နင့်ကို လာစောင့်နိုင်းလို့ ငါ လာစောင့်နေတာ"

မိုးနတ်ကို တစ်ချက်ကြည့်ပြောပြီး အကြည့်တွေက တမာန်ဆီပဲ ပြန်ဦးတည်သွားခဲ့ကာ

"အင်း ဘိုးဘိုး ရွေးချယ်ပေးထားတဲ့ နင့်ကိုယ်ရံတော်က တကယ်ချောတာပဲ၊ အဟင်း ကျွန်မက ဆုလာဘ်ပါ၊ မိုးနတ်နဲ့ အစ်မ ဝမ်းကွဲတော်ပါတယ်ရှင့်"

ဆုလာဘ် ဟန်ဆောင်နိုင်စွမ်း မရှိဘဲ ကိုယ့်တာသာ မိတ်ဆက်နေသည်။ တမာန်က တစ်ချက်မပြုံးဘဲ ခေါင်းတစ်ချက် ညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဆုလာဘ် ဘိုးဘိုးတစ်ယောက်တည်း စောင့်နေရပြီ သွားကြရအောင်"

"ဘိုးဘိုး တစ်ယောက်တည်း မဟုတ်ပါဘူး၊ ဧည့်သည်တွေ ပါသေးတယ်"

"ဘာရယ် ဘယ်က ဧည့်သည်လဲ"

"ဟိုတစ်ခါ နှင်းနဲ့စေ့စပ်ပွဲပျက်သွားတဲ့ ကိုကိုလွင်လေ၊ ကြည့်ရတာ ဘိုးဘိုးက နှင်းနဲ့ဒုတိယအကြိမ် စေ့စပ်ညှိနှိုင်းပေးမှာထင်တယ်"

"သေလိုက်စမ်း"

မိုးနတ် စိတ်ပျက်လက်ပျက် ညည်းညူလိုက်တော့ ဆုလာဘ် မျက်နှာလေး မဲ့ပြုံးသည်။

"ဘာလဲ နှင်း ပွဲထပ်ဖျက်ဦးမလို့လား"

"ဖျက်မှာပဲ၊ ငါ သဘောမတူတဲ့ကိစ္စကို ဘိုးဘိုး ဘာလို့ ဖွတ်စီစဉ်ရတာလဲ"

"အဲဒါ ငါနဲ့မဆိုင်ဘူးလေ ကဲ ငါ ဘိုးဘိုးနဲ့အတူ နှင့်ကိုစောင့်နေပါ့မယ်"

ဆုလာဘ် ပန်းလေးတွန့်ပြောရင်း ရှေ့မှ ဦးဆောင်လှမ်းသွားပေမယ့် မိုးနတ် ရပ်နေရာမှ ခြေလှမ်းတစ်ချက် မရွေ့သေးပါ။

"မမလေး"

တမာန်က သတိပေးသလို ခေါ်သည်။ မိုးနတ် အလိုမကျစွာ တွန့်ကုပ်ထားသော မျက်နှာလေးနှင့်





"ငါ ဒီပွဲကို ဖျက်ရမှာပဲ တမာန်၊ ငါ လုံးဝ လက်မခံဘူး ဘိုးဘိုးနဲ့ ဘယ်လို အတိုက်အခံပဲဖြစ်ရ ဖြစ်ရ"

မိုးနတ် ယတိပြတ်ပြောတော့ တမာန် တည်တည်ငြိမ်ငြိမ်လေး ကြည့်ကာ ခေါင်းတစ်ချက် ညိတ်သည်။

"ဒါဆိုရင်တော့ ဘိုးဘိုးနဲ့မတွေ့တော့ဘဲ မမလေး ဒီက လှည့်ပြန်သွားတာ ပိုကောင်းမယ်၊ ဟိုရောက်ရင်လည်း ပြဿနာတက်မှာဆိုတော့ ဧည့်သည်ရှေ့မှာ ဘိုးဘိုး စိတ်ညစ်အောင် မလုပ်တာ ပိုကောင်းမယ်"

တမာန် ပေးလာသော အကြံကြောင့် မိုးနတ် ခေါင်းလေးတညိတ်ညိတ် နားထောင်နေရင်း

"အင်း ဟုတ်တယ် ဒါပေမဲ့ နှင်းပါလာရက်နဲ့ ငါ ပြန်သွားတယ်ဆိုရင် ဘိုးဘိုး နှင့်ကို စိတ်ဆိုးဒေါသထွက်မှာ သေချာတယ်"

"ဒါတော့ ကျွန်တော် ရင်ဆိုင်ရမှာပေါ့၊ ကျွန်တော်က မမလေးရဲ့အစောင့်အရှောက်ပဲလေ"

"အေး နှင်း နားလည်ပေးတာ ကျေးဇူးပဲ၊ နှင့်ကို ဘိုးဘိုးလည်း အပြစ်မမြင်ရအောင် ငါ နှင်းနဲ့ပြဿနာဖြစ်ပြီး ထွက်သွားပုံဟန်ဆောင်ရမယ်၊ ငါ နှင့်ကို ထိုးကြိတ်ပြီး ပြေးသွားတာ ကောင်းမယ်"

မိုးနတ် စကားကြောင့် သူ တွန့်ခနဲ ဖြစ်သွား၏။ မိုးနတ် လက်သီးဆုပ်လေး တရွယ်ရွယ်နှင့်။

"ဟုတ်တယ် အဲဒီလိုလုပ်မှ နှင့်ကို ဘိုးဘိုး အပြစ်မမြင်မှာ၊



www.burmeseclassic.com

www.burmeseclassic.com



နေဦး ဘယ်နေရာထိုးရမလဲ နှုတ်ခမ်းလား၊ မျက်လုံးလား၊ ပါးရိုးဆိုရင် ကော''

မိုးနတ် လက်သီးတပြင်ပြင်နှင့်ဆိုနေတုန်းမှာပဲ အရိပ်တစ်ခု အနားရောက်လာသည်။

''မိန်းမချောလေးတန်မဲ့ ယောကျ်ားတစ်ယောက်ကို လက်သီး တပြင်ပြင် လုပ်နေတာ အမြင်မသင့်ပါဘူးကွာ''

မိုးနတ် လှည့်ကြည့်လိုက်တော့ အဖြူရောင် အနောက်တိုင်း ဝတ်စုံနှင့် ကိုကိုလွင်ကို တွေ့သည်။

''ရှင်ကိုး''

''ဟုတ်တယ် မင်းစောစောက ပြောနေတာတွေ ကိုယ် ကြား တယ်''

''ဒါဆို ကောင်းတာပေါ့၊ ကျွန်မ ရှင့်ကို စေ့စပ်ဖို့ စိတ်မဝင်စား ဘူး''

မိုးနတ် ယတိပြတ်ပြောတော့ ကိုကိုလွင် မျက်နှာလည်း မဲ့ကျ သွားခဲ့ရင်း

''ငါကလည်း စိတ်မဝင်စားပါဘူး၊ ငါ့မိဘတွေနဲ့ မင်းဘိုးဘိုးရဲ့ ဆန္ဒကြောင့် လာခဲ့တာပါ''

မိုးနတ်တို့ ပြောသမျှ တမာန်ကတော့ ငြိမ်သက်စွာ နားထောင် ရင်း ကြည့်နေခဲ့သည်။

''ကိုင်း မင်း ပြန်ချင်ပြန်ပါ၊ ဒီတစ်ခါ လူကြားထဲမှာ ပြဿနာ





ရှာရင်တော့ မကောင်းဘူး၊ မင်းဘိုးဘိုး အနားမှာ လူကြီးလူကောင်း တစ်ယောက်လို့ရှိနေတယ်''

ပြောပြီးသည်နှင့် ကိုကိုလွင် လှည့်ဝင်သွားသည်။ မိုးနတ် ဘာမှ ပြောမနေတော့ဘဲ ချာခနဲ လှည့်ပြန်ခဲ့သည်။

အနောက်က လိုက်လာသော တမာန်ကိုတောင် မစောင့်တော့ ဘဲ မိုးနတ် ကားတံခါးဖွင့်ကာ ဒရိုင်ဘာနေရာ ဝင်ထိုင်လိုက်၏။

''မမလေး နောက်ခန်းမှာ ထိုင်ပါ၊ ကျွန်တော် မောင်းပါ့မယ်''

''တက်စမ်းပါ အိမ်မပြန်သေးဘူး၊ လောလောဆယ် ဗိုက်ဆာ နေပြီ၊ တစ်ဆိုင်ဆိုင်မှာ စားပြီးမှ ပြန်မယ်''

တမာန် မငြင်းနိုင်တော့ဘဲ မိုးနတ် နံဘေးမှာ ဝင်ထိုင်ရ သည်။ မိုးနတ် ကားလေးကို ကိုယ်တိုင်ပဲ ဦးတည်မောင်းထွက်ခဲ့တာ အေးချမ်းသော စားသောက်ဆိုင်လေးတစ်ဆိုင်ဆီသို့ . . .။

■ ■ ■

ဆင်ဝင်အောက်ကို ကားလေး ထိုးရပ်သည်နှင့် မိုးနတ် ကား တံခါးဖွင့်ကာ အရင်ဆင်းသွားသည်။

ဘိုးဘိုး ညှိခန်းထဲမှာ ထိုင်စောင့်နေရာမှ မော့ကြည့်သည်။ ဘာတွေဖြစ်ကြဦးမည်လဲ တွေးရင်း သူ အသာရပ်စောင့်ကြည့်နေလိုက်၏။

''မြေး''

''ဘိုးဘိုး''

မြေးအဘိုးနှစ်ယောက် အကြည့်ချင်းဆုံကာ စက္ကန့်အတော်ကြာ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက် တိတ်ဆိတ်နေကြသည်။ ပြီးမှ ဘိုးဘိုး တည်ငြိမ်သောအသံနှင့်

"ဘိုးဘိုး မောင်ကိုကိုလွင်နဲ့ကိစ္စကို ဘာမှ ထပ်ပြီး မလုပ်တော့ဘူး ဟုတ်လား မြေး"

"ကျေးဇူး အရမ်းတင်ပါတယ် ဘိုးဘိုး"

"ကဲ မြေး သွားနားပါတော့"

မိုးနတ်သာကြီ အပေါ်ထပ်လှေကားထစ်တွေအတိုင်း တက်သွားတော့ သူ ဘိုးဘိုးကို လှမ်းကြည့်မိ၏။

"မောင်တမာန်"

"ခင်ဗျာ"

"မြေးအနားမှာ မင်း စောင့်ရှောက်ပေးတာ ကျေးဇူးတင်ပါတယ်၊ ငါ သဘောပေါက်သွားပြီ၊ မြေး လက်မခံတာကို ဆက်မလုပ်တာ အကောင်းဆုံးပဲ၊ ကဲ မင်း သွားနားလို့ ရပါပြီ"

"ဟုတ်ကဲ့ ဘိုးဘိုး ခွင့်ပြုပါဦး"

သူ ဦးညွှတ်နှုတ်ဆက်ကာ အိမ်ကြီးထဲမှ ထွက်ခဲ့လိုက်သည်၊ သူ နေထိုင်သည်က အိမ်ကြီးအနောက်ဘက်က ပျဉ်ထောင်အိမ်လေးမှာ ဖြစ်သည်။

တစ်လမ်းလုံး တထိတ်ထိတ် စိုးရိမ်နေခဲ့မိသော အခြေအနေကြီးက အေးချမ်းစွာပဲ ပြီးဆုံးသွားခဲ့သည်။

ဘိုးဘိုး ဦးဝဍ္ဍာကျော် တစ်ယောက် မိုးနတ်သာကြီ ဆိုသော မြေးကို အရှုံးပေးလိုက်ပြီ ထင်ပါသည်။





ဘာပဲဖြစ်ဖြစ် ထို့အတွက် မိုးနတ်သာကြီဘက်ကလည်း ဘိုးဘိုး ...လည်းသင့်သည် ထင်သည်။

သူမ မကြိုက်တာ ဘိုးဘိုး မပြုတော့သလို သူမကလည်း ...ဘိုး သဘောမကျတာတွေ ရှောင်ကြဉ်လိုက်လျှင်တော့ . . .။

ဒီမြေးအဘိုး အဆင်ပြေ အေးချမ်းသွားပါလိမ့်မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ညီမလေး ဆက်သွယ်သည်ထင်ကာ ဖုန်းကိုကိုင်လိုက်ပြီး ဂျော်နီ ဆိုသော လူမိုက်ကောင်ဆီက ဖုန်းဟု သူ သိလိုက်ရ၏။

"ဘာကိစ္စလဲ ဂျော်နီ"

"အကြွေးကိစ္စ မင်းမေ့နေမှာစိုးလို့ သတိပေးတာ"

"မမေ့ပါဘူး၊ ကျွန်တော် ကြိုးစားနေတာပဲ"

"အိုကေ ငါ ယုံတယ်၊ ဒီတစ်ခါ မင်း ဖယောက တက်

ဂရိတ်ကြီးပဲ၊ သူဌေးမလေးကို ရလိုက်ရင် မင်းတော့ ဆယ့်သက်ထိုင်ဖြ

တောင် မကုန်တော့ဘူး"

သူ ထိတ်ခနဲ ဖြစ်ကာ ပတ်ဝန်းကျင်ကို မလုံမလဲ ကြည့်မိသည် ဂျော်နီ စကားတွေ ဘာကိုဆိုလိုသည်ဆိုတာ သူ သဘောပေါက်ပါသည်





မိုးနတ်သာကီ အနားမှာ သူ အလုပ်လုပ်နေတာကို ဂျော်နီ ...ွားပုံရှိသည်။

"ဆရာကြီးကတော့ မင်းကို ချီးကျူးနေတယ် တမာန်၊ ဒီတစ်ချိ ...း အကွက်ချလိုက်တာ ပထမ မင်း မရလိုက်တဲ့ မုဆိုးမထက် မိုးနဲ့မြေ ...ွာတယ်"

"ကိုဂျော်နီ အဲဒါတွေ မပြောနဲ့ဗျာ၊ ဒါပဲမဟုတ်လား။ ကျွန်တော် ...လိုက်တော့မယ်"

"ဘာလဲ မင်းက ရွှေမင်းသား မဖြစ်သေးဘူး သွေးကြီးနေပြီ ...ွ"

"ဟာ မဟုတ်တာ၊ ကျွန်တော် အခု အလုပ်တာဝန်တစ်ခု ရှိ ..."

"ပေါက်ပြီ ပေါက်ပြီ ဆက်လုပ် တမာန်၊ မင်းသာ အဲဒီ ရွှေ ...သမီးလေးကို အပိုင်ချူနိုင်ရင် ပွဲသိမ်းပဲ၊ ဆရာကြီးက မင်းကိစ္စ ...င်မြင်မှ အကြွေးပေးပါတဲ့ အဟဲ ဟဲ"

ဂျော်နီရဲ့ရိသဲ့သဲ့စကားတွေ မဆုံးခင်မှာပဲ သူ ရှိရာ လှမ်းလာ ...သော မိုးနတ်ကို မြင်လိုက်ရတာမို့ ဖုန်းလေးပိတ်လိုက်ရသည်။

"ဖုန်းပြောနေတာလား တမာန်"

"ဟုတ်ကဲ့ ညီမလေးကို မှာစရာရှိတာ မှာနေတာပါ"

"အင်း နောက်နာရီဝက်လောက်ဆို မိုးနတ် အပြင်သွားစရာ ..."



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ ကျွန်တော် အသင့်ပါ မမလေး''

''မိုးနတ် ရေမိုးချိုး ပြင်ဆင်လိုက်မယ်၊ အလွန်ဆုံး နာရီ
ပေါ့''

မိုးနတ် ထွက်သွားတော့ သူ ပင့်သက်ရှိုက်ကာ ဖုန်းလေ
ငုံ့ကြည့်မိသည်။

ကျော်နီတို့အုပ်စုနှင့်တော့ တကယ် မလွယ်ပါလား။ သူ ရိုးသာ
အလုပ်လုပ်နေတာကို ဘယ်လိုထင်နေသည်မသိ။ ခက်သည်က သူ
အတိတ်မှာလည်း အထင်လွဲစရာ အမည်းစက်ကြီးရှိခဲ့တော့ အခ

ဖြစ်နိုင်မည်ဆိုလျှင် ထိုအမည်းစက်ကြီးကို သူ မေ့ထားချင်
သည်။ အနာဂတ်ဘဝကို ဖြူစင်ရိုးသားမှုတွေနှင့်ပဲ သူ တည်ဆောက်
ပါသည်။

■ ■ ■

''ဘိုးဘိုးရဲ့ အရောင်းကုန်တိုက်သစ်ဖွင့်ပွဲလေ၊ အဲဒီမှာ ပစ္စည်
အသစ်တွေ မိတ်ဆက်ပွဲရှိတယ်''

ကားပေါ်မှ မိုးနတ်က သူ မမေးပါဘဲ ရှင်းပြနေသည်။ သူလည်
နားထောင်ရင်း စကားတွေ ပြောဖြစ်၏။

''ဘာလဲ မမလေးက ဘိုးဘိုးရဲ့ပစ္စည်းတွေကို ပြန်ဝယ်ယူအာ
ပေးမလို့လား''

မိုးနတ် သူ့စကားကို ပြုံးပြုံးလေး နားထောင်နေပြီးမှ

''ကျွန်မ အခု ဘိုးဘိုးရဲ့ အလုပ်တွေကို ဝိုင်းဝန်းကူညီပေးမ





ဆုံးဖြတ်ထားတယ်''

''ဗျာ ဘယ်လို''

''ဟုတ်တယ် အဲဒီကုန်တိုက်ကို ကျွန်မ တာဝန်ယူဖြစ်မယ်ထင်
တယ် ဘိုးဘိုးလည်း အသက်ကြီးပြီဆိုတော့ ကျွန်မ ဝင်ကူညီသင့်ပြီလေ''

လေးလေးနက်နက် ပြောနေသော မိုးနတ် မျက်ဝန်းတွေကို
ကြက်ကြည့်မှန်ထဲမှာ သူ တွေ့နေရ၏။

''အင်း ဒါဆိုရင်တော့ ဘိုးဘိုး အရမ်းဝမ်းသာမှာပဲ၊ ဘိုးဘိုးက
လေးကို အဲဒီလို မြင်တွေ့ချင်နေတာ''

''ဒါ ကျွန်မ သိပါတယ်၊ အဲဒီလုပ်ငန်းတွေကိုလည်း ကျွန်မ
ကျွမ်းကျင်ပြီးသားပါ၊ အရင်က ဘာမှမလုပ်ချင်လို့ တမင်နေတာ''

''အခု မမလေး ပြောင်းလဲသွားတာ ကျွန်တော် ဝမ်းသာတယ်''

သူ တကယ်ပဲ ဆိုမိခြင်းပါ။ မိုးနတ်သာကီရဲ့မျက်နှာလေးကို
ကြက်ကြည့်မှန်လေးထဲက ခိုးကြည့်မိပြန်သည်။

တကယ့်ကို နုနုမွတ်မွတ် လှပလွန်းသော မျက်နှာလေး။ မဟော်
နီရောင် ဆံနွယ်လေးတွေနှင့် ဝင်းညက်သော မျက်နှာလေးက ဘာမှ
ခြယ်သဘဲနှင့် လှပချောမောသည်။

လှသော မျက်နှာလေးနှင့် လိုက်ဖက်သော ပြေပြစ်အချိုးစား
ကျနသော ခန္ဓာကိုယ်လေးကလည်း မြင်သူငေးလောက်ပါသည်။

ထိုအရာတွေနှင့် ဆန့်ကျင်ဘက်တစ်ခု ဖြစ်နေသည်က မိုးနတ်
သာကီရဲ့ လေလွင့်ထင်ရာစိုင်းသော စိတ်ဓာတ်ပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတောင် အချုပ်ထဲမှာ စံမြန်းရလုနီးပါး ဖြစ်အောင် သူ ဆိုးခဲ့သည်။ အခုတော့ သူမ အတော်ပြောင်းလဲသွားခဲ့တာ သေချာသည်

ဘိုးဘိုးအတွက်ကော့ သူ ဝမ်းသာမိပါသည်။ မမလေး မိုးနှ တကယ်ပဲ ပြောင်းလဲသွားစေချင်ဇ၏။

ကုန်တိုက်သစ်ကြီးကိုရောက်တော့ ဝယ်သူ ကြည့်သူတွေနှ စည်ကားလို့နေသည်။

မိုးနတ်သာကီက ရုံးခန်းတွေဘက် မသွားသေးဘဲ ကုန်တိုက် ကြီးအနှံ့ လျှောက်ကြည့်နေတာမို့ သူလည်း အနားက လိုက်ပေးရသည်

အရောင်းကောင်တာတွေ ပစ္စည်းတွေကို အသေအချာ လေ့လ အကဲခတ်နေသော မိုးနတ်ကို ကြည့်ကာ သူ ကျေနပ်နေမိပါသည် သူမ ပုံစံက အလုပ်အဲခါရုံထဲမှာ တကယ်ပဲ အာရုံစူးနစ်နေဟန်။

"အာ ဆောရီး"

အရောင်းပြခန်းထဲက ပစ္စည်းတွေကို အာရုံရောက်နေသော မိုးနတ်နှင့် ဝင်တိုက်မိသူကို သူ မြင်တော့ ချက်ချင်း မှတ်မိပါသည်

တစ်ချိန်တစ်ခါက မိုးနတ် သံယောဇဉ်တွယ်ခဲ့သူနှင့် တူသည် သော ပုဂ္ဂိုလ်ဖြစ်နေ၏။ ဘယ်လို ကံကြမ္မာက ပြန်ဆုံစေပြန်သည် မသိ

မိုးနတ်ကလည်း မှတ်မိဟန်နှင့် မျက်နက်ဝန်းလေး ဝိုင်းသွား၏ ထိုပုဂ္ဂိုလ်ကလည်း မှတ်မိသလို ပြုံးသည်။

ဒါပေမဲ့ မိုးနတ် ချာခနဲ အကြည့်လွှဲကာ ဆက်လျှောက်သွားတာ မို့ သူလည်း ခပ်သုတ်သုတ် လိုက်ခဲ့ရ၏။





မိုးနတ် စိတ်တွေ တစ်ချိန်က စောဠွန်နောင်ဆိုသူကို ပြန် …တိရ တမ်းတသွားခဲ့သည်လား။ သူ အကဲခတ်နေမိပေမယ့် မိုးနတ် …က်နှာလေးက တည်ငြိမ်လွန်းနေ၏။

စောစောက ပုဂ္ဂိုလ်ကိုလည်း တစ်ချက်လေးတောင် ပြန်လှည့် …ကြည့်ဘဲ ရုံးခန်းတွေရှိရာ အပေါ်ထပ်သို့ လှမ်းတက်သွား၏။

အနက်ရောင် ဒေါက်ဖိနပ်လေး၏ ဦးဆောင်မှုနောက်မှာ သူ …ည်း မခွာဘဲ လိုက်ခဲ့ရသည်။

ရုံးခန်းထဲရောက်တော့ ဘိုးဘိုးက မိုးနတ်ကို မြင်ကာ ထိုင်နေ …ာ ထလာသည်။

"မြေး"

"ဘိုးဘိုး မိုးနတ် ရောက်နေတာ ကြာပြီ၊ ကုန်တိုက်ထဲ လှည့် …ကြည့်တာလေ"

"ဟုတ်လား ဘိုးက မြေးမလာသေးဘူး ထင်နေတာ"

"ဘိုးကို မိုးနတ် တောင်းဆိုစရာရှိတယ်"

"ဘာလဲ မြေး ပြောလေ"

"ဘိုးရဲ့ ဒီကုန်တိုက်ကြီးကို မိုးနတ် ဦးဆောင်လုပ်ကိုင်ခွင့်ပြုပါ …ို"

"ဘယ်၊ ဘယ်လို မြေး"

ဘိုးဘိုး၊ ဦးဝဏ္ဏကျော် အံ့သြလွန်းကာ မျက်ခုံးတွေ ပင့်သွားခဲ့ …ည်။ မြေးဖြစ်သူဆီက အခုလို တောင်းဆိုမှုမျိုး ကြားရမည်ဟု ထင်မထား



www.burmeseclassic.com

www.burmeseclassic.com



ပုံမပေါ်ပါ။

"ဟုတ်တယ် မိုးနတ် ဘိုးရဲ့ကုန်တိုက်ကြီးကို တာဝန်ယူ လုပ်ကိုင်ချင်တယ်"

"မြေး တကယ်ပြောတာလား၊ မြေးဆန္ဒရှိရင် ဘိုး ခွင့်ပြုတယ် မြေး အခုလို လုပ်ခွင့်တောင်းတာ ဘိုး ဝမ်းသာတယ်"

"စိတ်ချပါ ဘိုးဘိုး မိုးနတ် ဘိုးရဲ့လုပ်ငန်းတွေမှာ တကယ် ကူညီပေးတော့မှာပါ"

"မြေး ဘယ်တော့ တာဝန်ယူမှာလဲ"

"ဒီရက်ပိုင်းကစပြီး တာဝန်ယူမှာပါ၊ ပြင်ဆင်သင့်တာ မိုးနတ် ပြင်ဆင်ရမယ်လေ"

"ဝမ်းသာတယ် မြေး၊ ဘိုး တကယ် ဝမ်းသာတယ်"

မြေးအဘိုးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖက်ထား သော မြင်ကွင်းကို သူ ပြုံးပြုံးကြီး ကြည့်နေမိသည်။

ဘိုးဘိုးက သူ့ကိုမြင်သွားတော့ လှမ်းလာရင်း လက်ခွဲနှုတ် ဆက်သည်။

"ငါ့မြေးလေး ပြောင်းလဲသွားတာ မောင်တမာန်ကို ကျေးဇူး တင်တယ်"

"မဟုတ်ပါဘူး ဘိုးဘိုးရယ်၊ မမလေးက ကျွန်တော် ပြုပြင်စရာ မလိုတဲ့ ပြောင်းလဲသွားတာပါ၊ မမလေးရဲ့စိတ်တွေ တည်ငြိမ်သွားတာပါ"

"အေး ဒါဆို ငါ့မြေးကို စောင့်ရှောက်ဖို့ မင်း မလိုအပ်တော့



ဘူး ထင်တယ်"

ဘိုးဘိုး စကားကို သူ ခွန်းတုံ့မပြန်မိပါ။ ဘိုးဘိုးက တစ်ချက် ပြုံးကာ သူ့ပခုံးကိုပုတ်သည်။

"နောက်တာပါ မောင်တမာန်၊ မြေးအနားမှာ မင်းရှိနေပေး ဦး၊ မြေးက အလုပ်ခွင်ထဲရောက်တော့မှာဆိုတော့ အရင်ထက်တောင် စောင့်ရှောက်ပေးဖို့ တာဝန်ရှိတယ်၊ ဘိုးဘိုးက မင်းအတွက် လခထပ်တိုး ပေးမယ်"

"ကျေးဇူးတင်ပါတယ် ဘိုးဘိုး၊ မမလေး လိုအပ်တယ်ဆိုရင် ကျွန်တော် ဆက်ရှိပေးမှာပါ"

"လိုအပ်တာပေါ့၊ ရှင် ကျွန်မအနားမှာ ဆက်ရှိရမယ်"

မိုးနတ် စကားကြောင့် သူ ဝမ်းသာသွားရသည်။ ထိုအခိုက်မှာပဲ အခန်းထဲ လှမ်းဝင်လာသည်က ဆုလာဘ်နှင့်လူတစ်ဦး။

"ဟော သမီး လာ မောင်နစ်ခြိုက်လည်းပါတာကိုး"

ဘိုးဘိုး နှုတ်ဆက်လိုက်သော ပုဂ္ဂိုလ်ကို သူမြင်တော့ အံ့သြမိ ပြန်၏။ မိုးနတ်လည်း အံ့သြနေသော မျက်နှာလေးနှင့် ကိုနစ်ခြိုက်ကို ကြည့်နေ၏။ စောစောကပဲ ကုန်တိုက်ပြခန်းထဲမှာ နှစ်ဦးဝင်တိုက်ခဲ့ကြပြီး ပြီ။

"မိတ်ဆက်ပေးရဦးမယ် မြေး၊ ဒါ မောင်နစ်ခြိုက်တဲ့၊ ဘိုးဘိုးရဲ့ ကုမ္ပဏီလုပ်ငန်းတွေမှာ ကူညီပေးနေတဲ့ အကျိုးဆောင်ရှေ့နေတစ်ယောက် ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆုံမယ့်ဆုံတော့လည်း ထိုသူက မိုးနတ် ဘိုးဘိုးရဲ့အကျိုးဆောင် ရှေ့နေ ဖြစ်နေပြန်သည်။

"မောင်နှစ်ခြိုက် ဒါ ငါ့ရဲ့မြေးလေး မိုးနတ်သာကီ၊ အခု ကုမ္ပဏီ တိုက်ကြီးကို မြေးက ဦးဆောင်မှာပေါ့"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ"

"ဟုတ်ကဲ့ မိုးနတ်လည်း ဝမ်းသာပါတယ်"

တစ်ယောက်နှင့်တစ်ယောက် အသိအမှတ်ပြု ပြုံးပြကြပေမယ့် မိုးနတ် မျက်နှာပေါ်က ထူးခြားသော ပြောင်းလဲမှုတို့ ကင်းစင်နေ၏။

မိုးနတ်သာကီ တမင် ဟန်ဆောင်ထားခြင်းလားဟု သူ တွေးနေမိသည်။

"မိုးနတ် နင်က ဒီကုန်တိုက်ကို ဦးဆောင်မှာဟုတ်လား၊ ငါ နားကြားမမှားပါဘူးနော်"

ဆုလာဘ်က အံ့သြမယုံနိုင်သလို မေးနေတာကို မိုးနတ် ဘာမှ မဖြေဘဲ နေ၏။ ဘိုးဘိုးက

"ဟုတ်တယ် သမီး ဆုလာဘ် မြေးလေး ဦးဆောင်မှာ၊ ဘိုးရဲ့ မြေးလေးလက်အောက်မှာ မကြာခင် ဘိုးဘိုးရဲ့စီးပွားရေးလုပ်ငန်းတွေ လွှဲအပ်နိုင်တော့မှာ ဘိုး ယုံကြည်နေတယ်"

ဘိုးဘိုးကတော့ ကျေနပ်အားရသော အပြုံးတွေနှင့် ယုံကြည်စွာ ဆိုနေခဲ့သည်။

သူလည်း ယုံကြည်မိပါသည်။ မိုးနတ်သာကီ ဆိုသည်က နိုင်ငံ





ခြားမှ စီးပွားရေးဘွဲ့တွေ ယူခဲ့သူ။ လုပ်ငန်းအတွေ့အကြုံတွေ ရင့်ကျက်သူ ဖြစ်သည်။

တစ်နှစ်တစ်ယောက်သော သူကြောင့် မိုးနတ်သာကီ နှလုံးသားမှာ ဒဏ်ရာဝေဒနာတွေနှင့် လေလွင့်နေခဲ့တာဖြစ်၏။

အခုတော့ ထိုဒဏ်ရာကို ကုစားပေးနိုင်မည့်သူလည်း ကိုယ်စား ရှိနေခဲ့ပြီဟု သူ ထင်သည်။

ကိုနှစ်ခြိုက်ဆိုသော ပုဂ္ဂိုလ်ရဲ့ မျက်ဝန်းတွေကလည်း မိုးနတ် သာကီဆီမှာပဲ ရှိနေ၏။

ဘာကြောင့်မှန်းမသိ။ သူ့ရင်ထဲမှာ တစ်စုံတစ်ရာကို ဝန်တို သလို ခံစားနေရသည်။ သူ့ရဲ့ရွှေမင်းသမီးလေးကို ဆုံးရှုံးရတော့မှာလား။

သူ့ဘဝက အချိန်တန်လျှင် အဝေးကို ရှောင်ထွက်သွားရမည့် သူတစ်ယောက်ဖြစ်နေပြီ။

ရွှေမင်းသမီးလေးရယ် ကြာရင် မလွယ်ဘူးထင်ပါရဲ့ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဘယ်လိုမှ မျှော်လင့်မထားသော အန္တရာယ်ကို မထင်မှတ်ဘဲ ရင်ဆိုင်လိုက်ရခြင်းဟု သူ သိလိုက်သည်။

အနောက်က ဟွန်းသံရှည်ကြီးတီးကာ ကျော်တက်ခွင့်တောင်းလာသောကားကို သူ ကျော်တက်ခွင့်ပြုလိုက်သည်နှင့် မိမိကားရှေ့က ပိတ်ရပ်ခြင်းကို ခံလိုက်ရ၏။

''မမလေး''

သူနှင့်အတူ ရှေ့ခန်းမှာ ထိုင်နေသော မိုးနတ်ကို သတိပေးကာ သူ အမြန်ကားတံခါးဖွင့် ဆင်းလိုက်သည်။

တစ်ဖက်ကားပေါ်က ဆင်းလာသူတွေကလည်း ငါးယောက်တောင်ဖြစ်သည်။

''မင်းတို့ ဘာလုပ်တာလဲ၊ ဘယ်သူတွေလဲ''





''အဟဲ ရွှေမင်းသမီးနဲ့ကိုယ်ရံတော်ကို ပညာပေးမလို့''

''ဘာကွ မင်းတို့နဲ့ ဘာရန်ငြိုးရှိလို့လဲ''

သူ ပြောရုံပဲ ရှိသေးသည်။ တစ်ယောက်က ပြေးဝင်တိုက်ခိုက်သာတာမို့ ရှောင်တိမ်းလိုက်ရ၏။

တိုက်ခိုက်ပုံတွေကတော့ လျှော့တွက်လို့ မရပါ။ ကိုယ်ခံပညာတတ်မြောက်ထားသော လူမိုက်တွေဖြစ်ဟန်တူသည်။

''မမလေး သတိထားနော်''

ကားတံခါးဖွင့်ဆင်းလာသော မိုးနတ်ကို သူ သတိပေးရသည်။

''ပေ့ကောင်တွေ ဘာလုပ်တာလဲ၊ လုပ်စရာရှိတာ လုပ်''

ခေါင်းဆောင်ဖြစ်သူ အမိန့်ပေးတော့ သုံးယောက်က သူ့ကို ဝိုင်းလိုက်ကာ ကျန်နှစ်ယောက်က မိုးနတ်ကို ဝိုင်းဝန်းလိုက်ကြသည်။

သူ စိုးရိမ်သွားမိသည်။ သူတို့ ရည်ရွယ်ချက်တွေက သူတင်မဟုတ်ပါဘဲ မိုးနတ်သာကီကိုလည်း ဦးတည်နေကြတာ အထင်အရှား။

''ဟိတ်''

''ဖြောင်း''

''ခွပ်''

သုံးယောက်တစ်ယောက်မို့ သူ သတိထား တိုက်နေရသည်။ မိုးနတ်သည်လည်း နှစ်ယောက်နှင့် ထိပ်တိုက်ရင်ဆိုင်နေရရှာသည်။

''ချကြကွာ မသေရင်ပြီးရော၊ ကျိုးပဲ့သွားလည်းရတယ်''

တစ်ယောက်က စိတ်မရှည်နိုင်သလို ပြောသည်။ သူ့ကိုတိုက်



www.burmeseclassic.com

www.burmeseclassic.com



ခိုက်နေသူသုံးယောက် တိုက်ချက်တွေက ပိုမိုပြင်းထန်လာ၏။

"ဖောင်း"

"ခွပ်"

"ဒုတ်"

သူ သတိထားရှောင်တိမ်း တိုက်ခိုက်နေရင်း မိုးနတ်ကိုလည်း စိတ်မချနိုင်စွာ ပှမ်းကြည့်ရ၏။ မိုးနတ် ပညာတတ်ကျွမ်းတာမှန်ပေမယ့် ယောကျ်ားနှင့်မိန်းမသား အင်အားချင်းက မမျှတပါ။

"မမလေး သတိထား အ"

အာရုံက မိုးနတ်ဆီ လွင့်နေတုန်း လက်သီးတစ်ချက်က သူ့ ဘယ်ဘက်ပါးရိုးကို ခွပ်ခနဲ ဝင်လာသည်။

"ဟိတ်"

"ဖြောင်း"

ကားအသွားအလာရှင်းလင်းနေသော လမ်းမပေါ်မှ ရန်ပွဲလေးဆီသို့ အရှိန်ပြင်းပြင်းနှင့် မောင်းဝင်လာသည်က အမိုးပွင့်ကားအနီလေး တစ်စီးပဲဖြစ်သည်။

"ကျွီ"

ကားပေါ်က ဆင်းလာသူက မျှော်လင့်မထားသော ကိုနှစ်ခြိုက် ဖြစ်နေ၏။ ကိုနှစ်ခြိုက်ပါ တိုက်ပွဲထဲ ပါဝင်လာသည်။

"မိုးနတ် သတိထားနော်"

သုံးယောက် ငါးယောက်ဆိုတော့ အင်အားချင်း ယှဉ်နိုင်သွားခဲ့





သည်။ အခြေအနေက သူတို့ဘက်က ပြန်အသာစီးရလာသည်။

မဟန်မှန်းသိသွားတော့ လူရမ်းကားတွေ ကားဆီ ပြေးတက်ကြတော့သည်။

"ဟော့ကောင် ကဲကွာ"

"ခွပ်"

အနီးဆုံးက တစ်ယောက်ကို ကိုနှစ်ခြိုက် ဂုတ်က လှမ်းဆွဲထားကာ မျက်နှာကို ခပ်ဆတ်ဆတ် ထိုးလိုက်၏။

ကျန်လေးယောက်ကားရှေ့ စက်ကုန်ဖွင့် မောင်းထွက်သွားကြသည်။

"ကဲ မင်းတို့ ဘာလို့ ရန်ရှာတာလဲ ပြောစမ်း"

ကိုနှစ်ခြိုက်က ချုပ်ကိုင်ထားသော သူက မေးသည်။ ထိုသူ ကွဲသွားသော နှုတ်ခမ်းက သွေးတွေကို ပွတ်သုတ်ရင်း

"ကျုပ်တို့ လုယက်တာ မဟုတ်ပါဘူး၊ ခိုင်းလို့ လုပ်တာပါ၊ အသက်အန္တရာယ်ပေးဖို့ထိ မဟုတ်ဘူး၊ ဒီမိန်းကလေး နည်းနည်း ဖူးရောင်သွားရုံပါ"

"ဘာကွ မိန်းကလေးတစ်ယောက် နာကျင်အောင်လုပ်တာ ရာဇဝတ်မှုပဲ၊ ပြောစမ်း ဘယ်သူခိုင်းတာလဲ"

လူရမ်းကား မဖြေဘဲ နှုတ်ဆိတ်နေတော့ သူ မျက်နှာကို လက်သီးနှင့်ချိန်ရွယ်ရင်း

"ဟော့ကောင် ပြောလေ၊ မင်းနှာခေါင်းရိုးကို ငါရိုက်ချိုးပစ်မိ



www.burmeseclassic.com

www.burmeseclassic.com



မယ်''

သူ ငြိမ်းခြောက်တော့ ထိုသူ မနေရဲတော့တဲ ဝန်ခံရတော့သည်

''ကျုပ်က ခေါင်းဆောင် မဟုတ်ပါဘူး။ ကျုပ်တို့ခေါင်းဆောင်ကို လူတစ်ယောက်က ခိုင်းတာ၊ ဟောဒီ မိန်းကလေးက သူ့ကိုနာကျင်အောင်လုပ်ခဲ့လို့တဲ့၊ ကျုပ် ဒါပဲသိတယ်''

မိုးနတ် မျက်မှောင်လေးကုပ်သွားကာ ထိုလူကို စူးစိုက်ကြည့်ရင်း

''ရှင် ပြောတာ သေချာတယ်နော်''

''သေချာပါတယ်၊ အဲဒီလူ နာမည်မသိဘူး၊ လူတော့ မြင်ဖူးတယ်၊ ပိန်ပိန်ဖြူဖြူ သွယ်သွယ် အသက်သုံးဆယ်လောက်ရှိမယ်''

မိုးနတ် ခေါင်းလေးတညိတ်ညိတ် နားထောင်ရင်း ငြိမ်သက်နေတော့ ကိုနှစ်မြိုက်က

''မိုးနတ် ဘယ်လိုလုပ်ချင်လဲ၊ ပြောပါ ကိုယ် ကူညီပေးမယ်''

''သူ့ကို ပြန်လွှတ်လိုက်ပါ ကိုနှစ်မြိုက်၊ ဒီမှာ ရှင်တို့ခေါင်းဆောင်ကို ပြောလိုက်ပါ၊ ဘယ်သူဆိုတာ ကျွန်မ သိတယ်၊ အားလုံးကို အချိန်မရွေး ကျွန်မ ထောင်ထဲပို့ပစ်လို့ရတယ်၊ နောက်တစ်ခါဆို ကျွန်မ သည်းမခံနိုင်တော့ဘူး သွားတော့''

''ကျေးဇူးတင်ပါတယ် စိတ်ချပါ၊ ကျွန်တော်တို့ ဘယ်တော့မှ ထပ်မနှောင့်ယှက်တော့ပါဘူး''

ထိုသူ လှည့်ထွက်သွားတော့ သူ မိုးနတ်ကို လှမ်းကြည့်မိ၏။





နတ်က နှစ်မြိုက်ကို ကျေးဇူးတင်သော မျက်ဝန်းတွေနှင့်ကြည့်ရင်း

''ကျေးဇူးတင်ပါတယ် ကိုနှစ်မြိုက်၊ အခုလို ကူညီပေးတာ ကျေးဇူးမမေ့ပါဘူး''

''မလိုပါဘူး မိုးနတ်ရယ်၊ ဘယ်ကပြန်လာကြတာလဲ၊ ဒီလမ်းက အသွားအလာ နည်းတယ်''

''ပဲခူးက ပြန်လာတာလေ၊ အလုပ်ကိစ္စလေးရှိလို့၊ မြန်မြန်ရောက်ချင်လို့ ဒီလမ်းက မောင်းခိုင်းတာ''

''ဟုတ်တယ် ကိုနှစ်မြိုက်၊ ဒီလို အန္တရာယ်ရင်ဆိုင်ရမယ် မထင်ဘူးဗျာ၊ တော်သေးတာပေါ့ ကိုနှစ်မြိုက် ဝင်ကူပေးတာ ကျေးဇူးပဲဗျာ''

သူလည်း ကျေးဇူးတင်စကား ဆိုမိသည်။ တကယ်လည်း ကိုနှစ်မြိုက်သာ ရောက်မလာလျှင် သူနှင့်မိုးနတ် ရင်ဆိုင်ဖို့ မလွယ်ပါချေ။

''ဩော် ကိုနှစ်မြိုက် အခုကိစ္စကို ဘိုးဘိုး မသိပါစေနဲ့နော်၊ ဘိုးဘိုး စိုးရိမ်မှာစိုးလို့ပါ''

''မပြောပါဘူး မိုးနတ်၊ မိုးနတ်တို့လည်း ဂရုစိုက်နော်''

''ဟုတ်ကဲ့ပါ ဒါ ဘယ်သူဆိုတာ မိုးနတ် သိပါတယ်၊ အလကားယောက်ျားမဆန်တဲ့လူရဲ့လုပ်ရပ်ပါ''

နှုတ်ဆက်ပြီး သူတို့ လမ်းခွဲလိုက်ကြသည်။ ကားပေါ်ရောက်မှ သူ နားမလည်နိုင်သော မေးခွန်းကို မေးရ၏။

''မမလေး ဒါ ဘယ်သူခိုင်းတာလဲ မမလေး တကယ်သိလား''

''သိတာပေါ့ တမာန်၊ တခြားသူ မဟုတ်ဘူး ကိုကိုလှပဲ''



www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

''ဟုပ်တယ် စေ့စပ်ပွဲတုန်းက သူ့ကို ကျွန်မကိုင်ပေါက်

တယ်၊ ဒါကို လက်စားချေဖို့ ကြိုးစားတာ''

''ဟာ ဒီလူ တော်တော်ယုတ်မာပါလား''

''ထားလိုက်ပါ တမာန်၊ သတ္တိမရှိတဲ့ လုပ်ရပ်ကို ဂရုစိုက်မနေ

''ကျွန်တော် မမလေးအတွက် စိုးရိမ်လို့ပါ''

သူ့စကားကြောင့် မိုးနတ် လှည့်ကြည့်ကာ တစ်ချက်ပြုံးသ

''ကျွန်မအနားမှာ ကိုယ်ရံတော် တစ်ယောက် ရှိနေတာပဲ

ဘာမှ ကြောက်စရာမလိုဘူး''

မိုးနတ် နှုတ်က စကားက သူ့ရင်ထဲအထိ ထိထိရှရှ တိုး

သွားစေခဲ့တာ အမှန်။ ထကယ်ပဲ သူ့အပေါ် မိုးနတ် အားကိုးယုံကြ

သည်လား။

ရွှေမင်းသမီးလေးအတွက်ဆိုလျှင် သူ တစ်သက်လုံး စော

ရှောက်ပေးချင်ပါသည်။

ဒါကို ရွှေမင်းသမီးလေး ယုံစေချင်ပါရဲ့။

■ ■ ■



## အခန်း (၁၆)

ကိုနှစ်မြိုက် ဖုန်းဆက်ချိန်းသော ကော်ဖီဆိုင်လေးကို ထွက်ခဲ့

ချိန်မှာ မိုးနတ် ရင်ခုန်သံလေး တလှပ်လှပ် ဖြစ်နေခဲ့၏။

သူ ဘာကြောင့် မိုးနတ်ကို တွေ့ချင်တာလဲဆိုတာလည်း သိ

နေပါသည်။ မနေ့က မိုးနတ် သူ့ရဲ့ရုံးခန်းလေးကို ရောက်ခဲ့သည်။

''ဆရာ မရှိဘူး ခင်ဗျ၊ ကိစ္စတစ်ခုရှိလို့ အပြင်သွားပါတယ်''

ရုံးခန်းက သူ့တပည့် ချာတိတ်လေး ပြောတော့ မိုးနတ် သူ့

အတွက် ဝယ်လာသော လက်ဆောင်တွေကိုပဲ ပေးခဲ့လိုက်သည်။

''မိုးနတ်သာကီ ပေးသွားတာလို့ ပြောပေးပါ''

မိုးနတ်အပေါ် ရှိခဲ့သော သူ့ကျေးဇူးအတွက် သိတတ်မှုဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ် လက်ဆောင်တွေ ဝယ်ပို့ပေးခြင်းဖြစ်သည်။ သူ့အတွက် အ
တရဖြစ်စေမည့် နာရီတစ်လုံးနှင့် ရွှေရောင်ဖောင်တိန်လေးကို ဝယ်
လာပေးခဲ့တာဖြစ်သည်။

တန်ဖိုးကြီးသော နာရီနှင့်ဖောင်တိန်လေးအတွက် သူ အံ့
ကောင်း အံ့သြနေမည်ထင်၏။

အခုတော့ မိုးနတ်ကို တွေ့ချင်သည်ဆိုကာ သည်ဆိုင်လေး
ချိန်းဆိုခြင်းဖြစ်သည်။

မိုးနတ် အပြင်ထွက်စရာကိစ္စမရှိ ဆိုတာကြောင့် တမာန်
ကို ခဏပြန်သွားခဲ့သည်။ ဒါကြောင့်လည်း မိုးနတ်ဘာသာ တစ်ယော
တည်း ထွက်ခဲ့တာဖြစ်၏။

ဆိုင်ရှေ့က ကားစတင်းလေးမှာ သူ့ရဲ့အမိုးပွင့်ကားအနီလေး
မြင်ချိန်မှာ မိုးနတ် ရင်ထဲမှာ ကြည်နူးလှိုက်ဖိုသွား၏။

တကယ်ဆို ကိုနှစ်ခြိုက်ဆိုတာ စောဠွန်နောင်ရဲ့ကိုယ်ပွားလေ
ပဲဖြစ်သည်။ ဒါကြောင့်လည်း သူ့ကို မိုးနတ် ခင်မင်သွားခဲ့ခြင်းဖြစ်

ဒါ ချစ်ခြင်းပဲလားဟု မိုးနတ် မသိသေးပါ။ ကိုနှစ်ခြိုက်
ခင်မင်ရင်းနှီးချင်တာကြောင့်ပါပဲ။

ဆိုင်လေးထဲကို လှမ်းဝင်ခဲ့တော့ စားပွဲဝိုင်းလေးမှာ နှစ်ခြိ
တစ်ယောက်တည်း ထိုင်နေ၏။

"စောင့်နေရတာ ကြာပြီလား ကိုနှစ်ခြိုက်"





"အခုပဲ ရောက်တာပါ၊ မိုးနတ် ဘာသုံးဆောင်မလဲ"

"ကော်ဖီပဲ သောက်မယ်လေ"

ကိုနှစ်ခြိုက်က ကော်ဖီမှာပေးသည်။ မိုးနတ် သူ့မျက်နှာလေး
စိုက်ကြည့်နေမိ၏။ စောဠွန်နောင်နှင့် ခင်မင်ကျွမ်းဝင်ခဲ့သော နေ့
တွေကို ပြန်ပိုင်ဆိုင်ရသလို စိတ်က ခံစားကြည့်မိ၏။

"မိုးနတ် ရုံးခန်းကို လာသွားတာ ကိုယ့်တပည့်လေး ပြောလို့
တာ"

"ဟုတ်တယ် ကိုနှစ်ခြိုက်ကို လက်ဆောင်လာပေးတာပါ"

"ဘာအတွက်ပေးတာလဲ မိုးနတ်"

"ဪ ဟိုတစ်နေ့က မိုးနတ်ကို ကူညီခဲ့တဲ့အတွက် ကျေးဇူး
င်လို့ပါ"

ကိုနှစ်ခြိုက် ဘာမှမပြောသေးဘဲ စားပွဲပေါ် တင်ထားသော
ရေလက်ဆွဲအိတ်ထဲက ဘူးလေးတွေကို ထုတ်ယူ၏။

သူ့လက်ထဲ ပါလာသည်က မိုးနတ် ပေးခဲ့သော နာရီဘူးလေး
် ရွှေဖောင်တိန်ဘူးလေး ဖြစ်နေ၏။

"ကျွန်တော် ကူညီခဲ့တာထက်စာရင် ဒီလက်ဆောင်တွေရဲ့
န်ဖိုးက အရမ်းကြီးမားနေလို့ လက်မခံနိုင်ဘူး"

"ရှင်"

မိုးနတ်ကို ပြန်ကမ်းပေးနေသော ပစ္စည်းတွေကိုကြည့်ကာ မိုး



www.burmeseclassic.com

www.burmeseclassic.com



နှတ် အံ့ဩသွား၏။ သူ ဒီလိုလုပ်မည် မထင်ခဲ့မိပါ။

"ဟုတ်တယ် ဒီလောက် တန်ဖိုးကြီးတဲ့လက်ဆောင်တွေ ကျွ

တော် မယူချင်ဘူး မိုးနှတ်"

"တန်ဖိုးကြီးတယ် မပြောပါနဲ့ ကိုနှစ်ခြိုက်ရယ်၊ Blue S

ကုမ္ပဏီပိုင်ရှင်ကြီးရဲ့ သားတစ်ယောက်ဖြစ်တဲ့ ကိုနှစ်ခြိုက်အတွ

ဒီငွေကြေးက အသေးအမွှားပါ"

မိုးနှတ် သိနေသော သူ့မိဘစီးပွားရေးအခြေအနေကို ဖွင့်ပြေ

လိုက်တာမို့ သူ အံ့ဩသွားပုံမရှိဘဲ

"မိုးနှတ် ကျွန်တော့်ကို အဲဒီလို ထင်နေသလား"

"ထင်တာမဟုတ်တာ သိနေတာပါ၊ ကိုနှစ်ခြိုက်က တစ်ဦးတည်

သော သားလေ၊ ဝါသနာကြောင့် ရှေ့နေလုပ်နေပေမယ့် ချမ်းသာပြည့်

တဲ့သူ မဟုတ်လား"

"ကျွန်တော် ငွေကို စိတ်မဝင်စားဘူး မိုးနှတ်၊ ဒါကြောင့်လည်

ဒယ်ဒီက ကျွန်တော့်ကို သိပ်အမြင်မကြည်ဘူး။ ငွေကလွဲပြီး တခြားနည်

လမ်းနဲ့ စိတ်စေတနာကို ဖော်ပြနိုင်ပါတယ်"

သူ့စကားတွေကို မိုးနှတ် အံ့ဩမိပြန်ပါသည်။ မိုးနှတ်က သူ့

လက်ဆောင်ပေးတာကို သူ လက်မခံတာ ရှက်လည်းရှက်မိ၏။

"ကျွန်မ ခင်မင်လို့ အမှတ်တရ ပေးတဲ့သဘောပေါ"

"ခင်မင်ရင်းနှီးတာ ဘာလက်ဆောင်မှ မလိုပါဘူး၊ ပြန်ယူ





နှတ်"

ဒီထက် ဖွင့်ပေးနေလျှင်လည်း မိုးနှတ်ပဲ အရှက်ကွဲရတော့မည်

မိုးနှတ် ငြိမ်သက်နေလိုက်ရပါသည်။

သူ့ဆီလာခဲ့တုန်းက ရင်ခုန်လှိုက်ဖိုမှုတွေ ပျောက်ဆုံးကာ မိုး

တ် နောင်တနှင့်ရှက်စိတ်တွေသာ ခံစားနေခဲ့ရ၏။

ကော်ဖီသောက်ပြီး နှုတ်ဆက်ပြန်ခဲ့ချိန်အထိ မိုးနှတ် သူ့မျက်နှာ

ကို ရဲရဲရင်ဆိုင်မကြည့်ရဲခဲ့ပါ။

တွေးကြည့်လျှင် တော်တော် ရှက်စရာကောင်းသည့်အဖြစ်ပါပဲ။

ဘယ်ယောကျ်ားလေးအပေါ်မှာမှ မိုးနှတ် အောက်ကျို့မခံဘူးခဲ့

အခုတော့ သူနဲ့ကျမှ မိုးနှတ် အရှက်ရခဲ့ရ၏။ မာနကြီးလွန်းတာလား။

ကိုနှစ်ခြိုက်ရဲ့ အကျင့်စရိုက်ပဲလား။ မဝေခွဲတတ်တော့ပါ။

"ကျွန်တော့်ကို တစ်မျိုးမထင်ပါနဲ့ မိုးနှတ်၊ ကျွန်တော်တို့ ခင်မင်

ဆိတ်ဆွေတွေအဖြစ် ရှိကြမှာပါ၊ မိုးနှတ်ပေးတဲ့ လက်ဆောင်တွေကိုတော့

က်မခံပါရစေနဲ့နော်"

သူ ထပ်မံဆိုသွားသော စကားကို မိုးနှတ် နားထဲက မထွက်ပါ။

ဘာပဲဖြစ်ဖြစ် ကိုနှစ်ခြိုက်ကို မိုးနှတ် အပြစ်မမြင်ရက်ပါ။

မိုးနှတ် ကိုယ်တိုင်က သူ့ကိုခင်မင်ချင်နေခဲ့မိတာပဲလေ။ ဒါ

ဘာကြောင့်လဲဆိုတာ မိုးနှတ်ကိုယ်မိုးနှတ် ဆန်းစစ်ချင်သေးသည်။

စောဂျွန်နောင်နှင့်ပတ်သက်သော ဝေဒနာအရိပ်တွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ပဲလား။ ကိုနှစ်ခြိုက်ကို တကယ် ခင်မင်ချင်တာလား။

အချစ်ဆိုသည်က ခင်မင်မှု သံယောဇဉ်တွေက အစပြုတတ်သည်လား။

မိုးနတ် နှလုံးသားကို ကိုယ်တိုင် ပြန်မေးကြည့်ချင်သေးရဲ့။

■ ■ ■



## အခန်း (၁၇)

တစ်မနက်လုံး မိုးနတ် ကုန်တိုက်မှာ အလုပ်တွေရှုပ်ထွေးနေတော့ သူ ရုံးခန်းထဲက ထိုင်ခုံလေးမှာပဲ ရှိနေခဲ့ရ၏။

နေ့လယ်ပိုင်းရောက်တော့ ဘဏ်ကိုသွားမည်ဆိုတာကြောင့် သူ လိုက်ပို့ပေးရသည်။

အခုချိန်မှာ သူသည် မိုးနတ်ရဲ့ ကိုယ်ရံတော် ဒရိုင်ဘာ ဖြစ်နေရ၏။ ဘာပဲဖြစ်ဖြစ် ဒီအခြေအနေကိုပဲ သူ ကျေနပ်စွာ လက်ခံမိ၏။

သူ့အတွက် များပြားလွန်းသော လုပ်ခလစာဆိုတာထက် မိုးနတ်အနားမှာ နေထိုင်ခွင့်ရသော ဘဝလေးကို သူ သာယာမှန်းမသိ သာယာနေမိ၏။ ညီမလေးကတောင် သူ့ကိုပြောသည်။

"ကိုကိုက အဲဒီ ရွှေမင်းသမီးအနားမှာပဲ တစ်သက်လုံး နေတော့မှာလား၊ အခုဆို အိမ်ကိုတောင် ပြန်မလာတာ များနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



''ဟာ ညီမလေးကလည်း ကိုကိုက အလုပ်လုပ်နေတာလေ''

''ဘာလဲ ရွှေမင်းသမီးရဲ့ကိုယ်ရံတော်အလုပ်မှာ ကိုကို ပျော်နေတာလား။ ကြည့်လည်းလုပ်နော် တော်ကြာ အလုပ်လည်းထွက်ရော ကိုကို ရောဂါကြီးပါလာဦးမယ်''

''ဟာ ဘာရောဂါကို ပြောတာလဲ''

''အသည်းကွဲရောဂါလေ၊ ကိုကို ခံရမှာစိုးလို့ ပြောနေတာ''

''ဟာ ဒီကောင်မလေး ပေါက်ကရ''

ညီမလေး ရေစင်အေး ပြောသလို သူ ခံရဦးမည်လား တွေးမိသည်။ တကယ်ဆို မိုးနတ်နှင့်သူ့ဘဝက မိုးနဲ့မြေလို ကွာခြားလှပါသည်။

ဒါကိုသိလျက်နှင့် သူ မိုက်မဲစွာ မျှော်လင့်နေမိသည့်အဖြစ်က သိပ်ကို မှားယွင်းနေခဲ့ပြီထင်၏။

''တမာန် တစ်ခုခု စားရအောင်၊ ဗိုက်ဆာလို့''

ဘဏ်မှ အပြန်မှာ မိုးနတ် ပြောလာတော့ သူ ကားလေးကို စားသောက်ဆိုင်လေးတစ်ဆိုင်သို့ ဦးတည်မောင်းလိုက်ရသည်။

အလုပ်စဝင်တာ တစ်ပတ်မပြည့်သေးခင် မိုးနတ်ရဲ့ကြိုးစားမှုကို သူ သတိထားခဲ့မိသည်။ ဒီမနက်ကလည်း အလုပ်တွေပိကာ မနက်စာစားချိန်မှာ ကောင်းကောင်းမစားနိုင်တာ တွေ့၏။

ဒါကြောင့် အခု သူမ ဗိုက်ဆာနေတာဖြစ်မည်။

ဆိုင်လေးထဲရောက်တော့ မိုးနတ် ကြေးအိုးနှစ်ပွဲ မှာသည်။

''ကျွန်တော် မစားတော့ဘူး မမလေး၊ ဗိုက်ပြည့်နေလို့''





''မစားချင်လည်း စားစမ်းပါ၊ ကျွန်မ တစ်ယောက်တည်း ပျင်းဘဲ''

မိုးနတ် ဖွတ်မှာနေတော့လည်း သူ အတူထိုင်ကာ စားပေးလိုက်သည်။

စားသောက်ပြီး အချိုရည်သောက်နေတုန်းမှာ ဆိုင်ထဲဝင်လာသောသူကြောင့် မိုးနတ် မျက်လုံးတွေ လက်ခနဲ ဖြစ်သွားခဲ့၏။

''တမာန် ခဏလေးထိုင်နေစမ်းပါ''

သူ့ကိုပြောပြီး မိုးနတ် ဆိုင်ထဲဝင်လာသူထံ လျှောက်သွား၏။ အသားဖြူဖြူ ပိန်သွယ်သွယ်နှင့် ထိုလူကို သူမြင်ဖူးသည်။

မှတ်ဉာဏ်ထဲမှာ ချက်ချင်းမှတ်မိလိုက်သည်။ မိုးနတ်နှင့် ဘိုးဘိုးဆီ စပ်ပေးဖို့ ကြိုးစားဖူးသူ။

ထိုသူကပဲ သူနှင့်မိုးနတ်ကို လှမ်းကြည့်တွေ့ရာကား ထိုးကြိတ်ခိုင်းခံ၏။ အခု မမလေးမိုးနတ် ထိုသူကို ထိပ်တိုက် ရင်ဆိုင်နေပြီမို့ သူစိုးရိမ်ကာ ထလိုက်ခဲ့၏။

''မိုးနတ်သာကီ''

''ဟုတ်တယ် ရှင့်အတွက် ကျွန်မထဘီတစ်ကွင်း ပို့ပေးမလို့''

''ဘာကွ မင်းဘာပြောတာလဲ''

ကိုကိုလွင် ဆိုသောသူ မျက်နှာကြီးနီရဲကာ ရှုံ့ရှုံ့ရှားရှား ဖြစ်သွားသည်။ မိုးနတ်က မထီတရီပြုံးရင်း

''ဒီမှာ ရှင် မိန်းမဆန်ဆန် လုပ်ခဲ့တာ မှတ်မိမှာပေါ့၊ လူကိုကို



www.burmeseclassic.com

www.burmeseclassic.com



ငွေပေးပြီး ခိုင်းခဲ့တာလေ''

ကိုကိုလွင် တွန့်ခနဲ ဖြစ်သွားကာ မျက်နှာပျက်သွား၏။ သို့ပေမယ့် ချက်ချင်းပြန် ဣန္ဒြေဆည်ဖုံးဖိရင်း

''မင်း ဘာတွေပြောတာလဲ''

''အမှန်တွေ ပြောနေတာပဲ ရှင်ဝန်ခံသွားအောင် ကျွန်မ ရဲ့ စခန်းက ဆင့်ခေါ်လိုက်ရမလား''

''ဟေ့ မင်းပေါက်ကရတွေ လာမပြောနဲ့၊ ငါဘာမှမသိဘူး မင်းနဲ့ငါ ဘာမှမသက်ဆိုင်ဘူး''

မိုးနတ် ခေါင်းလေးတစ်ချက်ညိတ်ကာ ဒေါက်ဖိနပ်ချွန်လေးဖြင့် ကိုကိုလွင် ရှူးဖိနပ်ဦးချွန်ကို ဖိနင်းလိုက်တာ သူမြင်၏။

''အား''

''ရှင် ကျေနပ်တယ်နော် မိုးနတ်တို့က သတ္တိရှိပြီးသား''

ပြောပြီး မိုးနတ်လှည့်အထွက်မှာ ကိုကိုလွင် လက်ကို လှမ်းဆွဲသည်။ မိုးနတ် တုံ့ပြန်မှုက လျင်မြန်၏။

''ကဲဟယ်''

မိုးနတ် ပစ်ပေါက်လိုက်သော ဟန်းဖုန်းလေးက ကိုကိုလွင် နှုတ်ခမ်းကိုထိမှန်က သွေးတွေရဲခနဲ ထွက်ကျလာ၏။

''အား အား ငါ့သွားတွေ ကျိုးကုန်ပြီ အ''

''စမ်းကြည့်လေ ဒီတစ်ခါ ရှင့်နာခေါင်းရိုးကို ရိုက်ချိုးပြမယ်''

ဆိုင်ထဲက လူတွေ မိုးနတ်တို့ကို ဝိုင်းကြည့်နေကြသည်။ စိတ်မြန်





သက်မြန် မိုးနတ်လက်သံကို ကိုကိုလွင် တုန်လှုပ်သွားပုံရ၏။

''မင်း မင်းကိုငါ ထောင်ထဲပို့ပစ်မယ်၊ အခုပဲ ရဲစခန်းကို ငါ ဖုန်းဆက်မယ် တောက် အ''

''နေဦး ကိုကိုလွင် ဒီကိစ္စကျွန်တော် ဖြေရှင်းပေးပါ့မယ်''

အသံနှင့်အတူ ဆိုင်ထဲဝင်လာသူက ကိုနှစ်ခြိုက် ဖြစ်နေတာမို့ ကိုကိုလွင် အားကိုးတကြီးနှင့်

''ရှေ့နေ ကိုနှစ်ခြိုက်ပါလား အတော်ပဲ၊ ဒီမိန်းမ ကျုပ်ခြေ ထောက်ကို ဒေါက်ဖိနပ်နဲ့ နင်းတယ်၊ ဖုန်းနဲ့ပေါက်လို့ ကျုပ်သွားကျိုးသွား ပြီ ဒီမှာကြည့်ပါဦး ကျုပ်ချက်ချင်း အမှုဖွင့်မယ် မကျေနပ်ဘူး''

ကိုနှစ်ခြိုက်က ကိုကိုလွင်ပြောသမျှ တည်ငြိမ်စွာ နားထောင်နေ ရင်း ခေါင်းတစ်ချက်ညိတ်ကာ

''ဟုတ်ပြီ ဒါဆိုရင်တော့ ခင်ဗျားကော မိုးနတ်သာကီ အတွက် ပါ ကျွန်တော်က အမှုနှစ်ခု ဖြေရှင်းပေးရမှာပေါ့''

''ဗျာ ဘယ်လို''

''လွန်ခဲ့တဲ့ တစ်ပတ်လောက်က မိုးနတ်သာကီရဲ့ ကားကို ရှေ့ကကားနဲ့ ပိတ်ရပ်ပြီး လူရမ်းကားငါးယောက် ဝိုင်းရိုက်နှက်ဖူးတယ်၊ အဲဒီအမှုတုန်းက ကျွန်တော်ပါ အနားမှာရှိနေတယ်''

''အဲဒါ ကျုပ်နဲ့ဘာဆိုင်လို့လဲ''

''ဒါတော့ တရားရုံးမှာ ခင်ဗျား ရှင်းရမှာလေ၊ အဲဒီတုန်းက ကျွန်ရစ်ခဲ့တဲ့ လူမိုက်က ဝန်ခံထားတယ်၊ ခေစခိုင်းသူကော ကျူးလွန်



www.burmeseclassic.com

www.burmeseclassic.com



သူတွေပါ ထောင်ထဲရောက်အောင် ပို့နိုင်တဲ့အမှုပဲ၊ ဦးဝဋ္ဋာကျော်ကလည်း သူ့မြေးကို ဒီလိုလုပ်တဲ့ လူတွေကို ကျေနပ်မှာမဟုတ်ဘူး''

ရှေ့နေကိုနှစ်ခြိုက် စကားဆုံးမှာ ကိုကိုလွင်မျက်နှာကြီး ရဲရဲနီကာ ရှုံ့မဲ့သွားခဲ့၏။

''ကိုင်း ဘယ်လိုလဲ ကိုကိုလွင် အခုရဲစခန်းကို ဖုန်းဆက်တိုင်တန်းကြည့်ပလား''

ကိုကိုလွင် တွန့်ခနဲဖြစ်ကာ နောက်ကို တစ်လှမ်းဆုတ်သွား၏။ သူ ကျူးလွန်ထားသော အမှုကြီးက နိုင်မာနေတာ ထင်ရှားနေတော့

''မင်းတို့နေကြဦးပေါ့ကွာ''

ချာခနဲ ဆိုင်ထဲက လှည့်ထွက်သွားရင်း ကြိမ်းဝါးသွားသေးသည်။ မိုးနတ်ကို နှစ်ခြိုက်က ပြုံးကြည့်ရင်း

''ကိုယ်တို့ တွေ့ကြပြန်ပြီနော်''

''ဒါပေမဲ့ ကျွန်မ ရှင့်ကျေးဇူးအတွက် ဘာလက်ဆောင်မှ ပေးမှာမဟုတ်ဘူး ကိုနှစ်ခြိုက်''

''ကျေးဇူးပါ မိုးနတ် ဟိုတစ်ခါက ကျွန်တော်ရဲ့ ငြင်းဆန်မှုတွေက လွန်သွားတာ တောင်းပန်ရင်း တစ်ခုခုစားရအောင်နော်''

ကိုနှစ်ခြိုက် တောင်းဆိုနေမှုကို မိုးနတ် ငြင်းလိမ့်မည်ဟု သူ ထင်ထားပေမယ့်

''ကောင်းပြီလေ မိုးနတ်လည်း ရှင်နဲ့စကားပြောချင်ပါတယ် တာမာန် ရုံးခန်းကို ပြန်နှင့်လိုက်၊ ကျွန်မပြီးမှလိုက်ခဲ့မယ်''





သူ့ကိုတောင် မိုးနတ်က နှင်လွှတ်နေတာမို့ ရင်ထဲမှာ ဝမ်းနည်းသွားရသည်။ ဒါပေမဲ့ သူ ခေါင်းညိတ်ရ၏။

''ကျွန်တော် ကားထားခဲ့မယ်နော်''

''ယူသွား ကိုတာမာန်၊ မိုးနတ်ကို ကျွန်တော့်ကားနဲ့ ပြန်ပို့ပေးပါ့မယ် စိတ်ချပါ''

ကိုနှစ်ခြိုက် ဝင်ပြောတော့ မိုးနတ်ကလည်း ခေါင်းလေးညိတ်ပြသည်။ သူခေါင်းလေးညိတ်ကာ ဆိုင်လေးထဲက လှည့်ထွက်ခဲ့ရ၏။

ရင်ထဲမှာတော့ လစ်ဟာနေသော ဝေဒနာကြီးနှင့် ခံရခက်လှ၏။ မိုးနတ်ရဲ့အကြည့်တွေထဲမှာ နှစ်ခြိုက်ကို နှစ်သက် ကြည်ဖြူနေတာ ထင်ရှားပါသည်။

ညီမလေး ပြောသလိုပဲ ဖြစ်လာခဲ့ပြီ ထင်ပါရဲ့။

မိုးနတ်ရဲ့ရင်ကိုပိုင်စိုးခဲ့သောသူနှင့်မှ နှစ်ခြိုက်ဆိုသည့်ယောကျ်ားက ရုပ်ချင်းလာတူနေရသတဲ့လား။

ဒါ သူ့ရဲ့ကံဆိုးမှုဖြစ်ကာ နှစ်ခြိုက်အတွက် ကံကောင်းခြင်းဆိုတာ သေချာပါသည်။

ရွှေမင်းသမီးလေးရဲ့ နှလုံးသားအတွက်တော့ သူသည် ကိုယ်ရံတော် တစ်ယောက်မဟုတ်နိုင်တာ မှန်နေပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"မိုးနတ် ဒီဓာတ်ပုံတွေက ဘာတွေလဲ"

ဘိုးဘိုးနှုတ်က တစ်ခါမှ မခေါ်ဖူးသော နာမည်ခေါ်သံနှင့် အတူ မိုးနတ် စားပွဲလေးပေါ် ဓာတ်ပုံတွေ ပြုတ်ကျလာ၏။

မိုးနတ် ဓါတ်ပုံတွေကိုကြည့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ မိုးနတ်နှင့် နှစ်ခြိုက်တို့ ယှဉ်တွဲနေပုံတွေက ဓာတ်ပုံထဲမှာ အထင် အရှား။ စားသောက်ဆိုင်ထဲမှာ ထိုင်နေပုံတွေ။

ရယ်မော စကားပြောနေပုံတွေ သာမကဘဲ နှစ်ခြိုက်ရဲ့ အမိုးပွင့်ကားနီလေးနှင့် လိုက်ပို့ပေးတာတွေပါ ပါ၏။

"မြေး ဒီကောင်နဲ့တွဲနေတာလား၊ ကြိုက်နေတာလား ပြောစမ်း"

ဘိုးဘိုး ဘာကြောင့် ဒီလောက်ဒေါသကြီးနေတာလဲ၊ မိုးနတ် မတွေးတတ်ပါ။ တကယ်ဆို ကိုနှစ်ခြိုက်သည် ဘိုးဘိုးနှင့် ခင်မင်ရင်းနှီးသူ





...တတ်တစ်ယောက်ဖြစ်ကာ မိဘတွေက ကုမ္ပဏီပိုင်ရှင်ပဲ။

"ပြောလေ မိုးနတ် ဘိုးကိုညာဖို့ မကြိုးစားနဲ့"

"ဟုတ်ကဲ့ဘိုး မိုးနတ် သူ့ကိုချစ်တယ်လို့ ထင်ပါတယ်"

"ဘာ"

ဘိုးဘိုး ဒေါသတကြီး ထအော်သည်။ မိုးနတ် တအံ့တသြလေး ...ိုးကို မော့ကြည့်မိတော့ ဘိုးဘိုး မျက်ဝန်းမှာ ဒေါသတွေ တကယ်အ ...င်နေ၏။

"ဘိုးဘိုး လုံးဝသဘောမတူနိုင်ဘူး၊ နှစ်ခြိုက်နဲ့ ဘယ်လိုမှ ...ဘောမတူနိုင်ဘူး"

"ဟင် ဘာလို့လဲ ဘိုးဘိုး၊ သူကဘိုးဘိုးနဲ့ လုပ်ငန်းတွေတောင် ...ညီပေးဖူးသူဆို ပြီးတော့"

"တော်စမ်း ဘာမှထပ်မပြောနဲ့ ဒီကောင်လေးက ဘာမှအသုံး ...တဲ့သူ မဟုတ်ဘူး၊ သူ့အဖေရဲ့ စီးပွားရေးတွေကို ဥပေက္ခာပြုပြီး ...ရာလုပ်နေတာ အခမဲ့ရှေ့နေတဲ့၊ ဘာအသုံးကျမှာလဲ၊ ဒီလိုလူတစ် ...က်ကို မြေးဘာလို့ ရွေးချယ်မှာလဲ"

"ဘိုးဘိုး"

မိုးနတ်ခေါ်ပေမယ့် ဘိုးဘိုးက မပြေသေးသော ဒေါသတွေနှင့် ...ပြီးပြောလာပြန်၏။

"ဒီလို ယောကျ်ားတစ်ယောက်က မြေးကိုရော ဘိုးတို့ကုမ္ပဏီ ...ငန်းတွေအတွက် ဘာတိုးတက်မှုပေးမှာလဲ၊ ရှိသမျှတောင် တက်...

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောင်အောင်လုပ်မယ့် ကောင်မျိုး၊ ဒီတော့ ဘိုးဘိုး လုံးဝလက်မခံ

မိုးနတ် ဘိုးဘိုးကို နားမလည်နိုင်တော့ပါ။ ယခင်က မိုးနတ် အိမ်ထောင်ပြုဖို့ စီစဉ်သည်။ အခု မိုးနတ် နှစ်သက်သည် တွေ့နေပြီဆိုမတော့ ခါးခါးသီးသီး။

''သူ့ကို မိုးနတ် လက်ထပ်ချင်တယ် ဘိုး အချစ်နဲ့ငွေကြေး တွေ မဆိုင်ဘူးလေ''

''ဘာ တော်စမ်း ဟော့ကောင် မောင်ဂျွန်လာစမ်း''

ဘိုးဘိုး ဒေါသတကြီးနှင့် ဦးဂျွန်ကို လှမ်းခေါ်တော့ ဦး အပြေးအလွှား ရောက်လာသည်။

''ဒီရက်ပိုင်းအတွင်း လေယာဉ်လက်မှတ် အမြန်ဆုံး မြေး စင်ကာပူကိုသွားနေရမယ်၊ ဟိုက ကုမ္ပဏီမှာ အလုပ်လုပ်ရမယ်

ဘိုးဘိုး အမိန့်ကို ဦးဂျွန် ခေါင်းညိတ် နားထောင်နေသည် မိုးနတ်ကတော့ ဘိုးဘိုးကိုကြည့်ကာ စိတ်တွေညစ်နေမိ၏။

တကယ်ဆို နှစ်ခြိုက်နှင့်မိုးနတ် အခြေအနေက အခုမှ ရင်းနှီးမှုလေးမဲ ရှိသေး၏။ ဘာပဲဖြစ်ဖြစ် စောဂျွန်နောင် ကိုယ်ပွားတော် မိုးနတ် နှစ်ခြိုက်နှင့် ရင်းနှီးခွင့်ရတာကို ပျော်သည်။

အခုတော့ ထို အပျော်လေးတွေ ဘိုးဘိုးကြောင့် ပျက်စီးရတော့ မည်လား။

''မိုးနတ် ဘိုးဘိုး လက်မခံနိုင်တာကို မလုပ်နဲ့နော်၊ မြေး ပြောင်းလဲ တည်ငြိမ်လာလို့ ဘိုး ကျေနပ်ပျော်နေတာ၊ အခုတော့





ငပ်စိတ်ဆင်းရဲရပြန်ပြီ''

''အရင်က ဘိုးပဲ သမီးကို ဖွတ်လက်ထပ်ပေးချင်ခဲ့တာလေ အခုမှ ပြောင်းရပြန်ပြီလား''

''မြေးကို လက်ထပ်ပေးတာ ဘိုးမရှိတော့တဲ့အခါ မြေးအတွက် စိတ်ချခဲ့ချင်လို့ပဲ၊ မြေးအတွက် ဘယ်လိုမှ စိတ်ချလို့မရတဲ့ လူလက်ထဲ တော့ ဘိုး မထည့်ပေးနိုင်ဘူး''

စကားအဆုံးမှာ ဘိုး ထွက်သွားသည်။ မိုးနတ် စိတ်ညစ်ညစ်နှင့် ခြံထဲကို ဆင်းခဲ့တော့ တမာန် အနားကိုရောက်လာ၏။

''မမလေး စိတ်ညစ်နေပြီလား''

''ညစ်တာပေါ့ တမာန်၊ နင်ကောပျော်နေသလား''

တမာန် ပင့်သက်လေးရှိုက်ရင်း ငြိမ်သက်နေ၏။ ပြီးမှ

''မမလေးကို အဝေးကြီးပို့မှာ ကျွန်တော် ပျော်ရမှာလား၊ မမ လေး မရှိမှတော့ ကျွန်တော်ကလည်း ဘာမှဆက်လုပ်စရာ မရှိဘူးလေ''

''သြော် နင်က အလုပ်ပြုတ်မှာ ကြောက်နေတာကိုး''

''ဟာ မဟုတ်ပါဘူး။ ကျွန်တော် ဒီသဘောပြောတာ မဟုတ်ဘူး''

တမာန် ကသောကမျောလေး ငြင်းသည်။ ပြီးတော့ မိုးနတ် ကို တွေတွေလေး စိုက်ကြည့်ရင်း

''တကယ်ဆို ကိုနှစ်ခြိုက်နဲ့ကိစ္စကို မမလေး ဘိုးဘိုးကို ဝန် ခံမပြောသင့်ဘူး''

''ပြောရမှာပေါ့ အမှန်ဝန်ခံရမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မမလေးတို့က ချစ်သူတွေ ဖြစ်နေပြီလား"

တမာန် တအံ့တသြလေး မေးသည်။ ကိုနှစ်ခြိုက်နှင့်မိုးန တို့ ဆုံတွေ့မှုက ဘာမှမကြာသေးတာ တမာန် သိထားသည်ကိုး။

"သူ ငါ့ကို ဖွင့်မပြောသေးပါဘူး။ ငါကလည်း ဘိုးဘိုး အကြောင်းပြောမှ သူ့ကိုချစ်နေတာ သိသွားတာ ထင်တယ်၊ သူနဲ့တွေ့ နေရတဲ့အချိန်လေးမှာ ငါ ပျော်တယ်၊ အမြဲတွေ့ချင်တယ်၊ ဒါ ချစ်လို့ ထင်တယ် ဟုတ်လား"

"မသိဘူးလေ"

"ညှို့လိုက်တာ နင်လည်း ချစ်သူမရှိတော့ ခံစားတတ် မဟုတ်ဘူး။ နင် ငါ့ကို ကူညီပါလား"

"ဘာကူညီရမှာလဲ မမလေး ပြောပါ"

မိုးနတ် မော့ကြည့်တော့ သူ မိုးနတ် စကားကို အလေးအနက် နားစိုက်ထောင်နေ၏။

"ငါ နိုင်ငံခြားမသွားနိုင်ဘူး၊ အဲဒါ နင် ကူညီပါ၊ ဘာလို့လဲ ဆိုတော့ နင်က ငါ့ဘက်က အမြဲရပ်တည်ပေးတဲ့ သက်တော်စောင့် ကိုယ်ရံတော်လေ"

သူ့အကြည့်တွေက မိုးနတ် မျက်နှာလေးပေါ်က လွှဲဖယ်မသွား ဘဲ အတန်ကြာ စူးစိုက်နေခဲ့၏။ ပြီးမှ တစ်ခွန်းတည်း ဆို၏။

"မမလေး စိတ်ချမ်းသာစေရပါ့မယ်"

■ ■ ■



## အခန်း (၁၉)

မိုးနတ် တစ်ယောက် ပျောက်ဆုံးသွားတာကြောင့် တစ်အိမ်လုံး ခေါင်းမီးတောက်နေကြ၏။ မိုးနတ် ပျောက်သွားချိန်မှာ သူက အိမ်ကို ပြန်နေချိန်မို့ တာဝန်ကင်းနေ၏။

ဒါကလည်း မိုးနတ်ရဲ့အစီအမံကြောင့် သူ ရှောင်နေပေးလိုက် တာ ဖြစ်၏။

ဦးဌွန်ဆို ပျာယာခတ်နေသည်။ ချာတိတ်တွေ မိုးနတ်ကို ရှာပုံ တော်ဖွင့်နေကြတာ တစ်နေကုန်ပါပဲ။

သူ ခြံထဲဆင်းနေတုန်း ဟန်းဖုန်းလေးမြည်လာ၏။ ထင်သည့် အတိုင်း မိုးနတ်ဆီက ဖြစ်နေ၏။

"မမလေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် တမာန်၊ ငါ အခုပဲ ရောက်နေပြီ"

"ဘယ်မှမသွားနဲ့နော်၊ ကျွန်တော် လာခဲ့မယ်"

"အေး မြန်မြန်လာခဲ့"

မိုးနတ် ဖုန်းလေးပိတ်သွားတော့ သူ ညွှန်ခန်းဘက် လျှော
ခဲ့ကာ ဦးဂွျန်အနား ရောက်ခဲ့သည်။

"ဦးဂွျန် ကျွန်တော် အပြင်ခဏသွားမလို့"

"ဘာကိစ္စလဲ တမာန်၊ ဒီမှာ မိုးနတ်လေးကို အားလုံး ခေါ
တောက်အောင် ရှာနေချိန်ကြီးမှာ"

"ကျွန်တော် ရှေ့နေ ကိုနှစ်ခြိုက်နဲ့ သွားတွေ့စုံစမ်းကြည့်မလို့"

သူပြောတော့ ဦးဂွျန် ခေါင်းကစ်ချက်ညိတ်သွားခဲ့ကာ

"ဟုတ်သားပဲ ငါတို့ ဒါမေ့နေတာ၊ သွား မြန်မြန်သွားစုံစမ်း

မိုးနတ်ရဲ့ကားကို မောင်းကာ သူ ထွက်ခဲ့သည်။ ကားပေါ်
ဖုန်းမြည်လာတော့ သူ ဖွင့်နားထောင်လိုက်၏။

"ဟဲလို မမလေးလား"

"ကိုကို ညီမလေးပါ၊ ဒီမှာ ညီမလေးတို့အိမ်ပေါ် မိုးနတ်သာ
ငုတ်တုတ်ကြီး ရောက်နေပြီ"

"ကိုကို သိတယ်၊ အခုပဲ လာနေပြီ၊ ဒီကိစ္စ ဘယ်သူ့မှ မသ
စေနဲ့နော် ညီမလေး"

"ကိုကို ဘာတွေလျှောက်လုပ်နေတာလဲ"





"နောက်မှ ရှင်းပြမယ်၊ ဘာမှ ပြဿနာမရှိဘူး ညီမလေး၊
အေးအေးထား ဟုတ်လား"

သူ ညီမလေးကို နှစ်သိမ့်ကာ ကားလေးကို အိမ်ဘက်ဆီသို့
ဆုံးမောင်းနှင်လာခဲ့လိုက်သည်။

မိုးနတ်က သူ့ကို အိမ်တံခါးဝမှ ပြုံးတစ်ပြုံးတစ် မျှော်စောင့်နေ
မြင်၏။ သူ အိမ်ပေါ်ရောက်သည်နှင့်

"တမာန် အခု ငါ ဘာဆက်လုပ်ရမလဲ၊ ဟိုတယ်တစ်ခုကို
ကြမလား"

"ဘယ်ဖြစ်မလဲ၊ ဒီညတော့ မမလေး ဒီမှာပဲ နေရမယ်"

"ဘာရယ် ငါက ဒီနေရာမျိုးမှာ ဘယ်လိုနေရမလဲ မဖြစ်နိုင်တာ"

"အခု မမလေးကို ဘိုးဘိုးတို့ နေရာအနှံ့ ပိုက်စိပ်တိုက် ရှာနေ
ကြတယ်၊ ဒီအချိန် ဟိုတယ်သွားလို့ကတော့ လမ်းမှာတင် ကွိခနဲ ပြန်
တွေ့ကြမှာပဲ"

သူ ရှင်းပြတော့မှ မိုးနတ် ခေါင်းလေးညိတ် လက်ခံသည်။
လေးက အခန်းထဲက သူတို့စကားတွေ နားထောင်နေမှာ သေချာ၏။

"အေး ဟုတ်သားပဲ၊ ငါ အတွေးချော်သွားတယ်၊ ဒီညတော့
ဒီမှာပဲ ဒုက္ခခံလိုက်ရမှာပဲ၊ ဒါပေမဲ့ ဒီတစ်ညပဲနော်"

"ဟုတ်ကဲ့ပါ နောက်နေ့မှ စဉ်းစားစီစဉ်တာပေါ့"

"အေး ငါ အခု ရေချိုးချင်တယ်၊ ဘယ်မှာလဲ ရေချိုးခန်း၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



သိပ်အိုက်စပ်နေပြီ''

''နောက်ဖေးမှာ ရေစည်ရှိတယ် မမလေး၊ အခန်းထဲက

မလေးအဝတ်အစားတွေ သုံးလေ''

''အိုကေ ကျေးဇူးပဲ''

မိုးနတ် ရေချိုးနေတော့မှ ညီမလေး ရောက်လာကာ မေး

၏။ သူကလည်း အခြေအနေတွေကို ရှင်းပြရ၏။

''ကိုကိုရယ် ပြဿနာတွေ တက်ကုန်မှာပဲ၊ သူ့အလိုကို

လိုက်လုပ်ပေးရတာလဲ''

''သူက ကိုကို တာဝန်ယူ စောင့်ရှောက်ပေးရသူလေ၊ အ

အနေနဲ့အချိန်အခါကြည့်စီစဥ်ရတာ၊ ညီမလေး စိတ်ပူမနေနဲ့ ဟုတ်လား''

မိုးနတ် ရေမိုးချိုးပြီးတော့ သူမ ညအိပ်မည့် အခန်းလေး

ဝင်ကြည့်ကာ နှာခေါင်းတရှုံ့ရှုံ့ ပြန်ထွက်လာ၏။

''အခန်းထဲမှာ အောက်သိုးသိုးအနံ့ နံမနေဘူးလား''

မိုးနတ်စကားကြောင့် သူ ပြုံးလိုက်ရင်း

''မမလေးတို့ရဲ့ နန်းတော်လို အိမ်ကြီးနဲ့ ကွာတာပေါ့ဗျာ၊ ဘာ

ဖြစ်ဖြစ် ဒီတစ်ညတော့ ဒီမှာပဲ အိပ်လိုက်ပါ၊ မနက်ဖြန်ကျမှ ကျွန်တော်

ဆက်သွယ်မယ်''

''အေး အေး နင်သွားတော့ တော်ကြာ နင် ပျောက်သွားတာ

ကို သံသယဝင်နေကြဦးမယ်''





''စိတ်ချပါ၊ ညီမလေး မမလေးကို ဂရုစိုက်လိုက်ပါ''

သူ့စကားကို ညီမလေး နာခေါင်းညိတ်ရှာပေမယ့် ပြဿနာ

ဖြစ်မှာကြောက်ကာ ဒီတစ်ညတော့ အိပ်ပျက်ရှာတော့မည်ထင်ရဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

''မြေး ငါ့ဆီကို ဖုန်းဆက်တယ်''

ဘိုးဘိုးစကားကြောင့် ဦးဂျွန် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သူကတော့ သိနေပြီးသားမို့ အံ့သြခြင်းမဖြစ်မိတော့ပါ။

''မိုးနတ်လေးက ဘာတဲ့လဲ''

''ဟိုကောင်နဲ့ သူ့ကိစ္စကို သဘောမတူမချင်း ပြန်မလာဘူးတဲ့''

''ဟင်''

ဦးဂျွန် အထိတ်တလန့် ရေရွတ်သည်။ ဘိုးဘိုးက ငူငူကြီး ရပ်နေ၏။ သူ အခြေအနေကို အကဲခတ်ရင်း ဘိုးဘိုးကို မရဲတရဲပြောရ၏။

''ကျွန်တော် ဝင်မပြောသင့်ပါဘူး၊ ဒါပေမဲ့ မမလေးကို သူ့ဘာသာသူ ဆုံးဖြတ်ခွင့်ပေးလိုက်တာ ပိုကောင်းမယ် ထင်ပါတယ် ဘိုးဘိုး''

''ငါ လက်မခံနိုင်ဘူး၊ သူ နောင်တရမယ့်ကိစ္စ''





ဘိုးဘိုး စိုးရိမ်မှုကို သူ လက်ခံခေါင်းညိတ်ထောက်ခံရင်း

''အခုချိန်မှာ သူ့စိတ်ကို ပြောင်းအောင်လုပ်လို့ မရသေးဘူး ဘိုးဘိုး၊ သူ့ကို နိုင်ငံခြားပို့လိုက်လို့ ပြဿနာ ပြေလည်သွားမှာ မဟုတ်ဘူးခင်ဗျ''

သူ့စကားကို ဘိုးဘိုးကော ဦးဂျွန်ပါ ခေါင်းညိတ်လက်ခံသည်။ နိုင်ငံခြားမြေခြားမှာ နေခဲ့သွားခဲ့ဖူးသော မိုးနတ်အတွက် ထိုလုပ်ရပ်က အကျိုးသက်ရောက်မှုမရှိတာ ဘိုးဘိုး တွေးမိမှာပဲဖြစ်၏။

''တမာန်ပြောတာကို ကျွန်တော် လက်ခံတယ် ဆရာကြီး၊ သမီးလေးဆန္ဒကို ခွင့်ပြုပေးထားသင့်တယ်''

''ဘာကွ မောင်ဂျွန်ရ၊ ဘာမှအသုံးမကျတဲ့ စိတ်ကြီးဝင်ပြီး သူတတ်ကြီးလုပ်နေတဲ့ ရှေ့နေကောင်နဲ့ ငါက ခွင့်ပြုရမှာတဲ့လား''

ဘိုးဘိုး ဒေါသတကြီးဆိုတော့ ဦးဂျွန် ဦးညွှတ်အရိုအသေပေးရင်း

''ကျွန်တော် အဲဒီရှေ့နေကောင်လေးနဲ့ တွေ့ပြီးပါပြီ၊ သူတို့ ဘာမှ မပတ်သက်သေးပုံပါပဲ၊ ရှေ့နေကောင်လေးကလည်း သံယောဇဉ်ရှိပုံ မပေါ်သေးပါဘူး''

''ဟင့် ဟုတ်လား''

''သေချာပါတယ် ဆရာကြီး၊ ဒီတော့ သမီးလေး စိတ်ချမ်းသာအောင် ခဏလွှတ်ပေးထားပြီး စောင့်ကြည့်စီစဉ်လို့ ရပါတယ်''

ဘိုးဘိုး ဦးဂျွန် စကားကို ခေါင်းတညိတ်ညိတ် နားထောင်နေခဲ့သည်။ ပြီးမှ ခေါင်းညိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒါ အကောင်းဆုံးပဲ၊ ဒါပေမဲ့ မြေးကို ဘယ်မှာရှိနေ တယ်ဆိုတာ မသိတော့ သူ ဖုန်းဆက်တာကို စောင့်ရမှာပဲ"

"ဒီအတွက် မပူပါနဲ့ ဆရာကြီး၊ ဒီနေ့ မိုးမချုပ်ခင် ကျွန်တော် တို့ အရောက်ခေါ်ပေးပါ့မယ်"

သူ မျက်မှောင်ကုပ်သွားမိသည်။ ဦးဂျွန် ကတိပေးရဲလွန်းတာ ဘာကြောင့်လဲ။ တကယ်ဆို မိုးနတ် ရှိနေသောနေရာကို သူကလွဲ ဘယ်သူသိမှာလဲ။

ဦးဂျွန်က သူ့ကို မျက်စပစ်ကာ ခြံပြင်ခေါ်တာမို့ သူ လိုက်ခဲ့ ၏။

"ကဲ မောင်တမာန် မင်းအရုပ် မိုးနတ်လေးကို သွားခေါ်ပါ"

"ဗျာ ကျွန်တော်က ဘယ်သွားခေါ်ရမှာလဲ"

သူ့စကားကြောင့် ဦးဂျွန် တစ်ချက်ပြုံးကာ သူ့ပခုံးကို သိုင်း ဖက်သည်။

"မနေ့က မင်း သူနဲ့သွားတွေ့တာ ငါ သိပါတယ်၊ ငါ မင်းကို မဆူပါဘူး၊ ဒါ့ မိုးနတ်လေးခိုင်းလို့ မင်းလုပ်ရတာ ငါ သဘောပေါက်တယ်"

"ဟို ဟို ဦးဂျွန် ဘယ်လိုသိတာလဲဟင်"

"မင်း မနေ့က ရှေ့နေနှစ်ခြိုက် ရုံးခန်းကို မရောက်ခဲ့ဘူး တာ ငါ သိလိုက်ကတည်းက တွက်မိတာပေါ့"

သူ ဦးဂျွန်ကို လေးစားသွားရပါသည်။ တကယ်တော်တဲ့ လူ ကြီးပါလား။





ကံကောင်းလို့ သူ တရားခံမဖြစ်တာ။ အခုတော့လည်း မိုးနတ် ကွက် အဆင်ပြေသွားရပါသည်။ သူ ဖြစ်စေချင်တာကလည်း မိုးနတ် အဝေးကြီး ရောက်မသွားစေချင်ပါ။

ဦးဂျွန်ပြောသလို ရှေ့နေ ကိုနှစ်ခြိုက်နှင့် သံယောဇဉ်ကင်းပြတ် လျှင်တော့ အကောင်းဆုံး။

တိတ်တခိုး ချစ်ခြင်းက ဆိုးလွန်းပါသည်။

■ ■ ■

"အဲဒီရှေ့နေကောင်ကို မြေး တကယ် သံယောဇဉ် ရှိနေတာ "

ဘိုးဘိုး မေးလာတော့ မိုးနတ် ပြတ်သားစွာပဲ ခေါင်းညိတ်လိုက် ဘိုးဘိုးက ခေါင်းကိုခါရင်း

"ဘိုးဘိုးကို မညာနဲ့၊ မြေးနဲ့သူ ဘာမှမပတ်သက်သေးတာ ဘိုး သိတယ်၊ သူကလည်း မြေးကို သံယောဇဉ်ကြီးမားပုံမရှိပါဘူး"

ဘိုးဘိုးကို မိုးနတ် လျှော့တွက်လို့မရတာတော့ သေချာနေသည်။ ပေမဲ့ မိုးနတ် ဘိုးဘိုးကို မော့ကြည့်ရင်း

"အဲဒါက မခက်ပါဘူး ဘိုးဘိုး၊ သူ မိုးနတ်ကို မကြာခင် ဖွင့် ပြောလာမှာပါ"

"မြေးရယ် ဘာလို့ ဒီလောက် မိုက်ချင်တာလဲ"

"သမီးမိုက်မဲတာ မဟုတ်ဘူး ဘိုးရယ်၊ သူက လောကကြီးထဲ မှာ မရှိတော့တဲ့ သမီးချစ်သူနဲ့ တူနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

ဘိုးဘိုး နှုတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။ မိုးနတ်ရဲ့အထိ… တလန့် ဒဏ်ရာတွေ ရရှိခဲ့တာ ဘိုးဘိုး သိထားသည်။

အခုတော့ ထိုဒဏ်ရာကြီးက မိုးနတ်ကို ပြန်ပြီး ထိုးနက်… ခဲ့တာ ဘိုးဘိုး နားလည်သွားပြီ ထင်ပါရဲ့။

■ ■ ■



## အခန်း (၂၁)

''ဘာ ဘယ်လို စိုက်ပျိုးရေးခြံ ဟုတ်လား''

ဦးဝဏ္ဏကျော် နားမလည်နိုင်သလို မေးသည်။ သူ့အသေအချာ ရှင်းပြရတော့သည်။

''ဒီလိုပါ ဘိုးဘိုး မမလေးက ကိုနှစ်ခြိုက်နဲ့အတူ မှော်ဘီက စိုက်ပျိုးရေးခြံမှာ ဒီနေ့ လုပ်အားသွားပေးမလို့တဲ့''

''တစ်ပတ်လုံး အလုပ်တွေလုပ်ထားရတာ နားရက်ရတဲ့ ဒီ တနင်္ဂနွေရက်လေးမှာ မနားဘူးပေါ့''

ဘိုးဘိုး မကျေမနပ် ပြောနေသည်။ ပိတ်ရက်ကလေးမှာ လုပ်အားပေးခရီးသွားမည်ဆိုတာကြောင့်ထက် ရှေ့နေ နှစ်ခြိုက်နှင့်သွားမှာကို အလိုမကျ ဖြစ်နေပုံရသည်။

''အဲဒီခြံက ဘယ်သူ့ခြံလဲ၊ ဘာကြောင့် လုပ်အားပေးသွားကြမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ခြံတွေက NGO အဖွဲ့အစည်းတစ်ခုက ပိုင်တဲ့ခြံတွေပါ ဘိုးဘိုး အလုပ်သမား လေးငါးယောက်လည်း ရှိပါတယ်၊ ဒါပေမဲ့ အဲဒီရှေ့နေနဲ့ နှစ်ယောက်တည်း သွားမယ့်ကိစ္စကို ဘိုးဘိုး သဘောမကျတာ ကျွန်တော် သိပါတယ်၊ မမလေးကိုလည်း တားလို့ရမှာမဟုတ်ဘူး၊ ကျွန်တော် ဘာဆက်လုပ်ရမလဲခင်ဗျာ"

ဘုန်းကာကို နားထောင်ပြီး ဦးဝဋ္ဋာကျော် မျက်မှောင်ကြီးကုပ်ကာ စဉ်းစားနေသည်။

"မင်း အာမခံလား တမာန်"

"အာမခံပါတယ် ဘိုးဘိုး၊ တစ်စုံတစ်ရာ ပြဿနာဖြစ်ရင် ကျွန်တော် အလုပ်က နုတ်ထွက်ပါမယ်"

သူ့ရဲ့တာဝန်ယူမှုကို ဘိုးဘိုး သဘောကျ ကျေနပ်သွားဟန်နှင့် ခေါင်းကို တစ်ချက်ညိတ်သည်။

"ဟုတ်ပြီ မြေးကို ပြဿနာမဖြစ်အောင် မင်း စောင့်ရှောက်ပေးပါ၊ ငါ ဘာမှပြဿနာအသံ မကြားချင်ဘူး၊ အထူးသဖြင့် နှစ်ခြိုက်ဆိုတဲ့ အကောင်နဲ့ မြေးကို သံယောဇဉ် မတွယ်စေချင်ဘူး"

"ဟုတ်ကဲ့ ဘိုးဘိုး၊ ကျွန်တော့်ကို ခွင့်ပြုပါ ခင်ဗျာ"

ဘိုးဘိုးကို ခွင့်တောင်းပြီး သူ ထွက်ခဲ့သည်။ မိုးနတ်ကတော့ ဘိုးဘိုး ပေးလိုက်သော ခွင့်ပြုချက်အတွက် ကျေနပ်ဝမ်းသာနေမှာ သေချာသည်။

"တမာန် ဘိုးဘိုး ဘာပြောလဲ"





"ဘိုးဘိုးက လုံးဝ ခွင့်မပြုဘူး မမလေး"

"ဟင်"

မိုးနတ် အလိုမကျသလို မျက်နှာလေး ညိုးသွားသည်။ သူ ညှင်းဆဲချင်၍ မိုးနတ် ဘာဆက်ပြောမလဲ စောင့်နေလိုက်သည်။

"ဘိုးဘိုး ဘာလို့ ခွင့်မပြုတာလဲ၊ ဒါ ကုသိုလ်အလုပ်ပဲဟာ၊ တော့ အလုပ်ပိတ်ရက်မှာသွားတာပဲ၊ မတရားဘူး နေဦး ငါ ကိုယ် တောင်းဆိုမယ်"

စိတ်မြန်လက်မြန်ရှိသော မမလေး လှည့်ထွက်သွားမည်ပြင် သူ ကသောကမျောလေး တောင်းပန်လိုက်ရသည်။

"မမလေး နေပါဦး၊ ဘိုးဘိုးနဲ့ကျွန်တော် ဆွေးနွေးပြီးပြီ၊ ဘိုး ခွင့်ပြုတယ်"

"ဘာရယ် နင်က ငါ့ကို နောက်နေတာပေါ့"

"မဟုတ်ပါဘူး မမလေးရယ်၊ ကျွန်တော်ပြောတာ နားထောင် ဘိုးဘိုးက တစ်စုံတစ်ရာဖြစ်ခဲ့ရင် မင်းအလုပ်ထွက်ရမယ်ဆိုတဲ့ နဲ့ ခွင့်ပြုလိုက်တာပါ"

သူ့စကားကြောင့် မိုးနတ် မျက်မှောင်လေးကုပ်ကြည့်နေသည်။ မိုးနတ် သူ့ကို ပြုံးစစကြည့်ကာ

"ကောင်းတာပေါ့၊ နင့်ကိုပါ အလုပ်ပြုတ်အောင် ငါ ပြဿနာ လိုက်ရှာပဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မိုးနှတ်စကားကြောင့် သူ တော်တော်ပဲ စိတ်လှုပ်ခက်သွား ပါသည်။ မိုးနှတ်မှာ ဒီလို အကြံအစည်များ ကကယ်ရှိနေသည်လား သူ ပင့်သက်လေးရှိုက်လိုက်ရင်း

"မမလေး ကျွန်တော့်ကို အလိုမရှိဘူးဆိုရင် ကျွန်တော် အ မရွေး နှုတ်ထွက်သွားလိုက်မှာပါ"

"ကောင်းပြီ ဒါဆို နင် အခုပဲ အလုပ်ကထွက်ပါ"

မိုးနှတ် မျက်နှာတည်တည်လေးနှင့်ပြောတော့ သူ ခေါင်းတ ချက်ညိတ်ကာ အသာလှည့်ထွက်လိုက်သည်။

"ဟေ့"

ဖျတ်ခနဲ ပခုံးကိုဆွဲကာ မိုးနှတ် ခေါ်လိုက်တာမို့ သူ လှည့် ကြည့်တော့ မိုးနှတ် လက်သီးဆုပ်က သူ့ရင်ဘတ်ကို ဘုတ်ခနဲ လှမ်းထိ ရင်း

"နင်က ငါ့ရဲ့ အမြဲတမ်း သက်တော်စောင့် ဖြစ်ရမယ်၊ ငါတို့လစ်ကြဖို့ ကိုနှစ်ခြိုက် စောင့်နေလောက်ပြီ"

မိုးနှတ်စကားကြောင့် သူ ဝမ်းသာသွားမိတာ အနိုင်းမဲ့ပါ ကားလေးဆီကို နှစ်ဦးသား ခပ်သုတ်သုတ်လှမ်းခဲ့သည်။

မိုးနှတ် မတက်ခင် ကားတံခါးကို သူ အမြန်ဖွင့်ပေးလိုက်သည် ပြီးတော့ မောင်းသူနေရာမှာ အသင့်ဝင်ထိုင်ပြီး ကားစက်နှိုးလိုက်သည်။

သူ့အဖြစ်က မိုးနှတ် စိတ်တိုင်းကျ အလိုရှိရာ စီမံဆောင်ရွ ပေးဖို့အတွက် အသင့်ရှိနေရသူ ကိုယ်ရံတော်ပါပဲ။





အခုလည်း နှစ်ခြိုက်နဲ့ မိုးနှတ် ဆုံတွေ့နိုင်ဖို့ အကျိုးဆောင်နေ သည့်အဖြစ်မှာ . . . ။

■ ■ ■

မော်တော်ဘက်က စိုက်ပျိုးမွေးမြူရေး ခြံကြီးကို ရောက်ခဲ့ကြတော့ က်ဆယ်နာရီထိုးပြီ၊

အသင့်စောင့်နေသော အလုပ်သမားလေးတွေကို မေးမြန်း ည့်တော့ နှစ်ခြိုက်ရောက်မလာသေးဟု သိရ၏။

"ဟင် ဘာဖြစ်တာလဲ၊ သူ ကြိုရောက်မယ် ပြောထားတာ"

"ကိုနှစ်ခြိုက်က ကိစ္စလေးတစ်ခု ရှိလို့နောက်ကျနေတာပါ၊ အစ် တို့ လုပ်အားပေးမယ်ဆိုရင် အလုပ်လုပ် နိုင်ကြပါပြီ"

စိုက်ပျိုးရေးခြံထဲမှာ လုပ်အားပေးနေသူတွေက အယောက် ဆယ်ကျော်ရှိသည်။ သီးပင်တွေ ရေလောင်းသူ၊ ပေါင်းပင်တွေနှုတ်သူ၊ ခြံ၊ ဝက်ခြံတွေ သန့်ရှင်းပေးနေကြသူတွေ အများကြီး။

"ငါ အလုပ် လုပ်လိုက်ဦးမယ်ဟာ"

"မမလေး လုပ်နိုင်လို့လား"

"မလုပ်နိုင်လည်း လုပ်ရမှာပဲလေ၊ ငါက ကိုနှစ်ခြိုက်နဲ့ ဒီမှာ ပ်အားပေးဖို့ ကတိပေးထားပြီးပြီ ငါကတိတည်အောင် လုပ်ရမှာပေါ့"

"မမလေးသာ ကတိတည်တာ အခုထိ ကိုနှစ်ခြိုက်က ရောက် လာသေးဘူး"

သူပြောတာကို ဥပေက္ခာပြုကာ မိုးနှတ် အဝတ်အစားပြင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ ဝင်သွားခဲ့သည်။ ခဏကြာတော့ ဂျင်းဘောင်းဘီ ဒူးဖုံးလေးနှ
ရှပ်လက်ရှည်လေး ဝတ်ဆင်ကာ ရောက်လာသည်။

မမလေး မိုးနတ် လုပ်မည်ဆိုတော့ သူလည်း မနေနိုင်တော့
အသင့်ယူလာသော အဝတ်အစားတွေ လဲလှယ်ကာ ဝင်လုပ်လိုက်
တော့သည်။

တက်ယ်တမ်းကျ အလုပ်ကြမ်းတွေကို မိုးနတ် မလုပ်နိုင်ရှာ
သူကပဲ မိုးနတ် အနားမှာနေကာ အားလုံးလုပ်ပေးနေရ၏။

"ဖယ် ဖယ် မမလေး အဲဒီအပင်တွေ ကျွန်တော်ရှင်းမယ်
မမလေး ဟိုမြက်ပင်လေးတွေပဲ နုတ်နေလိုက်ပါ"

မိုးနတ်ကိုကြည့်ကာ သူ သနားမိသည်။ အလုပ်တွေလုပ်ရင်
ကိုနှစ်ခြိုက် ရောက်လာမည်လား တမျှော်မျှော် ဖြစ်နေတာတွေ့၏။

ဆယ့်နှစ်နာရီလောက်မှ ထမင်းစားကြရသည်။ အချဉ်ရည်ဟင်
နှင့် ငါးပိကြော်၊ ငါးခြောက်ကြော်မျှသာ ပါသော ထမင်းဝိုင်းက မိုးနတ်
ဘယ်လိုမှ စားမဝင်သော ဟင်းလျာတွေဟု သူသိပါသည်။

"မမလေး စားလို့မဝင်ဘူး မဟုတ်လား၊ ကျွန်တော်စားစရာ
တစ်ခုခု ဝယ်ပေးရမလား"

"ဟင့်အင်း မဝယ်ပါနဲ့ တမာန်၊ တခြားသူတွေလည်း ဒီလိုပဲ
စားနေကြတာပဲလေ တို့လည်း စားနိုင်ရမှာပေါ့"

ပြောသာပြောသည် မမလေးခမျာ ပန်းကန်တစ်ဝက်တောင်
မကုန်ဘဲ ပြီးသွားခဲ့သည်။ ကိုနှစ်ခြိုက်ကား တစ်မနက်ကုန်သွားသည်အထိ





ပေါ်မလာချေ။

"တမာန် နှစ်ခြိုက်ဆီ ဖုန်းဆက်ပေးစမ်းပါ"

မိုးနတ် စေခိုင်းတော့ သူ ဖုန်းဆက်ပေးရသည်။ ကိုနှစ်ခြိုက်နှင့်
တိုက်ရိုက်ပဲ ဆုံပါသည်။

"ကိုနှစ်ခြိုက် ခင်ဗျားအခု ဘယ်မှာလဲ၊ မမလေး မိုးနတ်နဲ့
ကျွန်တော် မော်ဘီရောက်နေပြီ"

"ဟင် ဟုတ်လား၊ ကျွန်တော်က ဒီမှာ အရေးပေါ်ကိစ္စ တစ်ခု
ပေါ်လာလို့ မလာဖြစ်တာပါ"

သူ ထောင်းခနဲ စိတ်တိုသွားသည်။ ကိုနှစ်ခြိုက် အသံကို မမ
လေး ကြားအောင်လည်း သူ ဖုန်းစပီကာ ဖွင့်ပေးထား၏။

"ခင်ဗျား အသေအချာ ချိန်းပြီးမှဗျာ"

"ဆောရီး ပြည်တမာန် ကျွန်တော့်ကိုယ်စား တောင်းပန်ပေး
ပါဗျာ၊ အမှန်ပြောရရင် မိုးနတ်လို မိန်းကလေးက အဲဒီနေရာမျိုးကို
လာမယ်လို့ ကျွန်တော် ထင်မနေခဲ့တာ"

"ကိုနှစ်ခြိုက် ဒီနေ့လုံးဝ မလာတော့ဘူးပေါ့"

"ဟုတ်တယ် ကျွန်တော် ဘယ်လိုမှ ပြန်လာနိုင်မှာ မဟုတ်ဘူး
ဗျာ၊ တောင်းပန်ပါတယ်"

သူ ဖုန်းပိတ်ကာ မိုးနတ်ကို ကြည့်မိသည်။ မိုးနတ် မျက်ဝန်း
လေးတွေမှာ မျက်ရည်လေးတွေ ဝဲနေတာမြင်တော့ စိတ်မကောင်းပါ။

"မမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အကုန်ကြားတယ်၊ သူကငါ့ကို အထင်သေးနေတာ ငါသူ့ဆီက ယုံကြည်မှုတစ်ခု ရချင်လို့ ဒီကိုလာခဲ့တာ"

ကိုနှစ်ခြိုက်အတွက် မိုးနတ် ဒီလောက်အထိ ဒုက္ခတွေ၊ အ ပန်းခံမှုတွေ ပေးဆပ်နေတာ သူမြင်နေတော့ ရင်ထဲမှာ ခံစားရပါသ

"မမလေး အခုပြန်ကြမှာလား"

"ဘာလို့ ပြန်ရမှာလဲ၊ နေ့လည်ပိုင်း ငါတို့အလုပ်ထပ် လုပ် လေ"

"မမလေးမှ မလုပ်နိုင်တာ မမလေး ပင်ပန်းနေပြီ"

"ရတယ် ငါပြန်သွားတယ်ဆိုတာ သူသိရင် ပိုပြီး အထင် မှာပေါ့၊ ဒီနေ့တော့ ငါ ဒီမှာပဲ တစ်နေကုန်ရှိရမှာပါ"

သူ စိတ်မကောင်းပေမယ့် တားမြစ်ခွင့်မရှိပါ၊ ထမင်းစားသော ပြီး ခဏနားလိုက်ကြကာ မွေးမြူရေးခြံတွေမှာ သန့်ရှင်းရေး လုပ်ကြ

နွားချေးနံ့ ဝက်ချေးနံ့တွေကြောင့် မမလေး မျက်နှာလေးရှုံ့ တဝေ့ဝေ့ ပျို့နေသည်။

"မမလေး အဆင်ပြေရဲ့လား"

"ရတယ် ငါလုပ်နိုင်တယ် အော့ ဝေ့ ဝေ့"

"ဟာ မမလေး လာ လာ ဒီဘက်ကိုလာပါ"

တဝေ့ဝေ့ ပျို့အန်နေသော မမလေးမိုးနတ်ကို တွဲခေါ် သူ ကျောပြင်လေးဖိကာ ပြုစုပေးနေတုန်း တာဝန်ခံလူတစ်ယော ရောက်လာ၏။





"ဘာဖြစ်တာလဲ နေမကောင်းဘူးလား"

"ဟုတ်တယ် ခင်ဗျ၊ ကျွန်တော်တို့ မမလေးက နလုံးသိပ်မ ကောင်းဘူး ဒါမျိုးအလုပ်တွေလည်း မလုပ်ဖူးတော့ ပင်ပန်းသွားတာပါ"

"နားနေဆောင်မှာ သွားနားလိုက်ပါ၊ တစ်မနက်လုံး အလုပ်လုပ် ထားပြီးပြီပဲ ကုသိုလ်ရပါတယ်၊ သွားနားလိုက်ပါ"

"ဟုတ်ကဲ့ မမလေး လာပါ"

မူးဝေနေသော မမလေးကိုတွဲကာ သူ ခေါ်ခဲ့သည်။ ရေချိုးခန်း ထဲ ဝင်ကာ သန့်စင်ဆေးကြောလိုက်ကြသည်။

ဒီခြံကြီးမှာက တစ်ပက် ဆယ်ရက်အလုပ်လုပ် ကုသိုလ်ယူသူ များ ရှိတာမို့ တည်းခိုဆောင်အခန်းလေးတွေ စီစဉ်ပေးထားတတ်သည်။ သူ မမလေးကို ထိုအခန်းလေးကို ခေါ်ခဲ့၏။

"သက်သာရဲ့လား မမလေး၊ ဒီမှာ အဝတ်အစားတွေလဲပြီး ခဏအနားယူလိုက်နော်"

"အေးဟာ နည်းနည်း နုံးသွားတယ်၊ ငါတစ်မှေးလောက် နား လိုက်မယ်၊ ပြီးမှ ပြန်ကြရအောင်နော်"

"ဟုတ်ကဲ့ နားပါ၊ ကျွန်တော် အခန်းအပြင်က စောင့်ပေးပါ့ မယ်"

"နင် ငါ့အနားကပဲ စောင့်ပေးပါ၊ ဘယ်မှမသွားပါနဲ့၊ ငါတစ်မှေး လောက်ပဲ မှေးမှာပါ"

သူ ခေါင်းညိတ်ပြရင်း အခန်းနံရံမှာ မှီထိုင်လိုက်သည်။ မိုးနတ်



www.burmeseclassic.com

www.burmeseclassic.com



က မဟာနိုင်တော့ဘူးထင်၏။ ကြမ်းပြင်မှာ ခွေခွေကလေး လှဲအိပ်
၏။

မျက်ဝန်းလေးတွေ မှိတ်ကာ အိပ်နေသော မိုးနတ်ကိုကြည့်
သူ တကယ်သနားနေမိသည်။ မျက်နှာလေး နီမြန်းကာ မမလေး ပင်
နေရှာပြီ၊ မမလေး မျှော်လင့်သော နှစ်ခြိုက်လည်း ရောက်မလာေ

သူ နာရီကို ငုံ့ကြည့်တော့ နှစ်နာရီကျော်ကျော်ပဲ ရှိသေး
မိုးနတ် တစ်ရေးလောက်အိပ်ပါစေတော့။ ညနေစောင်းမှ ပြန်လို့ရသည်
သူလည်း နံရံကိုမှီကာ မှေးနေလိုက်သည်။

လူရောစိတ်ပါ ပင်ပန်းထားတာကြောင့် သူလည်း မျက်ခွံ
လေးလံလာကာ တစ်ချက်မှာ မှေးခနဲ အိပ်ပျော်သွားခဲ့၏။

■ ■ ■

"မိုးနတ် မိုးနတ် ဟဲ့ ဟဲ့ ထစမ်းပါဦး"

ပခုံးကို ခပ်ကြမ်းကြမ်း ပုတ်နှိုးခေါ်သံကြောင့် မိုးနတ် မျက်
လေးတွေ ဖွင့်ကြည့်တော့ မြင်ရတာ ဆုလာဘ် မျက်နှာ။

"ဟင် ဘာလဲ အို ဘုရားရေ"

မိုးနတ် မျက်ဝန်းတွေ ထိတ်လန့်စွာ ပိုင်းစက်သွားခဲ့သည်
ဖက်ခေါင်းအုံးကြီး အမှတ်နှင့် မိုးနတ် ခွထားသူက တမာန် ဖြစ်နေသည်

ထွက်ပူစိတ်နှင့် မိုးနတ် လူးလဲထလိုက်တော့ တမာန်လည်း ထ
နိုးသွားကာ ကမူးရှူးထိုး ထထိုင်၏။

"ဟာ မမလေး ဟင် ကိုနှစ်ခြိုက်"





တံခါးဝကိုကြည့်ကာ တမာန်ရေရွတ်မှ မိုးနတ်လည်း အလန့်
တကြား ကြည့်မိသည်။ ဆုလာဘ်တင်မဟုတ်ဘဲ နှစ်ခြိုက်ပါ ပါလာသည်
ကိုး။

"မိုးနတ် နင်တို့က ဒီမှာလုပ်အားပေးကြတာလား။ လာအပမ်း
ဖြေကြတာလား ဟင်"

ဆုလာဘ်၏ ရိသဲ့သဲ့အမေးစကားကြောင့် မိုးနတ် မျက်နှာလေး
ရဲရဲနီသွားခဲ့သည်။

"မ မဟုတ်ဘူး။ ကျွန်တော်တို့ တစ်မနက်လုံး လုပ်အားပေး
နေကြတာပါ မမလေး မူးပြီးအန်လို့ ဒီမှာခဏ အနားယူနေတာပါ"

"ဟုတ်လား နင်တို့နှစ်ယောက် ပိုးစိုးပက်စက် အိပ်နေပုံတွေ
က မဟုတ်သေးဘူး။ ကိုနှစ်ခြိုက်ကိုတောင် ငါမျက်နှာပူတယ်"

"ဆုလာဘ် နင်ဘာတွေပြောနေတာလဲ ကိုနှစ်ခြိုက် မဟုတ်
ပါဘူး မိုးနတ် မိုးနတ် ဟိုလေ ဟို ဟို"

မိုးနတ် ရှင်းပြဖို့ ကြိုးစားရင်း စကားသံတွေ ဆွံ့အတွန့်ဆုတ်
နေတော့ နှစ်ခြိုက် မပွင့်တပွင့်ပြုံးရင်း

"မိုးနတ်အပေါ် ကတိပျက်သလို ဖြစ်သွားလို့ ကိုယ်မရောက်
ရောက်အောင် လာခဲ့လိုက်တာပါ၊ ပြဿနာမရှိဘူး၊ မင်းတို့အရွယ်က
ကလေးတွေမှမဟုတ်တော့ဘဲ ကိုယ်နားလည်ပါတယ်"

"ဟာ ကိုနှစ်ခြိုက် အထင်လွဲနေပြီ"

"ရတယ် ပြည်တမာန် ကဲ ကိုယ့်ကိုခွင့်ပြုဦး ခြိုက်တာဝန်ခံ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ တွေ့စရာလေးရှိသေးလို့''

ကိုနှစ်ခြိုက်ပြောကာ အခန်းဝက လှည့်ထွက်သွားတော့ မိုးန
နှင့် တမာန် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိ၏။ တမာ
မျက်ဝန်းတွေက သူမကို တောင်းပန်ခယမှုတွေ ပြည့်နှက်နေ၏။

''တမာန် နင် နင် တကယ့် ပြဿနာပဲ''

''မမလေး ကျွန်တော် တောင်းပန်ပါတယ်၊ မမလေးကို တော
ပေးရင်း မေးခနဲ ဖြစ်သွားတာ''

''ကြိုးချင်းထား ကြိုးခြင်းငြိတတ်တာ သဘာဝပဲလေ မိုးနတ်
ဘာပဲဖြစ်ဖြစ် ဘိုးဘိုး ရွေးချယ်ထားတဲ့ ကိုယ်ရံတော်ပဲဟယ် တစ်ဘဝ
အတွက် နင်''

''ဆုလာဘ် နင် အမြန်ထွက်သွားစမ်း''

မိုးနတ် ရူးရူးဝါးဝါးလေး ဟစ်အော်တော့ ဆုလာဘ် နှုတ်ပိတ်
သွားခဲ့ကာ ပန်းလေးတစ်ချက်တွန့် လှည့်ထွက်သွားခဲ့သည်။ ဒေါသကြေ
မျက်ရည်လေးဝဲနေသော မျက်ဝန်းရူးရူးရဲရဲလေးတွေနှင့် မိုးနတ် တမာ
ကို ကြည့်ရင်း

''ဒီပြဿနာကို နင်ဘယ်လို ရှင်းမလဲ တမာန် အားလုံး အထင်
လွဲစရာတွေ ဖြစ်ကုန်ပြီ၊ နင့်ကြောင့် သိလား''

''မမလေး စောင့်နိုင်းလို့ ကျွန်တော် စောင့်ပေးရတာပါ''

''တော် တော်စမ်း သွားပြီ၊ ငါ့ကို နှစ်ခြိုက် အထင်လွဲသွားပြီ
နင့်ကို လုံးဝခွင့်မလွှတ်ဘူး၊ မနက်ဖြန် နင့် အသိစိတ်ခေတ်နဲ့နင် အလု





ထွက်တော့''

မိုးနတ် ပြောရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာ
သည်။ ရင်ထဲမှာ ရှက်ဒေါသတွေ ဆူဝေနေသည်။ ထူပူနေသည်။

ခေါင်းငိုက်စိုက်နှင့် ငူငူကြီးရပ်နေသော တမာန်ကိုလည်း အခု
ချိန်မှာ သိပ်ကိုမုန်းတီးသည်။

မမြင်နိုင်တဲ့ ကံကြမ္မာရဲ့ ကျီစယ်မှုက ဆိုးလွန်းလိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ညက နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ရတာမို့ မနက်မိုးလင်းတော့ မိုးနတ် စိတ်တွေ ကြည်လင် လန်းဆန်းနေသည်။

လက်ကလေးနှစ်ဖက်မြှောက် သမ်းဝေရင်း ပြတင်းတံခါးဆီ လှမ်းခဲ့၏။ နံနက်ခင်း၏ လေပြည်ကို ပြတင်းတံခါးကပဲ မိုးနတ် အားပါးတ ရ ရှူရှိုက်မိသည်။

မနေ့က ညနေငါးနာရီလောက်မှာ မိုးနတ်တို့ ပြန်ရောက်သည်။ ရေမိုးချိုးကာ ဗိုက်ဆာလွန်းတာမို့ ညနေစာကို စောစောစားလိုက်သည်။

ပြီးတော့ အိပ်ရာစောစော ဝင်လိုက်သည်နှင့် လူက တချိုးတည်း အိပ်ပျော်သွားခဲ့သည်။ မော်ဘီခြံမှာ ဖြစ်ပျက်ခဲ့တာတွေကိုတောင် မိုးနတ် မတွေးဖြစ်တော့ပါ။





သည်မနက်မှ ထိုအကြောင်းတွေ ခေါင်းထဲပြန်ရောက်လာသည်။ သို့ပေမယ့် မိုးနတ် စိတ်မှာ နာနာကျင်ကျင် မခံစားရတော့တာ ထူးဆန်းနေသည်။

နှစ်ခြိုက် အထင်လွဲသွားသော အခြေအနေကို ပြန်တွေးကြည့်သည်။ တကယ်ဆို သူ ဒီလောက်အထင်လွဲစရာ ကိစ္စမဟုတ်ဟု ထင်မိသည်။ မိုးနတ်ရဲ့ ကိုယ်ကျင့်တရားကို သူ ယုံသင့်သည်။

ဘယ်သူမဆို အိပ်ပျော်သွားချိန်မှာ သတိတရားကတော့ ကင်းလွတ်စမြဲဆိုတာ ရှေ့နေနှစ်ခြိုက် သိသင့်သည်။

ပြီးတော့ မော်ဘီကို သူမလာခဲ့တာ သူ ဖိတ်ခေါ်ချိန်းတာကြောင့်ဖြစ်၏။ ဒါပေမဲ့ သူကတော့ ရောက်မလာသည့်အပြင် မိုးနတ်စိတ်ကို စမ်းသပ်သလိုပြုတာဟု ဆိုသေး၏။

နှစ်ခြိုက်ရဲ့ စိတ်ဓာတ်ကိုတော့ မိုးနတ် သံသယတွေ ဝင်ချင်မိသည်။ ငွေကြေးဓနကို အလေးမထားဘဲ လူမှုရေးကိစ္စတွေမှာပဲ ပျော်မွေ့နစ်မျောနေသူက ဘာကြောင့် နားလည်နိုင်မှုတွေ နည်းပါးရတာလဲ။

နှစ်ခြိုက်ကို အထင်ကြီးသောစိတ်တွေ လျော့ပါးခဲ့ရတာ အမှန်ပဲဖြစ်သည်။ မိုးနတ် စိတ်ကိုလည်း မိုးနတ် အံ့ဩမိပါသည်။

နှစ်ခြိုက်ကို ချစ်သည်ဟု ဆိုခဲ့သော နှလုံးသားက ထိုကိစ္စကို သွေးပူနေစဉ် ခဏပဲ ဝမ်းနည်းခံစားမိ၏။ အခုတော့လည်း အအိပ်အစား တောင်မပျက် ပုံမှန်အတိုင်းရှိနေ၏။

သူမ နှစ်ခြိုက်ကို ချစ်သည်ဆိုတာ ဖြစ်နိုင်ပါ့မည်လား။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်က ပတ်သက်ခဲ့သူနှင့် တူတာကြောင့် စိတ်က ထွေပြားသွားတာထင်၏။

သေချာသည်ကတော့ အခုချိန်မှာ မိုးနတ် စိတ်တွေပေါ့ပါးလန်းဆန်းနေ၏။ အတွေးစကိုဖြတ်ကာ မိုးနတ် ညဝတ်ဂါဝန်ရှည်ကြီးကို ချွတ်ပစ်လိုက်သည်။

ရေမိုးချိုးရဦးမည်။ ပြီးလျှင် အလုပ်သွားရမည်။

■ ■ ■

အားလုံးပြင်ဆင်ပြီး မိုးနတ် ကော်ဖီဝိုင်းကို ဆင်းခဲ့သည်။ ကော်ဖီဝိုင်းမှာ ဘိုးဘိုးကို မတွေ့ရပါ။ တနင်္လာနေ့ဆိုလျှင် ဘိုးဘိုး ကုမ္ပဏီကို စောစောသွားတတ်တာ မိုးနတ်သိပါသည်။

"မမလေး ဘာသုံးဆောင်မလဲရှင့်"

"ကြက်ဥပေါင်မုန့်ကြော်နဲ့ ကော်ဖီပဲလုပ်ပေး"

ဒေါ်သီတာ ခေါင်းလေးညိတ်ကာ အမြန်စီစဉ်ပေးနေချိန်မှာ စားပွဲပေါ်က ကော်ဖီကိုသောက်ရင်း မိုးနတ် သတိရမိတာ တမာန်ကို

"တမာန် မလာသေးဘူးလား ဒေါ်သီတာ"

"သူ အလုပ်ထွက်သွားပြီရှင့်"

"ဘာ"

"မနက်က ဘိုးဘိုးဆီက ခွင့်တောင်းပြီး ထွက်သွားတာ ဘိုးဘိုး တားသေးတယ်၊ တမာန်က ဖွတ်ထွက်ခွင့်တောင်းတာလေ"

"အစီပွါယ်မရှိတာ၊ အခု သူ သွားပြီလား"





"သူ့အခန်းမှာ သိမ်းဆည်းစရာတွေ သိမ်းနေတုန်းထင်တယ်"

မိုးနတ် ချက်ချင်း ကော်ဖီဝိုင်းကထခဲ့လိုက်သည်။ ခပ်သွက်သွက် ခြေလှမ်းတွေက တမာန် နေထိုင်ရာ အိမ်နောက်ဘက်က အိမ်လေးဆီ သုမ်းခဲ့မိသည်။

မိုးနတ် အိမ်ရှေ့အရောက်မှာ တမာန် အိမ်လေးပေါ်က ခရီးဆောင်အိတ်လေး လွယ်ပိုးကာ ဆင်းလာတာနှင့် တိုးသည်။

"ဟဲ့ တမာန် နင် ဒါဘာလုပ်တာလဲ နင့်ကို ဘယ်သူက ထွက်ခွင့်ပြုလို့လဲ မနေ့က ငါစိတ်ဆိုးလို့ ပြောတာကို တကယ်ထင်နေတာလား"

"မဟုတ်ပါဘူး၊ ကျွန်တော် တကယ်ထွက်သင့်ပြီ ထင်လို့ပါ"

"မဟုတ်တာ ငါ့ဘေးမှာ နင်မရှိလို့ မဖြစ်ဘူးလေ၊ နေပါဦး နင် အလုပ်ကထွက်ရတဲ့ အကြောင်းရင်းကဘာလဲ"

မိုးနတ် အမေးကို သူ မဖြေသေးဘဲ တိတ်ဆိတ်ငြိမ်သက်နေခဲ့သည်။ ပြီးမှ ခေါင်းကိုငုံ့ထားလျက်က

"ကျွန်တော် တစ်သက်လုံး သက်တော်စောင့်ဘဝနဲ့ မနေနိုင်ဘူးလေ၊ ပြီးတော့ မမလေးကလည်း ကိုယ့်ကိုကိုယ် စောင့်ရှောက်နိုင်ပါတယ်"

"တမာန် နင်ငါ့ကို စိတ်ဆိုးနေတာလား"

"မဟုတ်ပါဘူး မမလေး စိတ်ထိခိုက်အောင် လုပ်မိတာအတွက် တောင်းပန်ချင်ပါတယ်"

"ဟင့်အင်း ငါဘာမှမဖြစ်ဘူး၊ ဒီပြဿနာ နင်ကော ငါပါ



www.burmeseclassic.com

www.burmeseclassic.com



ဘာအပြစ်မှမရှိဘူး၊ နှစ်ခြိုက် အထင်လွဲစရာ ဖြစ်တယ်ဆိုရင်လည်း ဒါသူ့ရဲ့ ပြည့်ဝမှုမရှိတဲ့ စိတ်ဓာတ်ကြောင့်ပဲ''

''မမလေး ဝမ်းနည်းသွားခဲ့တယ် မဟုတ်လား''

''နင် ထင်သလား အခု ငါပုံမှန်အတိုင်းပဲ ငါ့ကိုယ်ငါတောင် အံ့ဩတယ်၊ အခုတောင် ငါအလုပ်သွားမလို့''

''ဒါဆိုရင် ဝမ်းသာပါတယ် မမလေး၊ ကျွန်တော် သွားတော့မယ်''

''တမာန် နင်တကယ် သွားတော့မှာလား''

''ဘိုးဘိုးဆီက ခွင့်တောင်းပြီးပါပြီ မမလေး။ ပြီးတော့ ကျွန်တော့်အတွက် ဒီထက်ကောင်းတဲ့ အလုပ်ကိုလည်း ရှာရမယ်လေ''

''တော်တော့''

မိုးနတ် စိတ်မရှည်နိုင်စွာ အော်ပစ်လိုက်မိသည်။ ကိုယ်က ဒီလောက်တောင် တောင်းပန်နေတာကို တမာန် ဥပေက္ခာပြုရက်သလား။

''နင် သွားချင်သွားတော့ တမာန်၊ နင်ထွက်သွားလို့ ငါစိတ်ထိခိုက်နေမယ် ထင်နေသလား၊ နင်သွားချင်သွားတော့''

''မိုးနတ်''

သူမ နာမည်ကို တမာန် ခေါ်လိုက်တာမို့ အံ့ဩသလို မျက်ဝန်းလေးတွေနှင့် မော့ကြည့်မိ၏။

''အခု ကျွန်တော်က မိုးနတ်ရဲ့ သက်တော်စောင့် မဟုတ်တော့ဘူးဆိုတော့ နာမည်ကို ခေါ်လို့ရတယ် မဟုတ်လား၊ မိုးနတ်လို့ ကျွန်တော့်ကိုတစ်ခါလောက် ခေါ်ခွင့်ပြုပါ''

''သူ့မျက်ဝန်းတွေက အပြင်းပြဆုံး ဆန္ဒတစ်ခုအတွက် တောင်းဆိုနေသလိုမျိုး ရှိသည်။ မိုးနတ် ဘာမှမဆိုဘဲ တိတ်ဆိတ်နေမိသဲ။

''ကိုယ့်ကိုကိုယ် ဂရုစိုက်ပါ မိုးနတ်''

စကားအဆုံးမှာ သူ မိုးနတ်ရှေ့က ဖြတ်ကာ ထွက်သွားခဲ့သည်။ ဘာကြောင့်မှန်းမသိ မိုးနတ် ရင်ထဲမှာ လစ်ဟာသွားသလို ခံစားရသည်။

သူမ အနားက သူ အပြီးအပိုင် ထွက်သွားခဲ့ပြီတဲ့လား။

မယုံချင်ပေမဲ့ ကျောခိုင်းထွက်သွားသော သူသည် ခြံတံခါးဝ ရောက်သည်အထိ မိုးနတ်ကို တစ်ချက်လေးလှည့်မကြည့်။

''နင် ငါ့ကို တစ်ချက်လောက် လှည့်ကြည့်လိုက်စမ်းပါ တမာန် ရယ်''

မိုးနတ် ရင်ထဲက လိုလားတောင့်တစွာ တောင်းဆိုမိပေမယ့် သူ့ရဲ့အကြည့်တစ်ချက်ကို မရရှိခဲ့ပါ။

မိုးနတ် ရင်ထဲမှာ လှိုက်ဖိုဝမ်းနည်းလာသည်။ အံကို တင်းတင်းလေးကြိတ်ကာ အခန်းထဲ ပြေးဝင်ခဲ့သည်။

ကိုယ်လုံးပေါ် မှန်ကြီးရှေ့ရောက်တော့ မိုးနတ်ကို စိုက်ကြည့်နေသော ကိုယ်ရုပ်သွင်ကို ကိုယ်မြင်နေရ၏။

ကြည့်စမ်း မိုးနတ် မျက်ဝန်းထဲမှာ မျက်ရည်တွေနဲ့ပါလား။ သည်လို လူတစ်ယောက်အတွက် မိုးနတ် ဝမ်းနည်း ခံစားရသည်လား။





စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခြိုက်နဲ့တုန်းကတောင် မိုးနတ် ဒီလောက် မခံစားခဲ့ရ

တမာန်နှင့်ကျမှ ဘာဖြစ်တာလဲ။

သံယောဇဉ်ကြောင့်လား။ ဒါမှမဟုတ် ...။

■ ■ ■

အခန်း (၂၃)

ခုတလော မိုးနတ် စိတ်တွေ ရှုပ်နေသည်။ လူက အလိုလို ...သတွေ ထွက်နေမိသည်။ အလုပ်ထဲမှာလည်း စိတ်ကမပါ။

မိုးနတ် အနားမှာ သူ ရှိမနေခြင်းက တစ်ခုခု လိုအပ်သလို ...နေရသည်။ အမြဲတမ်း မိုးနတ် အနားမှာရှိကာ အရိပ်လိုကြည့်ကာ ...သမျှ ဖြည့်ဆည်းပေးမည့်သူ မရှိတော့ပါ။

ဘယ်တုန်းကမှ မိုးနတ်ရဲ့ အလိုဆန္ဒကို ခေါင်းတစ်ချက်မခါခဲ့ ...ာ တမာန် အခုတော့ တကယ်မရှိတော့ပါ။

ဘိုးဘိုးကလည်း မိုးနတ်အတွက် စောင့်ရှောက်ပေးမည့် ကိုယ်ရံ ...ာ် မလိုတော့ဟု ယုံသွား၏။ တကယ်ဆို မိုးနတ် ခံစားနေခဲ့ရတာကို ...ယ်သူမှ မသိနိုင်ဘဲလေ။





www.burmeseclassic.com

နောက်ဆုံးတော့ မိုးနတ် တမာန်ရဲ့ ညီမလေး ရေစင်အေး
ရှိသော ကုမ္ပဏီကို ထွက်ခဲ့လိုက်သည်။

ရေစင်အေးက ဘိုးဘိုးရဲ့ ဖက်ရှင်ရှော့ပ် ဆိုင်လေးမှာ အ
လုပ်လုပ်သည်။ မိုးနတ်ရောက်တော့ ရေစင်အေးကို အသင့်တွေ့၏။

"ရေစင်အေး"

"သြော် မမလေး ဘယ်ကိုလာတာလဲ"

"ဒီဘက်လမ်းကြုံလို့ ဝင်လာတာပါ၊ ဒါနဲ့ တမာန် အဆင်
လား"

"ဟုတ်ကဲ့ ပြေပါတယ် မမလေး"

ရေစင်အေး မျက်ဝန်းတွေက သူမကို မကြည့်ဘဲ ပြော
ဘာကို ရေစင်အေး သိုဝှက်ထားသည်လဲ မသိပါ။

"သူ အခု ဘာတွေလုပ်နေလဲ"

"သူ စုထားဟဲ့ ငွေလေးနဲ့ စတိုးဆိုင်လေးဖွင့်ထားတယ်
လေး"

"သူ့ တို့ကို ဘာတွေများ ပြောသေးလဲဟင်"

မိုးနတ် မျှော်လင့်ချက်လေးနှင့် မေးတော့ ရေစင်အေး မျက်
တွေက မိုးနတ်ကို မော့ကြည့်လာရင်း ခေါင်းလေးခါသည်။

"ဟင့်အင်း ဘာမှမပြောပါဘူး မမလေး"

ရင်ထဲမှာ သိပ်ဝမ်းနည်းသွားသည်။ တမာန် ဒီလောက်အ
တောင်မှ သံယောဇဉ်ကို အလွယ်တကူ ပြတ်တောက်နိုင်သည်လား





"မမလေး ကျွန်မ လုပ်စရာလေးတွေ ရှိလို့"

ရေစင်အေး သူမကို နှုတ်ဆက်သွားဖို့ပြင်တော့ လက်ကလေး
ဆွဲထားလိုက်ရင်း

"ခဏလေး ညီမလေး သူက ဆိုင်ဘယ်မှာ ဖွင့်ထားတာလဲ"

မိုးနတ်မေးတော့ ရေစင်အေး အံ့သြလို အတန်ကြာ ကြည့်
၏။ ပြီးမှ သူဖွင့်ထားသော ဆိုင်လိပ်စာလေးကို ပြောပြရှာသည်။

"အင်း ကျေးဇူးပဲ"

တမာန်ရယ် နင်က နေရက်နိုင်ပေမယ့် မနေနိုင်တဲ့ ငါကတော့
... အရောက်လာရတော့မှာပေါ့။

မမြင်တာကြာပြီဖြစ်တဲ့ နင့်မျက်နှာကို ငါမြင်ချင်တယ်။ ပြီးတော့
... စကားသံလေးတွေကို ငါကြားချင်တယ်။ သေချာတယ် တမာန်
... သံယောဇဉ်တွေက နင့်အပေါ်မှာ နိုင်မြဲနေခဲ့တာပါ။

■ ■ ■

ဆိုင်ရဲ့ကောင်တာလေးမှာ သူ ငူငူလေး ထိုင်နေမိသည်။ မိုး
...က သဲသဲမဲမဲ ရွာနေသည်။ ဆိုင်ထဲမှာလည်း ဝယ်သူမရှိတော့ သူ
...တွေ ဟိုရောက်ဒီရောက်နှင့်ရှိ၏။

တဝေါဝေါရွာနေသော မိုးစက်တွေကိုကြည့်ရင်း သတိရမိပြန်
... မိုးနတ်ကိုပဲ ဖြစ်သည်။

အချိန်အခါမဟုတ် မိုးရွာတာဆိုတော့ မိုးနတ် ထီးမှယူဖို့ သတိရ
...အားမသိ။ ဘာမှ မသက်ဆိုင်တော့ဟာ တွေးပြီးမှ မိုးနတ်အကြောင်း...



www.burmeseclassic.com

www.burmeseclassic.com



သူ တွေးနေမိတာ အခက်။

မဖြစ်သင့်သော အခြေအနေကို သူ နား‌လည်သိထား...
ဒါကြောင့်လည်း သံယောဇဉ်တွေ စောစီးစွာ ဖြတ်တောက်ခဲ့တာဖြစ်...
ကြာလျှင် ဒီထက်ပိုမိုခံစားရမှာ ကြောက်သည်။

အခုတော့ ခံစားရသော ဝေဒနာက ထင်ထားတာထက် ...
ပြင်းထန်နေခဲ့သည်။

မိုးနတ်ရယ် မင်းကို ငါ သိပ်ချစ်နေမိတာ သေချာတယ်...
ငါ့ရဲ့မိုက်မဲမှုမှန်း သိပေမယ့် ငါ့အဖြစ်က။

"ဟင်"

ဆိုင်လေးရှေ့ကို ထိုးရပ်လာသော CYGNUS ကားနက်ပြာ...
ကြောင့် သူ ထိတ်ခနဲဖြစ်သွားသည်။

ကားတံခါးကြီးပွင့်သွား၊ မိုးရေစတွေထဲမှာ ဘာမှမပါဘဲ ...
ထွက်လာသူက မိုးနတ်ပါပဲ။

"ဟင် မိုးနတ်"

ဆိုင်ထဲရောက်တော့ သူမ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသည်။ ...
မိုးနတ်ကို အံ့ဩမျက်ဝန်းတွေနှင့်ကြည့်ရင်း

"မမ မမလေး ဘယ်ကိုလာတာလဲ"

"နင် ဆိုင်ဖွင့်ထားတယ် ဆိုလို့လာကြည့်တာ၊ မိုးကလည်း
ကောင်းလိုက်တာ"

ပြောရင်း ဆံညိုညိုတွေမှာ ကပ်ငြိနေသော မိုးရေစက်တွေ...





...တ် လက်ဖဝါးလေးတွေနှင့် သပ်ခါချနေ၏။ သူ ဆိုင်အနောက်ဘက်
...ခင်ကာ မွေးပွသဘက်ကြီးကို ယူလာခဲ့၏။

"မမလေး ရေတွေသုတ်ပါဦး၊ တော်ကြာဖျားနေမယ်"

စိုးရိမ်သံစွက်သော သူ့စကားကို မိုးနတ် ပြုံးပြုံးလေးနားထောင်
...င်း

"ရှင်က ကျွန်မ ကိုယ်ရံတော်မဟုတ်တော့ဘူးလေ၊ မမလေးလို့
...ခေါ်သင့်တော့ဘူး"

"နှုတ်ကျိုးနေလို့ပါ၊ ရော့ သုတ်လိုက်ပါ"

"ကျွန်မအတွက် စိုးရိမ်ဖော်တော့ ရသေးတယ်ပေါ့"

ပြောရင်း သဘက်ကို လှမ်းယူကာ ဆံနွယ်က ရေစက်တွေကို
...နတ် ပွတ်သုတ်သည်။ မိုးနတ် ထိုင်ဖို့ ပလပ်စတစ်ထိုင်ခုံလေး သူ
...မ်းပေးရင်း

"ကော်ဖီသောက်မလားဟင်"

"ဟင့်အင်း ဘာမှမသောက်ချင်ဘူး၊ နင် အဆင်ပြေသလား
...ကြည့်တာပါ"

"အဆင်ပြေတယ်လို့လည်း မဟုတ်ပါဘူး၊ ဆိုင်က ဖွင့်စဆိုတော့
...ဘယ်အရမ်းရောင်းကောင်းမှာလဲ၊ ဒါပေမဲ့ အဆင်ပြေသွားမှာပါ"

"တမာန် အခု ငါပြောတဲ့စကားကို အသေအချာ နားထောင်
...ဦး"

မိုးနတ် အလေးအနက်ဆိုတာမို့ သူ ခေါင်းလေးညိတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



နား ထောင်နေလိုက်သည်။ နည်းကျဉ်းမှတ်နေသော မျက်နှာလေး
မိုးရေ စက်လေးတွေ သီးနေသော မိုးနတ် သိပ်ကို လှပလွန်းသည်။

မမြင်ရတာ တစ်လနီးပါးရှိသော မျက်နှာလေးသည် စွဲမက်
မြတ်နိုးစရာကောင်းဆဲ။

"နင် ငါ့ဆီပြန်လာပြီး အလုပ်လုပ်ပါ၊ သက်တော်စောင့် မလုပ်
ချင်လည်း တခြားအလုပ်တစ်ခု ငါ ခန့်ပေးမယ် ဘယ်လိုလဲ"

သူ တွေခနဲ ဖြစ်သွားခဲ့သည်။ မိုးနတ် ဒီလို လာခေါ်မည်ဟု
ထင်မထားခဲ့ပါ။ ဒါပေမဲ့ ပင့်သက်မောကို ရှိုက်မိသည်။

"ဟင့်အင်း ကျွန်တော် ပြန်မလာပါရစေနဲ့"

"ဟင်"

မိုးနတ် မျက်နှာလေး တင်းခနဲ ဖြစ်သွားတော့ သူ စိုးရိမ်မိသေး
၏။ သို့ပေမယ့် ဘယ်လိုမှ မဖြစ်နိုင်သော အရာတစ်ခုကို သူ မမျှော်လင့်
သင့်ပါ။ ကြာရင် သူပဲ ခံစားရမှာ သေချာသည်။

"ကျွန်တော် တောင်းပန်ပါတယ် မိုးနတ်ရယ်"

"နင် အဲဒီလောက်အထိ စိတ်ပျက်သွားခဲ့ပြီလား"

မိုးနတ် မေးတော့ သူ နှုတ်ဆိတ်ထားမိဆဲ။ ရင်ထဲမှာတော့
ဖြေရှင်းချက်တွေပေးနေတာ မိုးနတ် မကြားနိုင်ပါ။

စိတ်ပျက်သွားတာ မဟုတ်ဘူး၊ သံယောဇဉ်တွေ တွယ်ပြီး ရင်
ထဲမှာ ပြည့်နှက်လာမယ့် ချစ်ခြင်းတွေကို ကြောက်လို့ပါ မိုးနတ်ရယ်။

"ရတယ် တမာန်၊ ငါ ဒီကို မလာသင့်ဘူး၊ နင့်ကို ပြန်မခေါ်





သင့်ပါဘူး၊ ငါ မှားသွားတယ်၊ သိပ်ကို မှားသွားတယ်"

ပြောရင်း မိုးနတ် အသံလေးတွေ တိမ်ဝင်သွားခဲ့သည်။ ထို
အခိုက်မှာပဲ မိုးနတ် လက်ကိုင်အိတ်ထဲက ဟန်းဖုန်းလေးမြည်လာ၏။

မိုးနတ် ဖုန်းလေးဖွင့်ကာ နားထောင်နေဆဲ။

"ဟယ်လို"

"..."

"ဘာ"

"..."

"အေး ငါ ခုချက်ချင်း လာခဲ့မယ်၊ ဘိုးဘိုးကို ဂရုစိုက်ထားပါ"

မိုးနတ် စကားကြောင့် သူလည်း ထိတ်ခနဲ ဖြစ်သွားရ၏။
ဦးဝဏ္ဏကျော် ဘာဖြစ်တာလဲ။

"မမလေး ဘာဖြစ်တာလဲ၊ ဘိုးဘိုး ဘာဖြစ်လို့လဲ"

"ဘိုးဘိုး ရင်ဘတ်အောင့်တယ်ဆိုပြီး လဲကျသွားလို့တဲ့"

"ဟာ ဒါဆို အမြန်သွားမှဖြစ်မှာပေါ့၊ ကျွန်တော် လိုက်ခဲ့မယ်"

"ဘာရယ်"

"ဟုတ်တယ် ကျွန်တော် ဒီနေ့ပဲ မမလေးရဲ့သက်တော်စောင့်
ပြန်လုပ်ခွင့်ပြုပါ"

"တကယ်"

သူ ခေါင်းလေးညိတ်တော့ မိုးနတ် မျက်နှာလေး ကြည်လင်
ဝင်းပသွားခဲ့သည်။ တကယ်ဆို မိုးနတ်နှင့်သူ့ကြားက သံယောဇဉ်ကြိုး



www.burmeseclassic.com

www.burmeseclassic.com



တွေကို သူ မလွှန်ဆန်နိုင်ခဲ့ပါ။

ဘိုးဘိုး ဦးဝဋ္ဋာကျော်ဆိုတာလည်း သူ့ရဲ့ကျေးဇူးရှင် မဟုတ်လား။

■ ■ ■



## အခန်း (၂၄)

ဘိုးဘိုးအခြေအနေက တိုးတက်ကောင်းမွန်လာသည်။ ဆေးရုံမှာပဲ ဆက်နေရသေးသဖြင့် ဦးဂျွန်နှင့်တမာန် အစဉ်စောင့်ပေးသည်။

ဘိုးဘိုး ဆေးရုံတက်သည့် တစ်ပတ်လုံး တမာန်ခမြာ အပင်ပန်းခံဆုံးဖြစ်သည်။ ဆေးရုံနှင့်အိမ်ကို တမာန် နေ့စဉ် ဆယ်ခေါက်လောက် ပြေးနေရသည်။

"ဒီနေ့ တိုက်နဲ့တိုက်ကို မဖြစ်မနေ သွားရမယ် တမာန်၊ အရေးပေါ်ကိစ္စလေးတွေ ရှင်းပြီးမှ လာခဲ့တော့မယ်"

"ရတယ် မမလေး၊ စိတ်ချပါ ဘိုးဘိုး အခြေအနေက သက်သာနေပြီပဲ၊ ကျွန်တော် မမလေးကို လိုက်ပို့မယ်"

"ရပါတယ် တို့ဘာသာသွားပါ့မယ်၊ တမာန် ပင်ပန်းနေပြီ"

"ဘာမှမဖြစ်ဘူး ကျွန်တော်က မမလေးရဲ့ ကိုယ်ရံတော်လေး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လိုက်ပို့မယ်၊ ပြီးရင်ဆေးရုံပြန်မယ်၊ ညနေ မမလေး လာရင် ကျွန်တော်ကိုယ်တိုင်လာခေါ်မယ်''

တမာန်ရဲ့ ဂရုစိုက်မှုနှင့် အလေးထားမှုတွေကို မိုးနတ် သာယာကျေနပ်နေတတ်ခဲ့သည်။

'တမာန်ရယ် ဘယ်တော့မှ တို့အနားက ခွဲမသွားပါနဲ့။ မိုးနတ်ရင်ထဲက အမြဲတမ်း ဆုတောင်းမိခဲ့သည်။

တမန်နှင့် မိုးနတ်တို့ကြားမှာ နှောင်တွယ်နေသော သံယောဇဉ်သည် မိုးနတ် ထင်ထားသည်ထက် လေးနက်နိုင်မှာတာ သိခဲ့ပြီ။

■ ■ ■

တစ်မနက်လုံး ရှင်းစရာ ကိစ္စတွေကို ရှင်းလင်း စီမံပေးရင်း မိုးနတ် ဆယ့်တစ်နာရီအထိ ဘာမှမစားရသေးပါ။

ကုန်တိုက်အောက်က ဆိုင်တစ်ဆိုင်မှာ တစ်ခုခုစားမည်ဆိုကာ ဆင်းခဲ့မိနိုက်မှာ

''မမိုးနတ်သာကီ ဆိုတာလား''

မိုးနတ်ကို မေးလာသော ပုဂ္ဂိုလ်ကိုကြည့်လိုက်တော့ တစ်ခါမှ မမြင်ဖူးသော သူဖြစ်နေသည်။ မျက်နှာပေါက်က ကြမ်းကြမ်း၊ မုတ်ဆိတ်ပါးသိုင်းတွေက ပိုလို့ရုပ်သွင်ကို ကြမ်းစေ၏။

''ဟုတ်တယ် ရှင်ဘယ်သူလဲ၊ ရှင့်ကိုကျွန်မ မသိဘူး''

''ကျွန်တော့်နာမည် ဂျော်နီပါ''

''သေချာတယ် ကျွန်မမိတ်ဆွေထဲမှာ ဒီနာမည်မရှိဘူး'





''ဟုတ်မှာပါ ပြည့်တမာန်ဆိုတဲ့ ကောင်ပဲ မင်းစိတ်ထဲမှာ ရှိမှာပေါ့ အဟွန်း''

တမာန် နာမည်ကြားတော့ မိုးနတ် မျက်မှောင်လေးကုပ်သွားရ၏။ ဂျော်နီ မျက်နှာက လှောင်ပြုံးယဲ့ယဲ့နှင့် မိုးနတ်ကိုကြည့်နေ၏။

''ဒီမှာ ရှင်ဘာကိစ္စလဲ ဘာပြောချင်တာလဲ''

''ပြောချင်တာ မင်းရဲ့အကျိုးအတွက်ပါ၊ ပြည့်တမာန် အကြောင်း မင်း ဘယ်လောက်သိသလဲ၊ မြွေပွေးခါးပိုက် ပိုက်ထားတာ အန္တရာယ်ကြီးတယ်''

''ဘာလဲ ရှင်ဘာတွေ ပြောနေတာလဲ''

''ကျွန်တော် ရှင်းပြတာကို အချိန်ပေး နားထောင်ရင် မင်းရှင်းသွားမှာပါ''

မိုးနတ် တစ်ချက်စဉ်းစားကာ ခေါင်းညိတ်လိုက်သည်။ ဂျော်နီဆိုသော သူဘာတွေပြောချင်တာလဲ။ တမာန်နှင့်တော့ သိနေပုံရှိသည်။ ဒါကြောင့်လည်း စိတ်ဝင်စားသွားမိတာမို့

''ကောင်းပြီ ကျွန်မတို့ တစ်ခုခုစားရင်း ပြောကြည့်ကြတာပေါ့''

■ ■ ■

ဆေးရုံက သူမပြန်တော့ တမာန်က ကားမောင်းလိုက်ပို့ပေးသည်။ မိုးနတ် စိတ်ထဲမှာ ရှုပ်ထွေးမောန်းနေသည်။

ဂျော်နီဆိုသောသူဆီက ကြားခဲ့ရသော အကြောင်းတွေက မိုးနတ် စိတ်ကိုညစ်ညူးစေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်တမာန် ဆိုတာ မိုးနတ်သိထားတာနှင့် တခြားစီ ဖြစ်နေပါလား။ တစ်ချိန်က ငွေချမ်းသာသော သူဌေးမကြီးတစ်ဦးကို တမာန် အပိုင်ချိုင်ဖို့ ကြိုးစားဖူးသည်တဲ့။

လက်ထပ်ယူဖို့အထိ ကြံစည်ရင်း ထိုမုဆိုးမကြီး သေဆုံးသွားတာမို့ တမာန်ရဲ့ ရည်ရွယ်ချက်တွေ ပျက်ဆီးခဲ့ရသည်တဲ့၊ လက်ရှိမှာလည်း တမာန်သည် ငွေဆယ့်ငါးသိန်း အကြွေးတွေ တင်ရှိနေသည်။

သူမကို ချဉ်းကပ်ပြီး ကြီးပွားချမ်းသာသော ဘဝကို ပိုင်ဆိုင်ဖို့ ကြိုးစားနေသည်ဆိုသော အချက်က ပိုလို့ နာကျင်စေ၏။

"မမလေး ဘာတွေစဉ်းစားနေတာလဲ"

တမာန် အမေးစကားကြောင့် မိုးနတ် အတွေးလေးတွေ ပြတ်တောက်သွားခဲ့ရသည်။

ကားမောင်းနေသော တမာန်ကိုကြည့်ကာ မိုးနတ် ပင့်သက်လေးရှိုက်မိသည်။ မိုးနတ် ကြားခဲ့ရတာတွေသာ အမှန်တရားဖြစ်နေခဲ့လျှင် မိုးနတ် ဘာဆက်လုပ်ရမည်လဲ။

တကယ်ဆို မိုးနတ် နှလုံးသားမှာ တမာန်သည် ငြိတွယ်နေခဲ့ပြီ။ ဘယ်ချိန်ကတည်းက ချစ်မိသွားတာလဲဆိုတာ မိုးနတ်မသိပါ။

ထိုစကားတွေ သတင်းတွေကြားခဲ့ရပေမယ့် တမာန်ကို မုန်းတီးလို့မရပါ။ တမာန်ရဲ့ ဖြူစင်ရိုးသားကာ ကြင်နာတတ်သော မျက်ဝန်းတွေက အကြွင်းမဲ့ယုံကြည်ချင်သည်။

"တမာန် ကော်ဖီဆိုင် စကားထိုင်ရအောင်"





"ထိုင်လေ မမလေး"

တမာန် ကားလေးကို လှမ်းမြင်နေရသော ကော်ဖီဆိုင်လေးရှေ့မှာ ထိုးရပ်လိုက်သည်။

"ကော်ဖီတွေသောက်ပြီး မမလေး ရင်ပြည့်နေဦးမယ်"

စိုးရိမ်သလို သတိပေးသော စကားလေးက တကယ့်စေတနာစိတ်လား၊ ဟန်ဆောင်မှုတွေလား။

တမာန် နှုတ်က ဝန်ခံစကားကို ကြားရင်တောင် မိုးနတ် ခွင့်လွှတ်နိုင်ပါသည်။

ကော်ဖီ တစ်အိုးမှာပြီးတော့ သူကိုယ်တိုင် မိုးနတ်အတွက် စိမ်းထည့်၊ သကြားထည့်ကာ ကိုယ်တိုင်ဖျော်ပေးသည်။

ဂရုစိုက်မှု၊ ယုယမှုတွေကို မိုးနတ်သာယာ ကျေနပ်ခဲ့ပေမယ့်လည်း အခုချိန်မှာတော့ မယုံမရဲ ဖြစ်နေခဲ့တာဆိုးပါသည်။

"သောက်လေ မမလေး"

"တမာန် နင့်ကို ငါအလေးအနက်မေးချင်တယ်၊ နင် အမှန်ဖြေလေား"

သူမ စကားကြောင့် တမာန် မျက်လုံးလေးပင့်ကာကြည့်သည်၊ ပြီးတော့ မပွင့်တပွင့်လေးပြုံးရင်း

"မမလေး ဘာမေးမှာလဲ မေးပါ၊ ကျွန်တော် မမလေးကို ဘာမှ လိမ်ညာစရာမှ မရှိတာ"

"ငါသိထားတဲ့ နင့်ဘဝ အကြောင်းတွေအပြင် နင်ငါ့ကို ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



စရာရှိသေးလား။ ငါနားထောင်ချင်လို့''

''ကျွန်တော့်အကြောင်းက ဘာမှမထူးခြားပါဘူး။ မေ

တော့ ကျွန်တော်တို့ မောင်နှမဘဝကို ရှန်းကန်ရှင်သန်ရတာပဲ၊ တို

နဲ့ မမလေး ကျေးဇူးကြောင့် အခု အတော်အဆင်ပြေတယ် ဒါပါဲ''

ဟင့်အင်း မိုးနတ်သိချင်တာ ဒါမဟုတ်။ ဂျော်နီပြောခဲ့သေ

စကားတွေကာပဲ မှသားတွေလား။ မိုးနတ်နှင့် တမာန်ကြားကို ခလော

ဆန့်ခဲ့တာလား။

''ဒါပဲလားဟင် ဒီထက်ပြောစရာ မရှိဘူးလား''

သူ ခေါင်းလေးခါရမ်းကာ ဖြေသည်။ တကယ့်ကို ဖြူစင်သော

မျက်ဝန်းတွေကို မိုးနတ် ချစ်ခဲ့တာပါ။

''နင် ဂျော်နီကို သိလားဟင်''

''ဟင်''

မိုးနတ် စကားကြောင့် သူ ချက်ချင်းမျက်နှာ ပျက်သွားခဲ့သည်

''ဟုတ်တယ် အဲဒီလူနဲ့ ငါနဲ့ဒီနေ့လည် တွေ့တယ်''

''သူ သူ ဘာလာလုပ်တာလဲ''

''နင့်အကြောင်းတွေ ပြောသွားခဲ့တာလေ၊ နင်နဲ့ မုဆိုးမကြီး

တစ်ယောက်အကြောင်းတွေ၊ ပြီးတော့ နင်ပေးရမယ့် အကြွေးတွေ၊ ပြီး

တော့ ပြီးတော့''

မိုးနတ် ဆက်မပြောရဲပါ။ နောက်ဆုံး အချက်ကြီးက တကယ်

ဖြစ်နေခဲ့လျှင် မိုးနတ် မကြားရဲပါ။





''အဲ အဲဒါတွေ အမှန်ပဲလားဟင် တမာန်''

တမာန် ခေါင်းငိုက်စိုက်ကျ သွားခဲ့သည်။ အမှန်တရားတစ်ခု

ခံဖို့အတွက် သတ္တိကင်းမဲ့ သွားခဲ့တာလား။

''တမာန်''

''မှန်ပါတယ် မမလေး''

''ဟင် ဒါ ဒါဆို နင်ငါ့အပေါ် မရိုးသားခဲ့ မပွင့်လင်းခဲ့တာ

ပေါ့၊ ငါ့ဆီမှာ အလုပ်လုပ်တာ နင်ကရည်ရွယ်ချက်နဲ့ပေါ့ တမာန်

ဒါကို ငါဘာလို့မသိခဲ့တာလဲ ငါ ငါ''

သက်မဲ့ ကျောက်ရုပ်ကြီးလို တမာန် သူမကို ငူငူကြီး ကြည့်နေ

ည်။ မိုးနတ် လိုချင်ခဲ့တာ ထိုမျက်ဝန်းတွေရဲ့ ရိုးသားမှုကိုပါ။ ဒါပေမဲ့

ပိုင်ဆိုင်ခွင့်မရခဲ့တာလည်း သေချာခဲ့ပြီ။

နင် သိပ်ရက်စက်တယ် တမာန်၊ ငါ့နှလုံးသားက တကယ်ချစ်

ကာမှ နင့်နှလုံးသားက မည်းညစ်နေခဲ့တာ သိပ်အကျည်းတန်လွန်း

''ငါ့မှာတော့ နင့်ကို ယုံကြည်ခဲ့တယ်၊ အခုတော့ အရှုံးလိုပဲ

လူယုတ်မာပဲ ယောကျာ်းပိုင်းလုံးပဲ''

မိုးနတ် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျ ပြောသမျှ တမာန်

ခွန်းမတုံ့ပြန် နှုတ်ဆိတ်နေ၏။

''တမာန် နင် အလုပ်က ထွက်သွားပါတော့၊ ဒီကိစ္စကို ဘိုးဘိုး

ပိုဆိုးကုန်မယ်၊ နင်ဟာ ငါ့ရဲ့ပိုင်ဆိုင်မှုတွေကြောင့် ခြူစားဖို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသူဆိုတာသိရင် မလွယ်ဘူး''

သူ့ထံမှ ပင့်သက်မောတစ်ချက် ရှိုက်သံကြားရပြီးမှ

''ကျွန်တော် ဘိုးဘိုး ဆေးရုံက ဆင်းလာရင် အမှန်အတိုင်း ပြောပြီး တောင်းပန်ပါ့မယ်၊ အခုတော့ ဘိုးဘိုးရောဂါက စိတ်ထိခိုက် မရလို့ ခဏလေး ခွင့်ပြုပါ မမလေး''

သူ့စကားကြောင့် မိုးနတ် နှုတ်ခမ်းတွေ နာကျင်စွာ မဲ့ချပစ်

''နင် တကယ်ပိုင်းလုံးပဲ၊ ကြင်နာတတ်သယောင် စိတ်ကော ရှိသယောင် ဟန်ဆောင်မှုတွေကတော့ လက်ဖျားခါလောက်တယ်၊ သရုပ်ဆောင်မှုတွေမှာ ပျော်ဝင်သွားတဲ့ ငါ့နှလုံးသားကိုတောင် ငါ တယ်၊ အော်ဂလီဆန်တယ် သိလား တမာန်''

ရင်ထဲက နာကျည်းဒေါသတွေ ဖွင့်ထုတ်ပြီး မိုးနတ် ဆိုင်ထဲ ချာခနဲ လှည့်ထွက်ခဲ့လိုက်သည်။

အဝါးအဆီးမဲ့ မျက်ရည်တွေက ပါးပြင်နှစ်ဖက်ပေါ် မိုး ပေါက်ပေါက် ကျဆင်းလာသည်။

ကားထဲရောက်တော့ မိုးနတ် အားပါးတရ ငိုနေမိသည်။ စိ ရင်မှာ မျက်နှာအပ်ကာ တသိမ့်သိမ့် ငိုနေမိဆဲ။

တကယ်ပါပဲ။ မိုးနတ်ဘဝမှာ သံယောဇဉ်နဲ့ ချစ်ခြင်းကို မခွဲ တတ်ခဲ့တာ အမှန်ဖြစ်သည်။

စောဠွန်နောင်ကို မိုးနတ်ချစ်ခဲ့တာ မဟုတ်။ သံယောဇဉ် နှောင်ဖွဲ့ခဲ့တာ ဖြစ်၏။ ကိုနှစ်ခြိုက်ကိုလည်း မိုးနတ် ချစ်ခဲ့မိသည်



ဆင်ခဲ့မိသည်။

ဒါပေမဲ့ တစ်ခုမှမဟုတ်ခဲ့ပါ။ အချစ်ဆိုသော အရာက မိုးနတ် အဘတ်ထဲမှာ မိုးနတ် မသိဘဲ ပေါက်ဖွားနေခဲ့၏။ တခြားသူ မဟုတ်ပဲ ည်တမာန်ပဲဟု မိုးနတ် သိခဲ့ရ၏။

ဘယ်လို အရာတွေပဲဖြစ်ခဲ့ ဖြစ်ခဲ့ ထိုချစ်ခြင်းက ပျောက်ပျက် သွားမည်မဟုတ်။

တမာန် စောစီးစွာ ဝန်ခံခဲ့လျှင်တောင် မိုးနတ် ခွင့်လွှတ်နိုင်ဦး မှာဖြစ်သည်။

အခုတော့ တမာန်ရဲ့ လိမ်ညာမှုတွေက ရင်ကို ထိရှခံစားစေ သည်။ ငါ့နှလုံးသားထဲက အချစ်နုနုလေးကို နင်ရက်ရက်စက်စက် နင်းချေ ခဲ့လိုက်တာပဲ တမာန်ရယ်။

''မမလေး''

ခေါ်သံကြောင့် မိုးနတ် မော့ကြည့်တော့ ဘိုးဘိုးရဲ့ တပည့် ကိုယ်ရံတော်တစ်ယောက် မိုးနတ်ကို ကားပြတင်းတံခါးက ငုံ့ကြည့်နေ၏။

မိုးနတ် ပတ်ဝန်းကျင်ကို လှည့်ကြည့်တော့ မိုးနတ် ကော်ဖီဆိုင် လေးရှေ့မှာပဲ ရှိနေဆဲ။

''ဘာလဲ နင်ဘာလာလုပ်တာလဲ''

''မမလေးကို လာခေါ်တာပါ''

''ငါ့ကို လာခေါ်တာ၊ ငါဒီမှာရှိတာ နင်သိသလား''

''ကိုတမာန် ဖုန်းဆက်ပြောလို့ပါ၊ မမလေး ဒီမှာရှိတယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် လာခေါ်တာပါ မမလေး''

မိုးနတ် ဆိုင်ထဲကို လှမ်းကြည့်တော့ တမာန်မရှိတော့ပါ။ တမာန်က အိမ်ကို လှမ်းဖုန်းဆက်သည်တဲ့လား။

တမာန်ရယ် ကျေးဇူးပြုပြီး နင့်ရဲ့ဂရုစိုက်မှုတွေ မပေးပါ ငါ အရမ်းကြောက်နေတယ်။

ငါလိုချင်တာ အလိမ်အညာနဲ့ ဟန်ဆောင်မှုတွေ မဟုတ်ဘူး

■ ■ ■



## အခန်း (၂၅)

ဘိုးဘိုး ဆေးရုံက ပြန်ဆင်းလာပေမယ့် တမာန်အကြောင်းဘာမှ မမေးပါ၊ ဘိုးဘိုး မေးလာလျှင်လည်း မိုးနတ် ရှင်းမပြချင်တာမို့ မမေး တာကိုပဲ ကျေးဇူးတင်နေမိသေး၏။

တမာန်နှင့် ပတ်သက်သော ဝေဒနာတွေက မိုးနတ်ရင်ထဲက ဘယ်တော့မှ ပြေပျောက်သွားမည် မထင်ပါ။

အချစ်နှင့် ပတ်သက်လျှင် မိုးနတ် သိပ်ကိုကံဆိုးခဲ့ပါသည်။

ဘဝမှာ ပြတ်နိုးစွာ ချစ်မိသူနဲ့ကျမှ လိမ်ညာခံခဲ့ရသည့် အဖြစ်က ဆိုးလိုက်တာ။

တမာန်ကို ချစ်သောစိတ်က နာကျည်းမှုတွေထက် ကြီးမားလွန်း နေတော့လည်း

''မြေး ဒီနေ့ အလုပ်မသွားဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



''ဟင့်အင်း သမီး သိပ်နေမကောင်းလို့ ဘိုး''

''အေး အေး ဒါဆို ဒေါက်တာ ဦးမြတ်လှိုင်ကို ဖုန်းဆက်
လေ''

''အဲဒီလောက်မဟုတ်ဘူး ဘိုး။ ခေါင်းတွေကိုက်နေတာလေး
ဒါကြောင့် ဆေးပဲသောက်ထားတယ်''

''မသက်သာရင် ဦးမြတ်လှိုင်ကို ခေါ်နော်၊ ဘိုးဘိုး ဦးဌေး
ပါရဂူကြီးဆီ သွားဦးမယ်''

ဘိုးဘိုး ဆေးရုံက ဆင်းခဲ့ပေမယ့် ပါရဂူနှင့် ဆက်ပြနေခဲ့ရ
ဘိုးဘိုး ဝေဒနာက နှလုံးရောဂါကော သွေးတိုးအခံပါ ရှိသည်မို့ ဂရု
နေရသည်။

ဘိုးဘိုးမှာက ဆေးရှိသော ရောဂါမို့ ကုသနေနိုင်ပေမယ့် မိုးနှ
ခံစားနေရသော ဝေဒနာအတွက်တော့ ဆေးမရှိပါ။

လေနေသော စိတ်တွေကြောင့် အလုပ်မဆင်းတာပဲ တစ်ပ
ရှိပြီ။

ဖြစ်နိုင်လျှင် မိုးနတ် စိတ်တွေ ဦးတည်ရာကို မျောလိုက်ချင်
ဘိုးဘိုးရဲ့ကျန်းမာရေးကြောင့် စိတ်ထင်ရာ မပြုရပါ။

''မမလေး ညှိုးသည်ရောက်နေတယ်''

''ဘယ်သူလဲ''

''ရေစင်အေး ဆိုတဲ့ အမျိုးသမီးတစ်ယောက်ပါ''

ကောင်လေးစကားကြောင့် မိုးနတ် စိတ်လှုပ်ရှားသွား၏။





...မ်းတွေက ချက်ချင်းပဲ ခြံဝင်းထဲ ဆင်းခဲ့လိုက်သည်။

''သူ့ကို မြံထဲက စားပွဲကို လွှတ်လိုက်ပါ''

ခရေပင်ရိပ်အောက်မှာ ရှိနေသော ကျောက်စားပွဲခုံလေးမှာ
...နတ် စောင့်နေလိုက်သည်။

မကြာပါချေ။ ခြံတံခါးမှ လှမ်းဝင်လာသော ရေစင်အေးကို
...တွေ့လိုက်ပါသည်။ ပန်းနုရောင်ဖျော့ဖျော့လေး ဝတ်ဆင်ထားသော ရေစင်
...အေးကို သူမ စောင့်နေလိုက်သည်။

အနားရောက်တော့မှ မိုးနတ် သူမ မျက်နှာလေးကို ထင်ထင်
...ရှားရှား မြင်တွေ့လိုက်ရ၏။

ရေစင်အေး မျက်နှာလေးက နွမ်းဖျော့လို့နေတာ အထင်အရှား။
...သို့ပေမယ့် မျက်ဝန်းစူးစူးလေးတွေမှာတော့ တောင်းပန်ခယခြင်းတို့ ကင်း
...င်လို့နေသည်။

''ထိုင်ပါ ရေစင်အေး၊ တို့နဲ့တွေ့ရအောင် လာတဲ့ကိစ္စက အရေး
...ကြီးသလား''

ရေစင်အေးက မျက်နှာချင်းဆိုင်ထိုင်ခုံလေးမှာ ဝင်ထိုင်ရင်း

''ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ အခုကိစ္စက ကိုကို့
သိက္ခာနဲ့ဘဝအတွက် သိပ်အရေးကြီးတယ်''

မာထန်ပေမယ့် သံပြတ်ပြတ်ဆန်သော လေသံက မကျေနပ်မှု
...တွေ ယှက်သမ်းနေမှန်း မိုးနတ် နားလည်ပါသည်။

''ကိုကို့ရဲ့ အတိတ်အကြောင်းတွေ မမလေး သိပြီးပြီလို့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကြားတယ်''

''အော် ဟုတ်တယ် သူ ပိုင်းလုံးဖြစ်ခဲ့ဖူးတယ်ဆိုတာကို သိလိုက်တယ်၊ ဒီမှာ အလုပ်ဝင်တာကအစ တို့နဲ့နီးစပ်ဖို့တဲ့၊ သိပ် စရာကောင်းတဲ့ ရည်ရွယ်ချက်ကြီးနဲ့လေ''

ရေစင်အေး မျက်ဝန်းလေးတွေ အရောင်လက်ဖြာသွားခဲ့ အံ့လေးတင်းတင်းကြိတ်လိုက်တာလည်း အထင်အရှား။

''ပိုင်းလုံးဆိုတဲ့ စကားကြီးက ပြင်းထန်လွန်းတယ်၊ ကြုံဆုံခဲ့ရတာ အဲဒီလို မဟုတ်ဘူး။ အမှန်တရားကို ရှင် မသိနိုင်ပါ ဘယ်သူမှလည်း မသိဘဲ ပြောနေကြတာပါ''

''ဩ သိထားတာတွေက အမှားတွေမို့လား''

''အမှားတွေ မဟုတ်သလို အမှန်တရားတွေလည်း မဟုတ်

''ပွင့်ပွင့်လင်းလင်း ပြောပါ ရေစင်အေး''

ရေစင်အေး အကြည့်တွေ သူမကိုကျော်ကာ ခြံဝင်းထဲ မြက်ခင်းလွင်ပြင်ဆီ ရောက်သွားခဲ့သည်။

''တကယ်တော့ မပြည့်စုံမှုနဲ့ ကိုကို ရှာဖွေရတဲ့ ငွေကြေး အားလုံး အထင်သေးမှု ခံခဲ့ရတာပါ၊ မေမေ့ရဲ့ကင်ဆာဆိုတဲ့ ဝေဒနာ ကြီးကို ကုသဖို့ ကိုကို ငွေကို ရှာရတယ်၊ ကိုကို အလုပ်လုပ်တဲ့ အလုပ် အမျိုးသမီးကြီးက ကိုကို့ကို လိုတဲ့ငွေကြေး ကူညီပေးတယ်၊ အဲဒီ မိန်း ကြီးက ကိုကို့ထက် အသက်ကြီးတယ်၊ ချမ်းသာတယ်၊ ပြီးတော့ မုဆိုး တစ်ယောက်၊ ဒီတော့ လူတွေ အမြင်မှာ ကိုကိုဟာ ပိုင်းလုံးပေါ့''





ပြောရင်း ရေစင်အေး အသံလေး တိတ်ကာ ရှိုက်သံစွက်လာ၏။ သို့ပေမယ့် သူမ အံ့လေးကြိတ် အားယူကာ ဆက်ပြောသည်။

''ပတ်ဝန်းကျင်ရဲ့ထိုးနှက်ချက်အပြင် အဲဒီမိန်းမကြီးကလည်း ကိုကို့ကို သံယောဇဉ် ရှိနေခဲ့တာပါတယ်၊ ကျေးဇူးတရားအတွက် ကိုကို ကလည်း လက်ထပ်ဖို့အထိ ရည်ရွယ်ခဲ့တယ်၊ ကျွန်မ သဘောမတူတာ တောင် ကိုကိုက သူ့ဘဝကို ပေးဆပ်ဖို့ ရွေးခဲ့တယ်၊ ကံဆိုးတာလား ကံကောင်းတာပဲလား၊ လက်ထပ်လုခါခဲမှာ အဲဒီမိန်းမကြီး ဆုံးတယ်၊ အားလုံးက ကိုကို ဘာတစ်ပြားမှ မရဘဲ နာမည်ဆိုးပဲ ရခဲ့တယ်ပေါ့လေ၊ ကိုကိုကတော့ မေမေ့ရောဂါအတွက် ကျွန်မ ပညာရေးစရိတ်အတွက်ရှာ ရင်း အကြွေးတွေထပ်တင်တယ်၊ ရှင်နဲ့တွေ့တဲ့ ဂျော်နီဆိုတဲ့လူရဲ့ ဆရာ ဆီမှာပေါ့''

အခုမှ မိုးနတ် သိခွင့်ရတော့၏။ ဂျော်နီပြောသည်က အကြွေး ဆယ့်ငါးသိန်းကျော်က တမာန် လောင်းကစားကြောင့်ဟု ဆိုခဲ့၏။

''မင်း မေမေအတွက် တမာန့် အကြွေးတွေ တင်ခဲ့တာလား''

''မေမေ့ရောဂါက သေမယ့်ရောဂါမှန်ပေမယ့် ကိုကိုက တတ် စွမ်းသလောက် ကုပေးခဲ့တာလေ၊ ဒီတော့ အကြွေးတွေ နစ်ခဲ့တာပေါ့၊ အခုလည်း အဲဒီအကြွေးတွေကို ကိုကို အကြေဆပ်ပြီးပါပြီ''

''ဟင် ကြေသွားပြီလား''

''ဦးဝဋ္ဌာကျော်ရဲ့ကျေးဇူးကြောင့်လို့ ကိုကို အမြဲပြောတယ်၊ မမလေးရဲ့သက်တော်စောင့်အလုပ်က ရတဲ့လခတွေနဲ့ ကိုကို ဆပ်နိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာ''

မိုးနတ် ကြားနေရသော စကားတွေအတွက် တကယ်ပဲ စိတ်မကောင်းဖြစ်ရပါသည်။

ဒါတွေကို တမာန် သူမ မေးစဉ်က ဘာကြောင့် ရှင်းမပြခဲ့တာလဲ၊ အမှန်တွေကိုသာ မိုးနတ် သိခဲ့ရလျှင် ဒါတွေဖြစ်လာစရာ အကြောင်းမရှိပါ။

''အခု ကိုကို ခံစားနေရတာကို ကျွန်မ မမြင်ရက်လို့ လာရှင်းတာပါ၊ ပြီးတော့ ကိုကို့ကို အထင်လွဲပြီး ရှင် ကိုကို ဒုက္ခရောက်အောင် မလုပ်လိုက်ပါနဲ့၊ ဂျော်နီဆိုတဲ့လူယုတ်မာက ကိုကို ရှင့်ဆီက ငွေတွေ ချူစားပြီး အများကြီးစုမိနေတယ်ထင်တာ၊ ဒါကြောင့် အကြွေးထက် ပိုလိုချင်နေတာ၊ မရတော့ ကတုန်းကတိုက်ဝင်လုပ်ပြီး ယုတ်မာခဲ့တာပေါ့''

''ဒါတွေကို အခုမှ ရှင်းတယ် ရေစင်အေးရယ်''

''ကိုကို့ကို ဒုက္ခမပေးပါနဲ့ ကိုကိုက ရှင့်အပေါ် တကယ် ဖြူစင်စေတနာ ထားခဲ့တာပါ''

ရေစင်အေး တောင်းပန်နေတော့ မိုးနတ် ခေါင်းလေးခါရမ်းကာ

''ဟင့်အင်း တို့ တမာန်ကို ဒုက္ခမပေးပါဘူး ဘာလို့လဲဆိုတော့ တို့က တမာန်ကို သိပ်ချစ်သွားလို့ပဲ''

''ရှင်''

''ဟုတ်တယ် တို့ တမာန်ကို စူးစူးနစ်နစ် ချစ်သွားခဲ့တာ





အထင်လွဲနေခဲ့ချိန်မှာတောင် တို့အချစ်က တမာန်အပေါ် နည်းနည်းလေးမလျော့ခဲ့ဘူး ဒါ သစ္စာစကားပါ''

မိုးနတ် မရှက်စတမ်း ဝန်ခံနေသော စကားတွေကို ရေစင်အေး မျက်ဝန်းလေးတွေ ဝိုင်းစက်ကာ အံ့သြနေခဲ့သည်။

ရင်ထဲက အချစ်ကို ဝန်ခံဖို့အတွက် မိုးနတ် မရှက်နိုင်ပါလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

''နင်သာ ငါ့ဘေးနားမှာ ရှိမယ်ဆိုရင် ငါ့မှာရှိတဲ့ အရာအား လုံးကို ငါစွန့်နိုင်တယ် သိလား။ ဘာလို့လဲဆိုတော့ ငါ နင့်ကို အရမ်း ချစ်လို့ပဲ၊ ပြီးတော့ နင်လည်း ငါ့လို ခံစားရမယ်လို့ ငါယုံတယ်''

သူ့ရင်ခွင်ထဲမှာ မိုးနတ် တင်းတင်းလေး ခိုဝင် သိုင်းဖက်ထား ရင်း ဆိုနေမိသည်။ သူက မိုးနတ် ဆံပင်ညိုညိုတွေကို ညင်သာစွာ သပ်တင်ပေးနေရင်း

''ကျွန်တော့်လို ဘာမှပိုင်ဆိုင်မှု မရှိတဲ့ကောင်အတွက်တော့ လုပ်ပေးနိုင်တာ တစ်ခုပဲရှိတယ်၊ အဲဒါက မမလေးကို စွန့်လွှတ်ပေး ဖို့ပဲ''

''ဟင့်အင်း နင်ငါ့ကို မစွန့်လွှတ်ရဘူး ငါ့ကိုချစ်ရမယ်''





သူ့ရင်ခွင်မှာ မျက်နှာအပ်ရင်း သူမ တတွတ်တွတ်လေး တောင်း ငိုနေမိတော့ သူ နွေးထွေးစွာ ပြန်ပွေ့ဖက်ထားမိသည်။

''ဘိုးဘိုး သိသွားရင် ဘယ်လိုလုပ်မလဲဟင် မိုးနတ်''

''အားလုံးကို ရင်ဆိုင်ရဲတယ် တမာန်၊ နင်လည်း ဘိုးဘိုးကို ရင်ဆိုင်ရဲရမယ်''

''အမှန်ပြောရရင် ဘိုးဘိုးနဲ့ ရင်ဆိုင်ရမှာ ကျွန်တော် ကြောက် နေတယ်၊ ဘိုးဘိုး ခါးခါးသီးသီး မောင်းထုတ်ရင်း မိုးနတ် ဘယ်လိုလုပ်မ ဘူ''

သူမေးတော့ မိုးနတ် သူ့ရင်ခွင်ထဲမှ ခေါင်းလေးမော့ကြည့်ရင်း

''ငါက ဘာလုပ်ရမှာလဲ နင်က ငါ့ကို ခေါ်သွားရမှာပေါ့၊ ငါမှ နင့်ကို မခွဲနိုင်တာပဲ တမာန်ရယ်''

''ကိုယ်လည်း မင်းကို မခွဲနိုင်ပါဘူး မိုးနတ်ရယ်''

မိုးနတ် ရင်ထဲမှာ အချစ်ရဲ့ ရဲရင့်ခြင်းတွေနှင့် ပြည့်နှက်နေခဲ့ သည်။ ပြည်တမာန်ကို မိုးနတ်ချစ်ပါသည်လို့ ဘိုးဘိုးကို ဖွင့်ဟပြောဖို့လည်း သတ္တိတွေ ပြည့်ဝနေခဲ့သည်။

ဘိုးဘိုးသိလျှင် ဘာပြောမည်လဲ။

■ ■ ■

''မိုးနတ်နဲ့ တမာန်တို့ ချစ်သူတွေဖြစ်နေကြပါပြီ ဘိုးဘိုး''

မိုးနတ် စကားကြောင့် ဘိုးဘိုး မျက်ခုံးတွေပင့်ကာ တအံ့တဩ ကြည့်သည်။ မိုးနတ်ကောသူပါ ဘိုးဘိုးရှေ့မှာ ယှဉ်တွဲရပ်နေကြတာမို့



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုး နှစ်ယောက်စလုံးကို တစ်လှည့်စီ ကြည့်နေရင်း

"တမာန် မြေးပြောတာ အမှန်ပဲလား မင်းကော ဘာပြောချင်သေးလဲ"

ရုတ်တရက် တမာန် ဘာမှမဆိုနိုင်ဘဲ ဘိုးဘိုးကိုပဲ ကြည့်နေတာမို့ မိုးနတ်ကြားက ဝင်ပြောမိ၏။

"ဘိုးဘိုး သမီး ပြောပါရစေ"

"ဘာမှမပြောစမ်းနဲ့မြေး ဘိုး တမာန်ကို မေးနေတာ"

ဘိုးဘိုး အသံက မာထန်နေသည်။ မိုးနတ် တမာန်ကို လှမ်းကြည့်တော့ တမာန် ဘိုးဘိုးကို ရင်ဆိုင်ခေါင်းမော့ကြည့်ရင်း

"ဟုတ်ပါတယ် ဘိုးဘိုး ကျွန်တော့်ဘက်က မှားခဲ့တယ်ဆိုတာလည်း ဝန်ခံပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ ချစ်နေတာ အမှန်ပါ၊ ဘိုးဘိုး သဘောတူလက်ခံပေးပါ"

"ငါ ဒီကိစ္စကို ခေါင်းညိတ်လိမ့်မယ်လို့ မင်း ထင်နေသလား"

"ဘိုးဘိုး လက်ခံဖို့ ခက်ခဲမယ့်ကိစ္စဆိုတာ ကျွန်တော်သိပါတယ် ဒါပေမဲ့ ကျွန်တော် ဘိုးဘိုး သဘောတူတဲ့အထိ ကြိုးစားချင်ပါတယ် ကျွန်တော် မိုးနတ်ကို တကယ်မြတ်နိုးတာပါ"

"ဟုတ်ပါတယ် ဘိုးဘိုး မိုးနတ်လည်း တမာန်ကိုပဲ လက်ထပ်မှာပါ"

မိုးနတ် အပြတ်သားဆုံး ပြောတော့ ဘိုးဘိုး စူးစူးနစ်နစ် စိုက်ကြည့်လို့နေသည်။ မိုးနတ် စိတ်ကို ဘိုးဘိုးအသိဆုံး။





"ကောင်းပြီ ငါလက်ခံပေးမယ်၊ ဒါပေမဲ့ ဒီလိုလက်ခံပေးတာ မြေးအတွက်ပဲ၊ ဘိုးဘိုးမှာ ရွေးချယ်စရာမှ မရှိဘဲ၊ မင်းတို့လက်ထပ်ဖို့ ကိစ္စကိုတော့ အချိန်အတိုင်းအတာ တစ်ခုအထိ ငါစောင့်ကြည့်မယ်"

"ကျေးဇူးတင်ပါတယ် ဘိုးဘိုး"

"ဝမ်းသာပါတယ် ဘိုးဘိုး၊ ဘိုးဘိုးကြည်ဖြူတဲ့အထိ ကျွန်တော့်ဘက်က သက်သေပြ ကြိုးစားပြမှာပါ ခင်ဗျာ"

မိုးနတ်တို့နှစ်ဦး ဘိုးဘိုးအခန်းထဲမှ ထွက်ခဲ့ကြတော့ အနားမှာ တစ်ချိန်လုံး ငြိမ်သက်ရပ်နေသော ဦးဌွန်ဆီက အသံထွက်လာ၏။

"ဆရာကြီး ဆရာကြီးရဲ့ ဆုံးဖြတ်ချက်ကို ကျွန်တော်တကယ်ပဲ အံ့သြမိပါတယ်၊ ဆရာကြီး တကယ်ပဲ သဘောတူလိုက်တာလား ခင်ဗျာ"

"ငါ သဘောတူတယ်လို့ မင်းကို ပြောမိသလား မောင်ဌွန်"

"ခင်ဗျာ် သူတို့ကို ဆရာကြီး ပြောခဲ့တာပါ"

ဦးဝဇ္ဇာကျော် ခေါင်းတညိတ်ညိတ် ပြုံးရင်း ဆိုဖာထိုင်ခုံကြီးမှာ ကျောမှီထိုင်လိုက်၏။

"မြေးရဲ့ အကျင့်စရိုက်ကို မင်းအသိဆုံးပဲ မောင်ဌွန်၊ ဒီကိစ္စကို ငါငြင်းဆန်ရင် သူ အိမ်ကထွက်ပြီး ငါ့ကိုဆန့်ကျင်ပြမှာ အသေအချာပဲ"

"ဒါ အမှန်ပါ ဆရာကြီး"

"အေး မြေးကို ငါ့အနားမှာ ရှိနေဖို့အတွက် တမာန်ကို ငါခွင့်ပြုခဲ့တာ၊ အခုချိန်မှာ တမာန်က လိုအပ်နေသေးတယ် ဒါပေမဲ့ မြေးကို အမွေဆက်ခံသူအဖြစ် ကြေညာပြီးတဲ့အချိန်မှာ တမာန်ကို အနားမှာ



www.burmeseclassic.com

www.burmeseclassic.com



မရှိစေရဘူး''

''ကျွန်တော် သဘောပေါက်ပါပြီ ဆရာကြီး''

ဦးဌွန် နားလည် သဘောပေါက်စွာ ခေါင်းညိတ်သည်။ သူ့ရဲ့ လူယုံတော်ကြီး ဘာကို စိုးရိမ်နေသလဲ သူသိပါသည်။

တမာန်ဆိုတာ သမီးလေးအတွက် ကိုယ်ရံတော်ကောင်း တစ်ယောက် ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ကြင်ဖော် ဖြစ်ထိုက်သူမှ မဟုတ်တာ။

ဦးဝဏ္ဏကျော်ရဲ့ တစ်ဦးတည်းသော မြေးမလေး မိုးနတ်သာကီရဲ့ ကြင်ဖော်ဆိုတာ မျိုးရိုးဂုဏ်၊ ပညာဂုဏ်၊ အဆင့်အတန်းဂုဏ်ထိုက်တန်တူညီသူတော့ ဖြစ်သင့်သည်။

တမာန်ဆိုတဲ့ ယောကျ်ားတစ်ယောက်မှာ ထိုအရည်အချင်းတွေ ဘာမှမရှိ။ ဒါကို သူ မိုက်မဲစွာ သဘောတူရမည်လား။

တစ်ခါ၊ တစ်ခါမှာ မြေးရဲ့ ထင်ရာစိုင်းတတ်သော စိတ်ဓာတ်ကို သူ တော်တော်ပဲ စိတ်ညစ်မိပါသည်။

တကယ့်ကို မလွယ်တဲ့ မြေးပါပဲ။

■ ■ ■



## အခန်း (၂၇)

သူ မြတ်နိုးချစ်သော မိုးနတ် အနီးမှာ ပြန်နေထိုင်ခွင့်ရသော ဘဝလေးက တကယ့်ကို ကြည်နူးကျေနပ်စရာ ကောင်းပါသည်။

မိုးနတ်အတွက် သူက ကိုယ်ရံတော် ဒရိုင်ဘာလေးတစ်ယောက် အဖြစ် ဆက်ရှိနေခဲ့သည်။ ဒါပေမဲ့ ဘိုးဘိုးကသူ့ကို အလိုမရှိဟု မျက်ဝန်းတွေနှင့် ပြောနေသလို ခံစားရသည်။

ဘိုးဘိုးသာမကဘဲ လူယုံတော် ဦးဌွန်ကလည်း သူ့ကို အရင်လို ဆက်ဆံတာမျိုး မရှိတော့ဘဲ နည်းနည်းတော့ စိမ်းသက်သွားခဲ့၏။

ဒါတွေကို သူ ကောင်းကောင်း သတိထားမိပါသည်။ မိုးနတ် ...တော့ ဘာကိုမှ ဂရုမစိုက်ဘဲ ပျော်ရွှင်နေခဲ့သည်။

''တမာန် ဘာတွေ စဉ်းစားနေတာလဲ ပြန်ရအောင်လေ''



www.burmeseclassic.com

www.burmeseclassic.com



သူ ငူငူကြီးထိုင်နေမိတာကြောင့် မိုးနတ် ပြန်ဖို့ အသင့်ပြ[illegible] တာတောင် သတိမထားမိလိုက်ပါ။

"နင်ဘာတွေ တွေးနေတာလဲ တမာန် ဘိုးဘိုးအကြောင်[illegible]

"အင်း ဟုတ်တယ် မိုးနတ် ဘိုးဘိုးက နင်နဲ့ငါ့ကို အ[illegible] တကူ သဘောတူလိုက်တာကို ငါ အခုထိ အံ့ဩဝမ်းသာနေတု[illegible]

"ဒါ ထူးဆန်းမှုမှ မဟုတ်တာ၊ နင်က ငါ့အပေါ် အမြဲကော[illegible] တဲ့သူ၊ ဘိုးဘိုး ဒါကိုသိတယ်၊ ဒါကြောင့် သဘောတူလိုက်တာပေါ့[illegible]

မိုးနတ်ကတော့ ပေါ့ပေါ့ပါးပါးလေးပဲ တွေးကာ ပြောသ[illegible] သူ့မှာသာ အတွေးမောတွေနှင့် ရင်မောနေခဲ့ရတာဖြစ်၏။

"ဘာပဲဖြစ်ဖြစ် ဘိုးဘိုးက အပြည့်အဝ သဘောတူသေ[illegible] မဟုတ်ဘူး၊ ဒါကြောင့် ငါ ကြိုးစားရမယ် မိုးနတ်၊ မင်းကို အများ[illegible] ကူညီနိုင် စောင့်ရှောက်နိုင်အောင် ကိုယ် ကြိုးစားရမယ်"

"ဟင့်အင်း နင်ငါ့ကို အမြဲတမ်း ကြင်နာယုယ ချစ်ဖို့ပဲလို[illegible] ပါ တမာန်ရယ်၊ ငါနင့်ကို သိပ်ချစ်တယ်"

သူ့ပခုံးကို မှီနွဲ့ကာ မိုးနတ်ပြောတော့ သူ ကျေနပ်စွာ ပြ[illegible] သည်။ အခုတော့လည်း မိုးနတ်ဆိုသည့် ကောင်မလေးမှာ မာန[illegible] ကင်းစင်လို့။ ဟိုးအရင် သူတွေ့ဖူးသော မိုးနတ်သာကီနှင့် တခြား[illegible]

"ငါတို့ တစ်ခုခု ဝင်စားရအောင်နော်"

"မိုးနတ် သဘောလေ"

ကားလေးကို အသားကင်ဆိုင်လေးရှေ့မှာ မိုးနတ်အလို[illegible]





[illegible]ရပ်ပေးလိုက်သည်။ ဆိုင်လေးထဲကို သူတို့နှစ်ဦး ယှဉ်တွဲဝင်ခဲ့တော့ [illegible]ကြည့်နေသော အကြည့်တွေက နှစ်ဦးထံမှာဖြစ်သည်။

ညနေပိုင်းမို့ ဆိုင်လေးထဲမှာ လူတွေများသည်။ စားပွဲဝိုင်းလွတ် [illegible]စ်ခုဆီ သူတို့ရောက်ခဲ့တော့ နံဘေးဝိုင်းမှာတွေ့ရတာ ဆုလာဘ်နှင့် [illegible]ဖော်တွေ.

"မိုးနတ်"

"ဩော် ဆုလာဘ် နင်နဲ့ငါတော့ မတော်တဆ အမြဲဆုံနေတာ

"တိုက်ဆိုင်မှုဆိုတာ ကြိုမမြင်နိုင်ဘဲလေ အဟင်း နင်နဲ့တမာန် [illegible]ာ ဘာလဲ အမြဲတတွဲတွဲပါလား"

"အဟင်း တမာန်က ငါ့ချစ်သူလေ"

ဆုလာဘ်မယုံသလို မျက်ဝန်းလေးတွေ ဝိုင်းစက်သွားခဲ့သည်။ [illegible]နတ်ကတော့ ကြည်ကြည်နူးနူးလေး ပြုံးကာ

"ဟုတ်တယ် ငါတို့မကြာခင် လက်ထပ်ကြတော့မှာ မင်္ဂလာပွဲ [illegible]ချရင် နင့်ကိုဖိတ်မှာပေါ့"

ဆုလာဘ်ကိုပြောရင်း မိုးနတ်က စားစရာတွေမှာသည်။ ပြီး [illegible]တော့ ဆုလာဘ်ရှေ့မှာ သူ့ကိုတမင် ယုယကြင်နာမှုတွေ ပြသည်။

"တမာန် အချိုရည်လေး သောက်လိုက်ဦးနော်"

ဆုလာဘ် သူတို့ဝိုင်းကို ကွက်ကြည့်ကွက်ကြည့်နှင့် အကဲခတ်နေ [illegible]ခဲ့သည်။ ဒါကို သတိထားမိတော့ မိုးနတ်က



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို မိန်းမမှန်းမသိဘူး၊ ကြည့်နေ ဘိုးဘိုးကို မျက်နှာလု[illegible] ပြန်ပြောမှာ သေချာတယ်၊ အဟင်း ဘိုးဘိုးကိုယ်တိုင် ခွင့်ပြုတာသိ[illegible] သူ ပါးစပ်အဟောင်းသား ဖြစ်သွားမှာ အဟင်း ဟင်း"

မိုးနတ်ကတော့ တစ်ခါတရံမှာ တကယ့်ကလေးလိုပဲ ရှိသည်[illegible] လုပ်ငန်းခွင်ထဲမှာတော့ မိုးနတ်သည် တော်သော ထက်မြက်သော ခေါ်[illegible] ဆောင်တစ်ဦး ဆိုတာ သူမြင်တွေ့နေခဲ့ပါသည်။

မိုးနတ်လို မိန်းကလေးတစ်ယောက်ရဲ့ ချစ်သူ ဖြစ်ခွင့်ရတ[illegible] သူ့သိပ်ကို ကံကောင်းပါသည်။

ဒါပေမဲ့ မိုးနတ်ရဲ့ ပြီးပြည့်စုံသော စည်းစိမ်ချမ်းသာတွေကြော[illegible] တော့ သူ စိတ်ထဲမှာ မလုံမလဲ ဖြစ်ရ၏။

မိုးနတ်ကို သူချစ်ခဲ့တာ ဒါတွေကြောင့် မဟုတ်။ ဒါပေမဲ့ ဒါ[illegible] သူသက်သေပြဖို့ ဆိုသည်က။

ရင်ထဲမှာ ဖြူစင်သော အချစ်တစ်ခုကလွဲ၍ ဘာမှမရှိတော[illegible] လည်း . . . ။

■ ■ ■



## အခန်း (၂၈)

မနက်က ဦးဝှန်နှ့ သူ့ကိုလာပြောသည်။ ဘိုးဘိုး ကတွေ့ချင်သည် [illegible]ဆိုသည်။

"သမီးလေး မိုးနတ် မသိပါစေနဲ့၊ ဆရာကြီးက မင်းနဲ့ နှစ်[illegible]ယောက်တည်း တွေ့ချင်တာ"

"ဟုတ်ကဲ့ပါ ဦးဝှန်"

သူ့စိတ်ထဲမှာ နည်းနည်းတော့ စိုးရိမ်မိသည်။ သူဒီမှာ ပြန်အလုပ်ဝင်ပြီးကတည်းက ဘိုးဘိုးနှင့် မျက်နှာချင်းဆိုင် ဆုံတာမရှိသလောက်[illegible]ပဲ။ တစ်ခါတစ်ရံ ဆုံမိလျှင်တောင် ဘိုးဘိုးနှင့် စကားမပြောဖြစ်ပါ။ ဘိုးဘိုး မျက်နှာတည်တည်နှင့် အမြဲတွေ့၏။

အခု ဘိုးဘိုးက နှစ်ယောက်တည်း ဆုံချင်သည်ဆိုတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်ကို ပို့ပေးပြီး ပြန်လာခဲ့လိုက်ပါသည်။

"ဆရာကြီး စာကြည့်ခန်းထဲမှာ မင်းကို စောင့်နေတယ် တ
မာန်"

ဦးဂျွန်စကားကို ခေါင်းညိတ်ကာ သူ ထွက်ခဲ့လိုက်သည်။ ဘိုးဘိ
ကျန်းမာရေးကြောင့် အလုပ်တွေကို အရင်လို တာဝန်မယူနိုင်တော့
လုပ်ငန်းတချို့ကို လူယုံတော်တွေက တာဝန်ယူကာ မိုးန
ကလည်း အရေးတကြီး လုပ်ငန်းတွေကို ဦးဆောင်စီမံ ပေးထား
ထို့အတွက် ဘိုးဘိုး ကျေနပ်နေတာတော့ သေချာသည်။ မိုးန
က သူမျှော်လင့်သော ခြေရာနင်းနိုင်သော မြေးဖြစ်နေသည်ကိုး။

အခန်းတံခါးကို သူ ညင်သာစွာ ခေါက်တော့ ဘိုးဘိုး အသံ
ကြားရသည်။

"ဘယ်သူလဲ တမာန်လား"

"ဟုတ်ကဲ့ ဘိုးဘိုး"

"ဝင်ခဲ့လိုက်"

သူ တံခါးတွန်းဖွင့်ဝင်ခဲ့တော့ ဘိုးဘိုးကို ဒရင်းဘတ်မှာ ထိုင်
လှဲလျက် တွေ့သည်။ ဘိုးဘိုးက ဒရင်းဘတ်က ထကာ စားပွဲဝိုင်း
လေးက ဆိုဖာထိုင်ခုံဆီ လျှောက်သွားရင်း

"လာ ဒီမှာထိုင် တမာန် မင်းနဲ့ငါ ဆွေးနွေးစရာရှိလို့"

"ဟုတ်ကဲ့ ပြောပါဘိုးဘိုး ကျွန်တော် နားထောင်နေပါတယ်"

ဘိုးဘိုး မျက်ဝန်းတွေက သူ့ကို စူးစူးနစ်နစ် စိုက်ကြည့်နေ





ဦးမှ

"အေး ငါသွယ်ဝိုက်ပြီး ပြောမနေတော့ဘူးကွာ၊ ရှင်းရှင်းနဲ့
ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်"

ဘိုးဘိုး ယတိပြတ်ပြောသည်။ ဘိုးဘိုး စကားသံတွေကို သူ
တိတ်ဆိတ်စွာ နားထောင်နေရင်း ရင်ထဲမှာတော့ စိုးတထိတ်ထိတ် ခံစား
နေရသည်။

"မင်းကို ငါ့မြေးနဲ့ ငါသဘောမတူနိုင်ဘူး။ ငါ့မြေးလေး မိုးနတ်
ကို ငါ့ရဲ့အမွေတွေ ဆက်ခံသူအဖြစ် ကြေညာပြီးတာနဲ့ မင်း မြေးအနားက
ထွက်သွားပေးပါ"

"ဘိုးဘိုး"

သူ ခေါ်သံကို ဘိုးဘိုးက လက်ကာတားရင်း မဆုံးသေးသော
စကားတွေကို ဆက်ပြောသည်။

"ငါမင်းကို သက်တော်စောင့်အဖြစ် သဘောကျတယ်၊ မင်း
အတွက်လည်း ငါ အကောင်းဆုံးအရာတွေ ပေးခဲ့ချင်ပါတယ်၊ ဒါပေမဲ့
ငါ လက်ခံနိုင်တဲ့ အရာကိုပဲ မင်း တောင်းဆိုစေချင်တယ်"

"ကျွန်တော် မိုးနတ်ကို ချစ်တာပါ ဘိုးဘိုး"

"အေး အဲဒါ ငါလက်ခံတယ်၊ ဒါပေမဲ့ လက်ထပ်ဖို့တော့ ငါခွင့်
မပြုနိုင်ဘူး။ ဘာလို့လဲဆိုတော့ ငါ့မြေးအတွက် လက်တွဲဖော်ဟာ ငါ့မြေးနဲ့
ဂုဏ်တူ၊ ပညာတူ အဆင့်တူသူပဲ ဖြစ်သင့်တယ်"

ဘိုးဘိုးစကားက သူ့ရင်ကို ထိရှစေသည်။ ဘိုးဘိုးမှာ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ခွဲခြားမှုမျိုး ရှိမည်ဟု သူ မထင်ခဲ့မိပါ။

"ငါ အဆင့်အတန်း ခွဲခြားတယ်လို့ မင်းထင်ချင်ထင်ပါ။ ဒါ
မြေးအတွက် ငါအကောင်းဆုံးပဲ ဖြစ်ချင်တယ်။ ဘာလို့လဲဆိုတော့ မြေး
ငါ့အချစ်ဆုံး သူမို့ပဲ"

ဘိုးဘိုးစကားတွေက တည်ငြိမ်လေးနက်နေသည်။ သူ့ကို
ကြည့်နေပေမယ့် ထိုမျက်ဝန်းတွေထဲမှာ မိုးနတ်ကိုပဲ မြင်ယောင်နေ
မျိုးရှိ၏။

"တမာန် သမီးလေးအပေါ် မင်း တကယ် သစ္စာရှိခဲ့ပါတ
တာဝန်ကျေခဲ့ပါတယ်၊ ဒါကြောင့် မင်းတို့မောင်နှမအတွက် ပြည့်
ဘဝတစ်ခု ငါ ပေးဖို့ စီစဉ်ထားတယ်"

"မလိုပါဘူး ဘိုးဘိုး၊ ဘိုးဘိုးကျေးဇူးကြောင့် ကျွန်တော်
အဆင်ပြေနေပါတယ်၊ ဘာမှထပ်မယူပါရစေနဲ့"

"မင်းရဲ့ရိုးသားမှုကို ငါ အသိအမှတ်ပြုတယ်၊ ဒါပေမဲ့ ငါ့
ကိုလည်း မင်းလက်ခံပေးပါ၊ မြေးက တော်တယ် ထက်တယ်၊ ဒါပေ
မြေးရဲ့ခံစားချက်က နုနယ်လွန်းတယ်၊ အခု မင်းနဲ့အလွှယ်တကူ သံယော
ဇဉ်တွယ်သွားတာပဲ ကြည့်လေ"

ဘိုးဘိုး ထင်သလို မဟုတ်တာ သူ ရှင်းပြချင်သည်။ ဒါပေ
သူ့နှုတ်တွေ ဆွံ့အနေဆဲ။

"မကြာခင် သူ မင်းကို မေ့သွားမှာပါ၊ မင်းဘက်က မြေး
တကယ်ချစ်တာဆိုရင် မြေးဟာ ငါ့ကိုချစ်တဲ့ ငါ့စကားကို နာခံတဲ့ မြေး





ဖြစ်အောင် မင်း ရှောင်ထွက်သွားပေးပါ"

ဒါ ဘိုးဘိုးရဲ့ အပြတ်သားဆုံး စကားတွေဆိုတာ သူ နားလည်နေခဲ့၏။ နောက်ဆုံးတော့ သူ့မှာ ဘာမှ ဖြေရှင်း ပြောပြခွင့်မရှိပါဘဲ ဘိုးဘိုး အခန်းထဲက ပြန်ခဲ့ရသည်။

မိုးနတ်ကို သူ သိပ်ချစ်သည်။ ဒါကို သစ္စာတိုင်တည် ပြောချင်ပါသည်။ ထိုချစ်ခြင်းကို သက်သေပြဖို့အတွက် သူ့မှာ အချစ်တစ်ခုက လွဲ၍ ဘာမှမရှိခဲ့ပါ။

ဘိုးဘိုးကိုလည်း အပြစ်မမြင်လိုတော့။ ဘိုးဘိုးရဲ့ ကျေးဇူးတရားတွေ အများကြီးရှိခဲ့သည်။

ထိုကျေးဇူးတရားတွေ အတွက် ဘိုးဘိုး ဆန္ဒတစ်ခုကို သူပေးဆပ်ဖို့ပဲ ဆုံးဖြတ်လိုက်ပါသည်။

တစ်ခါတုန်းက ကျေးဇူးတရားအတွက် သူ့သိက္ခာနှင့် ပေးဆပ်ခဲ့ရဖူးသည်။ ဒီတစ်ခါ ပေးဆပ်ရသည်က နှလုံးသား။

မိုးနတ်ရယ် မင်းငါ့ကို နားလည်ပေးပါ။ ငါတို့တွေ အမုန်းတွေ မပါဘဲ လမ်းခွဲကြရအောင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ဒီမနက်မှာပဲ ဘိုးဘိုးက သူ့မအတွက် အမွေတွေကို ရှေ့နေကြီးတွေနှင့် တရားဝင် လွှဲပြောင်းပေးခဲ့သည်။

"ဘိုး မြေးအတွက် ပိုင်ဆိုင်သမျှ လွှဲပေးလိုက်ပြီ၊ မြေးရဲ့ အရည်အချင်းနဲ့ ဆက်ထိန်းသိမ်းပါ"

"ဟုတ်ကဲ့ပါ ဘိုး ဒါပေမဲ့ မြေးအတွက်လိုတာ ဘိုးဘိုးရဲ့ ချစ်ခြင်းမေတ္တာတွေပါ"

"ဒါတွေကို မြေးအတွက် ဘိုး ရှင်သန်နေတဲ့အထိ ပေးဆပ်နေမှာပဲလေကွယ်"

မိုးနတ် ခေါင်းကလေးကို ပုတ်ကာ ဘိုးဘိုး ပြုံးပြုံးလေး ပြောတော့ မိုးနတ် ဘိုးရဲ့ ရင်ခွင်ထဲတိုးဝင်လိုက်မိပါသည်။

"ဘိုးဘိုး ခြံထဲမှာ လမ်းလျှောက်ကြမယ်နော်"





အလုပ်ပိတ်ရက်မို့လည်း မိုးနတ် ဘိုးအတွက် အနားမှာ အချိန်ပြည့် နေပေးမိသည်။ တကယ်ဆို ဘိုးရဲ့ ဇရာအရိပ်က သိသာထင်ရှားလာပြီ။

ဘိုးဘိုးသည် ဒီနှစ်ထဲမှာပဲ အတော် အိုစာသွားခဲ့သည်။ ကျန်းမာရေးအတွက် ဘိုး ဆေးဝါးတွေ မှီဝဲနေရသည်။ ဒါကို မိုးနတ် သတိထားမိတော့ ဘိုးကို အရင်ကထက် ပိုဂရုစိုက်ဖြစ်၏။

"ဘိုး ဘိုးကို မိုးနတ် ပြောစရာရှိတယ်"

ခြံထဲမှာ ဘိုးလက်ကိုတွဲကာ မိုးနတ် လမ်းလျှောက်ရင်း တောင်းဆိုတော့ ဘိုး ခေါင်းလေးညိတ်ရင်း

"ပြောလေ မြေး ဘိုးနားထောင်မယ်"

"တမာန်ကို သမီး လက်ထပ်ခွင့်ပြုဖို့ပါ"

"ဟင်"

ဘိုး ခြေလှမ်းတွေတုံ့ခနဲ ရပ်ကာ မိုးနတ်ကို မော့ကြည့်သည်။ မိုးနတ် တောင်းဆိုမှုကို ဘိုး လက်ခံချင်ပုံမရ။

"ဘိုးပဲ ခွင့်ပြုခဲ့တယ်လေ၊ အခု တမာန်ကို မြေးလက်ထပ်ချင်တယ်"

"အဲဒီအချိန်တုန်းက ဘိုးမှာ ရွေးစရာမရှိလို့ ခွင့်ပြုခဲ့တာပဲ မြေး။ အစကတည်းက တမာန်ကို မိသားစုဝင်အဖြစ် ဘိုး တစ်ခါမှ တွေးလို့မရခဲ့ဘူး။ ဒါကိုလည်း တမာန်ကို အပြတ်ပြောပြီးပြီ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်မြေး အခုချိန်ကစပြီး ဝဋ္ဌာလုပ်ငန်း ကုမ္ပဏီတွေ အတွက်ပဲ သမီးစဉ်းစားပါ၊ တမာန်ကို မေ့လိုက်တော့"

"ဟင့်အင်း မရဘူး ဘိုး၊ သမီးသူ့ကိုချစ်တယ်"

မိုးနတ်ပြောရင်း မျက်ရည်တွေ စီးကျလာတာကို ဘိုးဘိုး ငေးစိုက်ကြည့်နေခဲ့ရင်း

"မြေး သူ့ကိုလက်ထပ်ရင် ဘိုးမြေးအဖြစ်က စွန့်ပစ်မှာ မြေး ဘာတစ်ခုမှ ပိုင်ဆိုင်ခွင့်မရဘူး၊ ဒါဆို မြေးဘာကို ရွေးမှာလဲ"

"တမာန်ကိုပဲ သမီးရွေးမှာပါ ဘိုး"

"ဘာရယ်"

"ဟုတ်တယ် ဘာလို့လဲဆိုတော့ တမာန်ကို မိုးနတ် တကယ် ချစ်တာမို့ပါ၊ အားလုံးထက် တမာန်ကို သမီးချစ်တယ်"

မိုးနတ် အပြတ်သားဆုံး ဆိုနေတော့ ဘိုးဘိုး မျက်နှာကြီး နီလာကာ အံကိုတင်းတင်းကြိတ်ထားသည်။

"မြေးကို ခွင့်လွှတ်ပါ ဘိုးဘိုး"

"မြေး မိုးနတ် တမာန်က ဘယ်တော့မှ မြေးအနားမှာ ရှိတော့ မှာမဟုတ်ဘူး၊ သူ ဘိုးဘိုးကို ကတိပေးပြီးသား"

"ဟင်"

မိုးနတ် တုန်လှုပ်သွားမိသည်။ ဘိုးဘိုး လိမ်ညာနေတာတော့ မဟုတ်နိုင်ဟု ထင်သည်။ ပြီးတော့ မနေ့က တမာန်ရဲ့ စကားတွေပြန် ကြားမိပြန်သည်။





"မိုးနတ်ကို ကိုယ်သိပ်ချစ်ပါတယ်၊ ပိုင်ဆိုင်ခွင့်မရလည်း ချစ် နေမှာ ယုံကြည်ပေးပါ"

ဒီစကားတွေ တမာန်ပြောခဲ့သည်။ ပြီးတော့ ဒီမနက်လည်း မိုးနတ်ဆီကို ရောက်မလာခဲ့ပါ။ ဒါ တမာန် မိုးနတ်ကို ရှောင်သွားတာလား။ ဘိုးဘိုးရဲ့ အစီအမံတွေလား။

"ဘိုးဘိုး သိပ်ရက်စက်တယ်"

မိုးနတ် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျရင်း ပြောတော့ ဘိုးဘိုး ရှေ့ကိုင်းမျက်မှန်ထဲမှ မျက်လုံးတွေနှင့် စိုက်ကြည့်နေခဲ့သည်။

"ဘိုးဘိုး မတရားဘူး၊ သမီးနှလုံးသားကို ဘိုးဘိုးခွဲလိုက်တာ၊ တမာန်မှာ ဘာအပြစ်ရှိလို့လဲ အဟင့် ဟင့် ဘိုးဘိုး သိပ်ရက်စက်တယ်"

မိုးနတ် ရှိုက်ကြီးတငင် ငိုကြွေးရင်း ဘိုးဘိုးကို စွပ်စွဲချက်တွေ တစ်ခုပြီးတစ်ခု တင်နေခဲ့မိ၏။

"ဟာ ဆရာကြီး ဆရာကြီး"

စိုးရိမ်တကြီးအော်သံနှင့် ဦးဂျွန် အနားရောက်လာမှ ဘိုးဘိုး လဲကျသွားတာကို မိုးနတ် မြင်တွေ့ရသည်။

"ဘိုး ဘိုးဘိုး"

ဦးဂျွန်က ဘိုးဘိုးကို ပွေ့ချီလိုက်သည်။ ပြီးတော့ ဆင်ဝင်အောက် က ကားဆီခပ်သုတ်သုတ် လှမ်းသည်။ မိုးနတ် ချောက်ချားတုန်လှုပ် သော မျက်ဝန်းတွေနှင့် အနားက ကပ်ပြေးလိုက်နေမိ၏။

"ဘိုးဘိုး ဘိုးဘိုး ဘာဖြစ်တာလဲ"



www.burmeseclassic.com

"ဆရာကြီး နေမကောင်းတာကြာပြီ သမီးလေး၊ ပါရဂူကြီးတွေ တောင် လက်လျှော့ထားကြတယ်၊ ဒါတွေကို ဆရာကြီးသိတယ်၊ သမီး လေးကို မပြောပါနဲ့လို့ မှာထားလို့ ဦးဌှန်တို့ မပြောကြတာပါ"

"ဟင်"

မိုးနတ် တကယ်ပဲ အံ့သြတုန်လှုပ်သွားခဲ့သည်။ ဘိုးဘိုး အခြေ အနေက ဒီလောက်အထိ ဆိုးနေခဲ့သည်လား။ ဘိုးဘိုးက အခြေအနေ မှန်ကို မိုးနတ် မသိအောင် သိုဝှက်ထားခဲ့သည်လား။

"ဆရာကြီးက ဒါကြောင့် သမီးကို အမွေတွေလွှဲပေးတာ၊ စီးပွား ရေးတွေ စီစဉ်ပေးနေခဲ့တာပေါ့"

ဆေးရုံအထိ ကားကို အမြန်မောင်းနေရင်း ဦးဌှန် ရှင်းပြသမျှ မိုးနတ် မျက်ရည်တွေ စီးကျလျက် နားထောင်နေခဲ့ရသည်။

ဘိုးဘိုးက သူမအပေါ် ဒီလောက်အထိတောင် ကြင်နာ ယုယ ချစ်ခဲ့သည်လား။

ဟင့်အင်း ဘိုးဘိုးမှာ မဖြစ်ပါစေနဲ့။ ဘာမှ မဖြစ်ပါစေနဲ့။

■ ■ ■



## အခန်း (၃၀)

ဘိုးဘိုးဆေးရုံမှာ တစ်ပတ်လောက် နေနေရသည့် ကာလ တွေမှာ မိုးနတ် အနားမှာ အမြဲရှိခဲ့သည်။

ဘိုးဘိုးကို ဂရုစိုက် ပြုစုပေးသည်။ ဘိုးဘိုး ထူထူထောင်ထောင် ဖြစ်လာတော့ မိုးနတ် ဝမ်းသာရ၏။

"မြေးလေး သိပ်ပင်ပန်းနေပြီ"

"ဟင့်အင်း မိုးနတ် မပင်ပန်းပါဘူး ဘိုးဘိုးရဲ့"

"ဘိုးဘိုး သိတာပေါ့ကွယ်၊ ကြည့်စမ်း မြေးလေး မျက်လုံးလေး တွေ ချောင်ကျနေတာ ဘိုးမြင်တယ်၊ မြေးရယ် ဘိုး သနားလိုက်တာ"

ဖြူလျော်လျော် လက်ကလေးတွေနှင့် မိုးနတ် မျက်နှာလေးကို

www.burmeseclassic.com



ပွတ်သပ်ရင်း ဘိုး ဆိုနေတော့ မိုးနှတ်ရင်ထဲမှာ နှင့်နှင့်သီးသီး ခံစားရ၏။

ဘိုးဘိုးသာ တစ်ခုခုဖြစ်ခဲ့လျှင် မိုးနှတ်ကို မိုးနှတ်ဘယ်တော့မှ ခွင့်လွှတ်နိုင်မည် မဟုတ်ပါ။

''ဘိုးရယ် ဘိုး နေကောင်းအောင်နေပါ''

''ဘိုး မသေနိုင်သေးပါဘူး။ မြေးလေးအတွက် ဘိုး အသက်ရှင်နေရဦးမှာပေ့ါ မြေးရယ်''

ဘိုးဘိုးရဲ့ စကားကိုကြားတော့ မိုးနှတ် မျက်ရည်တွေ ဝဲမိသည်။ ဘိုးရဲ့ သံယောဇဉ်နဲ့ ချစ်ခြင်းတွေက ကြီးမားလိုက်တာ။ အသက်ရှစ်ဆယ်နီးပါးတိုင်သည်အထိ ဘိုးသည် မိုးနှတ်ကို သံယောဇဉ်ကြီးမားနေဆဲ။

''ဘိုးဘိုး သမီးကို စိတ်ချပါ၊ ဘိုး စကားကို သမီး အမြဲနားထောင်တော့မှာပါ''

''တကယ် ပြောတာလား မြေး''

''တကယ်ပါ ဘိုးဘိုး မိုးနှတ်ဘဝအတွက် အရေးကြီးဆုံးက ဘိုးဘိုးပဲလေ''

ဘိုးဘိုး လက်ဖဝါးလေးတွေက မိုးနှတ် လက်ဖဝါးလေးတွေကို တင်းတင်းလေး ဆုပ်ကိုင်ထားသည်။

ဘိုးရဲ့ မျက်ဝန်းတွေထဲမှာလည်း မျက်ရည်စတွေဝဲနေ၏။ မိုးနှတ်ရင်ထဲမှာလည်း။

တမာန်ရယ် ငါတို့အချစ်တွေက ဆုံဆည်းခွင့်မရှိတဲ့ အချစ်တွေလား။ ဒါပေမဲ့ ငါ့ရင်ထဲမှာ နင် အမြဲရှိနေမှာပါ။ ဘယ်တော့မှ ပျောက်





ပျောက်မသွားဘဲ အမြဲရှိနေမှာပါ။

■ ■ ■

ဘိုးဘိုး ဆေးရုံက ဆင်းလာတော့လည်း အားလုံး အရိပ်တကြည့် ဂရုစိုက်ကြသည်။

အလုပ်တွေကို မိုးနှတ် ဘိုးဘိုးထက် ပိုမို ဦးစားမပေးနိုင်ခဲ့ပေ။ ဘိုးဘိုးကိုပဲ မိုးနှတ် အချိန်တွေ အပြည့်ပေးခဲ့သည်။

လောကကြီးထဲမှာ ဆင်နေထိုင် ရှင်သန်ဖို့ ဘိုးဘိုးအတွက် အချိန်တွေ တိုတောင်းလွန်းနေပြီလား။ မိုးနှတ် ဘိုးဘိုးရဲ့ မေတ္တာတွေအတွက် တုံ့ပြန်ပေးဆပ်ခွင့် ပြုပါဦး ဘိုးဘိုးရယ်။

ဘိုးဘိုး ဆေးသောက်ပြီး အိပ်ပျော်သွားတော့ မိုးနှတ် အခန်းထဲကို ပြန်ခဲ့သည်။

ရင်ထဲမှာ သတိရလာသည်က တမာန်ကိုပဲ ဖြစ်သည်။ ရင်ထဲမှာ တမာန် အမြဲတမ်း ရှိနေသည်။ ဒါကို ဘိုးဘိုး ရှေ့မှာ မိုးနှတ် မဖော်ပြဖြစ်ခဲ့ပါ။

တမာန်သည်လည်း အခုချိန်မှာ သူမကို လွမ်းနေမည်လား။ ဘိုးဘိုးရဲ့ဆန္ဒကြောင့် တမာန် အဝေးဆုံးကို ရှောင်ထွက်သွားခဲ့တာ ဖြစ်မည်။

တမာန်တို့ မောင်နှမ မြို့ကြီးမှာမရှိကြတော့ဟု သူမ သိထား၏။ ရေစင်အေးသည်လည်း အလုပ်က ထွက်သွားခဲ့သည်တဲ့။

နင် ဘယ်လောက် အဝေးကြီးသွားပါစေ။ ငါ့ရင်ထဲကတော့



www.burmeseclassic.com

www.burmeseclassic.com



ထွက်မသွားနိုင်ပါဘူး တမာန်ရယ်။

ဒီအတိုင်းပဲ နှင့်ရင်ထဲက ငါထွက်သွားမှာ မဟုတ်ဘူး

ယုံတယ်။ အချစ်ဆိုတာ တန်ခိုးကြီးမားလွန်းပါတယ် တမာန်။

ဒါကို ငါချစ်တတ်မှ သိခဲ့တာပါ။ နှင့်ကို ပိုင်ဆိုင်ခွင့် မရပေမယ့်

ငါအမြဲ ချစ်နေလို့ရပါတယ်။

ရင်ထဲက မွန်းကြပ်နေသော ခံစားချက်တွေအတွက် မိုးနှင်း

အတွက် စာလေးတစ်စောင်နှင့် ရင်ဖွင့်မိသည်။

တမာန်

ငါ အဆင်ပြေနေပါတယ်၊ ငါတို့အိမ်ကြီးဘာမှ မပြောင်းလဲပါဘူး

နင် မရှိတော့တာကလွဲရင် အားလုံးက အရင်အတိုင်းပါပဲ၊ ဦးဂျွန်ကလည်း

ဝန်ထမ်းတွေကို အမြဲထောင့်စေ့အောင် ခိုင်းနေတုန်းပဲ၊ ဒေါ်သီတာ

လည်း အလုပ်တွေမနားတမ်း ရှုပ်နေဆဲပဲ။ ငါကတော့ . . . ။

ငါ နင့်ကို သတိရတယ် တမာန်ရယ်၊ နင်အနားမှာ မရှိပေမယ့်

နင်ရှိနေသလို ငါခံစားလို့ရတယ်။

နင်လည်း ငါ့ကိုလွမ်းတဲ့အခါတိုင်း နင့်ဘေးမှာ ငါရှိနေတယ်

ယုံကြည်ပေးနော်။

ငါ ငိုချင်လာပြီဟာ. . ။

တစ်ပိုင်းတစ်စ စာလေးကိုရပ်တန့်ပြီး မိုးနတ် စီးကျလာသော

မျက်ရည်တွေကို ပွတ်သုတ်ပစ်လိုက်မိသည်။

ပြီးတော့ စာရွက်လေးကို လုံးခြေကာ အခန်းထောင့်က အမှိုက်





[illegible]လေးထဲ ပစ်ထည့်လိုက်သည်။

တမာန်ကို သတိတရ ခံစားရေးမိသော စာလေးတွေက သည်

လိုပဲ အမှိုက်ပုံးထဲမှာ အဆုံးသတ်သွားတတ်စမြဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ငါမရှိတော့ရင် မြေးလေးကို ဝိုင်းဝန်းစောင့်ရှောက်ပေးကြ

ကွာ"

ခွပ်ပြုတ်သောက်နေရင်း ပြောလိုက်သော ဦးဝဋ္ဋာကျော် စကား

ကြောင့် ဦးဂျွန်ကော ဒေါ်သီတာပါ စိတ်မကောင်း ဖြစ်ကြရသည်။

"ငါ မင်းတို့အားလုံးကို ယုံကြည်ပြီးထားခဲ့ချင်တယ်"

လင်ပန်းပေါ်က လက်သုတ်ပုဝါလေးကို လှမ်းယူသုတ်ရင်း

ဦးဝဋ္ဋာကျော် သူတို့နှစ်ယောက်ကို မော့ကြည့်လိုက်၏။

"မြေးလေးအတွက် ငါမရှိရင် မင်းတို့လိုအပ်တယ်"

ဦးဂျွန် ပင့်သက်ရှိုက်သံကြားတော့ ဦးဝဋ္ဋာကျော် ရှုးစိုက်ကြည့်

သည်။

"ဘာပြောချင်လို့လဲ မောင်ဂျွန်"

"ကျွန်တော် တစ်ခုလောက် ပြောချင်ပါတယ် ဆရာကြီး၊ သမီး





လေး အနားမှာ တကယ်လိုအပ်တာ ကျွန်တော်တို့ မဟုတ်ပါဘူး"

"ဘယ်လို"

"ဟုတ်ပါတယ်၊ သမီးလေးအခန်းကို နေ့စဉ်ဝင်ရှင်းရင်း မသိ

ဘာ တွေ့တဲ့စာလေးတွေ လာပေးလို့ ကျွန်တော် သိမ်းထားပါတယ်"

ဦးဂျွန် ပြောရင်း အသေအချာ ခေါက်သိမ်းထားသော စာခေါက်

လေးတွေကို ဦးဝဋ္ဋာကျော်ထံ ကမ်းပေးသည်။

ဦးဝဋ္ဋာကျော် မျက်မှောင်လေးတွန့်သွားရင်း စာထပ်လေးတွေ

ကို လှမ်းယူသည်။ ပြီးတော့ အိတ်ကပ်ထဲက ရွှေကိုင်းမျက်မှန်ကို ထုတ်ကာ

တစ်စောင်ကိုယူဖတ်ကြည့်သည်။

မိုးနတ်ရဲ့ လက်ရေး ဝိုင်းစက်စက်လေးတွေနှင့် ခံစားမှုလေးတွေ

က သူ့ရင်ကို စို့နစ်သွားစေ၏။

"မြေးနဲ့တမာန် ဆက်သွယ်နေကြတာလား"

"မဟုတ်ပါဘူး ဆရာကြီး၊ သူတို့မတွေ့ကြတာ လေးလကျော်ပါ

ပြီ ဒီစာတွေက သမီးလေး ခံစားချက်တွေသက်သက်ပါ၊ ရေးပြီး အမှိုက်

ပုံးထဲ ပစ်ထားတာတွေပါ"

ဦးဂျွန် စကားကြောင့် သူ ခေါင်းညိတ်မိ၏။ မြေးလေး ရင်ဘတ်

ထဲကို သူမြင်တွေ့နေခဲ့ရပြီ။

"တမာန်ကလည်း ဆရာကြီးကို ပေးခဲ့တဲ့ ကတိအတိုင်း မြို့

သစ်လေးတစ်မြို့အထိ ပြောင်းရွှေ့နေပြီး သမီးလေးကို ရှောင်တိမ်းနေပါ

တယ်၊ သူတို့မောင်နှမ သစ္စာရှိပါတယ် ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရင်း မြေးမလေး မိုးနတ်ရဲ့ စားလေးတွေကို ငေးစိုက်ကြည့်နေမိတော့သည်။

''မြေးလေး လိုအပ်နေတဲ့သူက တမာန်ပေါ့''

ဦးလွန် မင့်မရဲ ခေါင်းညိတ်သည်။ သူ နှုတ်ဆိတ်ငြိမ်သက်လျက် ထရပ်လိုက်သည်။ လက်ထဲမှာတော့ မြေးမလေးရဲ့ စာလေးတွေကို အထပ်လိုက် ဆုပ်ကိုင်ထားမိဆဲ။

■ ■ ■



## အခန်း (၃၂)

''ဘိုးဘိုး မြေးကို ခေါ်တယ်ဆိုလို့''

မိုးနတ် အခန်းထဲဝင်တော့ ဘိုးဘိုးက စာကြည့်ခန်းထဲက ဆိုဖာထိုင်ခုံကြီးမှာ ထိုင်စောင့်နေသည်။

''ဟုတ်တယ် မြေး လာ ဒီမှာထိုင်ပါဦး''

ဘိုးဘိုး နံဘေးမှာပဲ မိုးနတ် ဝင်ထိုင်လိုက်၏။ ဘိုးဘိုး မျက်နှာကို အကဲခတ်ကြည့်တော့ ဘိုးဘိုး လန်းဆန်းကြည်လင်နေသည်။

''ဘိုးဘိုး ဆေးသောက်ပြီးပြီနော်''

''အင်း ပြီးပြီ မြေး၊ မြေးအခု ဘယ်သွားမလို့လဲဟင်''

''အလုပ်သွားမလားလို့ မရောက်တာ သုံးရက်ရှိလို့ ခဏ သွားပြီး ကြည့်မလို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



"မြေး ဒီနေ့ မသွားနဲ့ မနက်ဖြန်မှသွားပါ"

"ဘာလို့လဲ ဘိုးဘိုး"

"ဒီနေ့က မြေးရဲ့မွေးနေ့လေ မြေးလေး အသက်နှစ်ဆယ့်လေး နှစ်ပြည့်ပြီ"

ဘိုးဘိုးပြောမှပဲ မိုးနတ် သတိရတော့သည်။ ဟုတ်ပါရဲ့ မိုးနတ် အသက် ဒီနေ့ နှစ်ဆယ့်လေးနှစ်ပြည့်ပြီ။

"မိုးနတ်တောင် မေ့နေတယ် ဘိုးဘိုးရဲ့"

ဘိုးဘိုးက မိုးနတ် နဖူးပြင်ပေါ်က ဆံနွယ်လေးတွေကို သပ် တင်ပေးရင်း ပြုံးနေ၏။

"အင်း မြေးစိတ်တွေ ရှုပ်ထွေး ညစ်ညူးနေလို့လား"

"ဟင့်အင်း မဟုတ်ပါဘူး ဘိုးဘိုးရဲ့"

မိုးနတ် မလုံမလဲ ဆိုမိသည်။ မိုးနတ် ရင်ထဲက ခံစားချက် တွေကို ဘိုးဘိုး ရိပ်မိနေခဲ့သည်လား။ ဘိုးဘိုး အကြည့်တွေကို မိုးနတ် ရင်ဆိုင်ဖို့ တောင် မဝံ့မရဲ ဖြစ်နေသည်။

"သမီးလေး"

"ရှင် ဘိုးဘိုး"

"သမီးလေး မွေးနေ့မှာ ဘာလိုချင်လဲ ဘိုးကို ပြောပါ"

မိုးနတ် ယဲ့ယဲ့လေးပြုံးလိုက်မိသည်။ ဟိုအရင်တုန်းကလို မိုးနတ် စိတ်မှာ အပျော်တွေကင်းစင်နေခဲ့ပြီ။ ဒါပေမဲ့ ဘိုးဘိုးကို ပြုံးပြုံးလေးနှင့် ဆိုလိုက်ပါသည်။





"သမီးအတွက် ဘာမှမလိုအပ်ပါဘူး။ ဘိုးအနားမှာ ရှိနေတယ် လေ ဒါနဲ့တင် ပြည့်စုံနေပြီလေ ဘိုးရဲ့၊ သမီး မွေးနေ့လေးကို ဒီခြံမှာရှိ တဲ့ သူတွေနဲ့အတူ မနက်စာ စားရင်းဖြတ်သန်းမယ်၊ ပြီးတော့ ကုန်တိုက် က ဝန်ထမ်းတွေအတွက် ဘောက်ဆူး ချီးမြှင့်ပေးလိုက်မယ်လေ"

"ကောင်းတယ် မြေး၊ ဘိုးဘိုးဆီက သမီးတစ်ခုခု တောင်းပါဦး ဘိုးဘိုးက လက်ဆောင်ပေးချင်လို့"

ဘိုးဘိုး ဆိုနေပြန်ပါသည်။ ဘယ်အရာကို တောင်းဆိုရမည်လဲ မိုးနတ် မစဉ်းစားတတ်ပါ။ ဘိုးဘိုးကပဲ အပြုံးမပျက် မျက်နှာနှင့်

"ကိုင်း သမီးမတောင်းရင် ဘိုးဘိုးပဲ ပေးတော့မယ်"

"ဘိုးပေးတာကို သမီးယူမယ်လေ"

"ဟုတ်ပြီ ဘိုးဘိုးရဲ့ မွေးနေ့လက်ဆောင်က မြေးလေး ပျော်ရွှင် တဲ့ ဘဝမှာ နေနိုင်ခွင့်ပေးတယ်၊ မြေးစိတ်ကြိုက်ရွေးပါ၊ လက်ရှိဘဝ ကိုလား၊ မောင်တမာန်ကိုလား မြေးရွေးပါ"

"ဟင်"

"တကယ်ပေါ့ မြေးရယ်၊ နှစ်ခုစလုံးကို ရွေးချယ်ရင်လည်း ဘိုးက ခွင့်ပြုတယ်"

"ရှင်"

မိုးနတ် တအံ့တသြလေး ဖြစ်နေသည်။ ဘိုးဘိုး တကယ်ပြော နေခဲ့တာလား မယုံရဲ။

ဘိုးဘိုးက နိုက်ထားသော ဂျာကင်ကုတ်အကျီုထဲက လက်ကို



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ကာ ဖြန့်ပြသည်။

"ဟင်"

မိုးနတ် မျက်လုံးလေးတွေ ဝိုင်းသွားသည်။ မိုးနတ် ခံစားချက်တွေနှင့် ရင်ဖွင့်ထားသော စာလေးတွေ ဘိုးဘိုးလက်ထဲ ဘယ်လို ရောက်နေခဲ့တာလဲ။

"မြေး ရင်ထဲကို ဘိုးဘိုး နားလည်မြင်ကြည့်နိုင်ခဲ့ပြီ၊ ဘိုး ခွင့်ပြုပါတယ် မြေး"

"ဘိုး ဘိုးတကယ် ပြောတာနော်"

"တကယ်ပါ မြေး၊ တမာန်က မြေးအနားမှာ အလိုအပ်ဆုံး သူပဲလေ"

"ဘိုးရယ်"

ဘိုးဘိုး ရင်ခွင်ထဲတိုးဝင်ကာ မိုးနတ် ဝမ်းသာမှုကြောင့် အတိုင်းမရှိ ပျော်နေခဲ့၏။

"ဟက်ပီးဘတ်သ်ဒေးပါ မိုးနတ်သာကီ"

"ဖြောင်း ဖြောင်း ဖြောင်း"

လက်ခုပ်သံတွေနှင့်အတူ မိုးနတ်အတွက် ဆုတောင်းသံလေးတွေ သံပြိုင်ထွက်လာတာမို့ ဘိုး ရင်ခွင်ထဲက မော့ကြည့်တော့

ဦးဌန်တို့တွေ အခန်းတံခါးဝမှာ အပြုံးတွေနှင့် ရပ်လို့ကြည့်နေခဲ့ကြသည်။

■ ■ ■



## အခန်း (၃၃)

"ညီမလေးကို ဘယ်သူပြောတာလဲ"

သူ တအံ့တသြ မေးမိတော့ ညီမလေး ရေစင်အေး ရှင်းပြရှာသည်။

"မမဆုလာဘ်နဲ့တွေ့တာ၊ သူ ပြောတာ ကိုကို့ မနက်ဖြန် ကိုးနာရီဖလိုက်နဲ့ မမလေး စင်ကာပူ သွားတော့မယ်တဲ့၊ ဟိုမှာ အလုပ် လုပ်မှာတဲ့"

ညီမလေး စကားတွေက သူ့ရင်ထဲကို နက်ရှိုင်းစွာ ထိရှခံစားရစေ၏။ မိုးနတ် တကယ်ပဲ အဝေးဆုံးကို သွားပြီပေါ့။

"ကိုကို စိတ်မကောင်းဖြစ်သွားလားဟင်"

သူ့ကို အကဲခတ်ကြည့်ကာ ညီမလေး ပြောတော့ သူ ခံစားချက်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကြိတ်မျှိသိပ်ရင်း

"ပြီးဆုံးခဲ့ပြီပဲကွာ၊ ဒါကောင်းပါတယ်၊ ကိုကိုတို့ဘဝက နီးစပ်ခွင့်မှမရှိဘဲ"

"မနက်ဖြန် ကိုကို သွားနှုတ်ဆက်သင့်တယ်၊ သူ့ကို ကိုကို နောက်ထပ် တွေ့ရမှာမဟုတ်တော့ဘူး"

"မလိုတော့ပါဘူး ညီမလေးရယ်"

ညီမလေး ဘာမှထပ်မပြောတော့ဘဲ သူ့အနားက ထွက်သွားခဲ့သည်။

သူ့ရင်ထဲမှာ မောန်းနေသည်။

နှစ်ဦးကြားမှာ သံယောဇဉ်တွေ အပြီးအပိုင် ပြတ်ခဲ့ပြီထင်ပါသည်။

■ ■ ■

ညက တစ်ညလုံး သူ အိပ်မပျော်နိုင်ခဲ့ပါ။ မိုးနတ်ကိုပဲ သတိရနေခဲ့သည်။

မနက်မိုးလင်းတော့ မျက်လုံးတွေ ဖွင့်မရပေမယ့် လူးလဲထကာ ရေမိုးချိုးလိုက်ရသည်။

စတိုးဆိုင်လေးကို ဖွင့်ရဦးမည်။ ညီမလေးကတော့ အလုပ်သွားပြီထင်၏။

အဝတ်အစားလဲနေတုန်းမှာပဲ ဖုန်းလေးမြည်လာတာမို့ သူ





ကောက်ကိုင်လိုက်တော့ ကြားလိုက်ရသော အသံချိုချိုလေးက မိုးနတ်အသံဖြစ်နေ၏။

"တမာန် ငါပါ၊ နင့်ကို နှုတ်ဆက်သင့်တယ် ထင်လို့ ဖုန်းဆက်လိုက်တာ၊ ငါ အခု နင် မရှိတော့တဲ့ ဟိုးအဝေးကို ထွက်သွားတော့မှာ"

ညီမလေး ပြောခဲ့တာ အမှန်ပါလား။ သူ့ရင်ထဲ ထိရှအောင် မိုးနတ် နှုတ်ဆက်ရသတဲ့လား။

"နင် မရှိတဲ့ဘဝမှာ ငါ ဘယ်လောက်ပျော်နိုင်မလဲဆိုတာ သိချင်တယ်၊ ပြီးတော့ ငါ မရှိတဲ့ ဒီမှာ နင်ပျော်နိုင်မလားဆိုတာလည်း သိချင်တယ်"

"မိုးနတ် ကိုယ့်ကို ခံစားချက်တွေကြီးအောင် မလုပ်ပါနဲ့"

"နင့်ကိုငါ နှုတ်ဆက်ဖို့တောင် မလာဘူးနော်၊ မနေ့က ငါ့မွေးနေ့မှာ ဘိုးဘိုးလက်ဆောင်ပေးတယ်၊ ငါ ပျော်ရွှင်တဲ့ဘဝကို လွတ်လပ်စွာရွေးတဲ့"

"ဘယ်လို"

"ဟုတ်တယ် ငါ ဘယ်တော့မှ မဆုံးရှုံးချင်တဲ့ ပျော်ရွှင်မှုက နင်ပဲ"

■ ■ ■

သူ လေဆိပ်ထဲရောက်တော့ ကိုးနာရီ ထိုးလုပြီ။ တက္ကစီပေါ်က ဆင်းပြီး အပြေးတစ်ပိုင်းနှင့် နားနေဆောင်ထဲ ဝင်ခဲ့သည်။



www.burmeseclassic.com

မတွေ့ပါ။ မိုးနတ်ကို မတွေ့ရ။ စိုးရိမ်စိတ်က ရင်ထဲထိ လှိုက်တက်လာကာ သူ လေယာဉ်ကွင်းဘက် မျှော်ကြည့်လိုက်မိသည်။

လေယာဉ်ကြီးက ပြေးလမ်းအတိုင်း အရှိန်ဖြင့် ပြေးနေသည်။

"မိုးနတ်"

သူ အထိတ်တလန့် ယောင်ယမ်းခေါ်သံကြောင့် ပတ်ဝန်းကျင်က လူတွေလှည့်ကြည့်တာလည်း သတိမပြုအားပါ။

မိုးနတ် ငါ့ကို ခွဲမသွားပါနဲ့။ နင့်ကိုငါ မခွဲနိုင်ဘူး။

သူ့ရင်ထဲက ချောက်ချားတုန်လှုပ်စွာ အကြိမ်ကြိမ် တောင်းပန်နေမိ၏။ လေယာဉ်ကြီးကတော့ သူ့ကို ဥပေက္ခာပြုကာ ဝေဟင်ထဲ ပျံသန်းထိုးတက်သွားခဲ့ပါသည်။

"တမာန်"

ခေါ်သံတိုးတိုးလေး သူ့အနောက်က ကြားတော့ မယုံသလိုလှည့်ကြည့်မိသည်။

"မိုးနတ်ရယ်"

ခရမ်းရောင်ဝတ်စုံလေးနှင့် အလှကြီးလှနေသော မိုးနတ်ကို သူ ပြေးပွေ့ဖက်ထားမိ၏။

"နင် ထွက်သွားပြီထင်တာ"

"ဟင့်အင်း နင့်ကိုထားရစ်ခဲ့ဖို့ဆိုတာ ငါ့အတွက် ဘယ်လိုမှ မဖြစ်နိုင်တာပဲ"

"ဒါဆို နင် မသွားဘူးပေါ့နော်၊ တမင်နေရစ်ခဲ့တာပေါ့"





"သွားဖို့ အစီအစဉ်ကိုမရှိတာ၊ နင် ငါ့ကို မခွဲနိုင်ဘဲ ရောက်လာမှာသိလို့ လာစောင့်နေတာ"

"ဟာကွာ နင် ငါ့ကို တော်တော်ဒုက္ခပေးတယ်၊ ငါ့မှာတော့ နောက်ကျပြီထင်ပြီး ရင်တွေ ကွဲတော့မလို့"

သူ့စကားကြောင့် မိုးနတ် လွင်လွင်ကလေး ရယ်သည်။ မြတ်နိုးစရာကောင်းသော မျက်နှာလေးကို ဒဏ်ပေးလိုက်ချင်သည်။ ဒါပေမဲ့ လူတွေကြားမှာ မသင့်ပါ။

"ဘိုးဘိုးတို့ ပါလာတယ်"

"ဟင် တကယ်"

"ဟုတ်တယ် နင့်ကိုငါ ခေါ်ခဲ့နိုင်မလား ဘိုးက စိတ်ဝင်စားနေတာ"

"အိုကေ ဒါဆို"

သူ မိုးနတ်ကိုယ်လေးကို ထွေးပွေ့လိုက်တော့ မိုးနတ် အထိတ်တလန့် မျက်လုံးလေး ဝိုင်းသွားရင်း

"ဘာလုပ်တာလဲ ငါ့ကို အောက်ပြန်ချပေး"

"မရဘူး နင့်ကို ရင်ခွင်ထဲပွေ့ချီသွားပြီး ဘိုးဘိုးဆီမှာ တစ်သက်လုံးစောင့်ရှောက်ခွင့် ငါ တောင်းဆိုမလို့"

ပြောပြီး တမာန် သူမကို ပွေ့ချီကာ ကားစတင်းဆီသို့ အပြေးလျှောက်သည်။ သူ့ရင်ခွင်ကျယ်ကြီးထဲမှာ မိုးနတ် ပြုတ်ကျမှာ ကြောက်ကာ လည်ပင်းကို သိုင်းဖက်ထားလိုက်ရသည်။

www.burmeseclassic.com



တမာန် ရင်ဘတ်ထဲမှ ကြားနေရသော ရင်ခုန်သံတွေက မော
ပန်းတာကြောင့် မဟုတ်နိုင်။

မိုးနတ် ကိုယ်တိုင်လည်း ရင်ခုန်သံတွေ ဝုန်းဒိုင်းကြလို့ . . .

အားလုံးအတွက်
နတ်သမီး

ဝိုး-မိုး၁၇၆၀

www.burmeseclassic.com